ခေါင်းဆောင်မှုအနုပညာလုပ်ငန်း

မောင်စိန်ဝင်း(ပုတီးကုန်း)

# ခွင်းလိုက်သည့်မြား ပန်းဖြစ်သွားစေ



ထုတ်ဝေသူ - ဝင်းမြင့်အောင်စာပေ
ဦးဝင်းမြင့် (မြ - ၀၁၅၁၂)
အမှတ် (၈၈၅)၊ စံပါယ် (၉) လမ်း၊
(၄) ရပ်ကွက်၊ မြောက်ဥက္ကလာ။

မျက်နှာဖုံး ကဝိရတနာ (မြ - ၀၂၃၅၀)
နှင့် - ဦးမောင်မောင်လွင်
အတွင်းပုံနှိပ် (၂၀၄)၊ လမ်း (၃၀)။

စာမူခွင့်ပြုချက် - ၈၃/၂၀၀၁ (၁)
မျက်နှာဖုံးခွင့်ပြုချက် - ၆၇/၂၀၀၁ (၁)

တန်ဖိုး - ၂၃၀ ကျပ်
အုပ်ရေ - ၅၀၀
၂၀၀၁ ခု၊ မတ်လ




**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**စည်းကမ်းလိုက်နာ ဘေးကင်းကွာ**
**စည်းကမ်းရှိမှ တိုးတက်မည်၊**
**စည်းကမ်းကိုက်ညီ ဘေးကင်းသည်၊**

**နိုင်ငံတော်မွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်၊**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ခွင်းလှိုက်သည့်မြား မနိုးပြစ်သွားစေ

မောင်စိန်ဝင်း (ပုတီးကုန်း)

ရင်ကို လောင်မြိုက်စေသော မီးသည် အလျှံတညီးညီးဖြင့် အရှိန်ကောင်းဆဲ။

သောကလောင်စာသည် တစ်သက်တာ လျော့ပါးသွားတော့မည်ဟု မထင်တော့။

အာရုံတွင် ထင်ဟပ် စွဲမြဲနေဆဲ အရိပ်တို့သည်ကား လောင်စာများပမာ မီးတောက်ကို ကြီးမားစေလွယ်ပါသည်လေ။

ခွဲထွက်စွန့်ချန်ခဲ့ခြင်းမျိုးဖြင့် သံယောဇဉ်ကြိုးကို ဖြတ်တောက်လို့ ရမည်ဟုလည်း မယုံပြန်။

သံသရာကိုလွန်၍ မပြေးနိုင်သမျှ ဆုံစည်းခွင့်ကာလဟူသည် မျှော်လင့်နိုင်ကောင်းသောအရာသာ ဖြစ်ပါလိမ့်မည်။

အနုဘာယ မပြတ်သေးသမျှ . . .

သမုဒယဇာတ်မှာ ဆုံခွင့်ရှိဦး မှာပါလေ . . . ။

အပိုင်း (၁)

(၁)

နိုင်ငံခြား ဘာသာ သိပ္ပံ ကျောင်းဝင်း အထွက်မှာ အေးအေးက ငြိမ်းကို လှမ်းပြောလိုက်သည်။ အေးအေး မျက်နှာကို ငြိမ်းကြည့်လိုက်မိ၏။ ကိုလင်းဇော်ကိုပါ ခေါ်ခဲ့ဖို့ ကိုထွေးကို ငါ ပြောလိုက်တယ်ဆိုသည့် အေးအေး စကား နားမှာ ရစ်ဝဲနေ၏။

လိုက်လာမှာမှ မဟုတ်တာ အေးအေးရယ်ဟု ရင်ထဲက ပြောမိသည့်စကား နှုတ်ဖျားဆီသို့ မရောက်။ မျက်နှာကို လွှဲလိုက်ရင်း မသိမသာ သက်ပြင်းချသည်။

လပြည့်ဝန်းမှာ အေးအေးနှင့် ကိုထွေးတို့ ဆုံနေကျမို့ ဒီနေ့ လပြည့်ဝန်းကို ကိုထွေး လာမည်ပဲဟု တွေးမိ၏။ အင်းလျားလမ်းဘက် ချိုးအကွေ့မှာပင် ကိုထွေးကို လှမ်းမြင်ရသည်။ ဘတ်စ်ကားဂိတ်မှ လျှောက်လာသည့် ကိုထွေးကို ရပ်စောင့်ကြ၏။

"ကိုလင်းဇော် မပါဘူးလား ကိုထွေး"

ကိုခင်မောင်ထွေး အနားရောက်စဉ်မှာ အေးအေးက မေး

သည်။ အေးအေး အမေးကြောင့် ငြိမ်း မျက်နှာ တင်းခနဲ ဖြစ်ရပြန်၏။

"သူ အလုပ်များနေလို့ အေးအေး"

ကိုခင်မောင်ထွေး နှုတ်မှ စကားကို ကြားတော့ ငြိမ်းက နှုတ်ခမ်း မသိမသာ တွန့်၍ ပြုံးမိပြန်သည်။ ဒါ . . . သူ ပြောနေကျ စကားပါပဲ။ သူ ပေးနေကျ ဆင်ခြေပါပဲ။ အလုပ်တွေအများကြီးထဲမှာ ငြိမ်းကို တွေ့ဖို့ဆိုတဲ့ အလုပ် ဘယ်တော့မှ ပါလာမှာမှ မဟုတ်တာဘဲ။

"ကိုလင်းဇော်ကလည်း ခေါ်ခိုင်းတာ နှစ်ခါ သုံးခါ ရှိပြီ ဘယ် တော့မှ ပါမလာဘူး"

အေးအေးက ထုံးစံအတိုင်း ရေရွတ်ပြန်သည်။

"နင်က သိပ်နေနိုင်တာပဲ ငြိမ်းရယ်၊ ငါကချည်းခေါ်ခဲ့ဖို့ ပြောနေရတာ၊ တော်တော်ကြာ ကိုထွေး ငါ့ကို တစ်မျိုးထင်နေတော့မှာပဲ"

အေးအေးက ငြိမ်းကို ပြောလိုက်ပြန်၏။

"သူ တကယ် အလုပ်များနေလို့ ဖြစ်မှာပါ"

ကိုခင်မောင်ထွေးက ဝင်ပြောသည်။

ငြိမ်းကို မတွေ့ချင်လို့ဆိုတာ ငြိမ်းသိပါတယ်လို့ တွေးမိခိုက်မှာတော့ ရင်ထဲက လှပ်ခနဲ ဖြစ်သည်။ မျက်ဝန်းမှ မျက်ရည်စကို မျက်တောင်ခတ်ရင်း ထိန်းလိုက်ရပြန်၏။



(၂)

ရုံးခန်းထဲဝင်လာပြီး စားပွဲရှေ့မှ ကုလားထိုင်ကို နောက်ဆွဲယူလိုက်၏။ မင်း ဘယ်က လှည့်လာတာလဲဟု မျက်လွှာပင့်ကြည့်ရင်း ခင်မောင်ထွေးကို သူ မေးသည်။ ပြီးတော့ လက်မှတ်ထိုးစရာရှိသည်တို့ကို ဆက်ထိုးနေလိုက်၏။

"မှင်းဆီလာတာ"

ဝင်ထိုင်ရင်း လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်ကာ ခင်မောင်ထွေး ပြောသည်။ စာရွက်တွေကို စုယူလိုက်ပြီး ညီညီညာညာဖြစ်အောင် လုပ်လျက် ထွက်စာဟု ရေးထားသည့် သစ်သားခွက်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ခင်မောင်ထွေးကို မျက်နှာချင်း ဆိုင်လိုက်၏။

"အေးအေးနဲ့ မနက်ဖြန် ငါသွားတွေ့မယ်၊ အေးအေးက မင်းကို မရရအောင် ခေါ်ခဲ့ပါ ပြောတယ်"

"အေးအေးက . . ."

ခင်မောင်ထွေး မျက်နှာကို စူးစိုက်ထားရင်း နှုတ်မှ ထွက်၏။

"အေးအေးက ဆိုတာ ငြိမ်း ကိုယ်စားပြောတာ မင်း နားလည်ပါတယ်၊ ငြိမ်း မင်းကို သိပ်တွေ့ချင်နေလို့ အေးအေးက ကြားက ဝင်ပြောပေးတာ ဖြစ်မှာပေါ့"

သူ့မျက်နှာကို ကြည့်ရင်း ခင်မောင်ထွေး ပြောသည်။

ညာဘက်စားပွဲထောင့်မှာ တင်ထားသည့် စီးကရက်ဘူးကို လှမ်းယူသည်။ တစ်လိပ်ထုတ်ယူလိုက်ပြီး ခင်မောင်ထွေးရှေ့ကို တိုးပေး၏။ မီးညှိရင်း ဆေးလိပ်ကို ဖွာသည်။

"မင်း သိသားပဲ ခင်မောင်ထွေးရာ"

မှုတ်ထုတ်လိုက်သည့် မီးခိုးတွေကို ကြည့်ရင်း သူ ပြောသည်။

"ငြိမ်းက သနားပါတယ်"

ခင်မောင်ထွေး အသံကြောင့် အကြည့်ဖျတ်ခနဲ ရောက်၏။ ခင်မောင်ထွေးက သူ့ကို မကြည့်ဘဲ စီးကရက် တစ်လိပ် ထုတ်ယူနေသည်။

"ငြိမ်းကို ငါ နားလည်ပါတယ်"

"သူက နှစ်ဘက်ကြားမှာ ညပ်နေတာပဲ လင်းဇော်၊ သူ မင်းကိုတော့ ယုံပါတယ်"

ဆေးလိပ် မီးညှိအပြီးမှ ခင်မောင်ထွေး ပြောသည်။

"ဟုတ်တယ် သူ ငါ့ကို ယုံတယ်၊ ဒါပေမယ့် မပြတ်သားရဲဘူး"





"ဘယ်လိုလုပ် ပြတ်သားရဲမှာလဲ၊ မင်း သူ့နေရာက စဉ်းစားကြည့်ဦးလေ"

ရုတ်တရက် စကားရပ်သွားပြီး ခင်မောင်ထွေးကို သူ ကြည့်နေမိပြန်၏။

"သူ့ အိမ်ကရော သူ့ ဆွေမျိုးအသိုင်းအဝိုင်းကရော နောက်ဆုံးကွာ သူ ပတ်ဝန်းကျင်ကပါ ထား ကိစ္စကို တစ်ထစ်ချကြီး ယုံထားကြတာပဲ၊ အဲ . . . မယုံတာက ငြိမ်းတစ်ယောက်ပဲရှိတယ်၊ ဒါပေမယ့် ငြိမ်းကရော အဲဒီစွဲချက်ကြီးကို ဘယ်လို ရှင်းပြနိုင်မှာတဲ့လဲ"

တစ်ဝက်သာသာ ရှိနေသေးသည့် စီးကရက်ကို ပြာခံခွက်ထဲမှာ ထိုးချေပစ်လိုက်မိသည်။ မလိုအပ်ပါဘဲ အင်အားစိုက်ကာ စီးကရက်ကို ထိုးချေနေမိတာ သတိထားဖြစ်ပြန်၏။

"သူ့အိမ်ကို သူဖွင့်ပြီး ဝန်ခံရဲတာတောင် ငြိမ်းကို ချီးကျူးဖို့ကောင်းနေပြီ"

"အခုလည်း သူ့ကို မသတ်ရုံ အနှောင်အဖွဲ့စကားတွေနဲ့ ထားတာပဲ၊ ငါ့ကိုယူရင် သူ့အမေက သူ့ကိုယ်သူ သတ်သေပါမယ် ပြောထားတာ"

"သဘောတူတဲ့ လူနဲ့ အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်မှာလည်း ငြိမ်းက စိုးရိမ်နေတယ်"

"ဒီအတိုင်းပဲ ဖြစ်မှာပဲကွာ"

"ဘာဖြစ်ဖြစ် မင်း ငြိမ်းကိုတော့ တွေ့ပြီး အားပေးစကား

ပြောသင့်ပါတယ်”

“ငါ ဘာပြောရမှာလဲ ခင်မောင်ထွေး”

“မဟုတ်ဘူးကွာ၊ တစ်ယောက်တည်းဆိုတော့ အားငယ်တာပေါ့၊”

“လမ်းခွဲဖို့ ဖြစ်လာမှ နှစ်ယောက်အတူ ရှိနေလို့ ဖြစ်မှာတဲ့လား”

“သူ မင်းကို အရမ်းတွေ့ချင်နေတာ ငါ သိတယ်၊ အေးအေးက ပိုပြီး သိတာပေါ့”

“ငါလည်း သူ့လိုပါပဲကွာ”

“ဒါဆို မနက်ဖြန် လိုက်ခဲ့ကွာ”

သက်ပြင်းရှည်ချရင်း ခေါင်းကို ဖြည်းဖြည်းယမ်းခါသည်။

“မဖြစ်ပါဘူး ခင်မောင်ထွေးရာ ငါ မလိုက်တော့ပါဘူး၊ ငါ့ကိုတွေ့ရင် သူ ငိုချင်ဦးမှာ၊ သူ ခွဲဖို့နေသားကျအောင် ငါ ရှောင်နေရတယ်ဆိုတာ မင်း နားလည်ပေးစမ်းပါကွာ”

ခင်မောင်ထွေး သူ့ကို ငေးရီစွာ ကြည့်ရင်း ဘာမှ ပြန်မပြောတော့။

ငြိမ်း မျက်နှာ ညှိုးလျှလျှကို အတွေးမှာ မြင်နေမိပြန်သည်။

❀ ❀ ❀



(၃)

အိုင်အက်ဖ်အယ်လ် မတက်ဖြစ်တဲ့ရက်တွေ များနေပြီမို့ အေးအေး အိမ်ကို စာမေးဖို့ ရောက်သွားခဲ့သည်။ နေ့လယ်ဘက်ရောက်တော့ အေးအေးက အင်္ကျီရွေးစရာရှိတယ်ဆိုပြီး လှည်းတန်းဈေးကို သွားတော့ ငြိမ်းလည်း လိုက်ဖြစ်ခဲ့၏။ လှည်းတန်းဈေးက ပြန်မည်လုပ်တော့ . . .

“ဟိုဘက်က လှည့်ပြန်ရအောင် အေးအေးရယ်”

ဟု အမှတ်မထင် ငြိမ်း နှုတ်က ထွက်သည်။

“ဘယ်ဘက်ကလဲ လက်ဖက်ရည်ဆိုင်ဘက်ကလား”

ဟု အေးအေးက အလိုက်တသိ မေးသည်။ အေးအေးကို အားနာရှက်စိတ်ဖြင့် ပြုံးပြ ခေါင်းညိတ်မိ၏။

“သွားလေ . . . ဒီနေ့ ပိတ်ရက်ဆိုတော့ ကိုလင်းဇော် ရှိချင်ရှိမှာပေါ့”

အေးအေးက ဆက်ပြောပြန်သည်။ ထိုင်နေကျဆိုင်မို့ ရှိလေ

မလား အတွေးရောက်မိတာ ငြိမ်း မှားပါသလားကွယ်။ ဆိုင်မှာ ထိုင်နေတာ တွေ့ရင်ကော ငြိမ်း ဝင်ထိုင်ရမှာတဲ့လား။ ငြိမ်းကိုရော ခေါ်မှာတဲ့လား။ မတွေ့ချင်လို့ ရှောင်နေသူကို ငြိမ်းက ရှာတွေ့နေရမှာလား။ အတွေးစုံက ဝင်လာပြန်သည်။

လာလေဟု အေးအေး ခေါ်တော့ အေးအေး နောက်မှာ လိုက်ခဲ့ရပြန်၏။ ဆိုင်နားနီးတော့ ရင်ထဲမှာ ထိတ်နေမိပြန်သည်။ တကယ်တမ်း ဆိုင်ရှေ့ရောက်တော့လည်း ငြိမ်းက လက်ဖက်ရည်ဆိုင်ထဲကို မကြည့်ရဲပြန်။ အေးအေးက ဆိုင်ထဲကို လှမ်းကြည့်သည်။

"ဟယ် . . . ကိုထွေး"

အေးအေး နှုတ်မှ အားရဝမ်းသာ အသံထွက်သွား၏။ အေးအေး အသံကြောင့် ဆိုင်ထဲကို လှမ်းကြည့်လိုက်မိသည်။ ဆိုင်ထောင့် စားပွဲမှာ ကိုခင်မောင်ထွေး တစ်ယောက်တည်း ထိုင်နေတာကို တွေ့၏။

"လာဟာ ငြိမ်း၊ ခဏ ဝင်ရအောင်"

ပြောပြောဆိုဆို အေးအေး ဆိုင်ထဲဝင်တော့ ငြိမ်းလည်း လိုက်ဝင်လိုက်ရပြန်၏။

"ကိုထွေး တစ်ယောက်တည်းလား၊ ကိုလင်းဇော်နဲ့ ချိန်းထားသေးလား"

အနားရောက်စဉ် မထိုင်သေးဘဲ အေးအေး မေး၏။

"လင်းဇော် . . . ဒီနေ့ အစည်းအဝေး ရှိတယ် ပြောတယ်"

ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။





ထိုင်လေဟု ကိုခင်မောင်ထွေးက ခုံတွေ ဆွဲထုတ်ပြီး နေရာပေး၏။ လေးတွဲ့စွာ ဝင်ထိုင်မိလိုက်သည်။

ဆိုင်ထဲမှ ကက်ဆက်ဖွင့်သံသည် နားထဲသို့ ဆူညံစွာ တိုးဝင်လာပြန်၏။

"အေးအေး မွေးနေ့ကျရင်တော့ ကိုလင်းဇော်ကို မရရအောင် ဖိတ်ပေးနော် ကိုထွေး"

အေးအေးက ရေနွေးကြမ်း ပန်းကန်ကို ကိုင်ရင်း ပြောသံအကြားမှာ ငြိမ်း အေးအေး မျက်နှာကို ကြည့်သည်။

"သူ့ကို ကိုယ် ပြောထားတယ်"

ဟု ကိုထွေး ပြောသည်။

သူ မလာဘူးဆိုတာ ငြိမ်း သိနေပါတယ်ဟု ရင်ထဲမှ ပြောနေမိပြန်သည်။ အေးအေးကိုလည်း အလိုလို ခနေရင်း အားနာနေပြန်၏။ လာချပေးသည့် လက်ဖက်ရည်ခွက်ကို သော်က်ချင်စိတ် ကင်းမဲ့စွာဖြင့် ငေးကြည့်နေမိသည်။

(၄)

"ဘာဖြစ်ဖြစ် ပတ်ဝန်းကျင်က ပြောတယ်ဆိုတာ အစတစ်ခု ခုရလို့ ဆွဲထုတ်တဲ့ သဘောပဲ လင်းဇော်၊ ဆွဲစရာ အစမရှိရင် အရှည်ကြီး ဆွဲလို့ မရနိုင်ပါဘူး"

ခင်မောင်ထွေး စကားကြောင့် ခင်မောင်ထွေး မျက်နှာကို စူးစိုက်ကြည့်နေမိပြန်၏။

"မင်းကို အေးအေးရော ငါရောသတိပေးတဲ့ ကြားက ဖြစ်သွားတာ၊ ငါတို့ ပြောတုန်းက မင်းက ပေါ့တီပေါ့ဆနဲ့"

ဟု စကားဆက်၏။

"ဒီလောက် အတိုင်းအတာအထိ ဖြစ်သွားမယ် ဘယ်ထင်ပါ့မလဲကွာ . . . "

ဟု သူ ပြန်ပြောမိ၏။

"မထင်တာတွေ ဖြစ်တတ်တာ လူ့သဘာဝပဲ၊ မင်းက ထားကို လျှော့တွက်လွန်းအားကြီးတယ်"



"မဟုတ်ဘူး ထည့်ကို မတွက်တာ"

"ဘာဖြစ်ဖြစ် မင်း ငြိမ်းအပေါ်မှာ သစ္စာဖောက်လို့ မင်းအပြစ် မင်း ပြန်ခံနေရတာ"

သက်ပြင်းရှည်ကို အလိုလိုချမိပြန်၏။

"သစ္စာဖောက်သလိုပေါ့နော်"

အဝေးကို ငေးရီစွာ ကြည့်ရင်း နှုတ်မှ ထွက်သွားသည်။

"သစ္စာဖောက်သလို ဖြစ်သွားတယ်လို့ မင်းကိုယ်မင်း အပြစ်ပေါ့အောင် မပြောနဲ့ လင်းဇော်၊ မင်း သစ္စာဖောက်တာပဲ မဟုတ်လား"

မြား တစ်စင်းပမာ ရင်ကို လာထိသောစကား။ နာကျင်စွာ ခံစားရင်း ခင်မောင်ထွေး မျက်နှာကို အကြည့်ရောက်ပြန်၏။

"ငြိမ်း နိုင်ငံခြားရောက်နေတုန်း မင်း ထားနဲ့တွဲတာ သစ္စာဖောက်တာပဲပေါ့ လင်းဇော်၊ ဒီကိစ္စကို ငြိမ်းက ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်စရာမရှိဘူး၊ ဒါကို ငြိမ်း ခွင့်လွှတ်နိုင်တာကိုက သူ မင်းအပေါ် ဘယ်လောက် မေတ္တာကြီးတယ်ဆိုတာ ပြနေတာပဲ"

"ငါ ပိုပြီး ခံရတာပါပဲကွာ"

"မင်းက အပျော်ပါလို့ အေးအေးနဲ့ ငါ့ကို ပြောတာမှတ်မိလား၊ အဲဒီတုန်းက ငါ ဘာပြောလဲ၊ အပျော်အပျက်ဆိုတဲ့စကားရှိတယ်၊ အပျော်ကနေ ပျက်သွားတတ်တာလို့ ပြောခဲ့တယ်လေ"

လေကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။

"ငြိမ်းကို ငါ အားလုံး ဖွင့်ပြောဝန်ခံလိုက်တဲ့နေ့က ငါ့ ရင်ထဲ

မှာ ပေါ့သွားမယ်ထင်တယ်၊ သူ ငါ့ကို မုန်းသွားပြီး လမ်းခွဲသွားရင် ငါ ဒီလိုခံစားနေရမှာ မဟုတ်ဘူး”

“တစ်ခုတော့ရှိတယ် လင်းဇော်၊ အေးအေးရော ငါရော ငြိမ်းကို ဘယ်အထိ ချစ်တယ်ဆိုတာ နားလည်တယ်၊ ငြိမ်း ကိုယ်တိုင်ဆို မင်း အချစ်ကို ပိုပြီး နားလည်မှာပေါ့၊ မင်း ထားကိုချစ်လို့ တွဲတာ မဟုတ်ဘူးဆိုတာ သူ ယုံမှာပဲ”

“အပြစ်ရှိတဲ့သူက အပြစ်မယူတတ်တဲ့သူရဲ့ မျက်နှာကို ဘယ်လို ကြည့်ရဲမှာတဲ့လဲ ခင်မောင်ထွေးရာ”

ပြောရင်း စီးကရက်ဘူးကို ထုတ်ယူသည်။

လက်ဖက်ရည်ဆိုင်သည် သိမ်းတော့မည့်ဟန် ပြင်နေပြီဟု သတိထားဖြစ်၏။

ခင်မောင်ထွေးက သူ့ လက်မှ နာရီကို ကြည့်သည်။

“သွားရအောင်ကွာ မနက်ဖြန် ကုမ္ပဏီမှာ လူကြီးတွေ ဆွေးနွေးပွဲရှိတယ်၊ ငါ စောစောသွားပေးရမယ်”

ဟု သူ ပြောလိုက်၏။

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

(၅)

ရုံးတစ်ခုကို ကိစ္စရှိလို့ သွားရင်း အရာရှိက အပြင်ထွက်သွားသည်မို့ ထိုင်စောင့်ဖို့ ပြောသည်။ စာရေးမလေးတွေက ရှေ့ကခုံမှာ ထိုင်ပါပြော၍ ဝင်ထိုင်လိုက်ရင်း စလင်းဘက်မှာ ပါသည့် စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေလိုက်မိသည်။

ထားထားရှိန်ဆိုသည့် အမည်ကိုကြားတော့ ကိုယ်က ဆတ်ခနဲ ဖြစ်သွားသည်။ ငြိမ်း၏ အာရုံကြောအားလုံး နိုးကြားလာသလို စာရေးမလေးတွေ၏ စကားမှာ စူးစိုက်ထားမိပြန်၏။

“အိုင်နဲ့ ထားထားရှိန်က ကျောင်းနေဖက်ပဲ၊ အိုင် သူ့ အကြောင်း ကောင်းကောင်းသိတာပေါ့ကွာ၊ ထားထားရှိန်က ကျောင်းမှာတုန်းကတည်းက စတားပဲ၊ ရည်းစားလို့တောင် ပြောလို့ မရပါဘူး၊ သူ ကြိုက်တဲ့သူဆို တွဲလိုက်တာပဲ၊ သုံးလေးရက်၊ အကြာဆုံး သုံးလေးပတ်ပေါ့၊ တွဲပြီးလို့ ဒီထက်သာတဲ့သူ၊ သူ ပိုကြိုက်တဲ့သူ တွေ့ရင် ပြောင်းတွဲတယ်လေ . . .”

ဒီသတင်းကို ငြိမ်းလည်း ကြားဖူးသည်။ အေးအေးက ငြိမ်း ပြန်ရောက်တော့ ထားထားရှိန်အကြောင်း ငြိမ်းကို ပြောပြဖူးသည်ပဲ။

"ကျောင်းပြီးတော့ ကုမ္ပဏီတစ်ခုမှာ ဧည့်ကြိုထင်တယ်၊ သူ ဝင်လုပ်တယ်၊ သူ့ကို ကုမ္ပဏီကလည်း သဘောကျတယ် ပြောတယ်၊ ငါ့ဦးလေးက သူနဲ့ ကုမ္ပဏီတစ်ခုတည်းလေ၊ သူက သွက်သွက်လက်လက် ရှိတယ်တဲ့၊ လုပ်ငန်း အောင်မြင်တယ်ပေါ့ကွာ . . ."

"ယူ့ ဦးလေးနဲ့ရော လွတ်ရဲ့လား"

"ဟာ . . . ငါ့ ဦးလေးက ဒါတွေ စိတ်မဝင်စားပါဘူး"

ရယ်သံအုပ်အုပ်ကို ငြိမ်း ကြားလိုက်ရပြန်၏။

"ဘာပြောပြော နောက်ဆုံးတွဲတဲ့ တစ်ယောက်ကိုတော့ သူ သိပ်သဘောကျတယ် ပြောတယ်"

နောက်ဆုံးတစ်ယောက်တဲ့။ နောက်ဆုံးတစ်ယောက်ဆိုတာ ငြိမ်းရဲ့ လင်းဇော်ကလွဲလို့ ဘယ်သူရှိဦးမှာတဲ့လဲ။ ဩော် . . . ထားထားရှိန်က ကို့ကို သိပ်သဘောကျတယ်တဲ့လား။

"သတင်းက သေချာလှချည်လား"

"ငါ့အိမ်နားမှာ ထားထားရှိန်နဲ့တွဲတဲ့ သူငယ်ချင်း ရှိတယ်လေ၊ သူ့ဆီက ပြန်ကြားရတာ"

"အေးလေ၊ သဘောကျလို့လဲ ဒီအဆင့်အထိဖြစ်တာပေါ့ ဟာ၊ အရင်လူတွေတုန်းက ဘယ်မှာ ဒီလို ဖြစ်ခဲ့ဖူးလို့လဲ"

ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသူနှယ် လှုပ်လှုပ်ရှားရှား ဖြစ်ကာ စကားဝိုင်းဆီ အကြည့်ရောက်၏။ ပြီးမှ သတိဖြင့် စိတ်ကိုထိန်း





လျက် မျက်လွှာကို ပြန်ချလိုက်မိသည်။

"အဲဒီလူက သူ့ကို မယူလို့ပေါ့နော်"

ဟု တစ်ယောက်မေးသံကို ကြားရ၏။

"အပျော် တွဲတာပဲဟာ၊ သူ့အကြောင်းလည်း သိထားတော့ ဘယ်ယူမှာလဲ"

"ဒါပေမယ့် ဒီအထိဖြစ်သွားရင်တော့ ယောကျ်ားလေးမှာ တာဝန်ရှိတာပဲပေါ့၊ သူ ယုတ်မာရာ ကျတာပေါ့ကွာ"

ယုတ်မာသူ၊ ယောကျ်ား မဆန်သူဟု ပြောခဲ့သည့် ငြိမ်းမိဘဆွေမျိုးအသိုင်းအဝိုင်း၏ စွပ်စွဲသံတွေ နားမှာ ပြန်ပြီး ကြားယောင်လာပြန်သည်။

ကိုဟာ တကယ်ယုတ်မာတဲ့ ယောကျ်ားလို့ ငြိမ်း တစ်ယောက်က ဘာကြောင့် မယုံနိုင်သေးတာလဲကွယ်။

## (၆)

ငြိမ်း နိုင်ငံခြားမှ ပြန်ခါနီးမှာ စာနှစ်စောင် ရောက်လာသည်။ သူ ဖတ်မကြည့်မိတော့။ စာအိတ်တွေကိုကြည့်ရင်း လိပ်ပြာမလုံ တုန်လှုပ်ချောက်ချား နေမိသည်မှာ အမှန်။ ပြုလုပ် ကျူးလွန်ခဲ့သော အမှားတစ်ခုအတွက် နောင်တကြီးစွာရလျက် ရှက်ရွံ့စွာ ခံစားနေရပြန်သည်။ ငြိမ်း သိလျှင် ဘယ်အထိ အံ့သြသွားမည်ကို သူ သိနေ၏။ ပြီးတော့ ဘယ်လောက် နာကြည်းစွာ ခံစားရမည်ကို သူ နားလည်နေသည်။ ယုံစားလွန်းစွာ မြတ်နိုးတွယ်တာခဲ့သော ငြိမ်း မေတ္တာကို အကြွင်းမဲ့ ယုံကြည်နေမိပြန်သည်။

"မနက်ဖြန် ငြိမ်း ပြန်ရောက်တော့မယ် ကိုလင်းဇော် . . . "

ကုမ္ပဏီ မသွားခင်မှာ ခင်မောင်ထွေးနှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်ခိုက် အေးအေး ရောက်လာသည်။ ဝင်ထိုင်ထိုင်ချင်း အေးအေးက သူ့မျက်နှာကို ကြည့်၍ ပြောလိုက်၏။ အမူအရာ ပျက်သွားလောက်အောင် သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားတာကို ခင်မောင်ထွေးရော အေးအေးပါ သတိထားမိပုံရသည်။ ရုတ်ခြည်း ညှိုးကျသွား



မည့် မျက်နှာကို ဆိုင်အပြင်သို့ ငေးရီ စူးစိုက်ထားလိုက်၏။

"ငါ ငြိမ်းကို မတွေ့ရဲတော့တာ အမှန်ပဲ"

မကြည့်ပဲ နှုတ်မှ ထွက်သည်။

"မတွေ့လို့ ဘယ်ဖြစ်မှာလဲ"

ဟု အေးအေး ပြောသည်။

"မတွေ့ရင် မင်းအတွက် ပိုဆိုးမှာပေါ့ လင်းဇော်"

မျက်နှာကို သူတို့နှင့် မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်၏။

"မင်း တွေ့ပြီး အကျိုးအကြောင်း ရှင်းပြသင့်တာပေါ့"

ဟု ခင်မောင်ထွေးက ဆက်ပြောသည်။

"ငါ အယူခံ ဝင်စရာမရှိတော့ပါဘူး၊ သူ ဒီရောက်တာနဲ့ သူ့ အိမ်ကလည်း သူ့ကို ပြောပြမှာ သေချာတယ်"

"အင်းနော် ထားနဲ့ ငြိမ်းတို့က တစ်ရပ်ကွက်တည်းပဲ"

"ညီအစ်မတစ်ဝမ်းကွဲလေ၊ ထားဟာ ငြိမ်းရဲ့ ညီမဝမ်းကွဲ၊ လူကြီးချင်း မခေါ်ကြ မပြောကြလို့ မရင်းနှီးတာ"

"ဟာ . . . ဟုတ်သားပဲ၊ ကိုထွေး ပြောမှ သတိရတယ်၊ ညီအစ်မဝမ်းကွဲဆိုတာလည်း ပြဿနာဖြစ်မှ အေးအေးတို့ သိကြတာ"

"ငါတောင် အစက မသိတာဘဲ အေးအေးရယ် ထားထားရှိန်ဟာ ငြိမ်းရဲ့ ညီမ တစ်ဝမ်းကွဲဆိုတာ ငါ သိရင် ဒီလောက် မိုက်မိမှာ မဟုတ်ပါဘူး"

"မင်းကလည်း လည်မလိုနဲ့ အ,တာ၊ နည်းနည်းပါးပါး

စုံစမ်းပါတဲ့လား"

"ထားထားရှိန်ကလည်းဒီအကြောင်းလုံးဝစကားမစပ်ခဲ့ဘူး"

အေးအေးက ရေနွေးကြမ်းကရားကို လှမ်းယူရင်း . . .

"အဲဒီအိမ် ပြောင်းသွားတာလဲ ငြိမ်း နိုင်ငံခြား ထွက်ပြီးမှလေ၊ အရင်နေတဲ့အိမ်ကို ဒေါ်လာနဲ့ ငှားလိုက်လို့ အဲဒီရပ်ကွက်က အိမ်ကို ပြောင်းသွားတာဆိုတော့ ကိုလင်းဇော် မပြောနဲ့ အေးအေးတောင် အဲဒီအိမ်ကို မသိဘူး"

ဟု ပြော၏။

"ဟုတ်တယ် အေးအေး၊ အဲဒီအိမ်ကို မသိတော့ အဲဒီအိမ်ရှေ့က ခဏခဏ ဖြတ်သွားနေမိတာပဲ"

"ဘာလဲ . . . ထားထားရှိန်နဲ့လား"

"အင်းပေါ့၊ သူ့ကို ပြန်ပို့ ပေးတာလေ၊ ထားထားရှိန်တို့အိမ်က လမ်းဆုံးခါနီးဆိုတော့ ငြိမ်းတို့ အိမ်ကို ဖြတ်ရတာပေါ့"

"ငြိမ်းက ရှက်က ရှက်တတ်ပါဘိနဲ့"

ဟု အေးအေးက ပြောလိုက်သည်။

"ရပ်ကွက်ထဲက သတင်းတွေ၊ သူတို့ ပိသားစုရဲ့ ထင်မြင်ချက်တွေ အားလုံး ငြိမ်း ပြန်ကြားရမှာပါ၊ အဲဒါဆို သူလည်း ငါ့ကို နာသွားမှာပဲပေါ့"

"မင်း စိုးရိမ်နေလား"

"မဟုတ်ဘူး ခန့်မှန်းကြည့်တာ၊ ငါ့ အပြစ် ငါခံဖို့ အဆင်သင့်ပါပဲ"





"ဒါဆို သွားတွေ့လိုက်ပေါ့ကွာ"

"ရှင်းပြနေဖို့တော့ မဟုတ်ပါဘူး၊ သူ ပြောချင်တာပြောတာကို ငါ ခံဖို့၊ ပြီးတော့ ငါ့အပြစ်ကို ငါ့ပါးစပ်က ဝန်ခံဖို့အတွက်တော့ သူ့ကို ငါ တွေ့ချင်ပါတယ်"

"ဘာပြောပြော ငြိမ်းအတွက် ဘေးကျပ် နံကျပ်ဖြစ်မှာတော့ သေချာတယ်လေ၊ အစကတည်းက ငြိမ်းကို ကိုလင်းဇော်နဲ့ သဘောဘူ့တာမှ မဟုတ်တာ၊ အခုတော့ ပိုပြီး အကြောင်းပြဖို့ ခိုင်လုံသွားပြီလေ"

အေးအေး စကားကို မကြားတစ်ချက် ကြားတစ်ချက်။

မနက်ဖြန် ပြန်လာမည် ဖြစ်သည့် ချစ်သူ၏ မျက်နှာကို အတွေးဖြင့် မြင်နေမိပြန်၏။

အေးအေး မွေးနေ့ကို မနက်ဖြန်လိုက်ဖို့ မလိုက်ဖို့ စဉ်းစားရင်း ငြိမ်း ပြန်ရောက်လာမည် ပြောစဉ်က အဖြစ်အပျက်တွေကို ပြန်သတိရနေမိပြန်၏။

ငြိမ်း သူ့ကို သံယောဇဉ်ဖြတ်ဖို့ သူနဲ့ ခပ်ဝေးဝေးနေမှ ဖြစ်မည်ဆိုတာ သူ အသိဆုံး။ ငြိမ်း မျက်နှာကို မြင်ရခြင်းဖြင့် သူ့ရင်တွင်းမှာ အေးမြသွားနိုင်မည် သိသော်ငြား သူ့ မျက်နှာကို တွေ့ရခြင်းဖြင့် ငြိမ်း၏ သောက ပို၍ တိုးလာမှာကိုကား မလိုလားပြန်။

နောက်ဆုံးတော့ မသွားတော့ပါဘူး ဆုံးဖြတ်လျက် သက်ပြင်းကို သူ ချသည်။ ငြိမ်း သူ့ကို နားလည်နိုင်ပါစေလေ။



(၇)

မဖြစ်နိုင်မှန်း သိနေပေမယ့် ကို့ ဖုန်း ဖြစ်လျှင် ဘယ်လောက် ကောင်းလိမ့်မလဲဟု အတွေးရောက်မိပြန်သည်။ ဘယ်လိုမှ မဖြစ်နိုင်တာ သိရင်း ကြေကွဲစွာ ခံစားမိပြန်၏။ ဖုန်းကို ကောက်ကိုင်ထူးလိုက်သည်။

ကိုထွေးပါဆိုသည့် အသံကို ကြားရ၏။

"ငြိမ်းပါ ကိုထွေး ပြောလေ . . ."

"မနက်ဖြန် ငြိမ်း စောစောလာခဲ့ပါလို့ အေးအေးက ပြောလို့"

"ဟုတ်တယ် . . . ငြိမ်းလည်း စောစောလာခဲ့မယ် ပြောထားတာ ကိုထွေး"

"ငြိမ်း မေ့နေမှာစိုးလို့ အေးအေးက ဖုန်းထပ် ဆက်ခိုင်းလို့လေ၊ လင်းဇော်ကတော့ မနက်ဖြန် သူ့ လူကြီးတွေနဲ့ ခရီးထွက်စရာရှိလို့ အေးအေးကို တောင်းပန်ခိုင်းတယ်"

"ကိုထွေး စကားမှာ အင်အားမပါတာ ငြိမ်း နားလည်လိုက်နိုင်တာပဲ"

သူ ငြိမ်းကို ရှောင်နေတာ ငြိမ်း သိတာပေါ့ ကိုထွေးရယ်။

"ခရီးထွက်တာ မလိုက်ဖို့ သူ့ကို အတင်း ပြောသေးတယ်၊ ဘယ်လိုမှ မဖြစ်လို့လို့ ဇောင်းပန်တယ် ငြိမ်း"

"ဟုတ်မှာပါ ကိုထွေး"

တကယ်တမ်းတော့ သည်ပွဲကို သူ ရန်ကုန်မှာ ရှိနေလျက်နဲ့မှ မလာလျှင် မကောင်းမှန်း သူ နားလည်တာပဲ၊ အေးအေး မွေးနေ့ပွဲမျိုးမှ သူ မလာလျှင် အေးအေးသူ့ကို စိတ်ဆိုးမှာ သူ သိနေမှာပဲ။

ဒါကြောင့် သက်သက် သူရှောင်သွားပြီဆိုတာ ငြိမ်း နားလည်လိုက်ပါတယ်၊ စင်စစ်တော့ သူ ငြိမ်းကို မျက်နှာချင်းဆိုင်ဖို့ အင်အားမရှိသေးတာပဲလို့ပဲ ငြိမ်း တွေးမိပြန်သည်လေ။

"အဲဒါပဲ ငြိမ်းရယ်၊ ငြိမ်း . . . ငြိမ်း စောစောလာခဲ့ဖို့ မမေ့နဲ့ဦးနော်၊ ဖုန်းချလိုက်တော့မယ်"

"ကောင်းပြီ ကိုထွေး ကောင်းပြီ"

ဖုန်းချသွားသည့်တိုင် ဖုန်းခွက်ကို ကိုင်ရင်း ငေးငိုင်မိဆဲ။ သူ့ အပြစ်တွေကို ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားထက် ငြိမ်း ဘာများ ပိုပြီး ပြောဖို့ လိုသေးလို့လဲ ကိုရယ်။

ငြိမ်း ရင်ထဲက ခွင့်လွှတ်ကျေနပ်စွာနဲ့ ကို့ကို ဆက်သွယ်ခဲ့တာကို မယုံနိုင်လို့ပဲလား။





ပြန်ရောက်လာပြီး နောက်နေ့ ညနေမှာ အေးအေးတို့ ခြံထဲမှာ ဆုံဖြစ်သည်။ ကိုခင်မောင်ထွေးက သူ့ကို ခေါ်ထားပြီး အေးအေးက ငြိမ်းကို အိမ်လာခေါ်သည်။ ငြိမ်းရောက်လာတော့ ဒိမ်ရှေ့က ပန်းခြံလေးထဲမှာ သူနှင့် ကိုခင်မောင်ထွေး ထိုင်နေကြတာတွေ့၏။

ခဏတစ်ဖြုတ် စကားပြောပြီးတော့ အေးအေးနှင့် ကိုခင်မောင်ထွေးတို့ အိမ်ထဲဝင်သွားကြသည်။ အေးအေးဆေးဆေး ပြောကြ၊ ငါတို့ ဧည့်ခန်းထဲက စောင့်နေမယ်ဟု ပြောသွားသည်။

လမ်းမဘက်မှ ကား အသွားအလာ အသံတွေ ကြားနေရသော်လည်း ဘာကိုမှ မမြင်ရ။ စည်းရိုး ပုဏ္ဏရိပ်ပင်တွေ အညီအညာ ညှပ်ထားပြီး ခြံဝင်းပတ်ပတ်လည် ပိတ်ကာထားသည်။ ခြံထောင့်မှ တရုတ်စံကားပင်သည် အရွက်မရှိဘဲ အပွင့်တွေ ဝေနေတာ တွေ့၏။

"ကို စကားပြောလေ"

ခြံထောင့်ကို ငေးကြည့်နေသည့် သူ့ လက်ကို ဆုပ်ယမ်းရင်း ငြိမ်းက အားမလို အားမရ စကားစလိုက်၏။

ငြိမ်း စကားကြောင့် သူ့ မျက်နှာ လှည့်လာသည်။ အကြည့်ဆုံပြီး မျက်လွှာကို သူ အလျှင်ချ၏။

"ကို့မှာ ပြောစရာ စကား မရှိတော့ပါဘူး ငြိမ်း၊ ငြိမ်း အိမ်ကလည်း အားလုံးလိုလို ငြိမ်းကို ပြောပြပြီးသား ဖြစ်မှာပဲလေ၊ ကိုလာတွေ့တာက ငြိမ်း ကို့ကို နာနာကြည်းကြည်း ပြောစရာရှိတာ ပြောရအောင်လို့ပါ"

မကြည့်ပဲ သူ ပြောသည်။

"ငြိမ်း နားမလည်တာတော့ အမှန်ပဲ ကို"

"ဟုတ်တယ် . . . နားမလည်နိုင်စရာပါပဲ"

"ငြိမ်း သိချင်တာတွေ မေးရမလား"

"မေးပါ ငြိမ်း၊ နောက်တစ်ကြိမ် ကိုနဲ့ငြိမ်း ဆုံစရာမှ မရှိတော့တာပဲ၊ ကို အားလုံး အမှန်တွေ ဖြေပါ့မယ်"

ငြိမ်းထံမှ သက်ပြင်းငွေ့ငွေ့ ချသံကို ကြားရပြန်သည်။

"ကို . . . ငြိမ်းကို တကယ်ချစ်ရဲ့လားဟင်"

မျက်နှာ ဆတ်ခနဲ မော့၍ ငြိမ်းနှင့် အကြည့်ဆုံသည်။ မေးမည် မထင်ထားသော အမေးကို စမေးလိုက်သည်မို့ အံ့ဩ တုန်လှုပ်သွားရပြန်၏။

"ကို ပြောရင်ကော ငြိမ်း ယုံဦးမှာလား"

"ငြိမ်းက ကို့စကားပဲ ယုံမှာပါ"

"ကို . . . ငြိမ်းကို သိပ်ချစ်ပါတယ်၊ ဟို အရင်ကလည်း ချစ်တယ်၊ အခုလည်း ချစ်တယ်၊ နောက်လည်း ချစ်သွားမှာပါလို့ ကို ပြောရဲပါတယ် ငြိမ်း"

"ဒါဆို ငြိမ်း ထပ်မေးမယ်နော်"

သူ ခေါင်းညိတ်သည်။

"ထားထားရှိန်ကိုရော ကို ချစ်လား ဟင်"

"မချစ်ဘူး ငြိမ်း"

ပြောအပြီးမှာ သူ မျက်နှာလွှဲတာ တွေ့သည်။ ရှက်ရွံ့အား





နာဟန် မျက်နှာက ပျက်ချင်ချင်။

"ကို ထားထားရှိန်ကိုရော ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောခဲ့ဖူးပါဘူး၊ ငြိမ်း တစ်ယောက်တည်းကိုပဲ ပြောခဲ့ဖူးတယ်ဆိုတာကို ပြောရင် ငြိမ်း ယုံချင်မှ ယုံမယ်လေ"

"ငြိမ်း ယုံပါတယ်"

"ထားထားရှိန် ရှိနေမယ်ဆိုရင် သိပ်ကောင်းမှာ သူ့ရှေ့မှာကို ပြောချင်ပါတယ်"

"အပျော် တွဲတာပေါ့နော် . . . ကို"

မေးသည့် သူက အပြုံးမပျက်သော်လည်း ဖြေရမည့်သူ၏ သိက္ခာနှင့် စပ်ဆိုင်သော စကားဟု နားလည်ပုံရသည်။

"အတိုချုံးပြောရရင်တော့ ထားနဲ့ ကိုယ်နဲ့ ကုမ္ပဏီချင်းက အဆက်အသွယ်ရှိတယ် ငြိမ်း၊ အတွေ့အထိ များတယ်၊ အလုပ်အတူ လုပ်ကြရတာတွေ ရှိတယ်၊ ထားက သွက်တယ်၊ လှတယ်၊ စကားပြောကောင်းတယ်လေ၊ အဲဒါတွေမှာ ကို သာယာတာပါလို့ပဲ ဝန်ခံပါရစေ၊ တစ်ခုတော့ ကို ပြောပါရစေ ငြိမ်း"

သူ စကားကို ဖြတ်၏။

"ပြောပါ ကို"

"ငြိမ်း ပြန်လာရင်လည်း ငြိမ်းနဲ့ ကို ဝေးကြတော့မှာ ကို သိထားပြီးသားလေ"

"ဟာ . . . ငြိမ်း မသွားခင်က ကို့ကို အသေအချာ မှာခဲ့တာပဲ၊ ငြိမ်း အိမ်ကိုတောင် ကို့ကို တစ်ခါခေါ်ပြီး အိမ်က လူကြီးတွေ

နဲ့ တွေ့ပေးခဲ့တာပဲ"

"ဒါပေမယ့် ငြိမ်းအိမ်က ကို့ကို သဘောမတူဘူးဆိုတာလည်း ငြိမ်း သိမှာပဲလေ"

"ဘာဖြစ်ဖြစ် ငြိမ်းကို ကို မယုံတာပဲ"

ငြိမ်းက ခေါင်းကို ဖြည်းဖြည်းခါရင်း ပြောသည်။

"ငြိမ်း ပြန်လာရင် ငြိမ်းနဲ့ကို လက်ထပ်ဖို့ စီစဉ်ပါ့မယ်လို့ ငြိမ်း ပြောခဲ့သားနဲ့"

"ငြိမ်းကို ကို ယုံပါတယ် ငြိမ်းရယ်၊ ဒါပေမယ့် . . . "

"ငြိမ်းကို မယုံလို့ ကို ထားထားရှိန်ကို တွဲခဲ့တာပဲ မဟုတ်လား . . . "

"ငြိမ်းနဲ့ ငါ ဝေးရတော့မှာပဲ သူ့ အပေါ်မှာ ငါ သစ္စာစောင့်ဖို့ မလိုတော့ပါဘူး၊ ဒီလို စဉ်းစားမိလို့လား"

သူ မဖြေ။ အဝေးကို ငေးငေးတွေတွေ ကြည့်နေဆဲ။

"ထားပါလေ . . . ငြိမ်း ဒီအထိ ဘာမှ ထိခိုက်စရာ မရှိသေးပါဘူး၊ လူပဲ၊ ဖောက်ပြန်တတ်တာပဲ၊ ဒါပေမယ့် မေမေတို့ ပြောပြတာက ကိုက . . . ကိုက . . . "

စကား မဆက်နိုင်ဘဲ ငြိမ်း စကား ရပ်သွားသည်။

"ကိုက ယုတ်မာတယ် မိုက်ရိုင်းတယ်၊ ယောက်ျား မပီသဘူး၊ အဲဒီစကားတွေ ပြောပါ ငြိမ်း၊ ကို့ကို ငြိမ်းတို့ မိသားစုက ဒီလိုပဲ ပြောကြမှာပေါ့"

"ငြိမ်းတို့လမ်း ရပ်ကွက်ထဲကပေါ့လေ ဒီလိုပဲ ပြောကြတယ်





တဲ့ ကို"

"ထားထားရှိန်နဲ့ ပတ်သက်တဲ့ အသိုင်းအဝိုင်းမှာလည်း ဒီလိုပဲ ပြောချင်ပြောကြမှာပေါ့"

"အဲဒါ . . . "

ငြိမ်းက စကား ဖြတ်ထားရင်း သူ့ မျက်နှာကို ကြည့်သည်။

"ကိုနဲ့ထား နှစ်ယောက်ပဲ သိတဲ့ ကိစ္စပဲ ငြိမ်းရယ်၊ အခု ထားမရှိတော့ဘူးဆိုတော့ ကို ဘယ်သူ့ကို သက်သေထူရမလဲ၊ ကို ပြောရင်လည်း ဘယ်သူက ယုံမှာတဲ့လဲ၊ ဒါပေမယ့် ငြိမ်းကိုတော့ ပြောပါရစေ၊ ငြိမ်းလည်း ယုံချင်မှယုံဝါ၊ ထားနဲ့ ကိုနဲ့ ရှင်းပါတယ်၊ အတူတွဲသွား တွဲလာရှိပေမယ့် တစ်ခါမှ ငြိငြိစွန်းစွန်း မရှိခဲ့ပါဘူး၊ ကို တတ်နိုင်သလောက် ရှောင်ခဲ့ပါတယ်"

ငြိမ်း လက်က ပခုံးကို ဆွဲခါလှုပ်ရင်း . . .

"ဒါဆို . . . ထားထားရှိန်သေတာ သူတို့ ပြောသလို မဟုတ်ဘူးပေါ့ ကို၊ ဟုတ်လား"

သူ ငြိမ်း မျက်နှာကို ကြည့်၏။ ပြီးတော့ ခေါင်းကို ဖြည်းဖြည်းညိတ်သည်။

"ဟုတ်တယ် ငြိမ်း"

"ဟင် . . . "

"ကိုနဲ့ နောက်ဆုံးတွဲခဲ့တယ်၊ ဒါပေမယ့် ကို့ ကိုယ်ဝန် မဟုတ်ဘူး၊ ကို ပြောတာ ရှင်းလား၊ ဒီစကားကိုရော ဘယ်သူ ယုံမှာလဲ ငြိမ်း၊ ဘယ်သူ့ကိုရော ရှင်းပြလို့ ရမှာတဲ့လဲ၊ ခင်မောင်ထွေးကို

တောင် ကို သေသေချာချာ ရှင်းပြလို့ ခင်မောင်ထွေးနဲ့ အေးအေး ယုံကြတာ"

"ဒါဆို ကိုယ်ဝန်ရှိတာ သေချာတယ်ပေါ့"

"သေချာတာပေါ့၊ ဆေးစစ်ချက်မှာလဲ အသေအချာပါမှာပဲ ဟာ မလွဲပါဘူး၊ ဒါလုပ်ကြံပြောတာ မဟုတ်ပါဘူး ငြိမ်း၊ ကို သိတာ ပေါ့၊ ထား မသေခင် တစ်လလောက်ကတည်းက ကို သိတယ်"

"ကို သိတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ထားက ကို့ကို အားလုံး ဖွင့်ပြောတယ်၊ နောက်ဆုံးမှာ ထားကို ကို နားလည်သွားတယ်၊ သူနဲ့ ကို အရမ်း ရင်းနှီးသွားတယ် ငြိမ်း၊ သူ တကယ်ချစ်တဲ့လူ တစ်ယောက်ကို တကယ်ယုံပြီး လက်ထပ်မှာပဲ သူ မျှော်လင့်လိုက်တယ်၊ အဲဒီလူက သူ့ကိုထားပြီး နိုင်ငံခြားထွက်သွားခဲ့တယ်၊ ဘယ်သူဆိုတာ ကို သိနေ တာပဲ၊ သူ ပထမတော့ ကို့ကို ချဉ်းကပ်တာ၊ အဲဒီ သူ့ ကိစ္စဖြေရှင်းဖို့ ကို့ကို ခုတုံးလုပ်ချင်လို့လို့ သူဝန်ခံသွားတယ်၊ ကို့ စိတ်ကို သူ နား လည်သွားပြီး အားလုံး ဖွင့်ပြောခဲ့တာ၊ သူ ဖွင့်ပြောခဲ့ပြီးတဲ့နောက်မှာ သူ့ကို လန့်ပြီး ကိုက ခွာမသွားတာကိုလည်း သူ သိပ်အံ့ဩနေတယ်၊ သူလိုတဲ့ အကူအညီကို ပေးတယ်၊ သူ့ဘေးမှာ အဖော်တစ်ယောက် လို ကို ရှိနေခဲ့တယ်လေ၊ သတ္တိရှိရှိနဲ့ ကလေးတစ်ယောက် မွေးဖို့ ကို အားပေးစကား ပြောခဲ့ပါသေးတယ်၊ ကိုယ် မှားခဲ့တဲ့ အမှားကို ကိုယ် ဆေးကြောတဲ့အနေနဲ့ လောကကို ရဲရဲရင်ဆိုင်ဖို့ သတ္တိမွေး ခိုင်းပါသေးတယ်၊ ဒါပေမယ့် ငြိမ်းရယ်၊ ထားက သတ္တိမရှိဘူး၊ သူ





ဒီလိုနည်း လုပ်မှာပဲလို့ ကို ထင်တယ်၊ သေနိုင်တယ် သေတတ်တယ် ဆိုတာတွေလည်း ပြောခဲ့ဖူးတာပါပဲ၊ ဒါပေမယ့် တကယ် သေသွား မယ်တော့ ကို မထင်ခဲ့မိဘူးလေ၊ ထား တကယ်သေသွားပြီဆိုတာ ကြားရတော့ ဘာကြောင့် သေတယ်ဆိုတာ ကို သိနေတာပဲ"

စကားရှည်ကြီးကို ပြောပြီး သက်ပြင်းကို ချလိုက်သည်။

"ငြိမ်း နားလည်ပြီ ကို၊ ဒီလောက်ဆို ငြိမ်း ဇာတ်ရည်လည် ပြီ"

ငြိမ်းကို မျက်နှာချင်းဆိုင်လိုက်မိပြန်၏။

"ဒီအတွက် ငြိမ်း ကို့ကို ကြိုက်သလို အပြစ်ပြောနိုင်ပါတယ် ငြိမ်း၊ ကို ငြိမ်းအပေါ်မှာ သစ္စာဖောက်ခဲ့တဲ့ အပြစ်ကို ခုလို ငြိမ်းရှေ့မှာ ဖွင့်ပြီး ဝန်ခံလိုက်ရလို့လည်း ကို့ ရင်ထဲမှာ ပေါ့ပါပြီ၊ ငြိမ်းဘက်မှာ ဘယ် လို အခက်အခဲတွေ ရှိနေမယ်ဆိုတာလည်း နားလည်ပါတယ်၊ ငြိမ်း ကို့ကို ထားခဲ့ပါ၊ နာကြည်းပြီး မုန်းချင်လဲမုန်းပါ ငြိမ်း၊ ကို ပြောခဲ့တာ တွေ အမှန်ပါလို့ ဘာနဲ့မှ သက်သေပြစရာလဲ မရှိတော့ ငြိမ်း ယုံချင်မှ လဲ ယုံပါ"

"ငြိမ်း ယုံပါတယ်၊ ငြိမ်း တစ်ခုပဲ မရှင်းဘူး"

"ဘာကိုလဲ ငြိမ်း"

"ငြိမ်း ပြန်လာရင် ကိုနဲ့ငြိမ်း ဝေးကြမှာပဲလို့ ကို ဘာလို့ ပုံ သေ တွက်ရတာလဲ၊ ဒါ ငြိမ်းကို မယုံတာပဲပေါ့"

အဝေးကို ငေးရင်း သက်ပြင်းချသည်။ ပြီးမှ ငြိမ်းကို ပြန်ပြီး အကြည့်ဆုံရင်း . . .

"ကို ဘာမှတော့ ထွေထွေထူးထူး မပြောချင်တော့ဘူး ငြိမ်းရယ်၊ ငြိမ်း အိမ်က ကိုယ်နဲ့ ငြိမ်းကို လုံးဝသဘောမတူဘူး"

ဟု ခပ်ဖြည်းဖြည်း ဆိုလိုက်သည်။

"ငြိမ်းသဘောနဲ့ ငြိမ်း ဆုံးဖြတ်လို့ရတာပဲ ကိုရယ်၊ ငြိမ်းကလေးမှ မဟုတ်တော့တာ၊ ပြီးတော့ မိဘသဘောတူတဲ့ လူနဲ့ပဲ ယူရမယ်ဆိုပြီး အတင်းပေးစားလို့ရတော့တဲ့ ခေတ်မှမဟုတ်တော့တာပဲ၊ လူကြီးတွေ စိတ်ဆိုးလဲ ခဏပေါ့၊ ဒါ အရင်က အနေအထားကို ငြိမ်း ပြောနေတာနော်၊ အခုလို မမျှော်လင့်တဲ့ ပြဿနာတွေ ဝင်လာတဲ့အခိုက်အတံ့မှာတော့ ငြိမ်း ဇွတ်မမိုက်ချင်ဘူး၊ ငြိမ်းဘက်က မိဘဆွေမျိုးအားလုံးက ကို့အပေါ်မှာ ဘယ်လိုမှ ခွင့်လွှတ်မရတဲ့ အစွဲကြီး ရှိနေခိုက်မှာတော့ ငြိမ်း ကိုနဲ့ လက်မထပ်ရဲသေးတာ အမှန်ပါပဲ၊ ငြိမ်း အမေကလည်း ကိုနဲ့ လက်ထပ်ရင် တစ်မျိုးလုံး အရှက်ကွဲရချည့်ဆိုပြီး သူ့ကိုယ်သူ သတ်သေမယ် ပြောတယ်၊ ခုလို သွေးပူနေတဲ့ အချိန်မှာတော့ သူတို့ဘက်က မှန်တယ် ငြိမ်း ထင်တယ်ကို၊ ငြိမ်းကလည်း ဘာသက်သေအထောက်အထားနဲ့မှ သူတို့ကို ဖြေရှင်းပြနိုင်မှာမှ မဟုတ်တာ၊ ငြိမ်း ကို့ကို ယုံတာက စိတ်ထဲက အလိုလိုသိပြီး ယုံမိတာပါ"

ငြိမ်း စကားရှည်ကြီးကို နားစွင့်ရင်း ခေါင်းကို ဖြည်းဖြည်းခါနေတာ ငြိမ်း တွေ့သည်။

"မဖြစ်နိုင်တော့ပါဘူး ငြိမ်းရယ်၊ ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ်က ဘယ်တော့မှ ဖျောက်ဖျက်ရတော့မယ့် အပြစ်မှ မဟုတ်တော့တာ





ပဲ၊ ငြိမ်း ကို့ကို နာကြည်းပြီး မေ့လိုက်ပါတော့"

"ကို . . ."

ငြိမ်းက ပခုံးကို ဆွဲလှုပ်ရင်း ခေါ်လိုက်သည်။

"မေ့လိုက်လို့ ပြောတိုင်း ရစတမ်းလားဟင်"

စူးစိုက်ကြည့်ရင်း မေးသည်။

"မေ့သင့်တဲ့လူပဲ"

"မေ့လို့ရမှာမှ မဟုတ်တာပဲ"

ငြိမ်း လက်ဖျားလေးတွေကို သူ ဆုပ်နယ်နေပြန်၏။

သူ့ပခုံးပေါ်မှာ ခေါင်းငဲ့တင်ရင်း အလိုလိုရှိုက်မိကာ မျက်ရည်တွေ ပါးပြင်ပေါ်သို့ စီးကျလာပြန်သည်။

"ငြိမ်းကို ခွဲမသွားပါနဲ့ ကိုရယ်"

ဖွဖွညင်ညင် စကားကို ဆိုလိုက်မိပြန်၏။

အခန်းပြတင်းဝမှာ ရပ်ရင်း အပြင်ကို ငေးတွေကာ ပြန်ရောက်စ ပထမဆုံး တွေ့စဉ်က အကြောင်းတွေအတွေးမှာ ပြန်ပေါ်လာသည်။ နောက်ပိုင်း ငြိမ်းကို သူ အဆက်အသွယ် မလုပ်တော့။ အေးအေးကတောင် ငြိမ်းဘက်က မနေသာတော့ဘဲ သူ့ကို အကြိမ်ကြိမ် ချိန်းပေးနေတာ ငြိမ်း အသိ။ ကိုထွေးကလည်း သူ့ကို ငြိမ်းနှင့် ဆုံဖို့ အတန်တန် တိုက်တွန်းနေတာ ငြိမ်း နားလည်သည်။

"သူ့ ကိုယ်သူ ရှက်ပြီး လိပ်ပြာမသန့်သေးလို့ နေမှာပါ"

ဟု ကိုထွေးက မှတ်ချက်ချဖူးသည်ကို ပြန်သတိရနေ၏။

ငြိမ်းက ခွင့်လွှတ်လိုက်တဲ့အတွက် သူ့အပြစ်ဟာ ပိုပြီး

ပေါ်လွင်သွားသလိုပဲ။ သူပိုပြီး ထိထိခိုက်ခိုက်ခံစားသွားပုံ ရတယ်ဟု အေးအေးကလည်း ထင်မြင်ချက်ပေးဖူးသည်။

"မေတ္တာဆိုတာ အရာရာကို ခွင့်လွှတ်နိုင်စွမ်းရှိ၏" ဆိုတဲ့ စကားကို ကို မယုံနိုင်တော့တာတဲ့လားကွယ် . . . ။

ငြိမ်းက ကိုယ့်အပေါ်မှာ မေတ္တာထားခဲ့သူပဲ။ အရာရာကို ခွင့်လွှတ်နားလည်နေမိတာ ဆန်းတဲ့ အရာမဟုတ်တော့တာ ကိုရယ်။



(၈)

"မင်းရူးနေလား လင်းဇော်"

သူ့ မျက်နှာကို စူးစိုက်ကြည့်လျက် ခင်မောင်ထွေးက မေးသည်။ မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်ပြီး လက်ကိုင်ပဝါကို ဘောင်းဘီထဲ ထိုးထည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

ဟု သူ ပြန်မေးသည်။

"မင်း အခုန ဘာပြောလိုက်တာလဲ"

"ငါ ငြိမ်းကို ကြောက်တယ် ပြောလိုက်တာလေ"

"အေးလေ၊ အဲဒါ မင်းရူးလို့ ပြောတာ ဖြစ်မှာပေါ့၊ ကိုယ့်ချစ်သူကို ကိုယ်ကြောက်တယ်ထင်တာ လူကောင်း ဘယ်သူ ထင်မှာလဲ . . . လင်းဇော်"

စားပွဲခုံပေါ်ကို လက်ချောင်းလေးတွေဖြင့် သူ ခေါက်နေမိပြန်၏။

"ငါ တကယ်ကြောက်တာ ခင်မောင်ထွေး"

သူ လေသံနှိမ့်ရင်း ပြောလိုက်၏။ ခင်မောင်ထွေးက သူ့ကို နားမလည်နိုင်စွာ ငေးစိုက် ကြည့်နေသည်။ သူ ရူးသွားပြီလားဟု ခင်မောင်ထွေး ထင်သွားမည်လား မသိ။

"ချစ်သူ တစ်ယောက်အပေါ်မှာ သစ္စာဖောက်တဲ့ အပြစ် လောက် ကြီးမားတဲ့ အပြစ်ဟာ ချစ်သူနှစ်ယောက်အတွက် မရှိတော့ ပါဘူးကွာ၊ ငါ လွန်လွန်ကျူးကျူးဖြစ်ဖြစ် မဖြစ်ဖြစ် ထားနဲ့ တွဲတယ် ဆိုတဲ့ အပြစ်ဟာ ငါ့ကို ငြိမ်း ဘယ်လိုမှ ခွင့်မလွှတ်သင့်တဲ့ အပြစ်၊ ငြိမ်း ငါ့ကို နာကြည်းမယ်၊ ခံပြင်းမယ်၊ နောက်ဆုံး မုန်းမယ်၊ သူ အရမ်းခံစားပြီး ငါ့ကို အသေသတ်ပစ်ချင်မယ်လို့ ငါ တွက်ခဲ့မိတယ်၊ သူက ခွင့်လွှတ်နေနိုင်တာ တွေ့တော့ ငါ အရမ်းအံ့ဩတယ်"

ခင်မောင်ထွေး ပြုံးသည်။

"အပြစ်ရှိတဲ့သူက အပြစ်မရှိတဲ့သူကို ကြောက်တာ ဓမ္မတာ ပါပဲကွာ၊ မင်း ကြောက်တယ်ပြောတာ ငါ နားလည်သွားပြီ လင်းဇော်"

ဆံပင်ထဲကို လက်ထည့်၍ ဖွနေမိပြန်၏။

"မဟုတ်သေးဘူးကွာ"

ဟု သူ ပြောတော့ သူ့ကို ခင်မောင်ထွေးက နားမလည်စွာ ကြည့်နေပြန်သည်။

"မင်းကလည်းကွာ မပွင့်ဘူး၊ ငါနဲ့မင်း ညီအစ်ကိုလိုနေခဲ့တဲ့ သူငယ်ချင်းတောင် မင်းက ပွင့်ပွင့်လင်းလင်း မရှိဘူး၊ မင်းကို





သူငယ်ချင်းတွေက ဒါကြောင့် နားမလည်တာ"

"ဟုတ်တယ်၊ မင်းကို ငါ ပြောသားပဲ၊ ငါ လူတွေကို မယုံပါ ဘူးလို့ . . ."

"လာပြန်ပြီ၊ မင်း ရောဂါက စ,လာပြန်ပြီလား . . .၊ ကျောင်းသားတုန်းက မင်းအားငယ်တာ ငါ လက်ခံတယ်၊ အခု မင်း ခြေပေါ် မင်း ရပ်နိုင်ပြီကွာ၊ အဲဒီစိတ်က ပြန်ပေါ်လာပြီလား"

သူ သက်ပြင်းရှည်ကို ချမိပြန်သည်။

"ထားထားရှိန်နဲ့ ငြိမ်းနဲ့က ညီအစ်မတစ်ဝမ်းကွဲပဲ ကွဲတာ ခင်မောင်ထွေး၊ သူတို့အမေ ညီအစ်မချင်း စီးပွားပြိုင်ပြီး စကားများ လို့ မခေါ်မပြောသာ နေကြတာ၊ သွေးသားဟာ သွေးသားပဲလေ၊ သူတို့ လူငယ်ချင်းတွေက ရင်းရင်းနှီးနှီး မနေပေမယ့် အဆက်အဆံ အခေါ်အပြောရှိတယ်လို့ ငြိမ်းလည်း ပြောတယ်"

"ဒီတော့ . . ."

"ဒီတော့ ငြိမ်းက သူ့ ညီမအတွက် ငါ့ကို မနာနိုင်ဘူးလား"

"ဟာကွာ မင်းကို သူ ယုံပါတယ် ပြောသွားတာပဲ"

"မဟုတ်သေးဘူးလေ၊ သူ့အိမ်က လူတွေ ဘေးက လူတွေ ပြောတာကို သူ ယုံချင် ယုံမှာပေါ့၊ ဒါပေမယ့် ငါ ပြောတာကို သူ ယုံချင်ယောင်ဆောင်တာ မဖြစ်နိုင်ဘူးလား ခင်မောင်ထွေး"

ခင်မောင်ထွေး နဖူးကို လက်ဖြင့် ရိုက်သည်။

"သွားပြီ လူတွေကို မယုံသင်္ကာဖြစ်ပြီး ကိုယ်တွေးချင်ရာ တွေးတတ်တဲ့ မင်း ဗီဇကြီး ပေါ်လာပြီ လင်းဇော်၊ အဲဒီစိတ်က မင်းကို

နှိပ်စက်ခဲ့တာလည်းများပြီ၊ ကျောင်းမှာတုန်းကလည်း အဲဒီစိတ်ကြောင့် မင်း သူငယ်ချင်းတွေကို ပြန်တောင်းပန်ခဲ့ရတာ၊ သူငယ်ချင်းတွေနဲ့ လမ်းခွဲခဲ့ရတာတွေ အများကြီး၊ မဟုတ်သေးပါဘူးကွာ၊ ကဲ . . . ငါ မေးမယ်၊ ငြိမ်းက မင်းကို အယုံသွင်းပြီး ဘာလုပ်မှာလဲ"

"ကလဲ့စားချေမှာ"

"ဒုက္ခပါပဲ လင်းဇော်ရယ်၊ ငြိမ်းက ကလဲ့စားချေတော့ မင်းက ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့မှာလား၊ တော်တော်ပေါက်ကရ တွေးတဲ့ကောင်ကွာ"

ခင်မောင်ထွေး ရယ်ရင်း ပြောသည်။ သူ မရယ်နိုင်ဘဲ ခင်မောင်ထွေးကို စူးစိုက်ကြည့်နေ၏။

"ငါ့ အကြောင်းကို မင်း သိပါတယ်၊ ငြိမ်းက အသိဆုံးပဲ ငြိမ်း ပြန်လာရင် လမ်းခွဲရမှာပဲ၊ ကြိုတွေးမိပြီးတော့ ငါ မခံရအောင် ငါ ကြိုတင် ကာကွယ်ရင်း ထားနဲ့ ကိစ္စဖြစ်သွားရတာ၊ မမျှော်လင့်ဘဲ ကပ်ပြီးမှ အခွဲခံရရင် ငါ ရူးမှာကွ၊ ငါ့ အကြောင်း ငါ သိတယ်၊ ကိုယ်က အရမ်းမျှော်လင့်ထားပြီးမှ ငါ စွဲလမ်းတဲ့အရာကို ငါ အဆုံးရှုံး မခံနိုင်ဘူး၊ ငါ ဘာမှ မယုံဘူး၊ ငါ့ ဘဝမှာ ငါ မျှော်လင့်တာကို တစ်ခုမှ မရခဲ့ဘူးလေ၊ အဲဒီလို ခံစားရမှာ ငါ အရမ်း ကြောက်တယ်ကွာ"

"ဘာလဲ ငြိမ်းက မင်းကို ကလဲ့စားခြေတဲ့အနေနဲ့ အချိုသတ် ပြန်ဝင်၊ မင်းနဲ့ လက်ထပ်ခါနီးမှ ကပ်ပြီး မင်းကို ခွဲသွား၊ ဒီအဖြစ်ကို ကြောက်တာလား"





"ဟုတ်တယ် အဲဒီလိုလုပ်ရင် ငါ ဘယ်လောက်ခံစားရမယ်ဆိုတာ ငြိမ်း သိတယ်၊ မရနိုင်တော့မှန်း သိရင် ငါ စိတ်လျှော့နိုင်တယ်၊ ပေးမယ်လို့ လက်ထဲထည့်ပြီးမှ ပြန်ယူသွားရင် ငါ ရင်ကွဲမှာပဲ ငါ ငြိမ်းကို ချစ်တယ်ပြောတုန်းက မင်း သိပါတယ်၊ ငါ့ကို ပြန်ချစ်တယ် အဖြေပေးစရာ မလိုဘူး၊ ကျွန်တော် ချစ်တာ ခင်ဗျားသိအောင် ပြောတာပါလို့ ပြောခဲ့တာပဲ၊ သူ့အချစ်ကို မရနိုင်ဘူး ငါ တွက်ပြီးမှ ဖွင့်ပြောခဲ့တာ"

"မင်း အတွေးတွေ အစွန်းရောက်နေတယ် လင်းဇော်"

"ဟုတ်တယ် ငါ သိတယ်၊ ပြင်လို့ မရတော့ဘူး"

"လူတွေကို သံသယဝင်၊ မင်းကို တစ်ခုခု မကောင်းကြံမှာပဲ တွေးပြီး မင်း ခံစားနေရတာ မကောင်းဘူး"

"ငါလည်း မကြိုက်ပါဘူးကွာ၊ ဒါပေမယ့် ငါ့ဘဝက ငါ့ကို ဒီလိုပဲ သင်ပေးခဲ့တာ"

"အေးလေ . . . ငါ နားလည်ပါတယ်"

အပြင်ကို ငေးရင်း သူ သက်ပြင်းကို ချသည်။

"ခင်မောင်ထွေး"

ပြန်လှည့်ပြီး ခေါ်၏။

"ပြော . . . "

"ငါ စောစောက ပြောခဲ့တာတွေကို အေးအေးကိုတောင် မင်း မပြောနဲ့နော်"

"အေးပါကွာ . . . မင်း ငါ့ကိုတောင် မယုံပြန်တော့ဘူး

လား"

"မဟုတ်ပါဘူးကွာ၊ ငါ မင်း တစ်ယောက်တည်းကိုပဲ ယုံတယ်"

ဟု ပြုံးရင်း သူ ပြောလိုက်မိသည်။

ခင်မောင်ထွေးက သူ့ကို နားလည်စွာ ပခုံးကို ပုတ်လိုက်၏။

"မင်း စိတ်အေးအေးထားပါကွာ၊ ငြိမ်း မင်းကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်း အသိဆုံးပါ"

"ဟုတ်တယ် ငြိမ်း ငါ့ကို သိပ်ချစ်တာ"

"သူ့ အချစ်ကို ယုံရင် သူ့ကို မင်း ယုံရဲရမှာပေါ့ လင်းဇော်ရာ"

ခင်မောင်ထွေးကို သူ ဘာမှ ပြန်မပြောမိ။



(၉)

အေးအေး မွေးနေ့မှာ ကျောင်းတုန်းက သူငယ်ချင်းတွေရော အလုပ်ထဲက သူငယ်ချင်းတွေပါ အားလုံး လာကြသည်။ လူတွေ အများကြီးကြားမှာ ငြိမ်းကတော့ အထီးကျန်ဆန်နေပြန်၏။ ငြိမ်း ကို့ကို အရမ်းသတိရနေတာ အေးအေးတောင် ရိပ်မိသည်ထင်သည်။ ငြိမ်း ခြံထဲမှာ သွားထိုင်နေပါလားလို့ အေးအေး ပြောရှာ၏။ သူငယ်ချင်းတချို့က ကို့ကို မေးသည်။ ကို ဘာကြောင့် မလာတာလဲဆိုတော့ ငြိမ်းမှာ ရုတ်တရက် အဖြေရခက်ပြန်သည်။ ခရီးထွက်သွားတယ်ဟု ပြောလိုက်ရသော်လည်း စိတ်ထဲက မလုံချင်။ ကိုနဲ့ ထားအကြောင်းတွေ သိထားကြလို့ မေးတာပဲလား၊ ရိုးရိုးသားသား မေးတာပဲလား၊ ငြိမ်း မဝေခွဲတတ်။ ထားနဲ့ ကိစ္စကို သိထားကြလို့ ငြိမ်းနဲ့ကို ပြတ်ပြီ အထင်နဲ့ စူးစမ်းသည့် သဘောတွေပါသည့် မေးခွန်းတွေကိုလည်း ငြိမ်း ရိမ်စားမိသည်။ သနားကြည့်၊ အားနာကြည့် စသည့် အကြည့်မျိုးစုံတို့ကို ငြိမ်း ရင်ဆိုင်နေရပြီလေ။

ကိုနဲ့ထား တွဲနေတာလောက်ကိုတော့ အတော်များများ သိထားပုံရ၏။ တချို့ ရင်းနှီးသူ သူငယ်ချင်း အချို့က သတိပေး စကားပြောသည်။ ကို့ကို ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်၊ လွတ်မထားနဲ့ဆိုသည့် စကားမျိုးနှင့် နောက်ပြောင် ပြောသည်။ ကြာတော့ ငြိမ်း အနေရကျပ်လာသည်။ အသက်ရှူ မဝသလို ဖြစ်လာသည်၊ အမှားတစ်ခုခုဟာ အမှားကို ပြုလုပ်သူအတွက်သာမကဘဲ သူနဲ့ ပတ်သက်နေတဲ့သူ အားလုံးကို လှုပ်ခတ် တုန်ခါ ထိခိုက်စေပါလားဟု စဉ်းစားနေမိပြန်၏။

မေ့လိုက်ပါလို့ ပြောခဲ့တဲ့ ကို့စကားတွေ ပြန်ကြားယောင်သည်။ ဘယ်လို မေ့လို့ရနိုင်ပါ့မလဲကွယ်။ ဆက်စပ်ပတ်သက်နေမှုများစွာဟာ တစ်နေရာမဟုတ် တစ်နေရာမှာ ရှိနေခဲ့တာပဲ၊ နာကြည်းခဲ့ရင်လည်း နာကြည်းစိတ်က ထာဝရ နှိပ်စက်သတိရနေမှာပဲလေ။

ငြိမ်း နိုင်ငံခြားကို မထွက်ခင်က ကို ပြောခဲ့ဖူးတဲ့ စကားကို ပြန်ကြားယောင်လာမိပြန်သည်။

"ကို သိတယ် ငြိမ်း၊ ကိုယ့်ကိုကိုယ်လည်းသိ ငြိမ်းကိုလည်း သိတယ်"

ဘာသိတာလဲ ကိုလို့ ငြိမ်းက ထပ်မေးတော့ ကို ငြိမ်းကို အရမ်းချစ်တယ်ဆိုတာ ကိုယ့်ကိုကိုယ် သိတယ်၊ ငြိမ်း ကို့ကို အရမ်းချစ်တယ်ဆိုတာလည်း ကို သိတယ်လို့ ပြန်ပြောခဲ့ဖူးတာပါပဲ။

ငြိမ်း ကို အရမ်းချစ်တယ်ဆိုတာ သိလျက်နဲ့ ငြိမ်းကို ကို ဘာလို့ ခွဲထားရတာလဲ တွေးရင်း ကြေကွဲစွာ ခံစားလိုက်ရပြန်သည်





လေ။ ထားနဲ့ကိစ္စကိုလည်း ငြိမ်း ကိုယ်တိုင် ခွင့်လွှတ်ပါတယ်၊ နားလည်ပါတယ် ပြောထားရက်နဲ့ ကို ငြိမ်းကို မတွေ့ဘဲ၊ မဆုံဘဲ နေနိုင်လွန်းသည်ပဲ။

ကို့ကို စကားတွေ အများကြီး ပြောနေချင်မိပြန်သည်။

လူတစ်ယောက်ကို ချစ်မိလို့ ဒီလောက်စူးရှထိခိုက်တဲ့ ဝေဒနာတွေကို ခံစားရလိမ့်မယ်ဆိုတာ ငြိမ်း မသိခဲ့တာ အမှန်ပဲကွယ်။

ငြိမ်း ကို့ကို ချစ်လို့ သဝန်တိုတတ်တာပေါ့၊ ထားနဲ့ ကိစ္စအတွက် ငြိမ်း ရင်ကွဲမတတ် ခံစားရတာပဲပေါ့၊ ဒါပေမယ့် ငြိမ်းက ကို့ကိုမှ မစွန့်လွှတ်နိုင်တာ။

ကို ငြိမ်းကို စွန့်လွှတ်နိုင်ဖို့ ဆုံးဖြတ်နိုင်တာ ငြိမ်း ချစ်သလောက် မချစ်လို့လား ဆိုပြီး တွေးမိပြန်၏။

ကို့ကို သိပ်တွေ့ချင်တာပဲလေ။

ကို ငြိမ်းကို ဘယ်လောက်ကြာ ခွဲထားဦးမှာတဲ့လဲ။ အားငယ်ဝမ်းနည်းမိတိုင်း ငြိမ်း ငိုမိတတ်တာကို ငြိမ်းကိုယ်ငြိမ်း အားမရမိပြန်။ အခုလည်း ခြံထဲမှာ ထွက်ထိုင်နေရင်း ကို့ကို လွမ်းလို့ ငြိမ်း မျက်ရည်စို့ရပြန်ပြီကွယ်။

## (၁၀)

"ငြိမ်း ကို့ကို တကယ်ပြောနေတာလား"

လွယ်ထားသော ကချင်လွယ်အိတ်ကို ရှေ့ဆွဲချရင်း မေးသည်။

ငြိမ်းနှင့်အတူ ကျောင်းဝင်းထဲမှာ ယှဉ်တွဲ လျှောက်လာရင်း ငြိမ်း ပြောလိုက်သည့် စကားကြောင့် သူ ငြိမ်း မျက်နှာကို ကြည့်လျက် မေးလိုက်သည်။

"ကိုယ်ချစ်တဲ့ သူကို လက်ထပ်မယ်လို့ ပြောလိုက်တာ ဆန်းနေလို့လား ကို"

ငြိမ်းက သူ့ကို ပြန်ကြည့်ရင်းမေးသည်။ ငြိမ်းတို့ရုံးက ငြိမ်းကို နိုင်ငံခြား လွှတ်သည်။ ကျောင်းမှာ ထောက်ခံစာတစ်ခု ယူစရာရှိနေသည်ဆို၍ ငြိမ်းနှင့်အတူ ကျောင်းဝင်းထဲ ရောက်ခဲ့၏။ ငြိမ်း နိုင်ငံခြားသွားရခြင်းသည် သူနှင့် ငြိမ်းတို့ ဘဝ စတင် လမ်းခွဲခြင်းဟု သူ့အလိုလို နားလည်နေမိပြန်သည်။ တစ်နှစ်ကျော်ကြာမည်မို့ ငြိမ်း



သူ့ကို မေ့သွားနိုင်မှာပါဟုလည်း သူတွေးသည်။

"ငြိမ်း နိုင်ငံခြားက ပြန်ရောက်ရင် ကိုနဲ့ လက်ထပ်ချင်တယ်"

ဆိုသည့် စကားကို ငြိမ်း ပြောလိုက်တော့ သူ အံ့ဩသွားမိသည်မှာ အမှန်ပင်။ ငြိမ်းကို ဘာမှ ပြန်မပြောမိဘဲ ခေါင်းကို ငုံ့ရင်း လျှောက်၏။

"ငြိမ်း ပြောတာကို မယုံဘူးလား ကို"

ငြိမ်းထံမှ အသံ ထွက်လာသည်။

"ငြိမ်းကို ကို ယုံတယ်၊ ဒါပေမယ့် သိပ်များ စိတ်ကူးယဉ် ဆန်နေမလားလို့ပါ ငြိမ်းရယ်"

"ဘာလို့ စိတ်ကူးယဉ် ဆန်တယ်ထင်ရတာလဲ ကို၊ စိတ်ကူးယဉ်တယ်ဆိုတာ မဖြစ်နိုင်တာကို လုပ်ချင်မှ စိတ်ကူးယဉ်တယ် ခေါ်မှာပေါ့၊ ငြိမ်းနဲ့ ကိုနဲ့ လက်ထပ်တာ မဖြစ်နိုင်စရာ ဘာရှိနေလို့လဲ၊ ငြိမ်း ကို့ကို အားမရတာ အဲဒါတွေပဲ"

သူ ငြိမ်းကို လှမ်းကြည့်နေမိလိုက်ပြန်သည်။

"ကို ငြိမ်းအတွက် စဉ်းစားမိတာပါ၊ ချစ်တယ်ဆိုတာက ငြိမ်းနဲ့ ကိုနဲ့ နှစ်ယောက်တည်း ကိစ္စလေ၊ လက်ထပ်မယ်ဆိုတော့ ငြိမ်းမိဘ ငြိမ်းဆွေမျိုး ငြိမ်းပတ်ဝန်းကျင် အားလုံး ပါလာပြီ၊ ငြိမ်း သူတို့ဆန္ဒကို ထည့်တွက်လာရပြီ"

"ကို့မှာလဲ အလုပ်နဲ့ပဲ၊ ကုမ္ပဏီအလုပ်မို့ မရေရာဘူးပဲထား၊ ဒီကုမ္ပဏီမဟုတ်ရင် နောက်ကုမ္ပဏီ ပြောင်းလုပ်လို့ ရနေတာပဲလေ၊

ငြိမ်းတို့ နှစ်ယောက်တည်း အိမ်ထောင်တစ်ခုကို ထူထောင်နိုင်မှာပါ"

"ငြိမ်း . . . "

သူ့ အသံကြောင့် ငြိမ်း သူ့မျက်နှာကို ကြည့်သည်။

"ကို တစ်ကောင်ကြွက်ဆိုတာ ငြိမ်း မေ့ထားပြီလား၊ ကို့မှာ ဆွေဂုဏ်မျိုးဂုဏ် ဘာမှ မရှိဘူးလေ"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီလို လူမျိုးကို ငြိမ်းအိမ်က သဘောတူမှာတဲ့လား ငြိမ်းရယ်၊ ကို ငြိမ်းကို ပြောခဲ့ပါတယ်၊ ကိုက ဘာဖြစ်ဖြစ် အဆိုးဆုံးကို စတွက်ထားတတ်တဲ့လူ ငြိမ်းကို ချစ်တယ် ပြောတုန်းကလည်း ငြိမ်း ပြန်ချစ်မယ်လို့ ကို မျှော်လင့်မထားခဲ့ပါဘူး၊ ကို ချစ်တာကို ငြိမ်း သိရုံတင်ပါ၊ ငြိမ်း ပြန်ချစ်ပြီဆိုတောလည်း ကို့ကို လက်ထပ်ဖို့ မတောင်းဆိုရဲခဲ့ပါဘူး၊ ချစ်ရက်နဲ့ တစ်နေ့ ခွဲသွားရမှာလို့ပဲ နားလည်ထားတာပါ၊ အခြေအနေကို ကို ဘယ်တော့မှ မမေ့ပါဘူး ငြိမ်းရယ်၊ ဒီအတွက်လည်း ငြိမ်းကို နားလည်နေမှာပါ"

"ငြိမ်းကို ကို မယုံတာလား ကို"

လမ်းကို ချိုးကွေ့လိုက်သည်။

"မဟုတ်ဘူး၊ အရမ်းမျှော်လင့်ပြီး ဖြစ်မှာပဲ ထင်ထားတာမျိုး ဖြစ်မလာမှာကို ကို အရမ်းကြောက်တယ် ငြိမ်း၊ ရမှာပဲ အသေအချာ တွက်ပြီးမှ စွန့်လွှတ်ရတဲ့ ဝေဒနာကို ခံစားရမှာ၊ ကို မခံစားရဲဘူး"

"ငြိမ်း ကို့ကို အိမ်ခေါ်သွားမယ်၊ မေမေနဲ့ မိတ်ဆက်ပေးမယ်၊ ငြိမ်း လက်ထပ်မယ့် အမျိုးသားအဖြစ် အသိပေးခဲ့မယ်၊ ဒါဆို





မေမေတို့ကလည်း သူတို့သဘောတူတဲ့ လူနဲ့ ငြိမ်းကို အတင်း မစီစဉ်ထားရဲဘူး၊ ငြိမ်း စိတ်ကို မေမေ သိတယ်၊ ငြိမ်းက အေးစက်စက် ပေမယ့် ကိုယ် ထင်ရာ ကိုယ် လုပ်တတ်တာ"

"ကို . . . ငြိမ်း မေတ္တာကို ယုံပါတယ်"

"ဒါဆို . . . ကို ဘာမှ မပြောနဲ့တော့၊ ငြိမ်း စီစဉ်လိုက်မယ်၊ တစ်နေ့ ငြိမ်းနဲ့ အိမ်ကို လိုက်လာခဲ့"

ဘတ် (စ်) ကားဂိတ် ရောက်လာပြီး စကားပြတ်သွားသည်။ သူ ငြိမ်း မျက်နှာကို ငေးတွေ ကြည့်နေမိဆဲ။

ငြိမ်းက သူ့ကို ပြန်ကြည့်ကာ ပြုံးပြလိုက်၏။

ငြိမ်း၏ အပြုံးသည် သူ့ရင်ကို ထာဝရ အေးမြစေနိုင်မည်ဟု သူ ယုံပြန်သည်။

"ကို့ကြောင့် ကား ကျပ်ကျပ်စီးရဦးမယ်"

ရပ်လာသည့် ဘတ်(စ်)ကားကိုကြည့်ရင်း ငြိမ်းက ခပ်ပြုံးပြုံး ပြောသည်။ ငြိမ်းက အိမ်က ကားနှင့် ရုံးတက်ရုံးဆင်း လုပ်တတ်သော်လည်း သူ့ဆီလာလျှင် ကားမပါဘဲ လာတတ်သည်။ ငြိမ်း ကားကို ကို မစီးပါရစေနဲ့၊ ကို့ကို နားလည်ပါ၊ ကို ပိုပြီး ခံစားရလွန်းလို့ပါဟု သူ တစ်ခါပြောထားခဲ့ဖူးတာကို ငြိမ်း ရည်ညွှန်းသည်ဟု သူ သိလိုက်၏။

ငြိမ်းကို သနားညှာတာစိတ်ဖြင့် ပြန်ငဲ့ကြည့်နေမိပြန်သည်။

ငြိမ်းကို မတွေ့ရသည်မှာ ကြာပြီလေ။

ငြိမ်းနှင့် ပတ်သက်သမျှသည် ရင်မှာထိရှ စူးနစ်ကျန်ရစ်နေဆဲ။ ငြိမ်း သူ့ကို ဘယ်မျှ လွမ်းမည်ကိုလည်း ကိုယ်ချင်းစာ နားလည်နေမိပါသည်။

သည်အခြေအနေနဲ့ကျမှတော့ ငြိမ်း ကို့ နောက်လိုက်ခဲ့ဖို့ လွယ်တော့မှာတဲ့လား။ ငြိမ်း အိမ်က မဖြစ် ဖြစ်တဲ့နည်းနဲ့ တားတော့မှာကို သိနေပြန်ပါသည်။ ထားထားရှိန်နှင့် ပတ်သက်၍ ငြိမ်း ကို့ကို တကယ်ပဲ မနာကြည်း အပြစ်မယူ ကြည်ဖြူ ခွင့်လွှတ်သည်ဆိုတာကလည်း ထူးဆန်းနေပြန်ပါ၏။

ငြိမ်းရယ် . . .

ဘာဖြစ်ဖြစ် မတွေ့ကြဘဲ နေကြတာ အကောင်းဆုံး ဖြစ်လိမ့်မည်ဟု တွေးသည်။

လူချင်း မတွေ့မိပေမယ့် အတွေးထဲမှာတော့ ငြိမ်းနှင့် ပတ်သက်သမျှ အရာရာသည် ထာဝစဉ် ရှိနေမြဲပါ ငြိမ်း။

ကြည့်စမ်း ခုပဲ ငြိမ်း နိုင်ငံခြား မသွားခင် ငြိမ်းတို့ အိမ်အလည် ခေါ်ခဲ့တာတွေ ပြန်ပြီး တွေးနေမိပါရောလား။





(၁၁)

မနက်ပိုင်းမှာ အိုင်အက်ဖ်အယ်လ်မှာ တက်ဖို့ ရုံးက ခွင့်ပြုခဲ့လို့ ငြိမ်း အိုင်အက်ဖ်အယ်လ်ကို မနက်စောစော ရောက်တတ်သည်။

သည်နေ့တော့ အတန်းစောစောပြီးတာနဲ့ အေးအေးက သူ့မိတ်ဆွေ တစ်ယောက် တွေ့စရာရှိတယ် ပြောလို့ တက္ကသိုလ်ထဲ ရောက်ခဲ့ပြန်၏။ တကယ်တော့ တက္ကသိုလ်ပရိဝုဏ်ထဲကို ငြိမ်း မသွားချင်ဘူး ကို၊ အဲဒီနေရာတွေက ကိုနဲ့ ငြိမ်းတို့ အရိပ်တွေ ငြိမ်းအာရုံမှာ ထင်ဟပ်နေဆဲပါပဲ။ ရင်ထဲမှာ ပူလောင်စွာ ခံစားနေရပြန်ပါပြီလေ။

ကို ငြိမ်းကို တကယ်ပဲ စွန့်ခွာ ထားခဲ့ပြီလားဆိုတဲ့ အတွေးက ရင်ကို လောင်မြိုက်စေပြန်၏။

ရင်ကို လောင်မြိုက်စေသော မီးက အလျှံတညီးညီးပါ ကိုရယ် . . .။

"ခွဲဖို့ စကားကို ကို ဘာလို့ ခဏခဏပြောနေရတာလဲ ကို" ခုံတန်းရှေ့မှာ ကြွေကျလာသည့် ဝါရွက်ကို ငေးနေသည့် ကို့ ပခုံးကို ကိုင်လှုပ်ရင်း ငြိမ်း မေးသည်။

"ကို့ ဘဝမှာ ဘာကိုမှ မမျှော်လင့်ရဲတာ ငြိမ်း သိသားနဲ့၊ မျှော်လင့်ထားတာ တစ်ခုခု ဖြစ်မလာရင် ဘယ်လောက် ခံစားရမလဲ၊ အဲဒီ ခံစားမှုမျိုးကို မခံစားချင်တော့ဘူး ငြိမ်းရာ"

မကြည့်ဘဲ ပြောနေပြန်သည်။

"ဘယ်လို အခြေအနေပဲ ဖြစ်ဖြစ်၊ ငြိမ်း ကို့ဘက်မှာ ရှိနေမှာ လို့ ပြောထားတာပဲ ကိုရယ်၊ ငြိမ်းကို မယုံနိုင်ဘူးလား"

ခေါင်းငုံ့ရင်း ငြိမ်းနှင့် အကြည့်ဆုံသည်။

"လောကကြီးက ဘာမှ မယုံတတ်အောင် ကို့ကို သင်ပေးခဲ့တာပဲ ငြိမ်းရယ်၊ သဘာဝတစ်ခုဖြစ်တဲ့ မိဘက သားသမီးကို ချစ်တဲ့ အချစ်ကိုတောင် မရနိုင်ခဲ့တာ၊ ကို့ မိဘကိုတောင် ကို မယုံခဲ့ရတာပဲ"

ငြိမ်း သက်ပြင်းကို ချမိပြန်၏။

"ငြိမ်း ကို့ကို ချစ်တယ်ဆိုတာကို ယုံတယ်၊ ငြိမ်းနဲ့ ကိုနဲ့ ပေါင်းဆုံဖို့ဆိုတာက ငြိမ်း ကို့ကို ချစ်တာ သက်သက်နဲ့ မပြည့်စုံဘူးလေ၊ ခွဲရမှာပဲလို့ ကြိုတွေးထားပြီးမှ ပေါင်းရတာဟာ ကို့ အတွက် ဆုလာဘ်တစ်ခုပေါ့ ငြိမ်းရယ်၊ ဒါပေမယ့် ပေါင်းရမှာပဲ အတွေးနဲ့ အမျှော်လင့်ကြီး မျှော်လင့်ထားပြီးမှ မပေါင်းရရင် သာမန် လူတစ်ယောက် ခံစားရတာနဲ့ ကို ခံစားရတာ တူမှာမဟုတ်ဘူး ငြိမ်း၊ ကို့မှာက အခံရှိတယ်လေ၊ ကို ပေါက်ကွဲသွားမှာကို စိုးတယ်၊ ကို့ကို





နားလည်လားဟင်"

စကား ဆက်ရင်း ငြိမ်းကို သူ စူးစိုက်ကြည့်၏။ ငြိမ်း သူ့ကို ခေါင်းညိတ်ပြလိုက်မိသည်။

ခပ်လှမ်းလှမ်း သစ်ပင်ထက်မှ ဥသြငှက်၏ အော်သံကို ကြားနေရပြန်၏။ လေပူတစ်ချက် ဝေ့ဖြတ်သွားသည်။

"အမြဲ အားငယ်နေတာမျိုး၊ စိတ်ထဲက အရှုံးပေးတာမျိုး တော့ မကောင်းဘူး ထင်တယ် ကို"

အကြည့်ဆုံ၍ သူ ခေါင်းညိတ်သည်။

"အားငယ်နေတာတော့ မဟုတ်ဘူးပေါ့ ငြိမ်းရယ်၊ သတိအမြဲရှိနေတာဆိုရင် ပိုမှန်မလားပဲ၊ စိတ်လွတ် ကိုယ်လွတ် မနေရဲတာ သေချာတယ် . . ."

"အရှုံးပေးနေတာလည်း မဟုတ်ဘူး၊ မဖြစ်နိုင်တာကို မဖြစ်နိုင်ဘူးလို့ အမှန်အတိုင်း မြင်အောင် လက်ခံနိုင်အောင် ကြိုးစားနေမိတာပါပဲ"

"ကို့ကို နိုင်အောင် မပြောနိုင်တော့ဘူး"

ငြိမ်းက ပြုံးပြီး ပြောလိုက်သည်။

❋

ငေးတွေ စူးစိုက်ကြည့်နေမိသော ထိုခုံတန်းမှာ ထိုစဉ်က ပြောဖူးခဲ့သည်တို့ အကြားအာရုံမှာ ထင်လာပြန်၏။

"ဘာလဲ သတိရနေပြီလား"

အတူယှဉ်လျှောက်လာရင်း အေးအေးက မေးသည်။ အေးအေး အမေးကို ငြိမ်း ပြန်မဖြေမိ။

"လွမ်းလိုက်တာ အေးအေးရယ်"

ခဏကြာမှ အေးအေးကို မကြည့်ဘဲ နှုတ်က ထွက်သွားသည်။

ထိုစဉ်ကလိုပင် ဥဩတွန်နေသည့် ရာသီပါပဲလား။

❧ ❧ ❧



(၁၂)

"ခဏ ထိုင်ဦးနော် ကို"

ဧည့်ခန်းထဲမှာ ထိုင်ခိုင်းသည်။ နံရံမှ ပန်းချီကားတွေဆီ အကြည့်ရောက်ရင်း သူ ဝင်ထိုင်လိုက်၏။

"မေမေ့ကို သွားခေါ်လိုက်ဦးမယ်၊ ဖေဖေကတော့ ရှိမှာ မဟုတ်ဘူး၊ ခဏ စောင့်နော်"

ငြိမ်းကို သူ ခေါင်းညိတ်ပြလိုက်သည်။

နံရံကပ် ရှိုးကေ့စ်ပေါ်မှာ တင်ထားသည့် မှန်စီရွှေချ စောင်း တစ်လက်ကို လှမ်းမြင်ရပြန်သည်။ ဧည့်ခန်းထောင့် တစ်နေရာမှ မယ်တော်ကြီး ဂမုန်းရွက် စိမ်းစိမ်းဖားဖားနှင့် ပန်းအိုးကို တွေ့၏။

ခဏအကြာမှာ ဧည့်ခန်းထဲသို့ ငြိမ်း ဝင်လာသည်။ ငြိမ်း နောက်မှ သူ့ မေမေ ဖြစ်ဟန်တူသူ ပါလာ၏။ ရုတ်တရက် သူ ထရပ်ကာ အရိုအသေပြုလိုက်မိသည်။

"ထိုင် . . . ထိုင်"

ငြိမ်း မေမေ၏ ဩဇာပြည့်သည့် အသံကိုစပြီး သူ သတိထားဖြစ်၏။ သူနှင့် မျက်နှာချင်းဆိုင်မှာ ငြိမ်းနှင့် သူ့မေမေ တွဲလျက်ထိုင်သည်။

"မေမေ၊ ဒါ ငြိမ်းပြောတဲ့ ကိုလင်းဇော်ပါ၊ ကိုလင်းဇော်ဒါ ငြိမ်း မေမေလေ"

ငြိမ်းက မိတ်ဆက်ပေးသည်။ ဟုတ်ကဲ့ပါဟု ဦးညွှတ်ရင်းရှိရှိသေသေ သူ ပြန်ပြော၏။ အကဲခတ်နေသည့် ငြိမ်း မေမေ၏ မျက်ဝန်း အစူးအရှကို သူ တွေ့ရပြန်သည်။

"မောင်လင်းဇော်က ဘယ်မှာ လုပ်လဲ"

"ထွန်းထရေဒင်း ကုမ္ပဏီမှာပါ အန်တီ"

"ဦးဘထွန်းအေးရဲ့ ကုမ္ပဏီလား"

"ဟုတ်ပါတယ် အန်တီ"

"ငြိမ်းတို့ အဖေနဲ့ ဦးဘထွန်းအေးက မိတ်ဆွေတွေပဲကွယ့်၊ သူ့ ကုမ္ပဏီက ကုမ္ပဏီကြီးပဲ၊ လုပ်ငန်းကြီးပေါ့"

"ဟုတ်ပါတယ်"

"မောင်လင်းဇော်ကို ဘာအဆင့်ပေးထားလဲ"

"ဆက်ဆံရေး မန်နေဂျာပါ အန်တီ"

"ဩော် . . . ဩော် . . . "

အအေးဖန်ခွက်ယူလာသည့် ကောင်မလေး အခန်းထဲဝင်လာသဖြင့် စကား ပြတ်သွားသည်။ ငြိမ်းက ဖန်ခွက်ကို လှမ်းယူပြီး ခုံဘေးမှ စားပွဲလေးပေါ် တင်ပေးသည်။





"သောက်ဦး၊ မောင်လင်းဇော်"

ငြိမ်း မေမေက လှမ်းပြော၏။

"ဟုတ်ကဲ့"

ဖန်ခွက်ကို ကောက်ယူပြီး တစ်ကျိုက် ငုံလိုက်ကာ ပြန်ချသည်။

"မောင်လင်းဇော်က ရန်ကုန်ကပဲလား"

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော်က . . . မြို့ကပါ"

". . . မြို့ကလား"

"ဟုတ်ပါတယ် အန်တီ"

"ဘယ်သူ့ သားပါလိမ့်၊ အဲဒီဘက်မှာလဲ အန်တီတို့ မိတ်ဆွေတွေ အများကြီးရယ်"

လှမ်းကိုင်လိုက်သည့် အအေးဖန်ခွက်ကို တင်းတင်းဆုပ်ထားလိုက်မိသည်။ ပြီးမှ ဖန်ခွက်ကို မယူမိတော့ဘဲ လက်ကို ပြန်ရုပ်၏။ သူ့ကို တစ္ဆေသူရဲနှယ် ခြောက်လှန့်လေ့ရှိသည့် မေးခွန်းကို သူ ရင်ဆိုင်ရပြန်သည်။

"ဦးသန်းဖေ ဒေါ်မိမိလေးတို့ သားပါ၊ ကျွန်တော့်မိဘတွေက ဆင်းရဲပါတယ်၊ သိချင်မှသိကြမှာပါ အန်တီ၊ ပြီးတော့ အဖေနဲ့ အမေက ကျွန်တော် ငါးနှစ်သားလောက်မှာ ကွဲသွားကြတော့ ကျွန်တော့်ကို အဒေါ် အပျိုကြီး တစ်ယောက်က မွေးစားခဲ့ပါတယ်၊ ကျွန်တော့် အဒေါ်ကိုပဲ ကျွန်တော့် အမေလို နေခဲ့ရတာပါ၊ အဒေါ့် နာမည်က ဒေါ်မိမိကြီးပါ"

"ဩော် . . ဩော် . . မိဘတွေက အခုရော ရှိသေးလား"

"အမေက ကျွန်တော် ဆယ်တန်းနှစ်မှာ ဆုံးတယ်ကြားပါတယ်၊ အဖေကတော့ အမေနဲ့ ကွဲသွားကတည်းက တစ်ခါမှ မတွေ့ရပါဘူး၊ ဘာအဆက်အသွယ်မှလဲ မရပါဘူး၊ ကျွန်တော် နောက်ဆုံးနှစ် ဖြေနေတုန်းမှာပဲ ကျွန်တော့် မွေးစားအမေပေါ့လေ၊ သူ ဆုံးပါတယ်၊ ကျွန်တော်တို့မှာ ဆွေမျိုး မကျန်ပါဘူး၊ ဒါနဲ့ အိမ်လေးရောင်းပြီး ကျွန်တော် ရန်ကုန် ပြောင်းခဲ့တာပါ၊ ကျွန်တော့် သူငယ်ချင်း အဆက်အသွယ်နဲ့ အလုပ် ဝင်လုပ်ခဲ့တာပါ"

"မင့် အဖေက နောက် အိမ်ထောင်ပေါ့နော်"

သူ ခေါင်းကို ညိတ်ပြလိုက်၏။ သည်စကားတွေ ပြောနေရဖြေနေရသည်မှာ သူ့အတွက် ငရဲတမျှ ခံစားနေရပြန်သည်။ ရင်ထဲမှာ တင်းကျပ် ပူလောင်လာ၏။

အုအေးဖန်ခွက်ကို ကောက်ယူပြီး မော့လိုက်သည်။

"သမီးအဖေ ဧည့်သည်တွေ ပါလာမယ် ထင်တယ်၊ ဘယ်နှစ်နာရီတောင် ရှိပြီလဲ မသိဘူး"

ငြိမ်းဘက်ကိုလှည့်ရင်း ပြောလိုက်သံ ကြား၏။ ငြိမ်း ပြန်ဖြေသံအဆုံးမှာ . . . ။

"ကျွန်တော်လဲ ပြန်လိုက်ပါဦးမယ် အန်တီ၊ ပြန်မယ်နော် ငြိမ်း"

ဟု သူ နှုတ်ဆက်စကားဆိုရင်း ထ ရပ်လိုက်သည်။





"ငါ မညံ့ပါဘူး ခင်မောင်ထွေး၊ ငြိမ်းအမေရဲ့ ရင်ထဲမှာ ဘာတွေ ရှိတယ်ဆိုတာ တစ်ခါတွေ့ရုံနဲ့ ငါ သိခဲ့တယ်၊ ငြိမ်းနဲ့ ငါ့ကို ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး"

ငြိမ်းတို့အိမ်မှ ပြန်လာပြီး နောက်နေ့ ခင်မောင်ထွေးနှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံသည်။

ငြိမ်းတို့ အိမ်ရောက်ခဲ့သည့်အကြောင်းကို သူ ပြန်ပြောပြလိုက်၏။ စကားအဆုံးမှာတော့ ငြိမ်းတို့အမေ သူ့ကို မနှစ်မြို့ဟန်ပြသည်ကို သူ သတိထားမိကြောင်းပါ ထည့်ပြောလိုက်သည်။ ခင်မောင်ထွေးက ဆေးလိပ်ကို ဖွာရင်း နားထောင်နေ၏။

"ငြိမ်း တစ်ယောက်လုံး ရှိပါသေးတယ်ကွာ၊ ငြိမ်းက အဓိကပါ"

ခင်မောင်ထွေး ပြောလိုက်သည်။

"ဘယ်လိုဖြစ်ဖြစ် ငါနဲ့ သူ့ မိဘကြားမှာ ငြိမ်း စိတ်ဆင်းရဲရမှာ အမှန်ပဲ"

"ငြိမ်းစိတ်က ခိုင်တယ်၊ အေးစက်စက်ပေမယ့် စိတ်မာတယ်လင်းဇော်၊ သူ ထင်တာ သူ လုပ်တတ်တာ မင်း သိသားပဲ၊ သူများတွေလို စကားများများ ပြောတာ မဟုတ်ဘူး"

သူ သက်ပြင်း မှုတ်ထုတ်သည်။

"သူ့မိဘ ရင်ခွင်ထဲကနေပြီးတော့လည်း သူ့ကို ငါ အတင်းဆွဲမထုတ်ရက်ဘူး ခင်မောင်ထွေး၊ ငါက ကိုယ်ချင်းစာရမယ်၊ ငါကိုယ်တိုင် မိဘရင်ငွေ့နဲ့ ကင်းခဲ့ရတဲ့ကောင်၊ မိဘရင်ငွေ့ကို ငတ်မွတ်

ခဲ့ရတဲ့ ကောင်လေ၊ ငါ ခံစားရသလို ဘယ်သူ့ကိုမှ မခံစားရစေချင်တာ အမှန်ပဲ"

"မိဘနဲ့ သားသမီး အဆင်မပြေလည်း ခဏပါကွာ"

"ငြိမ်း အစ်မတွေ၊ အစ်ကိုတွေတုန်းကတော့ အိမ်က မိဘသဘော တစ်ခုတည်းနဲ့ အိမ်ထောင်ပြုခဲ့ကြတာ၊ ငြိမ်းကိုလည်း သူတို့ကတော့ သူတို့ သဘောပဲ ဖြစ်အောင် လုပ်မှာပေါ့"

"ဒါပေမယ့်ကွာ၊ အခုခေတ်ထဲမှာ လူကြီး အတင်းပေးစားလို့ပါဆိုတာမျိုးက နည်းနေပါပြီ၊ ခေတ်လူငယ်တွေ ပညာတတ်တွေက သူတို့ဘာသာ ဆုံးဖြတ်ကြတာ များပါတယ်"

သောက်ပြီး အကြမ်းပန်းကန်ကို သူ ပြန်ချသည်။

"ငါ တစ်ခုပြောမယ် ခင်မောင်ထွေး၊ မင်း လက်ခံမလားမသိဘူး၊ မင်း ပြောတာ မှန်ပါတယ်၊ သူတို့ဘာသာ သူတို့ ဆုံးဖြတ်ကြတာများတယ် ဆိုတာ ငါ လက်ခံတယ်၊ သူတို့ ဆုံးဖြတ်တာကလည်း လူကြီးတွေ သဘောတူနိုင်တာကို ဆုံးဖြတ်ရွေးချယ်ကြတာပဲဆိုတာကိုမရော မင်း ထည့်တွက်ရဲ့လား၊ စကတည်းက သူတို့တွေ ခေါင်းကိုသုံးတယ်၊ ဦးနှောက်နဲ့ တွက်တယ်၊ သေချာမှ တစ်ယောက်နဲ့တစ်ယောက် တွဲကြတယ်၊ လက်ထပ်မယ်ဆိုတဲ့အခါ ဘယ်လူကြီးက ဘာမှ ပြောစရာ မရှိတော့ဘူးလေ"

ခင်မောင်ထွေး စဉ်းစားဟန်ပြု၏။ ပြီးမှ . . .

"အေး . . . မင်း ပြောတာလည်း ဟုတ်သလိုပဲ"

"ငြိမ်းနဲ့ငါနဲ့ အဖြစ်မျိုးတွေ မရှိဘူးလားဆိုတော့ . . .





ရှိတတ်ပါတယ်၊ အလွှာချင်းမတူဘဲ သံယောဇဉ်ကြောင့် ချစ်သွားကြတဲ့ အတွဲတွေ အများကြီးပါ၊ ဒါပေမယ့် နောက်ဆုံး သူတို့ လက်ထပ်ဖြစ်ရဲ့လား၊ မင်း ပတ်ဝန်းကျင်မှာ မင်း သိသလောက် ပြန်စဉ်းစားကြည့်လေ"

"ငါ ငြိမ်း စိတ်ကိုတော့ ယုံတယ် လင်းဇော်"

"အိမ်ပေါ်က ဆင်းလာရဲတဲ့သတ္တိ သူ့မှာရှိတယ်ဆိုတာ ငါလည်း သိပါတယ်၊ ဒါပေမယ့် ငါ သူ့ဘက်လည်း ပြန်ငဲ့မိတာအမှန်ပဲ"

စကားအဆုံးမှာ ချထားသည့် ဆေးပေါ့လိပ်ကို ကောက်ယူပြီး မီးညှိသည်။ မီးခိုးကို အဝေးသို့ မှုတ်ထုတ်လိုက်၏။

"အလွှာကွာတယ်ဆိုတာထက် ဆိုးတဲ့ အဆင့်ရှိတယ် ခင်မောင်ထွေး"

မကြည့်ဘဲ သူပြောသည်။

"ဘာလဲ . . . "

"မျိုးရိုးလေ"

ခင်မောင်ထွေးကို လှည့်ကြည့်ရင်း သူ ပြောလိုက်၏။ ခင်မောင်ထွေး သူ့ကို မသက်မသာ ကြည့်နေရင်း သက်ပြင်းချလိုက်တာ သူ သိသည်။

တစ်ဘက်စားပွဲမှ ရေနွေးကရားကို အဖုံးနှင့် ခေါက်၍ ရေနွေး တောင်းသံသည် သူ့နားထဲမှာ ပို၍ ကျယ်လောင်နေသလို ထင်လိုက်၏။

အိပ်မပျော် အတွေးတွေပါ ငြိမ်း။

ငြိမ်း ကို့ကို အိမ်ခေါ်သွားကတည်းက ငြိမ်း မိဘတွေ ကိုနဲ့ ငြိမ်းကို သဘောမတူနိုင်ဘူး ဆိုတာကို ကို ခံစားသိနေရတာပဲလေ။ ဒါပေမယ့် နောက်နေ့တွေမှာ ငြိမ်း နိုင်ငံခြားသွားဖို့ အလုပ်များနေတဲ့ ကြားက ကြေကွဲစကားတွေ မဆိုချင်လို့ ငြိမ်းကို ကို ဘာမှမပြောဘဲ နေခဲ့မိပါတယ်။ မေမေကတော့ ဒီလိုပဲ စပ်စုတတ်တယ်။ ဘာညာနဲ့ ငြိမ်း အလိမ္မာသုံးပြီး အားနာစကားတွေနဲ့ ဖုံးခဲ့တာကိုလည်း ကိုယ် မသိကျိုးကျွန် ပြုခဲ့မိတာပါပဲ။

ငြိမ်းရယ် . . .

ငြိမ်းအဆင့် ငြိမ်းအနေအထားနဲ့ ကို့လိုလူမျိုးကို သဘော မတူတဲ့ မိဘဟာ အပြစ်လို့ မဆိုသာပါဘူး၊ သားသမီးကို ကောင်းစေ ချင်တဲ့ စေတနာစိတ်နဲ့ မိဘက အိမ်ထောင်ဖက်ကို ရွေးချယ်တာပဲ လို့ ကို နားလည်နိုင်ပါရဲ့။

ဒါကြောင်လည်း ကို ခဏခဏ ငြိမ်းကို ပြောခဲ့ဖူးတယ်လေ။ အသေအချာတွက်ပြီး ကို့ ဘက်က မျှော်လင့်ချက်ကြီးကြီး မထားရဲခဲ့ ပါဘူး ဆိုတာ။

သူများ ရနိုင်သမျှ ကိုယ် မရနိုင်တဲ့ ဘဝတွေအများကြီးပါ ငြိမ်းရယ်။ ပြန်လာရင် လက်ထပ်မယ်ဆိုတဲ့ ငြိမ်းစကားကတော့ နှလုံး သားကို ထာဝရ ပူနွေးစေခဲ့တာ အမှန်ပါငြိမ်း . . . ။

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

(၁၃)

"သမီးလေး ကံကောင်းတယ် ဘုရားမ,တာပါပဲ၊ သမီးသာ နိုင်ငံခြား မထွက်ဖြစ်လို့ ဒီကောင်နဲ့ ဆက်ဖြစ်နေရင် အမယ်လေး . . . မစဉ်းစားရဲဘူး၊ မေမေဖြင့် အတွေးနဲ့တောင် ရင်ဟုန်တယ်"

ထားထားရှိန်နှင့် ကိုတို့ ကိစ္စ ပြောပြရင်း မေမေက စကား ဆက်သည်။

"စကားမပြောတာက မပြောတာဘဲ၊ ကိုယ့်တူမအရင်း လေး ဒီလို ဖြစ်သွားတယ် ဆိုတောလည်း မေမေတို့ တော်တော် ခံစားလိုက်ရတယ်၊ ဒီကောင် ယုတ်မာတာကို ရင်ထဲက မကျေဘူး"

"တော်ပါတော့ မေမေရယ်"

ဆက်ကြားနိုင်စွမ်း မရှိစွာ ငြိမ်း တီးတိုးပြောသည်။

"သူ့အကြောင်း သိသိချင်း မေမေ စာရေးလိုက်တော့ သမီး က ယုံချင်မှယုံမှာ၊ မေမေ လုပ်ဇာတ်တွေ ခင်းနေတယ်လို့ ထင်ချင် ထင်မှာပေါ့"

ငြိမ်းရောက်ပြီး မကြာခင်မှာပင် မေမေ့ဆီက စာထဲမှာ ကို့အကြောင်းတွေ ထည့်ရေးလိုက်တာ သတိရပြန်၏။

"ဒီတုန်းကတည်းက မေမေကတော့ ဒီကောင်ဆို အော့နှလုံးနာလွန်းလို့ သမီးပြန်လာရင် သမီးကို ဇွတ်အတင်းဖြတ်ခိုင်းရမှာပဲ စဉ်းစားထားတာ၊ ငါ့ တူမလေးက ကြားထဲက ဓားစာခံ ဖြစ်သွားရတယ်၊ အခုတော့ သမီး သူ့ကို စိတ်မနာဘူးလား၊ သမီးလည်း စိတ်နာမှာပေါ့ ဟုတ်ဘူးလား၊ ကိုယ့် ညီမ တစ်ဝမ်းပဲကွဲတာပဲဟာ"

မေမေ့ အမေးကြောင့် မေမေ့ မျက်နှာကို မော့ကြည့်ဖြစ်သည်။

"ဟုတ်မဟုတ် သမီး သေသေချာချာ စုံစမ်းချင်တယ်"

ဟု နှုတ်မှ ထွက်သွား၏။

"အမယ်လေး . . . သမီးက ဘာ စုံစမ်းချင်တာလဲ၊ ဘာ မယုံစရာ ရှိနေလို့လဲ၊ သူနဲ့ တွဲတာ ရပ်သိရွာသိ မေမေတို့ တစ်လမ်းလုံးလည်း သိနေတာပဲ၊ အိမ်ပြန်ပို့ရင် ဒီရှေ့က ဖြတ်လျှောက်တာ မေမေတောင် မြင်ပါ့၊ ဘာလဲ . . . သမီးက ခုထိ စိတ်မကုန်နိုင်သေးဘူးလား၊ ဒီမှာ ငြိမ်း"

မေမေ့ မျက်နှာကို မော့ကြည့်ပြန်သည်။

"ဒီလောက် အောက်တန်းကျတဲ့သူ၊ ဒီလောက်ယုတ်မာတဲ့သူကိုမှ ညည်း မပြတ်ရင်တော့ ငါ့ကိုယ်ငါ သတ်သေပစ်လိုက်မယ် သိလား၊ အရှက်တကွဲတော့ အဖြစ်မခံနိုင်ဘူး"

"မေမေကလည်း သမီးက ဘာပြောနေလို့လဲ"





"ဘာပဲဖြစ်ဖြစ် သမီး ဒီကောင်ကလွဲလို့ ကြိုက်တဲ့သူ ယူ၊ မေမေ သဘောတူမယ်၊ ဒီကောင်နဲ့တော့ မဖြစ်ဘူး မဖြစ်ဘူး"

ငြိမ်းက ဘာမှ ပြန်မပြောတော့။ ထုံးစံအတိုင်းပင် မေမေ ပြောသမျှ သူ ငြိမ်ပြီး နားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ညည်းက ပြန်မပြော နားမထောင်မို့ ငါ စိတ်ပူတယ် ငြိမ်း၊ လူကြီး ဘာပြောပြော ပြီးရင် ညည်းလုပ်ချင်တာ လုပ်တတ်တဲ့ အကျင့်ကြီး ရှိလို့ ပြောနေရတာ၊ ဒီကောင့်အကြောင်း ငါက ပြောချင်တာ မဟုတ်ဘူး"

ငြိမ်းက ငြိမ်နေလိုက်သည်။

တစ်ဆွေလုံး တစ်မျိုးလုံး သွေးပူပြီးနေချိန် ကို့ကို လူယုတ်မာကြီး ထင်နေကြချိန်မှာတော့ ငြိမ်း ကို့နောက်ကို လိုက်လို့ မဖြစ်ဆိုတာလည်း သိနေပြန်သည်။ နိုင်ငံခြားမှ ပြန်ရောက်လာပြီး ချက်ချင်း လက်ထပ်ဖို့ စီစဉ်ကြမယ်ဆိုသည့် ကိစ္စကိုတော့ ဆိုင်းငံ့ထားမှ ဖြစ်မည် တွေး၏။

ကို့ဘက်က ပြောမည့် စကားကိုလည်း ငြိမ်း ကြားချင်နေသေးသည်။ သူတို့ ထင်ထားသလို ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု ငြိမ်းကတော့ အသေအချာ ယုံနေပြန်၏။

ငြိမ်း နိုင်ငံခြားက ပြန်ရောက်ပြီး ကိုနဲ့ မတွေ့ခင်မှာ ငြိမ်း

မေမေ ပြောခဲ့သည်များကို ပြန်သတိရနေပြန်သည်။

ကို့ကို ပြန်ရောက်စ တစ်ခါ တွေ့ပြီး ငြိမ်းနှင့် ကို မတွေ့ရသည်မှာ လေးလကျော်သွားပြီပဲ ဘယ်လိုပဲ ဖြစ်ဖြစ် ခါတိုင်းနှယ် နှစ်ယောက်တည်း မဟုတ်တောင်မှ ကိုထွေးတို့ အေးအေးတို့နှင့် အတူ ဆိုင်တစ်ခုခုမှာ ငြိမ်းက တွေ့ချင်နေသည်။ ကို့ မျက်နှာကို ကြည့်ရင်း စကားတွေ တစ်ဝ ပြောနေချင်သည်။ ကိုက ငြိမ်းနှင့် တွေ့ပြီး ထားထားရှိန် ကိစ္စကို ဝန်ခံ ရင်ဖွင့်ထားပြီးမို့ ဒီကိစ္စအတွက် ငြိမ်း ရင်ထဲမှာ အစိုင်အခဲ ရှိမနေတော့။ ကို့ကို သံသယ ကင်းစွာ ဆက်ဆံနိုင်သည်ပဲ။ ဒါပေမယ့် ကို ငြိမ်းကို ဘာကြောင့် လာမတွေ့တော့တာ ငြိမ်း မသိ။ ဘာကြောင့် ပစ်ထားခဲ့တာ ငြိမ်း မဝေခွဲနိုင်။ လောလောဆယ် အိမ်က လူကြီးတွေ စိတ်ဆိုးနေကြတုန်းမို့ ကို့နောက်ကို မလိုက်ရဲပေမယ့် တစ်နေ့ ကို့ ရင်ခွင်ထဲ ငြိမ်း ဝင်ခဲ့မှာပါလို့ ကို့ကို ငြိမ်း ပြောခဲ့ပြီးပြီပဲ။

ကို . . . သိပ်နေနိုင်လွန်းပါတယ်ကွယ်။

❀ ❀ ❀



(၁၄)

ငြိမ်းတို့ အိမ်ရောက်ပြီး နောက်တစ်နေ့မှာ ငြိမ်း ရုံးအဆင်း ဆုံဖြစ်ပြန်၏။ နိုင်ငံခြား သွားဖို့ ကိစ္စတွေကို လိုက်လုပ်ပြီး ညနေပိုင်း ငြိမ်းက သူ့ရုံးကို ဝင်စမြဲ။ ခါတိုင်းနှယ်ပင် ငြိမ်းနှင့်အတူ အအေးဆိုင်မှာ ဝင်ထိုင်ကြသည်။

"မေမေ မေးတာတွေ တစ်မျိုး မထင်နဲ့နော် ကို၊ မေမေရဲ့ အဖေ ငြိမ်းတို့ အဘိုးက အဲဒီ ကိုတို့မြို့ဘက်မှာ ဆန်စက်တွေ ရှိခဲ့ဖူးတယ်၊ အဲဒီ မြို့တွေဘက်မှာ အသိတွေလည်း အများကြီး ရှိတယ်၊ ဒါ ကြောင့် စိတ်ဝင်တစား မေးနေတာပါ"

ငြိမ်းက အားနာနေဟန်တူသည်။

"ရပါတယ် ငြိမ်းရယ်"

ဟုသာ သူ ပြောရင်း သံပရာရည်ကို ငုံသောက်သည်။

"ဟိုနေ့က စာအုပ်တန်းက ဝယ်တဲ့ စာအုပ်တွေ ဖတ်ပြီးပြီလား"

ငြိမ်းက စကားလွှဲသည်။

"ပြီးပြီ ငြိမ်း . . . တစ်အုပ်က ညကမှ ဖတ်ပြီးတယ်၊ အခု တောင် ပါလာသေးတယ်"

လွယ်အိတ်ကို ပုတ်ပြရင်း ပြောလိုက်၏။

"ဘာလဲ ကို"

"ဦးဗိုကေရဲ့ ပုဂံသုတေသန လမ်းညွှန်"

"ဟာ . . . ဒါဆို ငြိမ်းကို ခဏပေးလိုက်၊ ငြိမ်းက ရာဇဝင် ကို စိတ်ဝင်စားတယ်"

"သိတယ် . . . ငြိမ်း ရာဇဝင်တွေ စိတ်ဝင်တစား ဖတ်မှန်း သိလို့ ပေးမလို့ပါပဲ"

"အလိုက် သိတယ်နော်"

ပြုံးရင်း ငြိမ်း ပြောသည်။ ပြီးတော့ သံပရာရည်ကို စက္ကူ ပိုက်နှင့် စုပ်ယူနေပြန်၏။

"ဟိုတလောက စာအုပ်စင်မှာ ပြန်မွှေတာလေ၊ ဦးမြရဲ့ အပယ်ရတနာလိုဏ်ဂူဘုရားဆိုတဲ့ စာအုပ်ရယ်၊ ဦးဘေမောင်တင်ရဲ့ ကျန်စစ်သားမင်းတရားကြီး၏ နန်းတော်မွန်ကျောက်စာဆိုတဲ့ စာအုပ်ရယ် ပြန်တွေ့လို့ ထပ်ဖတ်မိသေးတယ် . . . "

"ကျန်စစ်သား အကြောင်းက ဘော်တော်လေး စိတ်ဝင်စား စရာပဲနော်ကို"

"ကဲ . . . နောက်မှ ဆက် ဆွေးနွေးရအောင်၊ အိမ်ပြန် နောက်ကျနေလို့ အဆူခံ ထိနေဦးမယ်၊ ငြိမ်း မေမေကလည်း ငြိမ်း





နိုင်ငံခြားသွားတော့မှာမို့ ဒီလောက် လွှတ်ထားတာ၊ နို့မဟုတ်ရင် ကိုယ့် နောက် ပါသွားမှာစိုးလို့ ဒီလို လွှတ်ထားမှာ မဟုတ်ဘူး"

"ဘာလဲ ကို့ စိတ်ထဲမှာ ဒီလို ထင်သွားတယ် မဟုတ်လား"

ဘာမှ ပြန်မဖြေမိတော့ဘဲ ထ,ရပ်ရင်း ပိုက်ဆံ ရှင်းရန် ပြင်သည်။ အနားရောက်လာသည့် ဆိုင်လုပ်သားလေးကို ပိုက်ဆံပေး နေ၏။

"စာအုပ် ပေးဦးလေ"

"ဪ . . . ဟုတ်သားပဲ"

ပခုံးမှာ လွယ်ထားသည့် လွယ်အိတ်ထဲမှ စာအုပ်ကို ထုတ် ယူပြီး ငြိမ်းကို ပေးသည်။

ငြိမ်းက အဖုံးကို ကြည့်ပြီး သူ့ စလင်းဘက်ကြီးထဲ ထည့် လိုက်၏။

ဆိုင်ထဲမှ အတူ ထွက်လာခဲ့သည်။

စားပွဲပေါ်မှာ ထောင်ထားသည့် မေမေ့ ဓာတ်ပုံကို ကြည့် ရင်း ငြိမ်း နိုင်ငံခြား မသွားခင် စာအုပ်ငှားလိုက်မိတာ ပြန်သတိရနေ ပြန်သည်။

မေမေ့ ဓာတ်ပုံကို သတိရလျှင်ကြည့်ရန် စာအုပ်ကြားမှာ ညှပ်ထားတတ်သည့် အကျင့် သူ့မှာ ရှိသည်။

အဲဒီနေ့က ငြိမ်းကို ငှားလိုက်သည့် စာအုပ်ကြားမှာ မေမေ့ဓာတ်ပုံ ညပ်ပါသွားတာ သူ သတိမထားမိလိုက်။

အစကတည်းက ငြိမ်းကိုတော့ မေမေ့ ဓာတ်ပုံ ပြခဲ့ဖူးသည်လေ။

❀ ❀ ❀



(၁၅)

"မနေ့ညနေက ငြိမ်း ဧည့်ခန်းထဲမှာ စာဖတ်တယ် ထင်တယ်"

ရုံးသွားဖို့ ငြိမ်း ဆင်းလာတော့ မေမေက လှမ်းပြောသည်။ သည်နေ့ ရုံးမှာ နောက်ဆုံးနေ့၊ လူကြီးတွေ တွေ့ပြီး ဆုံးမလမ်းညွှန်မှုခံယူကာ ဝယ်စရာ ရှိတာလေးတွေ အပြီး ဝယ်ရမည်။ သန်ဘက်ခါ နေ့လယ် လေယာဉ်ဖြင့် ငြိမ်း ထွက်ရတော့မည်။

"ဘာဖြစ်လို့လဲ မေမေ"

"ဧည့်ခန်းထဲမှာ စာအုပ်တစ်အုပ် တွေ့တယ်၊ မေမေ တယ်လီဖုန်းစင်ပေါ် တင်ထားလိုက်တယ်"

"ဟာ . . . အတော်ပဲ၊ မေမေ ပြောမှ သတိရတယ်၊ သူများ စာအုပ် ပြန်ပေးရမှာ၊ တော်သေးတာပေါ့၊ ဒီမနက် ပါမသွားရင် ဒုက္ခ"

ကို့ကို စာအုပ် ပြန်ပေးရန် သတိရပြီး စာအုပ်ရှိရာ တယ်လီဖုန်းစင်ဆီ သွားသည်။ စာအုပ်ကို လှမ်းယူလိုက်၏။ ငြိမ်းနှင့်

ကိုက စာအုပ်ကို တန်ဖိုး ထားတာချင်း တူကြသည်။ ဖတ်ပြီးတာနဲ့ အမှတ်တရ ပြန်ပေးတတ်ကြသည်။ ဖတ်ပြီး ကြိုက်လျှင် အလားတူ စာအုပ်မျိုး ထပ်ရှာဝယ်ပြီး သိမ်းတတ်ကြသည်။

"ဘယ်သူ့ စာအုပ်လဲ သမီး"

စာအုပ်ကြားမှ ကို့မေမေ ဓာတ်ပုံကို သတိရပြီး စာအုပ်ကို လှန်ကြည့်နေစဉ် မေမေ အနားရောက်ကာ မေးသည်။

ဓာတ်ပုံကို ညှပ်ထားလျက်တွေ့တော့ စာအုပ်ကို ပြန်ပိတ်ပြီး မေမေ့ကို မျက်နှာချင်း ဆိုင်သည်။

"ကိုလင်းဇော် စာအုပ်ပါ မေမေ"

"အဲဒီအထဲမှာ မေမေ ဓာတ်ပုံတစ်ပုံ တွေ့တယ်ကွယ်၊ အမျိုးသမီးက ခပ်ငယ်ငယ်ပဲ၊ ဒါပေမယ့် မေမေတို့ခေတ်က အဝတ်အစားမျိုး ဝတ်ထားတယ်"

"ဟုတ်တယ် မေမေ၊ အဲဒါ ကိုလင်းဇော် အမေပါ"

"ဩော် မောင်လင်းဇော် အမေလား၊ ဟိုနေ့က သူ ပြောသွားပါတယ်၊ ဘယ်သူ ဒေါ်မိမိလေးလား"

"ဟုတ်ကဲ့ . . . "

တစ်ခါ ပြောဖူးတာကို မေမေ မှတ်မိနေတာ ငြိမ်း အံ့ဩနေမိပြန်၏။

"ကိုလင်းဇော်က သူ့ အမေပုံကို စာအုပ်ကြားမှာ ညှပ်ညှပ်ထားတတ်တယ် မေမေရဲ့၊ တစ်ခါလည်း ကျောင်းစာအုပ်ကြားမှာ ညှပ်ပါလာလို့ သမီးကို ပြဖူးလို့ပါ"





"ကဲ သမီး၊ သွားသွား . . . ဒီနေ့ ကား ယူသွားမှာ မဟုတ်လား"

"ဟုတ်ကဲ့ မေမေ"

ဟု ပြောပြီး . . .

"နည်းနည်း နောက်ကျချင်ကျမယ်နော် မေမေ၊ ဒီနေ့ အားလုံး ပြီးအောင်လုပ်ခဲ့ရမှာ"

တံခါးအထွက်မှာ နောက်လှည့်ပြီး မေမေ့ကို ငြိမ်း ပြောလိုက်သည်။

ညနေ ရုံးအောက်မှာ ကို့ကို စောင့်နေကျနေရာမှာ ငြိမ်း တွေ့၏။ စာအုပ်ထဲမှာ ညှပ်ထားသည့် ဓာတ်ပုံကို မေမေ တွေ့သွားလို့ မေးသည့်အကြောင်း ငြိမ်းက ကို့ကို ပြန်ပြောပြမိသေးသည်။

စာအုပ်ထဲမှာ ညှပ်ထားသည့် ဓာတ်ပုံကို ကြည့်ရင်း စာအုပ်ကို ပြန်ပိတ်၏။ ပြီးတော့ သူ့ လွယ်အိတ်ထဲ ထည့်သည်။

ငြိမ်း သန်ဘက်ခါ သွားရတော့မည်မို့ ကိုနဲ့ ငြိမ်း မတွေ့ဘဲ အကြာကြီး ခွဲနေရဦးမှာကို တွေးမိပြန်သည်။

ကိုက လေယာဉ်ကွင်းလည်း လိုက်မပို့တော့ ဆိုတော့ ငြိမ်း ပြန်မလာမချင်း ဒါ နောက်ဆုံး တွေ့ခြင်းပဲလေ . . . ။

"ကို ကားပေါ် တက်လေ၊ အင်းလျားမှာ အကြော်သွားစားရ

အောင်"

တစ်စုံတစ်ခု ပြောမည်ပြင်၍ ငြိမ်း မျက်နှာကို ကြည့်သည်။

ပြီးမှ ဘာမှ မပြောဘဲ ကားဆီ လျှောက်၏။

ကားပေါ် ရောက်ပြီး ကား စထွက်တော့ . . .

"ငြိမ်း မေးမယ်ကို . . . "

ဟု ငြိမ်းက စကားစ၏။

"မေးလေ . . . "

"စောစောက ကို ကားစီးဖို့ ငြင်းမယ် စိတ်ကူးပြီးမှ ငြိမ်း သွားခါနီး စိတ် အနှောက်အယှက် မဖြစ်စေချင်ပါဘူးဆိုတဲ့ စိတ်နဲ့ လျှော့လိုက်တာ မဟုတ်လား"

ကိုက ပြုံးသည်။

"ဘယ်လိုသိလဲ"

ဟု မေး၏။

"သိတာပေါ့ ကိုရယ် . . . ငြိမ်းက ကို့ စိတ်ကို သိနေတာပဲ၊ တစ်ခါခါတော့လည်း ကို့ စိတ်က သိပ်အစွန်းရောက်တယ်"

"ဟုတ်တယ် ငြိမ်း"

ငြိမ်းကို မကြည့်ဘဲ ကိုက ဝန်ခံသည်။

* * *

နိုင်ငံခြားမှာ နေစဉ်က မေမေ လှမ်းရေးလိုက်သည့်စာကို





ပြန်ရှာဖတ်နေမိရင်း ငြိမ်း ကို့ကို သတိရနေမိပြန်၏။

သည်စာထဲမှာ ကို့ အမေအကြောင်းတွေ ပါလာတယ်လေ။ ကို့ကိုတော့ ငြိမ်း ဘယ်တော့မှ မေးမိမှာ မဟုတ်ပါဘူး၊ ပြီးတော့ ငြိမ်း အတွက်တော့ ကိုကလွဲလို့ ကို့ထက် အရေးကြီးတဲ့အရာဟာ ဘာမှ မရှိတော့တာ အမှန်ပါ ကိုရယ်။

သည်နေ့လည်း ကို့ကို လွမ်းတဲ့စိတ်နဲ့ အိပ်ရာအဝင်မှာ ငြိမ်း မျက်ရည်ဝဲပြန်တာပါပဲလေ။

* * *

(၁၆)

တနင်္ဂနွေ ရုံးပိတ်ရက်မို့ အဝတ်အစားတွေ လျှော်ပြီး ရေမိုးချိုးကာ အိမ်ပေါ် တက်ခဲ့သည်။ အောက်ထပ်မှာနေသည့် အိမ်ရှင်က ဘယ်မှ မသွားဘူးလား မေး၏။ နေ့လယ်မှ လက်ဖက်ရည်ဆိုင် ထွက်တော့မယ်ဟု သူ ပြန်ပြောခဲ့သည်။

အဝတ်အစားလဲပြီးတော့ တစ်ခုခု ထွက်စားရမှာ ပျင်းနေပြန်၏။ နေ့လယ်စာမှပဲ ပေါင်းစားတော့မည် အတွေးဖြင့် စာအုပ်တစ်အုပ်ဆွဲကာ ပက်လက်ကုလားထိုင်မှာ ထိုင်လိုက်၏။

"မောင်လင်းဇော်ရေ ဧည့်သည်"

အောက်ထပ်မှ လှမ်းအော်သံအကြား အိမ်ရှေ့ လှမ်းကြည့်ဖြစ်သည်။ ရပ်ထားသည့် ကားတစ်စီးကို မြင်တော့ ကုမ္ပဏီက ကိစ္စရှိလို့ လွှတ်လိုက်တာလား စဉ်းစားမိ၏။ အသေအချာ ကြည့်မိတော့ ငြိမ်းတို့ အိမ်က ကားမှန်း မှတ်မိလိုက်သည်။

ရုတ်တရက် ထရပ်လိုက်မိ၏။ ကားတံခါးဖွင့်ကာ ဆင်းလာ



သည့် ငြိမ်း မေမေကို မြင်သည်။ ဘုရား . . . ဘုရား ငြိမ်းများ တစ်ခုခုဖြစ်လို့လေလား အတွေးဖြင့် ထူပူသွားမိသည်။

အောက်ထပ်ကို ဆင်းလာခဲ့၏။

"လာအန်တီ . . . လာ . . .၊ ကျွန်တော့် လိပ်စာ ကုမ္ပဏီက ရတယ် ထင်ပါတယ်"

အောက်ထပ် ကားနားထိ ဆင်းသွားရင်း ပြောလိုက်သည်။ ငြိမ်းတို့ မေမေက အိမ်ဝန်းကျင်ကို မျက်စိကစားနေရင်း သူ့ဆီ အကြည့်ပို့၏။

"ဟုတ်တယ်၊ မင်းတို့ ကုမ္ပဏီ ဖုန်းဆက်မေးရတာပေါ့"

"လာ . . . အန်တီ၊ အပေါ်ကြွပါ၊ ကျွန်တော်က အပေါ်ထပ်မှာ ငှားနေတာပါ"

ကားမောင်းသည့် ဒရိုင်ဘာက ကားထဲမှာပင် ကျန်ရစ်ခဲ့သည်။ ငြိမ်းတို့ မေမေက သူ့နောက်မှ အိမ်ပေါ် တက်လိုက်လာသည်။

"ထိုင်ပါ အန်တီ . . . "

ကုလားထိုင် နှစ်လုံးရှိသည့်အနက် တစ်လုံးမှာ နေရာပေးလိုက်၏။ ပြီးတော့ မျက်နှာချင်းဆိုင်က တစ်လုံးမှာ သူ ဝင်ထိုင်သည်။

"ဘာကိစ္စပါလဲ အန်တီ"

အိမ်ထဲကို အကြည့်ပို့ထားရာမှ သူ့ မျက်နှာဆီအကြည့် ပြောင်းသည်။ မျက်နှာက ခက်ထန်မာကျောနေတာ သူ သတိထားမိပြန်၏။

"တိုတိုပဲ ပြောမယ်ကွယ်၊ အန်တီ မင်းနဲ့ ငြိမ်းကိုစွ စကား ပြောချင်လို့ တကူးတက လိုက်လာခဲ့တာ"

"ဟုတ်ကဲ့ . . . ပြောပါ အန်တီ"

"မင်း ငြိမ်းကို ရှောင်ပေးစေချင်တယ် မောင်လင်းဇော်၊ ငြိမ်း နဲ့ မင်းကို အန်တီတို့ ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ငြိမ်း နိုင်ငံခြားက ပြန်မလာခင် အဆက်အသွယ်ပြတ်အောင် နေပေးပါ၊ ပြန်လာရင် ဘာမှ ထပ်ပြီး မဆက်သွယ်စေချင်ဘူး"

သူ ဘာမှ ပြန်မပြောပဲ ငြိမ် နားထောင်နေလိုက်၏။ အစ ကတည်းက တစ်နေ့ သည်လိုဖြစ်လာမည်ဟု သူ ခန့်မှန်းထားခဲ့မိသဖြင့် ထူးဆန်းအံ့သြခြင်းတော့ မဖြစ်မိပါ။

"အန်တီ နောက်တစ်ခု မေးချင်သေးတယ်"

"ဘာပါလဲ အန်တီ"

"ဩော် . . . ဟို . . . သမီး ငြိမ်း၊ နိုင်ငံခြား မထွက်ခင်က မင်း စာအုပ်လို့ ပြောတယ်၊ သမီး ငှားလာတာ"

"ဟုတ်ပါတယ် အန်တီ၊ ဘာဖြစ်လို့ပါလဲ"

"အဲဒီအထဲမှာ ညှပ်ပါလာတဲ့ ဓာတ်ပုံ"

"ဟုတ်ကဲ့"

"အဲဒါ မင်းအမေ ဓာတ်ပုံလို့ ပြောတယ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ ကျွန်တော့် အမေ ဓာတ်ပုံပါ၊ ကျွန်တော့်ကို မမွေးခင်ကတည်းက ရိုက်ထားတဲ့ ဓာတ်ပုံပါ"

"မင်း အမေ နာမည်က . . . "





"ဒေါ်မိမိလေးပါ"

ငြိမ်း မေမေက ခေါင်းကို တညိတ်ညိတ် လုပ်နေပြန်၏။

"ဘာဖြစ်လို့ပါလဲ အန်တီ"

မနေနိုင်တော့ဘဲ သူ မေးလိုက်သည်။

"ဟုတ်ပါတယ်၊ မင်းကို မမွေးခင်က ရိုက်ထားတဲ့ပုံဆိုတော့ အန်တီတို့ အိမ်က ထွက်သွားခါစ ဖြစ်မယ်၊ ဒါကြောင့် အန်တီ မှတ်မိနေတာ"

"ခင်ဗျာ"

"မမိလေးဟာ အန်တီတို့ အိမ်မှာ အိမ်ဖော် လုပ်ဖူးတယ် ကွယ့်၊ အဲဒါ မင်း သိလား"

ထူပူသွားပြီး မျက်လုံးတွေ ပြာဝေကာ မိုက်ခနဲ ဖြစ်သွားပြီ ထင်ရ၏။ ငလျင် လှုပ်လိုက်သလို အိမ်တစ်အိမ်လုံး လှုပ်ခါယမ်း၍ သွက်သွက်လည်နေပြီလား စိတ်က ထင်သည်။

"ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို ကျွန်တော့် မွေးစား အမေ ကျွန်တော့် အဒေါ်ကြီးက အားလုံး ပြောပြဖူးပါတယ်"

တံတွေးကို မျိုချလျက် အသံကို ထိန်းရင်း သူ ပြန်ပြော၏။

"အေးကွယ် . . . ဒါပါပဲ၊ အန်တီ ဘာကြောင့် သဘော မတူနိုင်တာ သိပ်ပြောပြနေဖို့ လိုတော့မယ် မထင်ပါဘူး၊ ပြောရမှာ အားတော့နာတယ်၊ မင်း အမေက အန်တီတို့ အိမ်နေတုန်းကတည်း က ပြောဆို မရဘူး၊ သိပ် ရဲတင်းလွန်းတယ်၊ အန်တီတို့ အိမ်က ထွက်သွားပြီးတော့လည်း ဟိုမြို့ပြန်ရောက်တော့ နာမည်ပျက်တာ

အန်တီတို့ ကြားနေရတာပဲ၊ ဆန်စက်က မန်နေဂျာ လာရင် ပြောပြတယ်လေ၊ အားမနာတမ်း ပြောရင် ခပ်ရှုပ်ရှုပ် လုပ်နေပြီး နောက်နှစ်နှစ်လောက်ကြာတော့ အိမ်ထောင်ကျသွားတယ် ကြားရတယ်"

နား နှစ်ဘက်ကို လက်ဖြင့် ယောင်ရမ်းပြီး မပိတ်လိုက်မိအောင် မနည်းကြီး ထိန်းချုပ် ထားရပြန်၏။

စကားတို့သည် အနာပေါ် တုတ်ကျ ဒဏ်ရာကို ဆွပေးစေသည့် စကားများ။ ရင်ထဲမှာ တလှပ်လှပ်တုန်လာသည်။

"ဒါပါပဲကွယ် . . . အန်တီ ပြန်မယ်၊ ငြိမ်းဆီကိုလည်း ဒီအကြောင်းတွေ အကြောင်းစုံ အန်တီ စာလှမ်းရေးလိုက်ပြီ"

ပြောရင်း ထ,ရပ်သည်။

"ခဏလေး အန်တီ၊ ကျွန်တော် တစ်ခု မေးချင်လို့ပါ"

ထ,ရပ်လျက် မျက်နှာချင်း ဆိုင်သည်။

သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း နားစွင့်ထားတာ သိ၏။

"ဦးမြမောင် ဆိုတာက"

"အန်တို့ အစ်ကိုလေ သူတို့ လင်မယားက ကလေးမရှိတော့ ငြိမ်းကို မွေးစားထားကြတာ၊ ငြိမ်းရဲ့ မွေးစားအဖေပေါ့"

"ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး အန်တီ၊ အဲဒီ နာမည်လည်း ကျွန်တော် ကြားဖူးနေလို့ပါ"

ငြိမ်းတို့ မေမေက လှည့်ပြီး လှေကားဆီ လျှောက်၏။

သူက ကျောက်ရုပ် တစ်ရုပ်နှယ် ရပ်ပြီး ကျန်ခဲ့မိသည်။





နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံကို ကြိတ်ထားမိ၏။

ကားစက်နှိုးပြီး ထွက်သွားသံ ကြားတော့မှ သတိပြန်ဝင်လာသလို မျက်တောင်ကို ခတ်လိုက်မိသည်။ ပါးပြင်ပေါ် ကို မျက်ရည်စတွေ စီးကျနေပါလား။

သူ့လက်တွေက လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားမိပြန်တာလည်း သူ သတိထားလိုက်မိ၏။

❦

လသာနေတာ မြင်ရပေမယ့် ရင်ထဲမှာ မအေးမြပါဘူး ငြိမ်း။ ခြံရှေ့က တာဒ်ပင်ရိပ်မှာ တစ်ယောက်တည်း ထိုင်ရင်း ငြိမ်းမေမေ ကို့ အိမ်ရောက်လာခဲ့တာတွေ အတွေးထဲမှာ ပြန်ပေါ်လာတယ်လေ။

ငြိမ်း မြန်မာပြည်ကို ပြန်ရောက်တော့ ဒီအကြောင်းတွေ ငြိမ်း ကို ပြန်ပြောပြဖို့ ကို သတိမရဘဲ ဘယ်နေမှာလဲ ငြိမ်းရယ်၊ သိပ် သတိရတာပေါ့၊ သိပ် ပြောပြချင်တာပေါ့၊ ဒါပေမယ့် ကို ပြောဖို့ နှုတ်က မထွက်ဘူး ငြိမ်း၊ ပြီးတော့ ငြိမ်း မေမေက ငြိမ်းဆီကို စာလှမ်းရေးထားပြီဆိုတော့ ငြိမ်းလည်း ကို့ကို မေးဖို့ သတိတရရှိမှာပါပဲ။ အားနာစိတ်နဲ့ မမေးရက်လို့ မမေးတာလို့ပဲ ကို နားလည် ထားလိုက်ပါတယ် ငြိမ်း ရယ်။

ကို့အမေဟာ ငြိမ်းတို့အိမ်မှာ တစ်ချိန်က အိမ်ဖော်တစ်

ယောက် အဖြစ်နဲ့ နေခဲ့ဖူးတယ်ဆိုတာ ပုံပြင်တစ်ပုဒ်မှ မဟုတ်တာဘဲ ငြိမ်း။ မဖြစ်နိုင်ပါဘူးလို့ ဘယ်လိုမှလဲ စိတ်ကူးနဲ့တောင် ငြင်းလို့ မရနိုင်တဲ့ကိစ္စပဲလေ။

ကိုယ့်အိမ်က အိမ်ဖော် တစ်ယောက်ရဲ့သွေးနဲ့ ကိုယ့်သမီးကို သဘောမတူနိုင်တဲ့ မိဘကိုလည်း ကို ဘယ်လိုအပြစ်ဆိုရမှာလဲ။ ဘယ်လိုအပြစ် တင်ရမှာတဲ့လဲ ငြိမ်းရယ်။

ငြိမ်းရဲ့ မေမေကို ကို နားလည်ပါတယ်။

ဒါပေမယ့် ကို ဘယ်သူ့ကိုမှ ပြောလို့ မရတဲ့ ခံစားချက်တစ်ခုလည်း ရင်ထဲမှာ စူးနစ် ကျန်ခဲ့ပြန်တယ် ငြိမ်း။

ငြိမ်းရဲ့ မေမေ အနေနဲ့ ကို နားလည် ခွင့်လွှတ်နိုင်ပေမယ့် ဦးမြမောင်ရဲ့ ညီမတစ်ယောက်အနေနဲ့ ငြိမ်းရဲ့အမေကို ကို နာကြည်းတယ် ငြိမ်း။

ချစ်သူတစ်ယောက်အနေနဲ့ ငြိမ်းကို မြတ်နိုးမိပေမယ့် ဦးမြမောင်ရဲ့ တူမအရင်းဆိုတာ သိတာနဲ့ ငြိမ်းနဲ့ကိုတို့ကြားမှာ တံတိုင်းကြီးတစ်ခုခြားသလို ခံစားလိုက်မိပါတယ် ငြိမ်း။

ဘာဖြစ်လို့လဲဆိုတော့ . . .

ကို ဦးမြမောင်ကို မမြင်ဖူးပါပဲ မုန်းတယ်။

ဦးမြမောင်ကို နာကြည်းတယ်။ ဦးမြမောင်နဲ့ ပတ်သက်သမျှဟာ ကို့ ရန်သူပဲလို့ ငယ်ငယ်ကတည်းက ကို့ ရင်ထဲမှာ စွဲမြဲနေခဲ့ဖူးတယ်လေ။ ငြိမ်းရယ် . . .

ကိုယ် ငြိမ်းကို ဒါတွေ ဘယ်လို ပြောရမှာလဲ၊ ဘယ်လို





ပြောထွက်မှာလဲ။

ဒီတော့ ကို ငြိမ်းကို ရှောင်တာ အကောင်းဆုံး ဖြစ်မှာပဲ ဆုံးဖြတ်ခဲ့ပါတယ်။

ကိုက ကျားနာပါ ငြိမ်း။

ကို့ကို အနာတရ ဖြစ်စေခဲ့တယ် ဆိုတဲ့ ခံစားချက်နဲ့ မြင်မြင်သမျှကို ကို့ ရန်သူလို့ ထင်မိတော့မယ်။

ကို ငြိမ်းကို ချစ်တယ်။

ဒါပေမယ့် ဦးမြမောင်ရဲ့ တူမ၊ ဦးမြမောင်ရဲ့ မွေးစားသမီးမို့ နာတယ် ငြိမ်း။ ကို့ မွေးစားအမေ ပြောခဲ့ဖူးတဲ့ မေမေ့အကြောင်းတွေက ခေါင်းထဲ ဝင်လာပြန်ပြီ ငြိမ်းရယ်။

# အပိုင်း (၂)

# (၁)

"မိလေး . . . နင်ဈေးထဲ မလိုက်ရင်လည်း အိမ်မှာ ထမင်းလေး-ဟင်းလေးတော့ ချက်ထားမှပေါ့ဟယ်၊ ငါပြန်လာမှ ချက်ရပြုတ်ရနဲ့ ဆိုတော့ ကသီတာပေါ့"

မိမိကြီးက ဈေးထဲမှ ဈေးသိမ်းပြန်လာပြီး မီးဖိုထဲဝင်ရင်း ပြောသည်။

မိမိလေးက အိမ်ရှေ့ခန်းမှာ ခပ်ပေါပေါ ဝယ်လို့ရသည့် လက်သည်းဆေးဖြင့် လက်သည်းဆိုးနေ၏။ မိမိကြီးကို ဘာမှ ပြန်မပြော။

"တစ်နေ့စာလေး တစ်နေ့ရအောင် ငါမှာတော့ ဈေးထဲမှာ ဖတ်ဖတ်ကို မောလို့"

မိမိကြီး ထုံးစံအတိုင်း မြည်တွန်နေတော့သည်။ ပါးစပ်က မြည်တွန်နေရင်း မနေ့က ဝယ်ပြီး ကျန်နေသည့် ဆန်ကို ဆေးရန် အိုးထဲသို့ ထည့်၏။

မနှစ်က အမေ ဆုံးသွားပြီးကတည်းက သူတို့ ညီအစ်မနှစ်ယောက်တည်း ကျန်ခဲ့တော့သည်။ အဖေက ဟိုးအရင် ဆယ်နှစ်ကျော်ကပင် ဆုံးခဲ့ပြီ။ အမေရော အဖေပါ တခြားအရပ်မှ ပြောင်းလာကြသူများမို့ သူတို့မြို့မှာ ဆွေမျိုးရင်းချာ ဟူ၍ မရှိ။ အဖေဆုံးတော့ အမေကဈေးထဲက ဆိုင်ကြီးတွေက ငရုတ်ကြက်သွန်ကုန်ခြောက်ကလေးတွေ အကြွေးယူပြီး လင်ဘန်းလေးထဲထည့်ကာ သားငါးတန်း အဝင်မှာ ချရောင်းသည်။ ဈေးကွဲချိန်ရောက်တော့ ယူထားသည့် ကြွေးကို တတ်နိုင်သလောက်ဆပ်၏။ ပစ္စည်းအားလုံး ရောင်းရပါက ကြွေးအားလုံး ဆပ်ပြီး နောက်နေ့မှာ ထပ်ယူရပြန်သည်။

ညနေပိုင်းမှာ ရုပ်ရှင်ဈေးတန်း၌ ကွမ်းယာဆိုင်လေး ထွက်၏။ အမေဆုံးသွားတော့ သည်တာဝန် အားလုံးကို သမီးကြီး မိမိကြီးက ယူလိုက်ရသည်။ ညီမ မိမိလေးက ဆယ့်ခွန်ဆယ့်ရှစ်မို့ လုပ်နိုင်ကိုင်နိုင်ပေမယ့် အမေရှိစဉ်ကပင် သူက အလုပ်ကို စိတ်မဝင်စားခဲ့။ မနက်ပိုင်းဈေးမှာ မရောင်းချင်လျှင် ညပိုင်း ကွမ်းယာဆိုင် ထွက်ပါလား ဆိုတော့လည်း မဟုတ်။ ညပိုင်းကွမ်းယာဆိုင် မိမိကြီးထွက်လျှင်တော့ သူက လပ်လျား လပ်လျား လာရပ်သည်။ ရုပ်ရှင် ဝင်ကြည့်လိုက် ဆိုင်မှာ ခဏ ရပ်လိုက်နှင့် အချိန်ဖြုန်း၏။ မိမိကြီးက အသက်နှစ်ဆယ်နှင့် မတူအောင် ရင့်ကျက်တည်ငြိမ်သလောက် မိမိလေးက ခပ်ပေါ့ပေါ့ ခပ်ပျော့ပျော့ပင်။

"ဒီအလုပ်တွေ လုပ်နေရင် တစ်သက်လုံး ကြီးပွားမှာမှ မဟုတ်တာဘဲ မမရယ်"





ဟု အမြဲပြောတတ်သည်။ ကြီးပွားဖို့ မဟုတ်ဘူး။ ထမင်းစားဖို့ လုပ်နေတာဟု မိမိကြီးက ပြန်ပြောလျှင် မိလေး လင်ကောင်းသားကောင်းယူပြီး ချမ်းသာမှ မမကြီးကို ကောင်းကောင်းပြုစုကျွေးမွေးထားမယ်ဟု ရယ်သလို မောသလို ပြန်ပြောတတ်သည်။

ဒီနေ့လည်း မိမိကြီး ဈေးထဲက ပြန်လာတော့ ထမင်းအိုးမတည်ရသေး။

"ကဲ . . . ပြောပါဦး၊ ဘယ်ခြေရှည်နေလို့လဲ"

ထမင်းအိုး တည်ပြီး မိမိကြီးက သူ့ ညီမ အနား ရောက်လာသည်။

"ဟုတ် . . . မဟုတ် မသိပါဘူး မမရာ၊ ဟိုစက်ထဲက ဒေါ်သိန်းကြီးက ကိစ္စရှိလို့ လာဦးဆိုလို့ သွားတွေ့တာ"

မိမိကြီးကို မကြည့်ဘဲ မိမိလေးက ပြောသည်။

"ဒေါ်သိန်းကြီးက ဘာကိစ္စတွေ့ချင်တာတဲ့လဲ"

"နောက်တစ်ရက် နှစ်ရက်ကြာရင် သူတို့ သူဌေး ဒီမြို့ကို လာမယ်ဆိုလားပဲ၊ အဲဒီ သူဌေးက သူ့အိမ်မှာ အလုပ်လုပ်ဖို့ လူလိုနေတယ်လို့ မန်နေဂျာကို ရှာခိုင်းထားတယ်တဲ့၊ စက်မန်နေဂျာက ဒေါ်သိန်းကြီးကို ပြောလို့ ဒေါ်သိန်းကြီးက ငါ့ကို လုပ်မလား ခေါ်မေးတာ"

"နင်က ဘာပြောခဲ့လဲ မိလေး"

"ငါက ဘာပြောရမှာလဲ၊ ငါလုပ်မယ် ပြောခဲ့တာပေါ့၊ ရန်ကုန်မှာလည်း နေရမယ်၊ သူဌေးအိမ်မှာလည်း နေရမယ် အိမ်အလုပ်

လုပ်ရတာ ဘာပင်ပန်းတာမှတ်လို့၊ သူဌေးကတော်ကြီးက ငါ့ကို ကြိုက်မကြိုက် ခေါ်မခေါ်တော့ မသိရသေးဘူးပေါ့"

သူ့ အစ်မကို ကြည့်ရင်း မိမိလေး ပြော၏။

"နင်က တကယ်သွားမှာပေါ့ မိလေး"

"ခေါ်ရင် သွားမယ်လေ"

"ဟယ် . . . ငါတစ်ယောက်တည်း"

"ဟိုရောက်ပြီး အခြေအနေ ကောင်းရင် နင့်ကိုပါ ခေါ်မှာပေါ့ မမရ၊ ပြီးတော့ ဟိုမှာ ငါ လင်ကောင်း သားကောင်း ရသွားရင်လည်း နင့်ကို ကြည့်မနေပါဘူး"

"တော်စမ်းပါ မိလေးရာ၊ နင်ကလေးတွေး လျှောက်တွေးမနေနဲ့ နင် လုပ်ရမှာက အိမ်ဖော်အလုပ်၊ အိမ်ဖော်ဆိုတာ အိမ်ရှင်ကောင်း တွေ့ရင်တော့ မိသားစုပဲပေါ့၊ အိမ်ရှင်က မောက်မောက်မာမာဆိုရင် နင်နဲ့ ဖြစ်ပါ့မလားဟယ်၊ ငါနဲ့အတူ ဒိုးတူပေါင်ဖက် လုပ်စားပါ မိလေးရယ်၊ နောက်နှစ်ဆို တို့နှစ်ဘန်းထွက်လို့ရမယ်၊ နင်ရောင်းနိုင်ရင် အတော်ပဲ၊ ငါက ငွေတွေ ဘာတွေ မှန်တော့ ငါ့ကို နှစ်ဘန်းစာ ထုတ်ပေးနေကြပြီ"

"တော်စမ်းပါ နင့် အလုပ်က ထမင်းဝရုံပဲ ရှိမှာ"

"စျေးသည် အလုပ်က ရေရှည်မှာ စုလို့ ဆောင်းလို့ ရနိုင်ပါတယ်ဟာ"

"ငါကတော့ လုပ်မယ်လို့ ဒေါ်သိန်းကြီးကို ပြောခဲ့ပြီးပြီ၊ သူဌေးရောက်လာရင် ငါ့ကို လာခေါ်မယ်တဲ့၊ သူဌေးကတော်နဲ့ တွေ့





ပေးမယ် ပြောတယ်"

မိမိကြီးက ဘာမှ ပြန်မပြောတော့ဘဲ သက်ပြင်းချကာ မီးဖိုဘက် ထသွားတော့၏။

❧ ❧ ❧

## (၂)

"ငါ့ကို သူဌေးကတော်က သဘောကျတယ် ပြောတယ်၊ ငါ သူတို့ ပြန်ရင် လိုက်သွားတော့မယ်၊ ငါ သွက်သွက် လက်လက် နေတာ ထိုင်တာကို သဘောကျပုံရတယ်"

ဈေးမှ ပြန်လာသည့် မိမိကြီးကို မိမိလေးက အိမ်ဝမှ ဆီးကြို ပြော၏။

"နင် တကယ်ပြောတာလား မိလေး"

"တကယ်ပေါ့ဟာ၊ ငါ မနက်ကပဲ ဒေါ်သိန်းကြီး လာခေါ်လို့ လိုက်သွားတော့ တွေ့ပြီးပြီ"

"ဖြစ်ပါ့မလား မိလေးရယ်"

"မဖြစ်စရာ ဘာရှိလို့လဲဟာ၊ ငါ နင့်ဆီကို တစ်နှစ်တစ် ခေါက်လောက် ပြန်လာခဲ့မှာပေါ့၊ ပေးတဲ့ လခကလဲ ဘာမှ သုံးစရာမှ မရှိဘဲ၊ ထမင်းကျွေးမှာ၊ ပြီးတော့ သူတို့အဝတ်တစ်ပတ်နွမ်းတွေ ဆင်မှာတဲ့ ဟ၊ ငါရတဲ့ ငွေတွေ စုပြီး နင့်ဆီ ပြန်လာမှာပေါ့"



"ငွေက အရေးမကြီးပါဘူး မိလေးရယ်၊ နင် နေပုံထိုင်ပုံနဲ့ သူများအိမ်မှာ ငါ စိတ်မချဘူး"

"နင်က ငါ့ကို အထင်သေးတယ်ပေါ့လေ"

"အထင်သေးတာ မဟုတ်ဘူး၊ နင့်မှာ ကလေးတွေးပဲ ရှိသေးတယ်၊ နင် ဘာမှ နားလည်သေးတာ မဟုတ်ဘူး၊ နင်က ဘဝမေ့ပြီး ကောင်းကောင်း မွန်မွန်နေဖို့ ထိုင်ဖို့ပဲ သိတာ"

"ဖြစ်ပါတယ်"

မိမိကြီးက သူ့ ညီမကို ကြည့်ရင်း မသိမသာ သက်ပြင်းချသည်။ သူ ဘယ်လိုမှ တားလို့ရမည် မဟုတ်ဆိုတာကိုလည်း သိသည်။ အမေရှိတုန်းကတည်းက မိမိလေးကို ပြောဆိုဆုံးမ၍ ရသည်မဟုတ်။ သူကသာ အမေ့ကို ကူပြီး ဈေးရောင်းပေးလိုက်၊ အိမ်အလုပ် လုပ်လိုက်နှင့် ချာချာလည်ကာ ဘဝကို နားလည်နေသည်။ မိမိလေးကတော့ ဘာမှ အလေးအနက် ထားခဲ့သည်မဟုတ်။ အမေရိုက်လျှင်လည်း ရိုက်တုန်း ခဏပင်"

"ဘယ်နေ့ သွားမှာလဲ မိလေး"

"နောက် နှစ်ရက်လောက်နေပြီး သွားမယ်တဲ့"

"ငါ ဒေါ်သိန်းကြီးကို သွားတွေ့ဦးမယ်"

"ဒေါ်သိန်းကြီး နင့်ကို လာတွေ့လိမ့်မယ် မမ"

"ဘယ်တော့လဲ"

"ဒီည နင် ဆိုင်သိမ်းချိန် ဖြစ်မှာပေါ့"

"အေးဟယ် . . . သူဌေးကတော်ကို သေသေချာချာ အပ်

ပေးဖို့ ငါ သူ့ကို ပြောချင်လို့"

မိမိလေးက ဘာမှ ပြန်မပြောတော့။ သူ့အတွေးတွေနှင့် သူ ကြည်နူးနေပုံရသည်။

❀ ❀ ❀



## (၃)

သည်လိုနှင့် မိမိလေး ရန်ကုန် ပါးသွားခဲ့သည်။ မိမိကြီးက တော့ ဈေးထဲမှာ အလုပ်ကြိုးစားရင်း ခြိုးခြံခြံ နေရင်းဖြင့် ဈေးထဲ မှာ လူချစ် လူခင် များခဲ့၏။

စကား မှန်ခြင်း၊ ကတိ တည်ခြင်းတို့ကြောင့် မိမိကြီးကို ဘယ်ဆိုင်ကြီးကမဆို ပစ္စည်းတွေ လိုသလောက်ပေးသည်။ ဈေးထဲ မှာ ဘန်း နှစ်ဘန်း သုံးဘန်း စသဖြင့် တိုးချဲ့လာကာ မနက်ပိုင်းတွင် သာမကဘဲ တစ်နေကုန် ရောင်းချလာနိုင်တော့၏။ ညပိုင်း ရုပ်ရှင် ဈေးမှာ ကွမ်းယာရောင်းသည့် အလုပ်ကို သူမလုပ်တော့ချေ။ ပိုက်ဆံ ရသော်လည်း အမူးသမားတွေက ထိကပါး ရိကပါး လာလုပ်တာကို သူ မခံချင်တော့။ တစ်နေကုန်အောင် ဈေးထဲမှာ နေရသည်မို့ ည ဘက် ထွက်ရန်လည်း သူ ပင်ပန်းလွန်းလှသည်။

ဒေါ်သိန်းကြီးကို တွေ့တိုင်း သူ့ဌေးကတော် ဆန်စက်ထဲ လာကြောင်း၊ မိမိလေးက အလုပ် တော်ကြောင်း၊ လိမ္မာကြောင်းတွေ

ပြောသွားတတ်တယ်ဟု မန်နေဂျာက တစ်ဆင့် ပြန်ပြောကြောင်း ဒေါ်သိန်းကြီးက ရွှန်းရွှန်းဝေ သူ့ကို ပြောသည်။

"ဟုတ်ရဲ့လား ဒေါ်သိန်းကြီးရယ်"

"ဟုတ်ပ့ါတော် ဟုတ်ပ့ါ၊ ညည်းညီမက လှလို့ပလို့တဲ့ . . . "

ဒေါ်သိန်းကြီး စကားကို သူ ယုံရမှာလား၊ မယုံရမှာလား အဝေခွဲ ခက်၏။

"လိပ်စာလေး ဘာလေး ပေးပါဦး ဒေါ်သိန်းကြီးရဲ့၊ ကျွန်မ စာရေးချင်တယ်"

"ရေးမနေပါနဲ့အေ၊ ဟိုအိမ်တွေက အဲဒီလို ရှုပ်ရှုပ်ယှက် ယှက်တွေ ကြိုက်ချင်မှ ကြိုက်မှာကို၊ တစ်ခုခုဆို ငါတို့ မန်နေဂျာကြီး ကို ငါက တစ်ဆင့် ပြောပေးမှာပေါ့"

ဒေါ်သိန်းကြီးက ဆန်စက်ထဲမှာ စပါးသယ်သည့် အလုပ် သမားကနေ အလုပ်သမားခေါင်း ဖြစ်သွားပြီဆို၏။ ပြီးတော့ စပါး သယ်စရာ မလိုလျှင်လည်း သူ့ကို အလုပ် မနားစေတော့ဘဲ တောက် တို မယ်ရလုပ်ဖို့ လခပေးထားပြီဆိုသည်။

"ငါ ရာထူးတက်တာ ညည်းညီမ လိမ္မာလို့ပေါ့အေ၊ သူဌေး က ငါ့ကို သဘောကျပြီး ရာထူး တိုးပေးခိုင်းတာ နေမှာ . . . "

ဒေါ်သိန်းကြီး ပြောတာ ဟုတ်မဟုတ် သူလည်း မသိ။

ဘာဖြစ်ဖြစ် သူ့ ညီမလေး ကောင်းကောင်းမွန်မွန် နေရထိုင် ရ အဆင်ပြေလှလျှင် ကျေနပ် ဝမ်းသာရပြီဟု တွေးသည်။

❀ ❀ ❀



(၄)

မိမိလေး ထွက်သွားတာ တစ်နှစ်ကျော်ကြာပြီ။ ဘာအဆက် အသွယ်မှ မရ။ မိမိကြီးကတော့ ဆိုင်ခန်းသေးသေးလေးတစ်ခန်း ဝယ်လိုက်နိုင်ပြီ။ ဘာဖြစ်ဖြစ် လမ်းမပေါ်မှာ ဘန်းနှင့် ချရောင်းရ သည့် ဘဝမှ လွတ်မြောက်သွားပြီ။ သူ့ဆိုင်ပေါ်မှာ ပစ္စည်းစုံအောင် လည်း တင်ထားနိုင်ပြီမို့ သူ့ တစ်ဝမ်းတစ်ခါး မပူရရုံတင်မက ငွေပိုငွေလျှံ များပင် စုမိနေပြီ။

ဒီနွေရောက်ရင်တော့ သူ့ ညီမဆီ ခဏဖြစ်ဖြစ် လိုက်သွား မည် ဆုံးဖြတ်၏။ စိတ်ကသာရောက်ပြီး လူက မရောက်နိုင်။ ဈေး ဆိုင် ပိတ်ထားလို့ ဖောက်သည် ပျက်သွားမှာလည်း စိုးသည်။ ကိုယ့် အလုပ်နှင့်ကိုယ် အချိန်ကုန်ပြီး တကယ်တမ်းတော့ ညီမဆီကို စိတ် သာရောက်၏။

"ကျွန်မ လိုက်သွားချင်တယ် ဒေါ်သိန်းကြီးရယ်"

ဒေါ်သိန်းကြီး ဈေးလာဝယ်တိုင်း သူ ပြောမိသည်။

"ဘာ လိုက်လုပ်မှာလဲအေ . . ."

"မိလေးကို တွေ့ချင်တာပါပဲ"

"သူ့ငွေးအိမ် နေတာပဲ၊ ဘာ စိတ်မချစရာရှိလဲ"

"မဟုတ်ဘူး၊ သတိရလို့ပါ"

"အေး . . . အေး . . . ငါ အဆင်ပြေရင် လိပ်စာ တောင်းထားမယ်"

တကယ်တော့ ဒေါ်သိန်းကြီးကလည်း လိပ်စာ လာမပေး၊ လိပ်စာ ပေးလျှင်လည်း သူ မလိုက်နိုင်အောင် အလုပ်များကြောင်း သူ့ဘာသာ သိသည်။

သည်လိုနှင့် နှစ်နှစ် ပြည့်တော့မှာပါလား။



(၅)

ညရထားက ည ရှစ်နာရီလောက် သူတို့မြို့ကို ဆိုက်သည်။

မိမိကြီးက စားသောက်ပြီး ဘုရားရှိခိုးကာ အိပ်ရာဝင်ရန် ပြင်နေပြီ။ မနက်စောစော ထရမည်မို့ သူ စောစောအိပ်ရာဝင်တတ်သည်။ အပြင်ကို လျှောက်သွားခြင်း၊ အိမ်လည်ခြင်းလည်း အကျင့် မရှိ။

တံခါး ခေါက်သံကြားတော့ ပထမ လန့်သွား၏။

"ဘယ်သူလဲ"

ဟု လှမ်းမေးသည်။

"ငါပါ . . . မမ"

"ဟယ် . . . မိလေး"

မိလေးအသံဟု သိလိုက်သည်နှင့် တံခါးကို ပြေးဖွင့်သည်။ မိလေး ညရထားနှင့် ပါလာတာဟု နားလည်လိုက်၏။

"မိလေး . . ."

အိမ်ထဲဝင်လာသည့် မိလေးကို မိမိကြီးက အားရဝမ်းသာ လက်ကို ဆုပ်ကိုင် ဖျစ်ညှစ်ထားလိုက်၏။ မိမိလေးက သားရေလွယ် အိတ်လေးကို ပစ်ချလိုက်သည်။

"နင် နေနိုင်လိုက်တာ မိလေးရာ၊ ငါက တစ်နှစ်ပြည့်က တည်းက မျှော်နေရတာ"

"ငါလည်း သတိရတယ်"

မိလေးက ထိုင်ရင်း ပြောလိုက်၏။

"နင် ထမင်းစား၊ ငါ ခူးလိုက်မယ်၊ မနက် ငါ ချိုင့်ထည့်ဖို့ ကြိုချက်ထားတာတွေ ရှိတယ်"

"အေးဟယ် . . . ဆာလိုက်တာ"

ပြောပြီး မိလေး ရေထသောက်သည်။

မိမိကြီးက မီးဖိုထဲဝင်ကာ ထမင်းဟင်း ပြင်ပေးလိုက်၏။ သူ့ ညီမ မျက်နှာ ရွှင်ရွှင်လန်းလန်း မရှိတာကို ပထမ သူ သတိထား မိသည်။ ခရီးပန်းလာလို့ နေမှာပါဟု စိုးရိမ်တွေးကို ဖျောက်၏။

သူ့ ညီမ အရင်ကလို မဟုတ်ပဲ ပိုပြီး ခေတ်ဆန်လာတာ ကိုလည်း သူ တွေ့ရသည်။ အဝတ်အစား ဝတ်ဆင်ထားသည်မှာ လည်း သူဌေးကတော် အိမ်က တစ်ပတ်နွမ်းတွေမို့လားမသိ၊ တန်ဖိုး ရှိမည်ဟု မိမိကြီးက ထင်လိုက်သည်။

"နင် အဆင်ပြေတယ် မဟုတ်လား"

ထမင်းဝိုင်း ရောက်လာသည့် ညီမကို မိမိကြီး မေးလိုက်၏။

"ငါ အပြီး ပြန်လာခဲ့တာ"





"ဟင် . . ."

မိမိကြီး ရင်မှာ စိုးရိမ်မှုဖြင့် လှိုက်ခနဲ ဖြစ်သွားသည်။

"ဘာလဲ အဆင်မပြေလို့လား"

"ငါ နောက်မှ ပြောပြမယ်၊ ပိုက်ဆံရှိပေမယ့် လူယုတ်မာ တွေ"

"ဟယ် . . ."

မိမိကြီး နှုတ်မှ အံ့ဩစကား ထွက်သွားမိ၏။

✽✽ ✽✽ ✽✽

## (၆)

"အဲဒီ အိမ်မှာ မောင်နှမ သုံးယောက်ရှိတယ်၊ သမီး နှစ်ယောက်၊ သား တစ်ယောက်၊ သားက တက္ကသိုလ်ကျောင်းသား၊ သမီးကလည်း အရမ်းမာနကြီးတယ်၊ ဆက်ဆံတာ မာရေကြောရေနဲ့ . . ."

"နင် ပြန်လာပါလား"

"မမ မသိပါဘူး . . . ပြန်ဖို့ မလွယ်ဘူး မမရဲ့ ရောက်တာနဲ့ မှတ်ပုံတင် သိမ်းထားတာ၊ လက်ထဲမှာ ငွေလည်း မထားဘူး၊ ရှိသမျှလေး အပ်ထားရတာ၊ သူတို့ ပြန်လွှတ်မှ ပြန်လို့ရတဲ့ အခြေအနေပဲလေ၊ မမ လာမှာ မဟုတ်မှန်း သိပေမယ့် လာရင် အရမ်းကောင်းမှာပဲ မျှော်လိုက်ရတာ"

"ငါ လာချင်တယ် ဒေါ်သိန်းကြီးဆီ လိပ်စာတောင် တောင်းသေးတယ်"

"အဲဒီလို တစ်ယောက်ယောက် လိုက်လာရင်တော့ တစ်မျိုးပေါ့၊ ပြန်လို့ ရချင်ရမှာ၊ သူတို့ကလည်း အဲဒီလို ပြန်မခေါ်အောင်



ကြီးဆိုတာ အိမ်က သမီး

အစကတည်းက ဒေါ်သိန်းကြီးကို ငွေပေးပြီး

ကို လိုက်မလာဖို့ ဒေါ်သိန်းကြီး တာဝန်ယူရမ...

"ဟုတ်လား . . ."

...ကတော်နဲ့

"တကယ် အကွက်စေ့တာ၊ သူတို့ မလိုချင်မှ ပြန်လွှတ...ရအောင် လုပ်ထားတာ၊ ငွေဝယ်ကျွန် သဘောပဲ၊ မြို့က ပွဲစားတွေဘာတွေနဲ့ လုပ်ကြတဲ့ အိမ်ဖော်တွေကတော့ ...တစ်မျိုးပေါ့၊ သူတို့က ပွဲစားအခံရှိတော့ ပွဲစားက ခဏ ခဏလာခေါ် ထုတ်တတ်တယ်တဲ့၊ အဲဒါကို သူတို့က မကြိုက်ဘူးလေ၊ မိလေးလို တောက မအူမလည် ရောက်လာတဲ့ လူဆို သူတို့ အပိုင်ပဲ"

"စောစောက ငါ ပြောသားပဲ မိလေးရယ်"

"ဒါတွေ ထားပါတော့ဟာ၊ ငါ့ဘာသာ လိုက်လာမိမှတော့ သူတို့ ကျေနပ်အောင် ငါ အလုပ်လုပ်ပြတယ်၊ သွက်သွက်လက်လက် ချက်ချက် ချာချာဆိုတော့ သူတို့ သဘောကျတယ်၊ ဆူသမျှ ဆဲသမျှ ငါ ခံပါတယ်၊ တစ်ခါခါရိုက်တာ နှက်တာလဲ ငါ ခံရသေးတယ်"

"တကယ် . . ."

"တကယ်ပေါ့ . . ."

"နောက်တော့ဟာ ရုပ်ရှင်တွေထဲက အတိုင်းပါပဲ၊ သူတို့ အိမ်က သားက ငါ့ကို မတရားကြံပါရော၊ သူ့နာမည်က ကိုမြမောင် တဲ့"

"ဖြစ်မှ ဖြစ်ရလေ မိလေးရယ်"

"ပထမတော့ ငါ အားမတန်လို့ မာန်လျှော့လိုက်ရတာပါ၊

ာတ်ကူးယဉ်မိတာပေါ့၊ ကိုမြမောင် ငါ့ဘက်က သေးတာပေါ့ ဟုတ်ဘူးလား၊ သူ့ဒွေးကတော့ ပလို့ ထည့်တွက်စရာ မလိုဘူး၊ ဟို သားအမိသုံးယောက်က ငါ့ကို အမြဲနှိပ်စက်နေတာဆိုတော့ ကိုမြမောင်ကို ငါလည်း သာယာပြီး ကပ်တွယ်နေမိတာပဲ၊ ကိုမြမောင်ကလည်း ငါ့နဲ့တွေ့ရင် ငါ့ကို အကြိုက် လိုက်ပြောတာပေါ့ဟာ"

"မိုက်လိုက်တာ မိလေးရယ်၊ နင်က သူ့ဒွေးသားကိုများ ယုံတယ်လို့ . . ."

"ဘာဖြစ်ဖြစ် ငါ့မှာ အဖော်မရှိဘူး၊ အထီးကျန်တယ်၊ ဒုက္ခရောက်တယ်၊ အဲဒီအချိန်မှာ သူ့ စကားတွေ ဟုတ်တာ မဟုတ်တာထက် သူ့ စကားတွေမှာ ငါ သာယာတာ မမရယ်၊ သူက အဝတ်အစားလေး ဘာလေး ဝယ်ပေးတာကိုပဲ ငါ သူ့ကို တကယ်ကျေးဇူးတင်နေမိတယ်၊ ဒီလိုနဲ့ ကိုမြမောင်နဲ့ ငါ အိမ်မှာ လူတွေ လစ်ရင် လစ်သလို သူ ငါ့အခန်း ရောက်ရောက်လာတာ တစ်နှစ်နီးပါးပဲ"

"ဘုရား . . . ဘုရား . . . ၊ နင် . . . နင် . . . ကိုယ်ဝန်တွေ ဘာတွေ . . ."

မိမိကြီးက အရှက်အကြောက် ကြီးသူပီပီ စကားကို မဆက်နိုင်ဘဲ ရပ်ထားလိုက်၏။

"မမကလည်း ခေတ်မမီလိုက်တာ၊ ကိုမြမောင်က ဆေးတွေ ဝယ်ပေးတယ်"

"အမယ်လေး . . . အမယ်လေး"





"တစ်နေ့တော့ မမကြီး . . . မမကြီးဆိုတာ အိမ်က သမီးကြီးက မိသွားတယ်"

"ငါ ရှက်လိုက်တာ မိလေးရယ်"

"ငါ့ကို ပါးတွေ နားတွေ ရိုက်တာပေါ့၊ သူ့ဒွေးကတော်နဲ့ သမီးအငယ် ပြန်လာတော့လည်း တစ်ခါ ထပ်ရိုက်ကြတယ်၊ ငါ ငိုရုံက လွဲပြီး ဘာတတ်နိုင်မှာလဲ"

"နင့် . . . ကိုမြမောင်ကရော . . ."

"ချက်ချင်း အိမ်က ဆင်းပြီး ကားနဲ့ ထွက်သွားတာပဲ"

"ယုတ်မာလိုက်တာ ဘာမှ ဝင်မပြောဘူးလား"

"နေတာ ထိုင်တာ အချိုး မကျဘူး၊ နန့်တန့်တန့် ပျံတန်တန်နဲ့ သူတို့ အစ်ကိုကို ငါက မြူဆွယ်တယ် ဘာညာစုံနေတာပဲ ပြောလိုက်တာ ဟယ် . . . ၊ ငါ ဘာမှ ပြန်မပြောဘဲ ငိုနေမိတာပဲ၊ တစ်ခါတည်း သေသွားရင် ကောင်းမှာလို့ တွေးမိတယ်၊ ပြီးတော့လည်း ကိုမြမောင်က သူ တကယ်ချစ်တာပါ၊ သူ လက်ထပ်ပါမယ်လို့ ငါ့ကို ပြောခဲ့တာတွေ တကယ်ထင်ပြီး ကိုမြမောင် ပြန်လာပြီး သူ့ အမေကို အဲဒီလိုပြောရင် ဘယ်လောက်ကောင်းမလဲနဲ့ သူ့ကို ငါ မျှော်နေတာပေါ့"

"ပြန်မလာဘူးလား"

"ညဉ့်နက်တော့ ပြန်လာတယ်လေ၊ ပြန်လာတော့လဲ သူက သူ ဘာမှ မဖြစ်သလို သူနဲ့ ဘာမှ မဆိုင်သလိုပဲ၊ ငါတော့ ရှူးမတတ် ခံစားလိုက်ရတယ် မမရယ်"

"သူ . . . နင့်ကို သက်သက် ဖျက်ဆီးတာပဲပေါ့"

"ငါ အစကတည်းက သိဖို့ ကောင်းပါတယ်၊ ငါက မိုက်တာပါ"

"နေဦး၊ ဒါနဲ့ နင့်ကို အခုပြန်ပို့လိုက်တာပေါ့ . . . "

"အင်း . . . ပြန်မပို့ခင် သေချာအောင် ဆရာဂန်နဲ့ ငါ့ကို စစ်သေးတယ်"

"ဘာ . . . "

"ဟိုဟာ . . . ကိုယ်ဝန် ရှိမရှိပေါ့"

"ဒုက္ခပါပဲ ညီမရယ် . . . "

"ရှိရင် သူတို့သွေး ပါသွားမှာ စိုးတာလား၊ သူတို့ကို ဒုက္ခပေးမှာ ကြောက်တာလားတော့ မသိဘူး၊ ဆရာဝန်က ဘာမှမရှိပါဘူး ဆိုမှ တစ်လ ထားသေးတယ်"

"တစ်လ ထားသေးတယ်"

"ဟုတ်တယ်လေ၊ ပို သေချာအောင်ပေါ့၊ မိလေးမှာ ကိုယ်ဝန် မရှိတာ သေချာမှ အခု ပြန်လွှတ်လိုက်တာ . . . "

"ညီမရယ် . . . "

"ဒီကောင့်ကို တစ်သက်မကြေဘူး၊ ယုံလောက်အောင် ပြောပြီး ကြောရရုံကြံသွားတာ ယောကျ်ားမပီသဘူး အလကားကောင်"

"ညီမ မိုက်တာလည်း ပါပါတယ်လေ"

❧ ❧ ❧



(၇)

ပြန်ရောက်စမှာ မိမိလေးသည် အစ်မ မိမိကြီး၏ ဆိုင်မှာပင် ကူလုပ်၏။ အစ်မနှင့်အတူ ဈေးကူရောင်းသည်။ မိမိကြီးကတော့ ညီမ ပြန်လာသဖြင့် အားတွေတက်ကာ လုပ်ငန်းကို ပို၍ တိုးချဲ့နေ၏။

ဒေါ်သိန်းကြီးက ဘယ်လိုကနေ ဘယ်လို မိမိလေး သတင်းကို ကြားသည် မသိ။ မိမိလေးနှင့် သူဌေးသား ငြိစွန်းကြလို့ သူဌေးကတော် သိသွားပြီး နှင်ထုတ်လိုက်လို့ မိမိလေး အိမ်ပြန်လာခဲ့ရတယ် ဆိုတဲ့ သတင်းက ဈေးထဲ ပြန့်သွားသည်။

"ငါတော့ ရှက်လို့ သေမှာပါပဲ မိလေးရယ်"

ဟု အစ်မ မိမိကြီးကတော့ ဒီသတင်းတွေ ကြားရင်း ပြောသည်။

"ဘာလို့ ရှက်ရမှာလဲ၊ မမကလည်း သူတို့က စော်ကားတဲ့သူပဲ၊ စော်ကားတဲ့သူက ရှက်ရမှာ၊ အစော်ကားခံရတဲ့သူက ဘာလို့ ရှက် ရမှာတဲ့လဲ"

"ဟဲ့ . . . စော်ကားတယ် မထင်ဘဲ ညည်း နန့်လို့ ဖြစ်တာ ထင်ရင်ကော"

"အို . . . ထင်ပါစေပေါ့"

"သတင်းကလည်း ဒီအထိရောက်လာတယ် အံ့ပါ့တော်"

"မိလေးတော့ ထင်တယ်၊ ဟိုကောင် ယုတ်မာတာပဲ"

"ဘယ်သူလဲ မိလေး . . . "

"ကိုမြမောင်ပေါ့၊ သူက ဒီက မန်နေဂျာသားနဲ့ သူငယ်ချင်း၊ တက္ကသိုလ်မှာ ကျောင်းနေဖက်တဲ့၊ သူ ပြောလို့ ဒီသတင်း ဒီရောက်လာတာဖြစ်မှာပေါ့၊ ကြည့်ပါလား၊ ဟိုနေ့က ပြန်လာတဲ့ အဲဒီ မန်နေဂျာသားကလည်း မိလေးကို ရိတိတိ ဂဲလုပ်သွားတယ်"

"အမယ်လေး . . . မိလေးရယ်၊ ဒီမြို့မှာတော့ ဘာမှ မဖြစ်ပါစေနဲ့ ငါ တောင်းပန်ပါရစေ"

"မိလေးက ယောကျ်ားတွေကို ကျေကို မကျေဘူး"

"မကျေလို့ စိတ်လိုက် မာန်ပါ လုပ်ရင် ကိုယ်ပဲ နစ်နာမှာပေါ့ မိလေးရယ်၊ ကိုယ်က မိန်းကလေး"

"အသည်းတော့ တစ်ခါပဲ အနာခံမယ်"

မိမိကြီးက မိလေးကို အံ့သြစွာ ကြည့်နေလိုက်မိ၏။

မိလေး နောင်တ မရပါလားဟု စိတ်ထဲက တွေးမိပြန်သည်။ ဩော် . . . အစော်ကားခံရသူမို့ သူ နာရှာမှာပဲဟုလည်း ဖြေတွေး မိပြန်သေး၏။





တစ်လ နှစ်လကြာတော့ မိလေးက အရင် အချိုးမျိုး ပြန်ဖြစ်လာတော့သည်။

ဆိုင်ကိုလည်း လာချင်မှ လာသည်။ အိမ်မှာလည်း ကပ်ချင်မှ ကပ်၏။ ကောင်လေး တစ်ယောက်နှင့် တွဲနေသည်ဆိုသည့် သတင်း မိမိကြီး ကြားရတော့ ပူပန်သောက ရောက်ပြန်သည်။

"မိလေးရယ် . . . ဘယ်က ကောင်လေးနဲ့ တွဲနေပြန်တာလဲ"

ဟု မေးမိပြန်၏။

"ရွာဘက်ကပါ မမရ ဈေးဝယ်လာရင်း သိသွားတာ၊ ကောင်လေးက ရွာမှာ ပိုက်ဆံ ရှိတယ်၊ မိလေး သူ့ကို မကြိုက်ပါဘူး၊ သူ့ဆီက ပိုက်ဆံ ထွက်လို့ တွဲတာ"

"ဘုရား . . . ဘုရား . . . "

မိမိကြီးကတော့ ထုံးစံအတိုင်း ဘုရား တ,ရုံမှ တစ်ပါး ဘာမှ မပြောတတ်တော့။ သူ့ ညီမ မိလေး ပြောသလိုပင် ကောင်လေးထံမှ မိမိလေး ငွေတွေရ၏။ လက်စွပ် တစ်ကွင်းပါ ကောင်လေးက လုပ်ပေးသေးသည် ဆို၏။ ရွာက ဘုရားပွဲတွေ ရှိတယ်ဆိုပြီး မိမိလေးကို ကောင်လေးက လာခေါ်သွားလျှင် မိမိလေး လိုက်သွားတတ်၏။ အစကတော့ ညီမကို စိတ်ပူပြီး ဆူဆဲသည်။ နောက်တော့ ပြောမရသည့်အဆုံး မိမိကြီးဘာမှ မပြောဘဲ လွှတ်ထားလိုက်ရတော့၏။

ရှာက ကောင်လေးနှင့် နှစ်လကျော်ကျော်တွဲပြီး မိမိလေးက ဖြတ်ပစ်လိုက်သည်။ နောက်ပိုင်းမှာတော့ မြို့ပေါ်က ကောင်လေး နှစ်ယောက်လောက်နှင့် မိမိလေး တစ်ပြိုင်တည်း တွဲလာ၏။

"ငါ့ကို အမြင်မတော်တဲ့ သူတွေက လာလာတိုင်ကြတယ် မိလေးရယ်၊ နင်အနေအထိုင်လေးလည်း ဆင်ခြင်ပါဦး၊ အခုဟာက နင့် သတင်းတွေ အရမ်းထွက်နေပြီ၊ မြို့လေးက သေးသေးဆိုတော့ နင့် အကြောင်းတွေ မသိတဲ့လူ မရှိတော့ဘူး၊ ပိုင်းလုံးမလေးလို့ နင့်ကို ပြောနေကြပြီ"

အိမ်ပြန်ရောက်လို့ ဆုံတိုင်း မိမိကြီးက ဆူသည်။ မိမိလေး ကတော့ အပြုံးမပျက် အဆူခံပြီး သူ လုပ်ချင်တာ လုပ်စမြဲ။

"နင့် ညီမ ပျက်စီးနေပြီ၊ မပြောတော့ဘူးလား"

"ကျွန်မလည်း ပြောတာပဲ ဒေါ်လေးရယ်၊ ပြောမရလို့ လွှတ်ထားလိုက်ရတာ"

အမေ့ မိတ်ဆွေ သူ့ကို ကုန်ပစ္စည်းတွေ အကြွေးပေးသည့် ဆိုင်ရှင် ဒေါ်ကြီးက ရင်းနှီးလွန်းသဖြင့် သတိပေး၏။

"ဟုတ်တော့လည်း ဟုတ်ပါတယ်၊ မအေရှိတုန်းကတည်းက ဒီအငယ်မကို နိုင်မှ မနိုင်တာ၊ သူလည်း အရွယ်ရောက်နေပြီပဲအေ၊ သူ့စရိုက်နဲ့သူ သူ့အပြစ် သူခံမှာပဲပေါ့"

"ကျွန်မက ညီအစ်မဆိုတော့ ရှက်တော့ ရှက်တာပေါ့ ဒေါ်လေးရယ်"

မိမိကြီးက တကယ်ပင် သူ ပြန်လာမှ အရှက်ရသည်ဟု





တွေးမိလာ၏။

မိမိလေး သတင်းကတော့ တစ်မြို့လုံး ပြန့်နေလေပြီ။

(၈)

ဘယ်က အရင်းအနှီး ဘယ်လို ရလာသည် မသိ။

မိမိလေးက မော်လမြိုင်ဘက်က ပစ္စည်းတွေ သွားသယ်မည် ဆို၏။ မော်လမြိုင်ရထားမှာ လိုက်လျှင် ဘယ်လောက် ကိုက်ကြောင်း မိမိကြီးကို ပြောပြနေပြန်သည်။

မိမိကြီးက ဘာမှ မပြောတော့။

နောက် မိမိလေး မှောင်ခို ကုန်ကူးသည့် အလုပ်ကို လုပ်တော့၏။ ပိုက်ဆံတွေ ရလိုက်။ တော်တော်ကြာ ကုန်တွေ ဖမ်းမိလို့ဆိုပြီး ပြန်ကုန်သွားလိုက်။ သူ့ဘာသာ ချာလည်လိုက်နေသည်။

အိမ်မှာ ကပ်သည့် ရက်ကတော့ နည်း၏။

ခရီးထွက်နေတဲ့ ရက်က များသည်။

သည်တစ်ခေါက် ပြန်လာတော့ မိမိလေး နောက်မှာ လူတစ်ယောက် ပါလာသည်။

"မမ ငါ ယောက်ျား ရလာပြီ"



မိမိလေး လင်ကုန်ပါကူးလာပြီဟု မိမိကြီး နားလည်လိုက်တော့သည်။ ဒီအခြေအနေ ရောက်မှတော့ မိမိကြီးဘာမှ မပြောချင်တော့။ ဒါပေမယ့် မိမိကြီး ဆုံးဖြတ်လိုက်သည်။

"မိလေး၊ ညည်းလည်း အိမ်ထောင်ကျလာပြီဆိုတော့ ငါနဲ့အတူမနေနဲ့တော့၊ ညည်းဘာသာ အိမ်ရှာငှားနေပေတော့၊ ငါ့ အိမ်ကျဉ်းကျဉ်းလေးမှာ ညည်းတို့ လင်မယားနဲ့ ငါ အတူမနေနိုင်ဘူး၊ အခုရှုပ်မှ နောင် ရှင်းမယ်၊ အရပ်လူကြီးတွေရှေ့မှာ ဒီအမွေဆိုင်အိမ်ကို တန်ဖိုးဖြတ်ပြီး ငါ အမ်းယူမယ်"

မိမိကြီးက မိလေးနှင့် သူ ပြတ်ပြတ်သားသားနေမှ ဖြစ်တော့မည် ဆုံးဖြတ်လိုက်၏။

သူ့ကိုပါ မိလေးနှင့် ပတ်သက်၍ အထင်အမြင် သေးမှာကို သူ မလိုလား။ သူ့ သိက္ခာတရားကို ထိပါးမှာ မိမိကြီး ကြောက်သည်။

"မမ သဘောပဲလေ"

မိလေးကတော့ ငွေ ပြန်အမ်းမည်ဆိုတော့ သဘောကျသွားပုံရ၏။

နောက်နေ့မှာပင် သူတို့လင်မယား အိမ်ရှာကြတော့သည်။

ဒေါင်းယာဉ်ဖျံ့အနုပညာလုပ်ငန်း

## (၉)

မိမိကြီးက ဈေးသည်ပီပီ စံနစ်တကျ လုပ်တတ်၏။

လူကြီးစုံရာရှေ့မှာ စာချုပ်စာတမ်းဖြင့် ငွေကို အမ်းသည်။ မိမိကြီးမှာက ကျစ်ကျစ်လျစ်လျစ်နှင့်မို့ ငွေပိုငွေလျှံလေး ရှိနေသည်။ ထိုငွေဖြင့် မိမိလေးတို့ လင်မယားက မြို့စွန်မှာ အိမ်ခန်းလေး ငှား နေကြသည်။

မိမိကြီးက အတူ မနေတော့ပေမယ့် မြို့က သေးသေးလေးမို့ ညီမ သတင်းတွေက ကြားနေရစမြဲ။ မိမိလေး ယူလာသည့် ယောကျ်ားကလည်း လက်ကြောတင်းအောင် အလုပ်မလုပ်။ နယ်လှည့်ပြီး ဖဲရိုက်နေသူတစ်ဦးဟု သိလာရသည်။ မိမိလေးနှင့် မော်လမြိုင်ရထားပေါ်မှာ တွေ့ကြခြင်းဟု ဆို၏။ မိမိလေးက အထင်တကြီးနှင့် ယူလိုက်သော်လည်း တကယ်တမ်း ဘာမှ မည်မည်ရရ မရှိသော ခြေသလုံးအိမ်တိုင်သမား ဖြစ်နေသည်။ အခုတော့ ဖဲလေးရိုက်လိုက်။ အရက်ကလေး သောက်လိုက်။ အရက်မူးလာလျှင်



လင်မယားရန်ဖြစ်လိုက် ဆိုသည့် သတင်းတွေ ကြားရတော့ စိတ်မကောင်းမိပြန်။ မိမိလေးကသာ မော်လမြိုင်ရထား ပြန်လိုက်ပြီး မှောင်ခိုကုန်ကူးနေ၏။ ယောကျ်ားက လိုက်ချင်သည့် အခေါက်မှ လိုက်သည်။

“ကိုသန်းဖေတို့ကတော့ မိန်းမ မှောင်ခိုကုန်ကူးကျွေးတာလေး စားပြီး ဖဲရိုက် အရက်သောက် ငြိမ့်နေတာပဲ”

ဆိုသည့် ဈေးဝယ်လာသူတို့ထံက စကားကိုကြားရင်း မိမိကြီး ရင်နာရပြန်သည်။

တူလေးရပြီဆိုတော့ မိမိကြီးသံယောဇဉ်က မပြတ်။

မိမိလေးအိမ် ရောက်သွားသည်။ သူ့ တူလေးကို သွားကြည့်သည်။ နောက်နေ့ လိုအပ်သည့် ပစ္စည်းလေးတွေပါ ဝယ်ပြီး သွားပို့၏။

အိမ်ထောင်ကျပြီး ခုနစ်လလောက်မှာပင် မိလေး ကလေးမွေးသည့် သတင်းက ဈေးထဲမှာ ပြန့်လာပြန်သည်။

ဒီသတင်းကြားတော့မှ မိမိကြီးလည်း သတိထားလိုက်မိ၏။ ဟုတ်ပေသားပဲ။ မိမိလေး ယောကျ်ားရတာ ခုနှစ်လလောက်ပင် ရှိသေးပါရော့လား။

အို . . . သူတို့ဘာသာ သူတို့ ဘယ်တုန်းကတွေ့ပြီး ဘယ်

တုန်းက ညားနေကြတယ်ဆိုတာ ဘယ်သူ သိကြမှာလဲ။ ဘာဖြစ်ဖြစ် မိမိလေးက မွေးသည့်ကလေးဟာ သူ့သွေးသားရင်းချာမို့ သူ ချစ်သည်။ ဈေးပိတ်သည့် နေ့များဆို ကလေးကို လာပို့ခိုင်းထားတတ်သေး၏။ ကလေးနာမည်ကိုလည်း မောင်လင်းဇော်ဟု မိမိကြီးပင် အမည်ရွေးပေးခဲ့သည်။

ကလေး တွတ်တီးတွတ်တာ ပြောတတ်လာချိန်မှာတော့ မိမိကြီး ဒီကလေးကို သံယောဇဉ် ပိုတွယ်လာတော့သည်။ ကလေးကလည်း အမေ အဖေထက် သူ့ကို ပိုတွယ်နေတော့၏။ အမေ အဖေက အိမ်မှာ ရန်ဖြစ်လိုက် ဆူလိုက် ဆဲလိုက်ဆိုတော့ ကလေးကလည်း အိမ်မှာ ပျော်ပျော်ဟန်မတူ။ မနက်လင်းတာနှင့် မိမိကြီးဆိုင် ရောက်လာတော့သည်။ သူ့အမေ ပို့လျှင်ပို့၊ မပို့လျှင် အိမ်နားက ဈေးဝယ်သူတွေနှင့် လိုက်လာတတ်၏။ မိမိကြီးက ဆိုင်မှာ ဈေးရောင်းဖို့ ကောင်မလေးတစ်ယောက် ငှားထားနိုင်ပြီမို့ ကလေးထိန်းရန် အချိန်ရသည်။ ကလေးက ဈေးဆိုင်မှာဆိုတော့ စားချင်တာ စားပြီး ပျော်သည်။ ညနေ ဈေးသိမ်းခါနီးမှ သူ့အမေ လာခေါ်တတ်၏။ လာမခေါ်လျှင်လည်း ဈေးသိမ်းပြီးမှ ဈေးရောင်းသည့် ကောင်မလေးကို ပြန်ပို့ပေးခိုင်းရ၏။

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

(၁၀)

“ရှင် ကျုပ်လုပ်စာကိုလည်း စားသေးရဲ့၊ မယားငယ်လည်း ယူသေးရဲ့ဆိုတော့ ရှင် မလွန်ဘူးလား ကိုသန်းဖေ၊ ကျုပ်က အဲဒီမြို့ကို ဖဲရိုက်ဖို့ သက်သက်သွားတယ် အောက်မေ့လို့ ဘာမှမပြောတာ၊ အခု ရှင်က ကမြင်းကြောထဖို့ သွားသွားနေတာပါလား”

မောင်လင်းဇော်က အိမ်တိုင်နားမှာ ကပ်ပြီး ထိုင်ရင်း သူ့အမေနှင့်အဖေ ရန်ဖြစ်တာကို ကြည့်နေမိသည်။ ငါးနှစ်သား ရှိပြီမို့ မောင်လင်းဇော် အားလုံးကို သိနေပြီ။ အဖေနှင့်အမေ ရန်ဖြစ်သည်မှာ မဆန်း။ နေ့တိုင်းလိုလို ရန်ဖြစ်နေကျပင်။ ဒီနေ့လောက် အမေ ဒေါသကြီးတာကိုတော့ သူ မတွေ့ဖူး။ အဖေကလည်း အရက်တွေမူးပြီး ပြန်လာတာ ဖြစ်သည်။ သူ့တို့မြို့နှင့် မဝေးလှသော မြို့ကလေးက ပြန်ရောက်လာခြင်း ဖြစ်သည်။

“တော်စမ်း မိလေး . . . ငါ့ကို နင် ဘာမှ မပြောနဲ့”

အဖေက အရက်မူးသံကြီးနှင့် ပြောရင်း ကြမ်းပြင်ပေါ်

ထိုင်ချလိုက်၏။ ထရံကို မှီလိုက်သည်။

မောင်လင်းဇော်က အိမ်ပေါ်မှ ဆင်းပြီး သူ့ အဒေါ်ကြီး အိမ်သွားဖို့ စိတ်ကူးမိသော်လည်း မှောင်နေပြီမို့ သူ မသွားရဲတော့။ တိုင်ကိုမှီရင်း ခပ်ကုပ်ကုပ်ကလေးသာ ကြည့်နေမိသည်။

"ပြောရမယ် . . . ကျုပ်ကတော့ သေမတတ် ရှာရဖွေရ ရှင်က အရက်ကလေး တမြမြ၊ ဖဲလေး လျှောက်ရိုက်နဲ့၊ ဒီလောက်နဲ့ မကျေနပ်ဘူး အခု မယားငယ် ယူတယ်ဆိုတော့ ကျုပ် မပြောချင် ဘူး"

"မပြောနဲ့ . . . မင်းလည်း မင်း နေချင်သလိုနေတာ၊ ငါ မသိဘူး မှတ်လို့လား မိလေး"

"ရှင် ကျုပ်ကို ဘာစကားပြောတာလဲ၊ အိမ်ထောင်မကျခင် မိလေးတို့က နေချင်သလိုနေခဲ့ပေမယ့် အိမ်ထောင်ကျပြီးမှ ကိုယ့် လင်သားအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူးမှတ် . . . "

"ငါ အော်ရယ်ပစ်မိလိမ့်မယ် မိလေး၊ နင် ပြောတိုင်း ငါ ယုံရမှာလား၊ နင် ဒီမြို့မှာ ဖြစ်ချင်တိုင်းဖြစ်နေခဲ့တာ ငါ ပြန်မသိဘူး မှတ်လို့လား"

"ဒါ အပျိုတုန်းက . . . "

"ခြံခုန်ဖူးတဲ့ နွားမ၊ ငါ မယုံဘူး"

"ကိုသန်းဖေ ရှင် လွန်လာပြီ၊ ကျုပ် လက်ပါလာလိမ့်မယ်"

"မိလေး နင် ငါ့ကို အရူး အောက်မေ့နေလား၊ နင့် လုပ်ရည် ကိုင်ရည်နဲ့ နင် ရှာဖွေကျွေးနိုင်မှန်းသိလို့ နင့်ကို ငါယူတာ၊ နင်နဲ့





ငါ တွေ့တွေ့ချင်း ငါယူခဲ့တာ၊ ငါယူပြီး ခုနှစ်လနဲ့မွေးတဲ့ နင့်ကလေး အဖေ ငါမဟုတ်ဘူး၊ ငါမဟုတ်ဘူးဆိုတာ ငါသိတယ် မိလေး၊ လင်းဇော် အဖေ ငါမဟုတ်ဘူး"

အဖေ ဘာတွေပြောနေတာလဲဟု ပထမတော့ ကြောင်ပြီး နေမိသည်။

နောက်တော့မှ သူ့အဖေ မဟုတ်ဘူးဆိုသည့် စကားက လင်းဇော် ရင်ထဲ စူးနစ်ဝင်သွားသည်။ ငါ့အဖေ ဘယ်သူလဲ ငါ့အဖေ ဘယ်သူလဲဟု သိချင်စိတ်ကလည်း ချက်ချင်း ဖြစ်လာသည်။

"ကလေးရှေ့မှာ တော် . . . ဘာတွေပြောနေတာလဲ ကိုသန်းဖေ"

"ငါ မှန်တာပြောတာ မိလေး၊ နင့်ဘာသာနင် အလေလိုက် ပြီးရတဲ့ ဗိုက်နဲ့ ငါ့ကို ဖအေ အစားထိုးတာ၊ ကလေးအဖေ ဘယ်သူ ဆိုတာ နင့်ဘာသာရော သိရဲ့လား"

"တော်တော့ ကိုသန်းဖေ တော်တော့၊ ကလေးတစ်မျိုး ထင် နေမယ်"

"ဘာလို့ တော်ရမှာလဲ၊ ဟော့ကောင် လင်းဇော်"

ငေးကြောင် စူးစိုက်နေရာမှ အဖေ့ အော်သံကြောင့် သူ လန့်ပြီး ထရပ်လိုက်မိ၏။

တစ်ကိုယ်လုံးလည်း တုန်ယင်နေသည်။

"ငါပြောတာ ကြားလား၊ မင်းအဖေ ငါမဟုတ်ဘူး၊ မင်းမှာ အဖေ သတ်သတ်မှတ်မှတ် မရှိဘူး၊ မင့်ဟာ အဖေမပေါ်ဘဲ ရလာတဲ့

ကောင်"

"ကဲ ... ပြောဦး ... ပြောဦး"

"အား ... "

အမေက ပြေးလာပြီး အဖေ့ကို ပုလင်းနှင့် ရိုက်လိုက်တာ တွေ့သည်။ အဖေ့ခေါင်းက သွေးတွေစီးကျလာတာ မြင်တော့ လင်းဇော် ယောင်ယမ်း အော်ရင်း အိမ်ပေါ်မှ ပြေးဆင်းလာခဲ့ မိတော့၏။

လင်းဇော်က သူမြင်ခဲ့သမျှ သူ့အဒေါ် ဒေါ်မိမိကြီးကို ငိုယို ပြောပြနေသည်။ သိပ်မကြာခင်မှာပင် မိမိလေးရောက်လာ၏။

"ငါ ဒီည ဒီမှာပဲ အိပ်မယ် မမ"

"ဟဲ့ ... ဟိုက ဘယ်လိုဖြစ်ကျန်ခဲ့လဲ၊ သေကြေနေမှဖြင့် ဒုက္ခပါပဲဟယ်"

"အို ... သေ အေးတာပဲ"

မိမိကြီးလည်း ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်တော့၏။

ကလေးက အဲဒီညက ကယောင်ကတန်း ထထ အော်နေ တာ မိမိကြီး သတိထား ဖြစ်လိုက်သည်။



(၁၁)

နောက်နေ့မှာ ကိုသန်းဖေက ခေါင်းမှာ ပတ်တီးဖြင့် သူ့ မယားငယ်ဆီ ထွက်သွားတော့၏။ မိမိလေးနှင့် မပေါင်းနိုင်တော့ပါ ဟု ပြောသွားသည်ဆို၏။

"ကလေးကို မမပဲ ကြည့်မွေးပါတော့၊ မိလေးက လျှောက် သွားပြီး အိမ်ကပ်တာ မဟုတ်တော့ သူ့ကို ထားခဲ့လို့လည်း မဖြစ်ဘူး"

ကလေးကို လာပို့ရင်း မိမိလေး ပြောသည်။

"နင်တို့က ပြန်မပေါင်းတော့ဘူးလား"

"ဝေးပါသေးတယ် မမရယ်၊ သူကလည်း ပေါင်းမှာ မဟုတ် ဘူး၊ မိလေးကလည်း မပေါင်းနိုင်တော့ဘူး"

"နေဦး ငါ မေးပါဦးမယ်"

ပြောပြီး ဘေးကို လှည့်ကြည့်သည်။ ကလေးကြားသွား မှာကို မိမိကြီးက စိုးရိမ်နေ၏။ ကလေး အိမ်ပေါ်မှာ မရှိမှန်း သိတော့မှ ...

"ကိုသန်းဖေက သူပြောသလို ကလေးအဖေ မဟုတ်ဘူးလား"

"မဟုတ်ဘူး မမ"

"ဘုရားရေ . . ."

"ဒါဆို ကလေးအဖေ"

"မရှိတော့ဘူး မမ"

"ဘုရား . . . ဘုရား"

"မိလေး သွားမယ်၊ မိလေး ပြန်လာရင်တော့ လာတွေ့မှာပါ၊ ပြန်မလာရင်လည်း မမပဲ ကလေးကို အပိုင်မွေးလိုက်တော့ . . ."

ပြောရင်း မိလေး ထွက်သွားတော့သည်။

ကလေးကလည်း ခြံထဲမှာ ဆော့ရင်း မိလေးကို တစ်ချက်မျှ ပင် လှမ်းမကြည့်။

ကလေးရင်ထဲမှာ မိလေးကိုလည်း နာကြည်းနေဟန် တူသည်ဟု မိမိကြီး ထင်လိုက်မိ၏။

"သားသား ဖေဖေက ဒါဆို ဘယ်သူလဲ အန်တီ"

"အန်တီလည်း မသိဘူး"

"သေပြီလား"

"အေး . . . သေပြီ"





"ဦးသန်းဖေက သားသား အဖေ တကယ် မဟုတ်ဘူးလား"

"မဟုတ်ဘူး"

ဖြေရင်း ဖြေရင်း မိမိကြီး ရင်ထဲမှာ နင့်လာတော့၏။

"အဲဒါတွေ မေးမနေပါနဲ့ သားရယ်"

"အမေကရော သားသားအမေ အရင်းလား အန်တီ"

ကလေးနှုတ်မှ ထွက်လာသည့် စကားကြောင့် မိမိကြီး လန့်သွားသည်။ ကလေး ရင်ထဲမှာ သူ့အမေအရင်း ဟုတ်ပါလေစ ဆိုသည့် သံသယ ဝင်နေပြီဟု နားလည်လိုက်တော့၏။

"ဟုတ်တာပေါ့ ကလေးရဲ့၊ သားသားကို သူ့ဗိုက်ထဲက မွေးထားတာ"

"ဒါဆို သူက အန်တီ့လို သားကို ဘာလို့ မချစ်တာလဲ"

"ချစ်ပါတယ် သားရယ်"

"မချစ်ပါဘူး"

စူးစိုက် အမြစ်တွယ်နေပြီဖြစ်သည့် အစွဲအလမ်းကို ချက်ချင်း ဆွဲနှုတ်ဖို့ မလွယ်တော့မှန်း မိမိကြီး နားလည်လိုက်တော့သည်။ ကလေးက အဖေအမေ၏ အယုအယအကြင်အနာကို ငတ်မွတ်နေမှန်း မိမိကြီး သိလိုက်တော့၏။

"အန်တီ ပြောမယ်၊ အခုကစပြီး သားသားကို အန်တီမွေးလိုက်ပြီ၊ သားသား အမေလည်း အန်တီပဲ၊ သားသား အဖေလည်း အန်တီပဲ၊ သားသား ဘာမှ ပူစရာမလိုတော့ဘူး၊ နောက် ဘာမှ မမေးနဲ့တော့ ဟုတ်လား၊ သားသား ကောင်းစားအောင် ပညာတွေ

တတ်အောင် အန်တီ လုပ်ပေးမယ် ဟုတ်ပြီလား"

ကလေးက ခေါင်းညိတ်လိုက်၏။

ဒါပေမယ့် သူ့ မျက်ဝန်းမှာ ချက်ရည်စတွေ ဝဲနေတာ မိမိကြီး သတိထားမိပြန်သည်။

✽ ✽ ✽



(၁၂)

ကုန်ကူးလိုက်၊ မြို့ပြန်ရောက်လာလျှင် သားကို လာတွေ့လိုက် လုပ်သေးသည်။ မိမိလေးကို သားက အရင်နှယ် ဖက်လှဲတကင်း မရှိလှတော့။ ခပ်စိမ်းစိမ်း ဆက်ဆံလာသည်။ သုံးလလောက်ကြာတော့ မိမိလေး တစ်ခေါက် ရောက်လာပြန်၏။

"မမ မိလေး အိမ်ထောင် ပြုလိုက်ပြီ၊ ဒီမှာ တင်ထားတဲ့ စပေါ်လေး ယူဖို့ ပြန်လာတာ၊ မိလေး မော်လမြိုင်မှာပဲ နေတော့မယ်၊ ကလေးကိုတော့ မမပဲ မွေးထားပါတော့၊ ကလေးကလည်း မိလေးကို မအေလို မခင်တော့ဘူး"

မိမိကြီးကတော့ ဘာမှ ပြန်မပြောတော့ချေ။ မိမိလေးက သူထင်တာ သူလုပ်နေကျမို့ ပြောလို့လည်း ထူးမည်မဟုတ်။ ကလေးအတွက်သာ စိတ်မကောင်း ဖြစ်ရသည်။

ဖအေ ဘယ်သူလဲဟုပင် သိခွင့်မရသည့် ဘဝ။ မအေကလည်း ကြင်ကြင်နာနာ မရှိဘဲ အဝေးကို သွားတော့မည်။

မိဘ၏ ရင်ငွေ့နှင့် ကင်းရတော့မည့် ကလေးဘဝအတွက်

သာ စဉ်းစားရင်း မိမိကြီး ကြေကွဲရပြန်၏။

မိမိလေး မြို့က ထွက်သွားပြီး မကြာခင် တစ်နေ့မှာ မောင်လင်းဇော် ကျောင်းက ပြန်ရောက်ရောက်ချင်း မိမိကြီးကို မေးသည်။

"အန်တီ အမေက နောက်ယောက်ျား ယူသွားပြီဆို"

"သားကို ဘယ်သူပြောလဲ"

"သားတို့ ငှားနေတဲ့ အိမ်နားက သား သူငယ်ချင်းက ပြောတာ၊ သူ့အမေ ပြောနေတာ သူ ကြားတာတဲ့၊ အဲဒါ ဟုတ်လား"

"ပိုက်ဆံ သွားရှာနေတာပါ သားရယ်"

"မဟုတ်ပါဘူး၊ သားတို့ကို ပစ်ပြီး နောက်ယောက်ျားယူသွားတာပါ၊ အဲဒီ သားသူငယ်ချင်းအမေက ပြောတယ်တဲ့ သားက သနားစရာ ကောင်းတယ်တဲ့"

မိမိကြီး သက်ပြင်းကိုချရင်း ဘာပြန်ပြောရမည်မသိ။

"သား ပြန်ပြောလိုက်တယ်"

"ဘာပြောလိုက်လဲ"

"အဲ့ဒါ သား အမေအရင်း မဟုတ်ဘူးလို့၊ သား အမေအရင်းက အန်တီ မိမိကြီးပါလို့"

"အေးလေ . . . ပြီးတာပဲ သားရယ်၊ အန်တီ ရှိနေတာပဲ"

ဘာမှ ဆက်မမေးတော့ဘဲ သားက အိမ်ပေါ်မှ ဆင်းသွားတော့၏။ သူ့ ရင်ထဲမှာ ဘယ်မျှခံစားနေပြီဆိုတာ မိမိကြီး နားလည်လိုက်တော့သည်။

✿ ✿ ✿



(၁၃)

"အမယ်လေး သားရယ် . . . ဘယ်လိုဖြစ်လာတာလဲ"

မျက်နှာတစ်ခုလုံး ဖူးရောင်ပြီး ညိုမည်း လာတာကို ကြည့်ရင်း ဒေါ်မိမိကြီး မေးလိုက်၏။

"သား ရန်ဖြစ်လာတာ အန်တီ"

ဒူးထောက် ထိုင်ချလိုက်ပြီး မျက်နှာကို လက်နှစ်ဘက်ဖြင့် အုပ်ကိုင်လျက် မ,ယူကြည့်သည်။

"ဖြစ်ရလေ သားရယ် မျက်နှာတစ်ခုလုံး ရစရာမရှိတော့ပါလား၊ ဘယ်လိုဖြစ်လာတာလဲ အန်တီ့ကို ပြောပါဦး"

"သားတို့ အရင်အိမ်ငှားနေတဲ့ ရပ်ကွက်က ဘဦးနဲ့ ရန်ဖြစ်လာတာ အန်တီ၊ ဒီကောင် သားထက် လေးငါးနှစ်လောက်ကြီးတယ်၊ သတ္တိမရှိဘူး၊ သူ့ သူငယ်ချင်း သုံးယောက်ကပါ ဝိုင်းချတော့ သားခံရတာပေါ့"

"ကိုယ့်ထက်ကြီးတဲ့ သူနဲ့ ဘာလို့ ရန်ဖြစ်ရတာလဲ သားရယ်"

"သားဘာသာ ကျောင်းသွားတာ သူတို့ရှေ့က ဖြတ်သွားတော့ သားကို စ,တယ်"

"စ လည်း သားက ငြိမ်နေလိုက်ပေါ့ကွယ်"

"ရိုးရိုးစ,တာ မဟုတ်ဘူး အန်တီ၊ အပျက်မသားလို့ စ,တယ်၊ သား ထူပူသွားပြီး လှည့်ကြည့်တော့ ဖအေမပေါ်ဘဲ မွေးတဲ့ သားက သတ္တိရှိလို့လားတဲ့၊ ဘဦးက ပြောတာ အန်တီ၊ သားလည်း ဘာမှ မမြင်တော့ဘူး၊ ဘဦးဆီကို အတင်းပြေးပြီး သူ့မျက်နှာကို ထိုးလိုက်တယ်၊ သူတို့က လေးယောက်ဆိုတော့ သား ခံရတာပေါ့၊ မကျေဘူး မှတ်ထားတယ်၊ ဒီကောင့်ကို သား ပြန်ချမယ်"

"သားကလည်းကွယ်"

မိမိလေး နေခဲ့သည့် ရပ်ကွက်က တကယ့် ပျံကျရပ်ကွက်။ အတင်းပေါင်းစုံကို လူကြီးတွေက ပြော၊ ကလေးတွေက ကြားပြီး မိမိလေးတို့ အကြောင်းတွေ သိနေပုံရသည်။

"ရန်ငြိုး ခိုတာ မထားရဘူး သားရဲ့၊ နောက်တစ်ခါ ရန်မဖြစ်နဲ့ ဟုတ်လား"

သားက ခေါင်းမညိတ်။

❦

ဈေးထဲကို ကျောင်းသားတစ်ယောက် ရောက်လာသည်။ သူ့ဆိုင်ရှေ့မှာ စက်ဘီးကို ရပ်ပြီး သူ့ကို စာတစ်စောင်ပေး၏။ မိမိကြီး





စာကို ဖတ်လိုက်သည်။ ဆရာကြီးက အခုချက်ချင်း လာတွေ့ပါဟု ခေါ်သည့်စာ။ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သား လင်းဇော် ဘာဖြစ်ပြန်ပြီလဲဟု ပူ၏။ ဘာမှ မမေးရသေးခင်မှာပင် ကျောင်းသားလေးက စက်ဘီးတွန်းပြီး ထွက်သွားပြီ။ ဆိုင်ကို ကလေးမလေးနှင့် အပ်ခဲ့ကာ ဆိုက်ကားစီးပြီး ကျောင်းကို ရောက်သွားသည်။

ဆရာကြီး ရုံးခန်းထဲရောက်တော့ ထောင့်တစ်ထောင့်မှာ ထိုင်နေသည့် သားကို တွေ့သည်။ သူ့ကို ခပ်တည်တည်ပဲ လှမ်းကြည့်၏။ ဆရာကြီး ရှေ့မှာ မိန်းမတစ်ယောက် ထိုင်နေသည်။

"ဒေါ်မိမိကြီးလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ထိုင်ဗျာ . . . ခင်ဗျား သားလား မောင်လင်းဇော်"

"ဟုတ်ကဲ့ . . . ကျွန်မ မွေးစားထားတာပါ၊ သားအရင်းပဲ ဆိုပါတော့ . . ."

"မိဘအရင်းတွေရော"

"မရှိတော့ပါဘူး"

စကားမရှည်ချင်တော့သဖြင့် ခပ်တိုတို ပြောလိုက်၏။

"ကျွန်မသား သုံးချက်တောင် ချုပ်ရတယ်၊ ကျွန်မ မကျေနပ်ဘူး"

"နေပါဦး . . . နေပါဦး ကျွန်တော် ပြောပါ့မယ်"

ဆရာကြီးက ဝင်ပြောသည်။

"ခင်ဗျားသား မောင်လင်းဇော်က သူ့သား မောင်ဘဦးကို ရိုက်တာ မျက်နှာ သုံးချက် ချုပ်ရမယ်တဲ့၊ ဆေးရုံမှာ အခုထားခဲ့ရတယ်။ မောင်လင်းဇော် လာပါဦး"

လက်ပိုက်ပြီး သားက ဆရာကြီးရှေ့ ရောက်လာသည်။

"ဘယ်လို ဖြစ်တာလဲ မင်း လူကြီးတွေကို ရှင်းပြလိုက်စမ်း"

"ဘဦးက သူ့သူငယ်ချင်း သုံးယောက်နဲ့ ကျွန်တော့်ကို လွှန်ခဲ့တဲ့ သုံးလေးလလောက်က ဝိုင်းထိုးပါတယ်၊ ကျွန်တော် ဘယ်သူ့မှ မတိုင်ဘူး၊ မျက်နှာတစ်ခုလုံး ရောင်ကိုင်းသွားပါတယ်၊ အဲဒါ ဒီကောင့်ကို ကျွန်တော် မကျေဘူး၊ ဒါနဲ့ အလစ်စောင့်နေပါတယ်၊ ဒီနေ့တော့ ဒီကောင် တစ်ယောက်တည်း စက်ဘီးစီးလာတာ ခပ်လှမ်းလှမ်းက မြင်ပါတယ်၊ ကျွန်တော့် ဘေးရောက်တော့ စက်ဘီးကို ဆောင့်ကန်ထည့်လိုက်တာ ဒီကောင် လဲကျသွားပါတယ်၊ ဒါနဲ့ ကျွန်တော် ဒီကောင့် မျက်နှာကို ပြေးပြီး ခြေထောက်နဲ့ ကန်တာ၊ ဒီကောင် မထနိုင်တော့ပါဘူး"

"ကဲ . . . ကြားလား"

"မိမဆုံးမ ဖမဆုံးမ သား"

မောင်ဘဦး အမေက နှုတ်က ထွက်သွားသည်။

"ကဲ . . . ဘာမှ ခင်ဗျား မပြောနဲ့ ကျွန်တော် ပြောတာ ခင်ဗျားကို့ နားထောင်ပါ၊ မောင်လင်းဇော် မင်း အဲဒီလို ရန်ဖြစ်တာ မင်းမှာ အပြစ်ရှိလား"

"ရှိပါတယ် ဆရာကြီး"





"အေး . . ဒါနောက်ဆုံး အကြိမ်အဖြစ် မင်းကို သတိပေးမယ် နောက်တစ်ခါဆိုရင် မင်းကို ကျောင်းထုတ်ပစ်မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ . . . "

"မင်း တော်တော် ရန်ငြိုးကြီးတဲ့ ကောင်ပဲ၊ သုံးလေးလလောက်က ကိစ္စကို မင်းမမေ့သေးဘဲ ပြန်လက်စားချေတယ်"

"ကျွန်တော့် အမေကို စော်ကားထားတဲ့ ကိစ္စမို့ပါ"

"ဘာကိစ္စဖြစ်ဖြစ် ကလဲ့စားချေတယ်ဆိုတာ ကောင်းတာ မဟုတ်ဘူးကွ၊ ရန်ငြိုးဆိုတာ ဘယ်တော့မှ မထားရဘူး၊ ခွင့်လွှတ်နိုင်တဲ့စိတ် အမြဲ မွေးရမယ် ဟုတ်လား"

"ဟုတ်ကဲ့ . . . ဆရာကြီး"

"ကဲ . . . ဒေါ်မိမိကြီးက ဆေးရုံလိုက်သွားဗျာ၊ ဆေးဖိုးဝါးခ ကူညီလိုက်ပါ၊ ခင်ဗျားကလည်း ကျေအေးလိုက်ပါ၊ ကျောင်းသား အချင်းချင်းပဲ၊ အရှည်အရှည် မဖြစ်ကြပါနဲ့တော့ ဟုတ်လား၊ ကဲ . . . သွားကြ . . . သွားကြ"

မောင်ဘဦး အမေနှင့်အတူ မောင်ဘဦးရှိရာ ဆေးရုံကို မိမိကြီး လိုက်လာခဲ့၏။ လမ်းမှာ မောင်ဘဦး အမေနှင့် ညှိပြီး ဆေးဝါးစားစရိတ်ဟုဆိုကာ ငွေငါးရာ ပေးလိုက်ရသည်။

မောင်ဘဦးကို တွေ့တော့မှ မောင်ဘဦးဆိုတာ သားထက် အသက်လေးငါးနှစ်ကြီးရုံမက ကိုယ်ခန္ဓာ အလုံးအရပ်ရော အများကြီး ပိုထွားတာပါလားဟု သိလိုက်ရသည်။

ကြည့်စမ်း . . . ဒီကောင် သူ့ထက် အင်အားကြီးတဲ့ သူကို ပင် အငြိုးအတေးထားကာ အကွက်ကောင်းချောင်း၍ ကလဲ့စား ချေတတ်သူပါလား။

သူ့အမေနှင့် ပတ်သက်လာလျှင် သူ့ရင်ထဲမှာ အစိုင်အခဲ တစ်ခုပမာ ခံစားနေရ၍ အချိန်မရွေး ပေါက်ကွဲတတ်သူပါလားဟု မိမိကြီး တွေးကြည့်မိပြန်သည်။ သား ရယ် ဒီစရိုက်ကြီး စွဲသွားမှဖြင့် . . .



(၁၄)

မိမိလေး သတင်းကို ဘာမှ မကြားရတော့။ သူလည်း ပြန်မ လာ။ စာလည်းမထည့်။ တချို့ မော်လမြိုင်ရောက်သူများက မိမိလေး မော်လမြိုင်မှာ မရှိတော့။ ကော့သောင်ဘက်ကို ပြောင်းသွားပြီ သတင်းရကြောင်း ပြောသည်။

မောင်လင်းဇော်က သူ့အမေနှင့် စရိုက်မတူ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားထဲက မဟုတ်မှန်း မိမိကြီး သိသည်။ အချိန်အားရသည် နှင့် မိမိကြီး၏ ဆိုင်အလုပ် အိမ်အလုပ်အားလုံးကို ကူညီလုပ်တတ် ၏။ ရှစ်တန်းဖြေပြီး ကျောင်းပိတ်ရက်မှာ မိမိကြီး ဆိုင်အတွက် ပစ္စည်းလိုအပ်သည်များကို ရန်ကုန်၊ ပြည်မြို့များသို့ သွားရောက် ဝယ်ပေးတတ်လာသည်။ မိမိကြီးက ဟိုတုန်းကလို သူများ ဆိုင်များ မှာ ပစ္စည်းတစ်ဆင့် ခံယူစရာမလိုတော့။ မြို့ကြီးများသို့ တိုက်ရိုက် သွားဝယ်ကာ ဆိုင်တင်နိုင်သည့်အဆင့် ရောက်နေပြီ။ မောင်လင်း ဇော်၏ အကူအညီကိုရတော့ မိမိကြီး ပို၍ အားရှိလာသည်။

"ဒါ . . . မေမေ့ ဓာတ်ပုံ မဟုတ်လား အန်တီ၊ သား အိမ်ရှင်းရင်း တွေ့တာ"

မိမိကြီး ဆိုင်က ပြန်လာတော့ မောင်လင်းဇော်က ဓာတ်ပုံ တစ်ပုံကို ယူလာပြန်၏။ မိမိကြီးက လှမ်းယူကြည့်လိုက်သည်။

"အိပ်ခန်းထဲကလား"

"ဟုတ်တယ် အန်တီ၊ အိပ်ခန်းထဲကို သား ဝင်ရှင်းရင်း တွေ့တာ"

"ဟုတ်တယ် သား . . . မင်း အမေရဲ့ ဓာတ်ပုံပဲ၊ ဒီပုံရိုက်တုန်းက မင်းအမေ အပျိုပဲ ရှိသေးတယ်၊ ရန်ကုန်က ပြန်ရောက်လာခါစက ရိုက်ထားတာလေ"

"ဒါဆို သား သိမ်းထားမယ် အန်တီ"

"သိမ်းထားပေါ့ကွယ်၊ မင်းအမေက သားအပေါ် မှာ တာဝန်မကျေခဲ့ပေမယ့် အမေဟာ အမေပဲသား၊ မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်း ထားရတာမျိုးပဲ"

"အန်တီ"

"အင်း . . . "

"သား အန်တီ့ကို တစ်ခုပြောချင်တယ်၊ သား သေသေချာချာ စဉ်းစားတယ် အန်တီ၊ လောကမှာ သားနဲ့ အန်တီနှစ်ယောက်တည်းပဲ ရှိတာ၊ ကံတရားဆိုတာ ပြောလို့ မရဘူး၊ အန်တီက မပြောကောင်း မဆိုကောင်း သေပျောက်သွားခဲ့ရင် သား တစ်ယောက်တည်း ကျန်ခဲ့မှာ"





"ဘာလဲ၊ မင်းက အားငယ်နေလို့လား"

"သား အားမငယ်ပါဘူး၊ အန်တီ့အကြောင်းတွေးပြီး သား အတုယူစရာတွေ အများကြီး ရတယ်၊ အန်တီတောင်မှ မိဘတွေ ဆုံးတော့ မိန်းမသား အပျိုရွယ်လေး တစ်ယောက်တည်း လောကကို ရင်ဆိုင်ရဲသေးတာပဲ၊ သားက ယောကျ်ား၊ ဘာ ကြောက်စရာရှိလဲ၊ အန်တီနဲ့ အမေနဲ့ယှဉ်ပြီး စဉ်းစားလေ ပိုပြီး သား သိလာလေပဲ၊ အမေက ဒုက္ခကို ရင်မဆိုင်ရဲဘဲ သက်သက်သာသာ ထွက်ပေါက်ရှာတယ်၊ အန်တီက ရဲရဲဝံ့ဝံ့ ရင်ဆိုင်တယ်လေ၊ သား အခု ပြောချင်တာက အားငယ်လို့ မဟုတ်ပါဘူး၊ အန်တီ မရှိတော့ရင် သား ဘယ်သူ့ကိုမှ မေးလို့ရမှာ မဟုတ်တော့လို့ အမေ့အကြောင်းအားလုံး အန်တီ သိသလောက် ပြောပြပါလား၊ သားက အဖေဆိုတာလည်း မသိဘူး၊ အမေက ရှိပေမယ့် ဘယ်မှာမှန်း မသိရတဲ့ ဘဝ"

မိမိကြီးက သက်ပြင်းရှည်ချသည်။

"အေးလေ၊ အန်တီ ပြောပြမယ်၊ မင်း ပြောတာလည်း ဟုတ်ပါတယ်၊ မင်း အမေဘဝဆိုတာလည်း မင်းဘဝနဲ့ ဆက်နေတာပဲဟာ၊ မင်း အားလုံးကို သိထားရင် ပိုကောင်းတာပေါ့၊ အန်တီ သိသမျှ ဘာမှ ချန်မထားဘဲ ပြောပြမယ်"

"အမေ့ ဘဝကို စပြီးဖျက်ဆီးလိုက်တာ ဦးမြမောင်ပေါ့နော်"

အန်တီ"

သူ့ အမေဘဝကို အစအဆုံး ပြောပြအပြီးမှာ ငြိမ်နေရာမှ လင်းဇော်က မေးလိုက်၏။

"ကိုယ်ခန္ဓာကို ဖျက်ဆီးလိုက်တာကတော့ ဦးမြမောင်ပေါ့ သား၊ စိတ်ဓာတ်ကို ဖျက်ဆီးတာကတော့ ကိုယ့်ဘာသာကိုယ်လို့ပဲ အန်တီ ထင်တယ်"

မိမိကြီး မျက်နှာကို စူးစိုက်ကြည့်ရင်း နားထောင်နေတာ တွေ့၏။

ကျွန်တော်က အဖေလို့ ထင်ပြီး အဖေလို နေခဲ့တဲ့ ဦးသန်းဖေက မင်းအဖေ ဝါ မဟုတ်ဘူး၊ မင်းမှာ အဖေ သတ်သတ်မှတ်မှတ် မရှိဘူး၊ မင်းဟာ အဖေ မပေါ်ဘဲ ရလာတဲ့ကောင်လို့ အော်ပြောသံကို နားထဲမှာ စွဲနေတုန်းပဲ၊ အရမ်းလဲ ခံစားရတယ်၊ ဘယ်တော့မှ ပျောက်သွားမှာ မဟုတ်ဘူး အန်တီ၊ အမေ ဒီဘဝ ရောက်အောင် တွန်းပို့ခဲ့တာ ဦးမြမောင်ပဲ၊ ဦးမြမောင်သာ အမေ့ကို လက်ထပ်ခဲ့ရင် ဒါမှမဟုတ် အမေ့ဘဝကို မဖျက်ဆီးခဲ့ရင် အမေ ဒီလို ဖြစ်မှာမဟုတ်ဘူး၊ အခု . . . သူ့ကြောင့် . . . "

အိမ်ပြင်ကို ငေးရင်း လင်းဇော် ပြောနေသည်။

"မင်း အစွဲအလမ်းကြီး ဖြစ်သွားပြန်ပြီလား၊ မင်းအမေ စိတ်ဓာတ်မခိုင်တာလည်း ပါတယ်လေ၊ ပြီးတော့ တစ်ခါ မှားတာကို မှားမှန်းသိပြီး ပြန်ပြင်ဖို့ မင်းအမေ သတိမရခဲ့ဘူး၊ မှားလက်စနဲ့ ဆက်မှားမယ်၊ ဆက်မိုက်မယ်ဆိုတဲ့ တစ်ဇွတ်ထိုးညာဉ်ကြောင့် ဆို





တာလည်း ထည့်တွက်ရမယ်"

"မှန်တော့ မှန်ပါတယ် အန်တီ၊ ဒါပေမယ့် ကျွန်တော်က အန်တီ့လို မရင့်ကျက်သေးတော့ ကျွန်တော် ဒီဘဝရောက်အောင် ဒီလို အဖေမဲ့ အမေမဲ့ အဖြစ်နဲ့ ရင်ဆိုင်နေရအောင် ဖန်တီးတဲ့ တရားခံဟာ ဦးမြမောင်ပဲ၊ ဒီလူကို ကျွန်တော် မကျေဘူး"

"ကံတရားပေါ့ သားရယ်"

ဘာမှ ပြန်မပြောဘဲ အံကိုကြိတ်လျက် မျက်နှာက တင်းနေတာကို တွေ့ရပြန်၏။

ဒီကလေး၏ ရင်ထဲမှာ ဘာတွေ ရှိနေတယ်ဆိုတာ မိမိကြီး သိနေပြန်သည်လေ။

## (၁၅)

"အန်တီ ကျွန်တော် အိပ်မက်တွေ ခဏခဏ မက်တယ်၊ အိပ်မက်ထဲမှာ ကျွန်တော်က ကျွန်တော့် အဖေကို လိုက်ရှာတာ၊ ဦးသန်းဖေ အသံကြီးကလည်း အကျယ်ကြီးပဲ ကြားနေရတယ်ဗျာ၊ ငါ မင်းအဖေ မဟုတ်ဘူး၊ မင်းမှာ အဖေသတ်သတ်မှတ်မှတ် မရှိဘူး၊ မင်းဟာ အဖေမပေါ်ဘဲ မွေးတဲ့ကောင်လို့ အော်နေတယ်၊ တောထဲမှာ ကျွန်တော် လျှောက်သွားရင်း တောင်ကုန်းတစ်ခုပေါ်မှာ ရပ်နေတဲ့ လူကြီးတစ်ယောက်တွေ့တော့ ကျွန်တော့်အဖေ ထင်ပြီး ကျွန်တော် ပြေးသွားတယ်၊ အနားရောက်တော့ အဲဒီလူကြီးက အော်ရယ်ပြီး ငါ မြမောင်လို့လဲပြောရော ကျွန်တော် အရမ်းဒေါသထွက်ပြီး အဲဒီလူကြီးကို အတင်းပြေးတွန်းလိုက်တယ်၊ အဲဒီလူကြီးက ကျွန်တော့် လည်ပင်း ဖမ်းထားတော့ သူရော ကျွန်တော်ရော ချောက်ကြီးထဲ ပြုတ်ကျသွားရော၊ လန့်နိုးတော့ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေတာပဲ အန်တီရယ်"



မိမိကြီးက လင်းဇော်ကို ကြည့်ရင်း မသက်မသာ နားထောင်နေလိုက်မိသည်။

"သားရယ်၊ မင်း အစွဲအလမ်းတွေကို တတ်နိုင်သလောက် ဖျောက်ပစ်လိုက်ပါ၊ တို့ ဗုဒ္ဓဘာသာမှာ ရန်ကိုရန်ချင်း မတုံ့နှင်းရဘူးလို့ မြတ်စွာဘုရား ဟောခဲ့တာပဲ၊ မေတ္တာတရားနဲ့သာ အရာရာကို အောင်နိုင်မှာ၊ မင်းအမေကို ဒုက္ခပေးခဲ့တဲ့သူ၊ မင်းမှာ အဖေခေါ်စရာ မရှိတဲ့ ဘဝကို ရောက်အောင် လုပ်ခဲ့သူလို့ မင်း စိတ်ထဲက စွဲပြီး ဦးမြမောင်ကို အငြိုးကြီးနေသမျှ မင်းပဲ ပူလောင်နေမှာ၊ မေ့ထားလိုက်ပါ သားရယ်"

မိမိကြီး ပြောသမျှကို နားထောင်နေသော်လည်း သူ့ရင်တွင်းက အစိုင်အခဲက ကြီးမားနေဆဲဆိုတာ မိမိကြီး ခန့်မှန်းနိုင်ပြန်သည်။

"ကျွန်တော့် ရင်ထဲမှာ ပူလောင်နေတာ ကျွန်တော်လည်း မကြိုက်ဘူး အန်တီ၊ အဲဒီအစွဲအလမ်းကြီး ကျွန်တောလည်း ပျောက်သွားချင်တာပါပဲ ဒါပေမယ့် ဘယ်လို ဘယ်လိုရောက်ပြီး အမြစ်တွယ်နေမှန်းမှ မသိတာ၊ မတွေးဘဲ ရောက်ရောက်လာတာပဲ အန်တီ၊ အဲဒီလို ရောက်လာရင် ကျွန်တော် ဦးမြမောင်ကို မုန်းတယ်၊ ကျွန်တော် အလိုမကျတာ၊ ခံစားနေရတာ အားလုံးရဲ့ တရားခံဟာ ဦးမြမောင် ဖြစ်သွားတယ်၊ သူနဲ့ပတ်သက်တဲ့ လူတွေရော သူ့ကိုပါ ဒီဘဝမှာ ကျွန်တော် မတွေ့ချင်ဘူး၊ တွေ့ရင် ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းနိုင်မယ် မထင်ဘူး အန်တီ၊ နာတာ မုန်းတာတွေ

အလိုလို ပေါ်လာမှာပဲ"

"အေးလေ . . . မင်း ငယ်ငယ်လေးကတည်းက ရင်ထဲမှာ ရလိုက်တဲ့ ဒဏ်ရာဆိုတာ အန်တီ နားလည်ပါတယ်၊ လွယ်လွယ်နဲ့တော့ ဘယ်ပျောက်ပါ့မလဲ၊ မင်း ပထမ ဦးသန်းဖေကို နာမယ်၊ သူ့အသံကြားပြီး တုန်တုန်လှုပ်လှုပ်ဖြစ်တိုင်း သူ့ကြောင့်ဆို ဒေါသထွက်မယ်၊ ဒါပေမယ့် သူပြောတာတွေ အမှန်ပါလား သိရတော့ သူ တရားခံ မဟုတ်ဘူး၊ သူ့ကြောင့် မဟုတ်ဘူးလို့ မင်း သိနေပြန်ရော၊ ဒါနဲ့ တရားခံက ဘယ်သူလဲ၊ မင်း အမေပဲလား၊ ဘာလား . . . မင်း ဝေခွဲမရ ဖြစ်နေခဲ့တယ်၊ နောက်ပြီး ဦးမြမောင်ကြောင့် မင်းအမေ စ ပျက်စီးရတာပဲလို့ ဦးမြမောင် မင်းအမေကို စော်ကားတဲ့ ကိစ္စ မင်း သိရပြန်တော့ တရားခံဟာ ဦးမြမောင် ဖြစ်သွားမယ်၊ ဒါတွေက မင်း နှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေလို ဖြစ်နေပြီ၊ အစွဲအလမ်းကြီးလို ဝင်နေပြီ၊ ဘာဖြစ်ဖြစ်သားရယ် တတ်နိုင်သလောက်တော့ စိတ်ကို လျှော့ပါ၊ မင်းမှာက ငယ်ငယ်ကတည်းက အငြိုးထားတတ်တဲ့ စိတ်ကိုလဲ အန်တီ သတိထားမိပါတယ်၊ ဒါ မကောင်းတဲ့ အကျင့် တစ်ခုပဲ"

"ဘဦးကိစ္စ အန်တီ ပြောတာလား"

"ဟုတ်တယ်"

"သူက ကျွန်တော့် အမေနဲ့ ပတ်သက်လို့ စော်ကားတဲ့ ကိစ္စမို့ ကျွန်တော် စိတ်မကျေဘဲ အငြိုးထားမိတာပါ"

"အဲဒါ ပြောတာပေါ့၊ မင်းအမေနဲ့ ပတ်သက်လာတာမျိုး၊





မင်းအဖေမရှိတဲ့ ပျော့ကွက်ကို နင်းလာတာမျိုး ကြုံရင် မင်းမှာ ရန်ငြိုးသိုတတ်တဲ့ အကျင့်ရှိနေတယ်"

"ဦးမြမောင်နဲ့ ပတ်သက်လာရင်လည်း ကျွန်တော် ဒီလိုပဲ ဖြစ်မယ်ထင်တယ် အန်တီ"

"အန်တီ စိုးရိမ်တာလဲ ဒါပါပဲ၊ ဒေါသဖြစ်ရင် မောဟပါ ပါလာပြီး အမှန် အမှား ဝေခွဲလို့ မရတော့ဘူးပေါ့ကွယ်၊ စိတ်ကို အေးအေး ထားတတ်အောင် လေ့ကျင့်ယူပါဦး"

မောင်လင်းဇော် လေပူမှုတ်ထုတ်တာ တွေ့လိုက်ရ၏။

အိမ်ရှေ့ ခြံဝမှ လက်ပံပင်ဆီ လှမ်းငေးနေပြန်သည်။ လက်ပံပင်ပေါ်မှာ လက်ပံပွင့် နီနီရဲရဲတွေကို စူးစိုက် ကြည့်နေလေသလား။

မိမိကြီးက နေရာမှ ထသွားတော့၏။

# အပိုင်း (၄)

## (၁)

ဒဏ္ဍာရီတစ်ခုနှယ် မေ့လွယ် ပျောက်လွယ် ဖြစ်ချင်ပါသည်ငြိမ်း။

ခပ်သိမ်းသော အမှတ်တရတို့သည်ကား သောင်ပြင်ပေါ်မှ ခြေရာများပမာ ကာလရေအတက်မှာ ပျောက်ပျက်၍ သွားပါလျှင် ဘယ်လောက်ကောင်းလေမလဲ။

ကြေကွဲ၍ တသနေရခြင်းလည်း ရှိမည်မထင်။

နာကြည်း၍ လောင်မြိုက်နေရခြင်းလည်း ခံစားရတော့မည်မဟုတ်။ စွဲလမ်းမှု တောအုပ်ကို ပြာကျအောင် လောင်နိုင်သည့် မေ့လျော့ခြင်း မီးပွားကို မျှော်လင့်နေမိပြန်ပါသည်လေ . . . ။

အခုတော့ . . . အန်တီ ပြောပြခဲ့သမျှသည် နှလုံးသားမှာ စွဲထင်နေသည့် အရိပ်ကြီး တစ်ခုနှယ် . . . ။ အာရုံအားလုံးကို နှိုးဆွခံစားစေနိုင်သည့် အပြစ်ကြီး တစ်ခုနှယ်။ ရင်၌စွဲမြဲတည်ရှိနေခဲ့ပြန်သည်ပဲ။

သည်အကြောင်းတွေ ပြန်တွေးမိတိုင်း လှိုင်းထန်ယောက်ယက်ခတ်ကာ ရင်ထဲမှာ မုန်တိုင်းထန်နေတတ်စမြဲ။ မကျေနပ်ခြင်း၊ ခံပြင်းခြင်း၊ အလိုမကျခြင်း၊ ဒေါသမာနတို့ဖြင့် ရင်သည် အတိုင်းအဆ မသိ ပူပြင်း တောက်လောင်နေစမြဲပင်။

အစဉ်နူးနူးညံ့ညံ့ ရှိတတ်သော စိတ်သည် မုန်ယိုသော ဆင်ရိုင်းသို့ ရိုင်းပျချဖ်၏။ သိမ်သိမ်မွေ့မွေ့ ရှိစမြဲ အမူအရာတို့သည် အစခံရသည့် မြွေဟောက်နှယ် ဒေါသဖြင့် မာန်ဖီတတ်လာ၏။

သည်အကြောင်းတွေကို ဘာသာသိလို့ ငြိမ်းကို ကို ရှောင်နေတာပါ ငြိမ်းရယ်။

အစွန်းရောက်တဲ့ ခံစားချက် နှစ်ရပ်လွန်ဆွဲလို့ ကို့ ရင်ထဲမှာ ပူလွန်းလှပါတယ် ငြိမ်း။

ကို . . . ငြိမ်းကို သိပ်ချစ်တယ်။

ကို . . . ငြိမ်းကို ဦးမြမောင်တူမ၊ မွေးစားသမီးမို့ သိပ်နာတယ်။



(၂)

ညို့၍တက်လာသော မိုးသည် အငြိုးနှင့်ရွာတော့မည် ပြင်သည်။

မိုးပေါက်တွေ ကျလာတာ တဖြည်းဖြည်း သိပ်သည်းလာပြီ။ ဟိုး . . . ခပ်ဝေးဝေးမှာတော့ မှောင်မည်းနေအောင် မိုးသည်းနေပြန်၏။

"သမီး"

အပြင်ကို ငေးနေရင်း ပြတင်းဝမှာ ရပ်နေသည့် ငြိမ်းအနားကို မေမေ ရောက်လာသည်။ မေမေ့ကို တစ်ချက် ငဲ့ကြည့်လိုက်၏။

"မေမေ ပြောထားတာ သမီး မငြင်းပါနဲ့ကွယ်၊ ဟိုဘက်ကလည်း ခဏခဏ နားပူလှပြီ၊ မေမေ မျက်နှာ မထားတတ်တော့ဘူး"

လွန်ခဲ့သည့် တစ်ရက်နှစ်ရက်က စကားကို မေမေ ပြန်စ၏။ ငြိမ်းကို လက်ထပ်ပေးရန်ကိစ္စ မေမေက ခေါင်းညိတ်ရန် တိုက်တွန်း

ခဲ့သည့် စကားတွေ ငြိမ်း ပြန်သတိရသည်။

"ငြိမ်းမှ အဲဒီလူကို မချစ်တာဘဲ မေမေရယ်"

ဟု မကြည့်ဘဲ ပြန်ဖြေသည်။

"ဒါပေမယ့် သမီး လက်ထပ်သင့်တဲ့သူပဲ"

မိုးတစ်ချက်ဝေ့ အပက်မှာ မိုးစက်တွေ မျက်နှာကို ထိစဉ် လာ၏။ မှန်ပြတင်းကို ငြိမ်း ဆွဲပိတ်လိုက်သည်။

"မိုးပက်တယ် မေမေ . . . လာ"

မေမေ့ လက်ကိုဆွဲကာ ကပ်လျက် ဧည့်ခန်းဆီ လျှောက်၏။

ဧည့်ခန်းမှာ မေမေနှင့်အတူ နှစ်ယောက်ထိုင် ဆက်တီခုံမှာ ငြိမ်း ထိုင်လိုက်သည်။

"သမီးရယ် . . . လက်ထပ်တယ်ဆိုတာ အချစ်က ပဓာန မကျပါဘူး၊ အချစ် တစ်ခုတည်းနဲ့ ဘဝကို သမီး ဘယ်လို ထူထောင်မှာလဲ"

"အချစ် မပါတဲ့ ဘဝကို သမီး မထူထောင်ချင်ပါဘူး မေမေ၊ အချစ်ကို အခြေခံပြီး နှစ်ယောက်ရုန်းကန်ရတဲ့ ဘဝကို သမီး လိုချင်တယ်"

မေမေက ငြိမ်းကို စူးစိုက်ကြည့်နေ၏။

"သမီး မောင်လင်းဇော်ကို သံယောဇဉ် မပြတ်သေးတာလား"

မေမေ့ စကားကြောင့် မေမေ့ မျက်နှာဆီ အကြည့် ပို့သည်။ ပြီးတော့ သက်ပြင်းတစ်ခု ချလိုက်၏။





"သမီး သူကလွဲရင် ဘယ်သူ့ကိုပဲ လက်ထပ်လက်ထပ် မေမေ ခွင့်ပြုနိုင်မယ်၊ သမီးမှာ လက်ထပ်ရမယ့်သူ ရှိရင် မေမေ့ကို ပြော၊ မေမေတို့ သဘောကတော့ မောင်တင်ထွဋ်ကိုပဲ လက်ထပ်စေချင်တယ် သမီး"

မေမေ့ ဆုံးဖြတ်ချက် မပြောင်းသေးပါလား သိလိုက်ရသည်။ ကိုက လွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး ဆိုသည့် ရင်ထဲက စကားကို ငြိမ်း ပြောချင်သော်လည်း မပြောဘဲ ငြိမ်နေလိုက်၏။ သည်အချိန်မှာ ပြောလိုက်မိပါက မေမေ သူ့ကို အယုံအကြည် နည်းသွားမှာ စိုးရိမ်သည်။

"မောင်လင်းဇော်ကတော့ မျိုးရိုးအောက်တန်းကျ သလောက် ယုတ်မာတဲ့ သူငယ်ပဲ၊ မေမေ စဉ်းစားကြည့်တယ်၊ မေမေ သူ့ကို သွားတွေ့ပြီး ပြောလိုက်တာကို သူ ရှက်သွားပုံရတယ်၊ ထားထားရှိန်ကို သူက အငြိုးနဲ့ဂလဲ့စား ချေသွားတာလား မသိဘူး၊ ငါ့ တူမလေးက သမီးအစား ဓားစာခံ ဖြစ်သွားရရှာတာနေမှာ . . ."

"မေမေရယ် ထင်တာတွေကိုချည်း လျှောက်ပြောမနေပါနဲ့"

"ဖြစ်နိုင်တာတွေ မေမေ တွေးတာလေ . . ."

ထားထားရှိန်ဟာ မေမေ တူမမှန်းသိလို့ သူ တမင်ကြံစည်တာ မဖြစ်နိုင်ဘူးလား"

"သူ့ကြောင့် သေရတာလဲ ဟုတ်ချင်မှဟုတ်မှာပါ မေမေ"

ကို . . . ငြိမ်းကို ပြောပြခဲ့သည်တို့ကို မေမေ သိအောင် ပြောပြချင်သော်လည်း ကိုနှင့် ငြိမ်း အဆက်အသွယ် ရှိတာ မေမေသိ

သွားမှာစိုးလို့ မပြောဖြစ်။ ပြောလိုက်လျှင် မေမေက ယုံမည် မဟုတ်ကြောင်း သိပြန်သည်။

"အိမ်ဖော်လုပ်တဲ့သူက မွေးလို့ မျိုးရိုး မကောင်းဘူးလို့ မေမေ ပြောတာလည်း သမီး လက်မခံဘူး မေမေ၊ ဆင်းရဲတာ ချမ်းသာတာပဲ ကွာခြားတဲ့ ကိစ္စပါ၊ သေဌေးက သေဌေးအလုပ် လုပ်စားတယ်၊ ဆင်းရဲတဲ့သူက ဆင်းရဲသူတွေ လုပ်နိုင်တဲ့ အလုပ်ပဲ လုပ်စားရမှာပေါ့"

"ဟဲ့ . . . ပြီးတော့ သူ့ အမေက ခပ်ရှုပ်ရှုပ်တဲ့၊ ဖအေတောင် အတိအကျရှိရဲ့လား မသိဘူး"

"မေမေ့ကို သမီး တစ်ခုပြောချင်တယ် မေမေ၊ ကျွန်စစ်သားမင်းဟာ ရာဇဝင်မှာ ဒီလောက် ထင်ရှားပြီး အများပြည်သူ ကြည်ညိုချစ်ခင်တဲ့ မင်းကြီးပဲ၊ ဒါပေမယ့် သူ့ မျိုးရိုးအတိအကျကို ရာဇဝင်မှာ မတွေ့ရဘူး၊ အနော်ရထာမင်းကြီးက တခြားတိုင်းတစ်ပါးက ဆက်သတဲ့ မင်းသမီး တစ်ပါးက မွေးဖွားတာလို့ ရာဇဝင်မှာ ပါတယ်၊ ဒါပေမယ့် သူ့ အမေ သူ့ဖခမည်းတော်ပေါ့၊ အဲဒါကျတော့ အတိအကျ မပါဘူး မေမေ၊ တချို့စာတွေထဲမှာ အနော်ရထာမင်းက အဲဒီ မင်းသမီး သူနဲ့ကိုယ်ဝန်ရပြီးမှ အမျက်ရှလို့ ပရိမ္မာကို နှင်ထုတ်လိုက်ရာက ပရိမ္မာမှာ ကျွန်စစ်သားကို မွေးတယ်လို့ ပါတယ်၊ တချို့စာတွေထဲမှာကျတော့ ပရိမ္မာကို အပို့ခံရတဲ့ မင်းသမီးနဲ့ အဲဒီ အရပ်က တခြားသူ တစ်ယောက်ယောက်နဲ့ လက်ထပ်သင့်မြတ်ပြီး ကျွန်စစ်သားကို မွေးဖွားတယ်လို့ ပါပြန်တယ် မေမေ၊ သမီး ပြောချင်တာက





ကျွန်စစ်သားလို သူရဲကောင်းတစ်ယောက်၊ မင်းကောင်း တစ်ယောက်ဖြစ်လာတဲ့ လူတစ်ယောက်ရဲ့ မျိုးရိုးဟာ တိတိကျကျ ရာဇဝင်မှာ မရှိဘူး၊ မေမေတို့ စကားနဲ့ ပြောရင် မျိုးရိုးနိမ့်တယ်၊ ဒါပေမယ့် သူ့ အရည်အချင်းနဲ့ သူ့ အရည်အသွေးဟာ မျိုးရိုးနဲ့မှ မဆိုင်ဟာပဲ မေမေရယ်"

မေမေက မျက်နှာ တည်သွားသည်။

"ကဲ . . . တော်တော့ ငြိမ်း၊ မေမေ့ကို ရာဇဝင်တွေ ဘာတွေနဲ့ တရား လာမဟောနဲ့၊ ကျွန်စစ်သားက ကျွန်စစ်သားပဲ၊ ဟိုလူယုတ်မာလေးက မေမေတို့အိမ်မှာ လုပ်သွားတဲ့ အိမ်ဖော်ရဲ့ သား၊ ဒီလိုလူမျိုးနဲ့ မေမေ ဘယ်တော့မှ သဘောတူမှာ မဟုတ်ဘူး၊ အဲဒါ ငြိမ်း သိထားဖို့ပဲ"

ပြောပြီး မေမေ ထရပ်သည်။ ထရပ်ပြီးမှ ငြိမ်းကို ငုံ့ကြည့်လျက် . . .

"ညည်း ဒီသူငယ်ကို အခုထိတောင် မနာနိုင်ဘူးလား ငြိမ်း၊ ငါ အံ့ဩတယ်"

"သူနဲ့ သမီး ရန်ငြိုးမှ မရှိတာ"

နှုတ်က ထွက်သွားပြီးမှ မှားသွားပြီလား နောင်တရသည်။ မေမေက သူ့ စိတ်ကို ရိပ်မိသွားမှာ စိုးပူလိုက်ပြန်၏။

❀ ❀ ❀

## (၃)

ငြိမ်း မေမေ အိမ်ရောက်လာပြီး သူ့ကို ပြောသွားသည့်နောက် သူ့ ရင်ထဲမှာ ဝေဒနာတစ်ခုလို ဖိစီးပြီး လှုပ်ရှားယောက်ယက်ခတ်သည်။ ရှက်ရွံ့ခြင်း၊ နာကြည်းခြင်း၊ ကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်းတို့ ရောပွမ်းကာ နာကျင်လောင်မြိုက်သည်။

ငြိမ်းနှင့် သူလည်း ဝေးပြီဟု သူ နားလည်လိုက်၏။

ငြိမ်းကို စာရေးလိုက်ပြီဆိုသည့် စကားနှင့်ပင် ငြိမ်းကို သူ မျက်နှာချင်းဆိုင်ရန် ရှက်နေမိပြန်၏။ ငြိမ်း သူ့ဘဝကို နားလည်နိုင်မည် သိသော်လည်း သူ့ဘာသာ လိပ်ပြာမလုံချင်။

ဘယ်လိုနည်းနှင့်မျှ ငြိမ်းနှင့် ဆုံစရာ လမ်းစမရှိတော့ဟုလည်း တွေးကာ ကြေကွဲစွာ ခံစားလိုက်ရပြန်၏။

အလုပ်ထဲမှာ စိတ်ကို နှစ်ထားကြည့်သည်။ စိတ်နှင့် ကိုယ်ကား မကပ်။ အလုပ်မပြတ် လုပ်နေလျက် သည်အကြောင်းတွေက အတွေးမှာ ရစ်ဝဲပေါ်လာစမြဲ။ အလွဲလွဲအချော်ချော် ခဏခဏ ဖြစ်ရပြန်သည်။

သည်အချိန်မှာ ထားထားရှိန်နှင့် သူဆုံ၏။



ထားထားရှိန် အလှက လတ်ဆတ်သည်။ ခေတ်ဆန်သည်။ သို့သော် မရိုင်း။ ထားထားရှိန် အနေအထိုင်က ရဲတင်းသည်။ ဖျတ်လတ်သည်။ သို့သော် မကလက်။ ထားထားရှိန် စကားက ပွင့်လင်းသည်။ နားချိုသည်။ သို့သော် မန္တွ့မလျ။ ထားထားရှိန်နှင့် အလုပ်သဘော ရင်းနှီး ကျွမ်းဝင်စွာ အလုပ်လုပ်ရင်း ထားထားရှိန်ကို သူ ခင်သွားသည်။

ထားထားရှိန်မှာ ဟန်မရှိဟု သူ ယုံသွား၏။

"မင်း ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

တနင်္ဂနွေနေ့ တစ်နေ့ အိမ်ကို ခင်မောင်ထွေး ရောက်လာသည်။ သူ့ကို တွေ့တွေ့ချင်း မသွယ်မဝိုက် မေးချလိုက်၏။

"ထားထားရှိန်ကို ပြောတာ ဖြစ်မှာပေါ့"

"နာမည် ငါ မသိချင်ပါဘူး၊ ငါ မေးတာ ဟုတ်လား"

"ဟုတ်တယ် ခင်မောင်ထွေး၊ သူတို့ ကုမ္ပဏီနဲ့ ငါတို့ ကုမ္ပဏီ လုပ်ငန်းအရ အဆက်အသွယ်ရှိတယ်၊ သူနဲ့ငါ အဲဒီကိစ္စနဲ့ ရင်းနှီးရင်း တစ်ယောက်နဲ့တစ်ယောက် နားလည်ပြီး တွဲဖြစ်သွားတယ်"

ထားထားရှိန် ရုပ်ရှင်ကြည့်တာ ဈေးသွားတာ ဟိုနား ဒီနား သွားတာအစ ထားထားရှိန်နှင့် သူပါနေခဲ့တာ တွေ့ကြပြီး ခင်မောင်ထွေးဆီအထိ သတင်း ရောက်ဟန် တူ၏။

"မင်းက ဘာလဲ၊ ငြိမ်း တစ်ယောက်တည်းပဲ ချစ်တာပါဆို"

"ငါ ဘာလို့ ညာရမှာလဲကွာ"

"ဘာလဲ၊ မင်းက ဖြတ်လိုက်တာလား၊ မင်းက ဒီမှာ အသစ်တွေ့လို့ ငြိမ်းကို ဖြတ်လိုက်တာပေါ့"

ခင်မောင်ထွေး အနားမှာ သူ ဝင်ထိုင်လိုက်သည်။

"မဟုတ်ဘူး ခင်မောင်ထွေး၊ ငြိမ်း အမေကိုယ်တိုင် ငါ့အိမ်လိုက်လာတယ်၊ ပြီးတော့ သူ့ သမီးနဲ့ ဘယ်လိုမှ သဘောမတူနိုင်ပါဘူး၊ ဖြတ်ပေးပါ ပြောသွားတယ်"

ကျန်ကိစ္စတွေကိုတော့ သူ ချန်ထားလိုက်သည်။

"ဒါများကွာ . . . ဘာဆန်းလို့လဲ၊ သူ့အမေကတော့ ဒီလိုပဲ ပြောမှာပေါ့"

"မဟုတ်ဘူး၊ ငါလည်း စဉ်းစားတယ် တစ်နေ့ဝေးရမယ့် အတူတူ အခုလို တစ်ယောက်တစ်နေရာ ရှိနေတဲ့ အချိန်မှာ ဖြတ်တာ ကောင်းမယ်၊ ငါကတော့ အဲဒီနေ့က စပြီး ငြိမ်းနဲ့ငါ ပြတ်သွားပြီလို့ ယူဆလိုက်တယ်"

"မဟုတ်တာကွာ၊ ငြိမ်း သဘောရှိသေးတာပဲ၊ ငြိမ်းဆီက စာမလာဘူးလား"

"မလာသေးဘူး၊ လာရင်လည်း မဖတ်တော့ဘူး ငါ ဆုံးဖြတ်ထားတယ်၊ မင်းမသိပါဘူး ခင်မောင်ထွေးရာ၊ သူနဲ့ငါ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး၊ နှစ်ယောက်လုံး သက်သက်သာသာ ခံရမယ့် နည်းကို စဉ်းစားရုံပဲ ရှိတော့တယ်"

"သေသေချာချာ စဉ်းစားပါဦးကွာ၊ ငြိမ်း မင်းကို ဘယ်





ငြိမ်းနှင့် ပတ်သက်၍ ခင်မောင်ထွေး နာပြီဟု နားလည်၏။ ငြိမ်း ကိုယ်စား ပြောရမည့် တာဝန်ရှိသူဟု ခင်မောင်ထွေး သတ်မှတ်ထားပုံရ၏။

"အေးလေ . . ."

"ဒါဆို . . ."

"ငါ ထားထားရှိန်ကို ချစ်ပါတယ် မပြောမိပါဘူး၊ သူကလည်း ငါ့ကို ချစ်တယ် မပြောဖူးပါဘူး၊ သူ အရင်က တစ်ယောက်ပြီး တစ်ယောက် တွဲခဲ့တယ်၊ အခု ငါနဲ့တွေ့တော့ သူ့မှာ အတွဲမရှိဘူး၊ ငါ့စိတ်ကို သူက ကြိုက်တယ် ပြောတယ်၊ ဒါနဲ့ သူနဲ့ ငါ တွဲဖြစ်တာပဲ"

"လင်းဇော်ရာ၊ မင်းဘာတွေ လျှောက်လုပ်နေတာလဲ"

ခင်မောင်ထွေး သူ့ကို နားမလည်ဟန် ညည်းညူတော့၏။

"ဘာပဲဖြစ်ဖြစ် မင်း ငြိမ်း အပေါ်မှာ သစ္စာဖောက်တာပဲ လင်းဇော်"

မျက်နှာသုတ်ပဝါကို သံကြိုးတန်းမှာ လှန်းရင်း . . .

"ငြိမ်းနဲ့ ငါ ပြတ်သွားပြီ"

ဟု သူပြော၏။

"ဘာပြောတယ်ကွ"

ခင်မောင်ထွေး နှုတ်မှ အံ့သြစကား ထွက်လာသည်။

"ငါ တကယ်ပြောတာ ခင်မောင်ထွေး၊ အေးအေးကိုလည်း ပြောပြလိုက်ကွာ"

"မဖြစ်နိုင်တာကွာ"

လောက် ချစ်တယ်ဆိုတာ ငါတို့လည်းသိတာပဲ၊ ငြိမ်း မင်းကို ဘယ်လိုမှ ခွဲသွားမှာ မဟုတ်ပါဘူး"

"မဟုတ်ဘူး၊ သူ ငါ့ကို ခွဲသွားနိုင်မှာပါ၊ သူ့ အမေမှာ ငြိမ်းကို ပြောပြဖို့ အကြောင်းပြချက်တွေ ခိုင်ခိုင်လုံလုံရှိတယ်"

ခင်မောင်ထွေးက ခေါင်းခါယမ်းသည်။

"မင်း ထင်တာတွေ လျှောက်မလုပ်ပါနဲ့ လင်းဇော်ရာ၊ ငြိမ်းပြန်ရောက်မှ ငြိမ်းနဲ့တွေ့ပြီး ဆုံးဖြတ်စမ်းပါ၊ ဒီကြားထဲ အခုတွဲတဲ့ကောင်မလေးကို လက်ထပ်တာတို့ ဘာတို့ . . . "

သူရယ်သည်။ ပြီးတော့ ခင်မောင်ထွေး ပခုံးကို လက်ဖြင့်ပုတ်ရင်း . . .

"စိတ်ချပါကွာ၊ ငါနဲ့ ထားထားရှိန်က လက်ထပ်ကြရမယ့်သူတွေ မဟုတ်ပါဘူး၊ သူကလည်း သူ တကယ်ယူမယ် ဆုံးဖြတ်ထားတဲ့ သူက နိုင်ငံခြားအပြီး ထွက်သွားလို့ စိတ်လေနေတာလေ၊ ငါကလည်း ငါ့အပူနဲ့ ငါ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်ပြီးတွဲနေကြတာပါ"

"ငါတော့ မကြိုက်ဘူး လင်းဇော်၊ အေးအေးကလည်း မင်းကို ဒေါပွနေတယ်"

"မင်း ရှင်းပြလိုက်ပါဦးကွာ၊ ကဲ . . . လာ . . . လက်ဖက်ရည်ဆိုင် သွားရအောင်"

ပြောပြီး ထရပ်လိုက်၏။





သည်တုန်းကသာ ထားထားရှိန်ဟာ ဦးမြမောင်ရဲ့ တူမဆိုတာ သိခဲ့လျှင် ထားထားရှိန်အပေါ်မှာ ကို အပြြုံးသို့ခဲ့မှာ အမှန်ပါ ငြိမ်း၊ ကို့ အမေကို နှိပ်စက်ခဲ့တဲ့ သူဌေးသမီး တစ်ယောက်ရဲ့ သမီးပါလို့ ကို သိခွင့်ရခဲ့လျှင် ထားထားရှိန်အပေါ်မှာ ကို ယုတ်မာမိမှာပဲလို့ ထင်ပါတယ် ငြိမ်း။

ကို့ အမေနဲ့ ပတ်သက်တဲ့ အတွေးတွေ ဝင်လာတိုင်း ကို့ရင်တစ်ခုလုံး ဗလောင်ဆူနေရပြီလေ။ ကြမ်းတမ်းခြင်း၊ ရိုင်းစိုင်းခြင်း၊ ယုတ်မာခြင်း စတဲ့ မကောင်းတဲ့စိတ်တွေ အလျှံဝေလာတတ်ပြန်သည်လေ။ အဲဒီလို စိတ်ရိုင်း စိတ်ယုတ်တွေ ဝင်တာ မကောင်းဘူးသိပေမယ့် ကို မတားနိုင်ဘူး၊ အဲဒီအချိန်မှာ ကို အရာရာကို မေ့နေတတ်ပါတယ် ငြိမ်း။

ဒါကြောင့်လည်း ငြိမ်းကို ကို ရှောင်နေတာပေါ့။

ငြိမ်း အပေါ်မှာ ကို ကလဲ့စားချေတာမျိုး မဖြစ်ချင်ပါဘူး၊ ငြိမ်းကို ရန်သူတစ်ယောက်လို ကို မသတ်မှတ်ချင်မိဘူး။ ငြိမ်းက ကို့ ချစ်သူပဲလေ။

ဒါပေမယ့် ငြိမ်းဟာ ဦးမြမောင်ရဲ့ တူမ၊ မွေးစားသမီး။ ငြိမ်း အမေဟာလည်း ကို့ အမေကို နှိပ်စက်ခဲ့သူတစ်ဦး။ ဒါတွေကို ကို မေ့လို့ မရပြန်ဘူး။

ကို ဘာလုပ်ရမလဲ ငြိမ်းရယ်။

## (၄)

အိပ်မက်ဆိုးတွေ ခုတလော ခဏခဏ မက်လေ့ ရှိပြန်၏။ အိပ်မက်ထဲမှာ ငြိမ်းနှင့် ဆုံသည်။ ငြိမ်းကို တောင်ကုန်းတစ်ခုပေါ် အရောက် သူ ခေါ်သွား၏။ တောင်ကုန်းထိပ် တစ်ဘက်မှာ ချောက်ကမ်းပါးကြီး ရှိနေသည်။ လေတွေက တဝူးဝူး တိုက်နေ၏။ တောင်ကုန်းထိပ်ရောက်တော့ ငြိမ်းကို သူ မွတ်သိပ်ပြင်းပြစွာ နမ်းသည်။ ငြိမ်းက သူ့ကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထား၏။ ငြိမ်းကို နမ်းနေမိရာမှ ရုတ်တရက် ငြိမ်းကို သူ တွန်းချလိုက်သည်။ သူရော ငြိမ်းပါ ချောက်ကမ်းပါးကြီးထဲသို့ ထွေးလုံး ကျသွားတော့၏။ ချောက်ကမ်းပါးနက်နက်ထဲမှာ အော်သံကြီးတစ်ခုကို သူတို့ လေထဲရှိစဉ်မှာပင် ကြားနေရပြန်သည်။ ထိုအော်သံကြီးက ဦးမြမောင်၏ အော်သံကြီး။ လန့်နိုးတော့ တစ်ကိုယ်လုံး ချွေးတွေဖြင့် ရွှဲရွှဲစိုသည်။ ငယ်ငယ်က မက်ခဲ့သည့် အိပ်မက်ကို ပြန်သတိရမိပြန်၏။ သည်တုန်းက ဦးမြမောင်ကို သူ တွန်းချလိုက်ရင်း သူရော ဦးမြမောင်ပါ ချောက်ထဲကျသွားသည်။ အခု ဦးမြမောင်အစား ငြိမ်း ဖြစ်နေပြန်သည်။

အိပ်ရာက ထပြီး ရေသောက်၏။

ပြန်အိပ်မရတော့ဘဲ ငြိမ်းကို သူ သတိရနေမိပြန်သည်။ ကြည့်စမ်း အိပ်မက်ထဲကလို သူ ငြိမ်းကို တစ်ခါမှ မနမ်းခဲ့



ဘူးပါလားဟု တွေးမိပြန်၏။

ငြိမ်း၏ ဆံစဖားလျားကို ယုယစွာ နမ်းခဲ့ဖူးသည်။

ငြိမ်း၏ လက်ဖျားလေးတွေကို ဆုပ်ကိုင်ရင်း ဖွဖွနမ်းခဲ့ဖူးသည်။ ငြိမ်း၏ ပခုံးကို ခေါင်းငုံ့လျက် မထိတထိ နမ်းခဲ့ဖူးသည်။

ငြိမ်း ပါးပြင်ကို ညင်ညင်နမ်းလျက် နားသယ်ဆံစလေးတွေကို လေဖြင့် လွင့်လူးစေခဲ့ဖူးသည်။ သည်လောက်ပါပဲ။ သည့်ထက် သူ မပိုခဲ့ဖူး၊ ချစ်သူဘဝမှာ သည်ထက်ပို၍ သူ အခွင့်အရေး မယူခဲ့မိ။ သူ့အမေကို ဖျက်ဆီးခဲ့သည့် ယောကျာ်းတွေနှင့် သူ တစ်တန်းစားတည်း မဖြစ်လို။ မနေလို။ သူ့ကို အခွင့်အရေး ယူတတ်တဲ့ ယောကျာ်းလို့ ထင်မှာ သူ စိုးရိမ်နေတတ်စမြဲ။

အခုတော့ အိပ်မက်ထဲမှာ သူ ငြိမ်းကို နမ်းလိုက်မိသည်။

ရင်ထဲမှာလည်း ပူလောင်လျက် ရှိနေဆဲ။

မနက်ရုံးပိတ်ရက်မို့ အိပ်ရာထ နောက်ကျသည်။ ခင်မောင်ထွေးနှင့် လက်ဖက်ရည်ဆိုင်မှာ ချိန်းထားတာ သတိရပြီး ကပျာကသီထ၏။ ရေမိုးချိုး အဝတ်အစားလဲပြီး လက်ဖက်ရည်ဆိုင်ဘက် သူ ထွက်ခဲ့သည်။ နောက်ကျနေပြီဟု သိလိုက်၏။

ဆိုင်ထဲဝင်လိုက်တော့ ခင်မောင်ထွေးနှင့် အေးအေးကို တွေ့သည်။ အေးအေးပါလာလို့ ဒီကောင်လိုက်မလာတာပဲ သူ သိ

လိုက်၏။

"ဘာလဲ အခုမှ နိုးလာတာလား"

ဝင်ထိုင်တော့ အေးအေး မေးသည်။ သူ ခေါင်းညိတ်ပြလိုက်၏။ လက်ဖက်ရည်ချိုပေါ့ကျ တစ်ခွက် မှာလိုက်ရင်း ဆေးပေါ့လိပ် တစ်လိပ်ယူကာ မီးညှိဖွာသည်။

"ဒီကောင် ကဗျာရေးနေတာလား ဒိုင်ယာရီ ရေးနေတာလား၊ တစ်ခုခု ဖြစ်မှာပေါ့၊ ကျောင်းတုန်းကဆို မိုးလင်းအောင် ထိုင်ထိုင်ရေးနေတတ်တာ"

ခင်မောင်ထွေးက သူ့ကို ကြည့်ရင်း ပြောသည်။ ဒိုင်ယာရီလည်း မဟုတ် သူ ခံစားရသမျှကို မှတ်တမ်းရေးတတ်သည့် အကျင့်သူမှာ ရှိတာ ခင်မောင်ထွေး သိသည်။ ကဗျာလေး ဘာလေးလည်း တစ်ခါတစ်ခါ မတောက်တခေါက် သူရေးတာကို ခင်မောင်ထွေးတို့က ဖတ်ပြီး ဟားနေကျ။

"မဟုတ်ပါဘူးကွာ၊ အိပ်မပျော်လို့ပါ"

လာချပေးသည့် လက်ဖက်ရည် ပန်းကန်ကို နေရာရွှေ့ရင်း သူ ပြောသည်။

"ကိုလင်းဇော်ကို တစ်ခုပြောမလို့ အေးအေး လိုက်လာတာ"

အေးအေး မျက်နှာကို သူ့ကြည့်ရင်း . . .

"ပြောလေ အေးအေး"

"အေးအေးရယ် ၊အိမ်က အန်တီသိန်းရယ်၊ ကိုထွေး ရယ် ပုဂံကို သွားကြမလို့၊ ငြိမ်းလည်း လိုက်မယ် ပြောတယ်၊ ငြိမ်းက





သူ့အိမ်ကို ပြောနေတုန်းပဲ၊ အဲဒါ . . . ကိုလင်းဇော် လိုက်ခဲ့ပါလား"

"ဟာ . . . မဖြစ်ပါဘူး"

ခင်မောင်ထွေးနဲ့ အေးအေးက စေ့စပ်ထားပြီးသားသူတွေမို့ အိမ်တွေကို ဝင်ထွက်နေကြပြီ။ မကြာခင်မှာပဲ လက်ထပ်ကြတော့မယ့်သူတွေ။

"ငြိမ်း ပါမယ်ဆိုရင် ကိုယ် မလိုက်ချင်ဘူး အေးအေး"

"ကိုလင်းဇော်ကလည်း ငြိမ်းပါမယ်ဆိုတာ သိလို့ အေးအေးက လာပြောတာ၊ ငြိမ်းကတော့ သနားပါတယ်၊ ကိုလင်းဇော်ကို ခေါ်ခဲ့ပါလို့ သူ ဘယ်ပြောရဲမှာလဲ၊ သူက မိန်းကလေးပဲ၊ ကိုလင်းဇော်နဲ့ ငြိမ်း အေးအေးဆေးဆေး စကားပြောစေချင်လို့ပါ၊ တစ်ယောက်အပေါ် တစ်ယောက် အမြင်ကြည်လင်ပြီး ပြန်အဆင်ပြေသွားစေချင်လို့ပါ"

"မဖြစ်နိုင်တော့တာပဲ"

"မင်းကလည်းကွာ . . . ငြိမ်းက မင်းကို လမ်းခွဲပါပြီ ပြောသေးတာမှ မဟုတ်တာ"

သူ ခဏ ငိုင်သွားသည်။ လက်ဖက်ရည်ခွက်ကို ကောက်ယူမော့လိုက်၏။ မဆီမဆိုင် ညက အိပ်မက်အတွေးမှာ ပြန်ဝင်လာပြန်သည်။ သူ့မျက်နှာ တင်းခနဲ ဖြစ်သွား၏။

ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ တစ်စုံတစ်ခုကို သူ ဆုံးဖြတ်လိုက်မိရက်သား ဖြစ်သွား၏။

"အေး . . . ငါလိုက်မယ်ကွာ ဘယ်ရက်လဲ"

"အဲလို လုပ်ပါကွာ၊ ရက် အတိအကျ ငါ ထပ်ပြောမယ်၊ မင်း ခွင့်အတွက် စီစဉ်ထား"

အတွေးတစ်ခုဖြင့် သူ့မျက်နှာက တည်နေလိမ့်မည်။

"ရပါတယ် ခွင့်က ရမှာပါ၊ ငြိမ်းက ပါမှာ သေချာလား"

"သေချာသလောက်ပါပဲ"

"ဘယ်လိုလဲ မင်းက စောစောကတော့ ငြိမ်းကို မတွေ့ချင်သလိုနဲ့"

အပြောင်းအလဲ မြန်သော သူ့စကားကြောင့် ခင်မောင်ထွေး မေး၏။ သူ ချက်ချင်း အရယ်ဖြင့် မျက်နှာကို ဖုံးလိုက်သည်။

"မတွေ့ချင်ဘဲ ဘယ်နေပါ့မလဲကွာ"

"မင်း ငြိမ်းကို ချစ်ပါတယ်"

ခင်မောင်ထွေး မျက်နှာကို သူ ကြည့်သည်။

ငြိမ်းကို ငါနာတယ်၊ ငါ့အမေကို ဖျက်ဆီးခဲ့တဲ့ လူရဲ့တူမဟု စိတ်ထဲက ပြောနေတာ ခင်မောင်ထွေး သိမည် မဟုတ်။

ဘာဖြစ်ဖြစ် အခွင့်အရေး တစ်ခုကို သူ မရှာ။ တတ်နိုင်သလောက် ငြိမ်းနှင့် မတွေ့အောင် ရှောင်သည်။ ကြုံကြုံဖန်ဖန် အခွင့်အရေးတစ်ခု သူ့ကို လာပေးပြီ ဆိုတော့ သူ့အဆိုး မဟုတ်ဟု ဖြေတွေး တွေး၏။

ကိုယ့်စိတ်တွေ ရှိုင်းနေပြီ ငြိမ်းရယ်။



## (၅)

ည ရောက်တော့ အိပ်မပျော်။

လရောင်သည် နှင်းပါးပါးလျလျ အလွှာကို ဖောက်လျက် အပြင်ဘက်မှာ သာနေ၏။ ပြတင်းမှာ ရပ်ရင်း အပြင်ကို ငေးကြည့်နေရာမှ အနွေးထည်ကို ကောက်ဝတ်လျက် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ လူခြေတိတ်နေပြီမို့ ရပ်ကွက် တစ်ခုလုံး အိပ်မောကျနေဟန်။ တစ်ရံတစ်ခါ၌ ရပ်ကွက်နှင့် ကပ်လျက် လမ်းမကြီးဆီက ကားသံ အချို့သာ ကြားနေရ၏။ သွပ်မိုးအိမ်မို့ သွပ်ပေါ်သို့ နှင်းစက်တို့ကျသံ နားစိုက်ထောင်လျှင် ကြားရပြန်သည်။

ဒီဇင်ဘာ အအေးသည် သူ့ရင်မှ ဝေဒနာကို မအေးမြနိုင်စွမ်းပြီလား။ ချမ်းတာကို ငြိမ်း ကြောက်တယ်၊ ဒါပေမယ့် ဆောင်းကို ငြိမ်း အကြိုက်ဆုံးပဲ ဆိုသည့် ချစ်သူ့စကားကို နားမှာ ပြန့်၍ ကြားယောင် မြန်သည်။

အခုလောက်ဆို သူ ပုဂံ လိုက်မည်ဆိုတာ ငြိမ်း သိနေလောက်ပြီပေါ့။ အေးအေး ဖုန်းဆက်ပြီး ပြောတဲ့အခါ ငြိမ်း ဘယ်လောက် ဝမ်းသာရှာလေမလဲ။

သူ့ကို ရက်စက်ဖို့ ကလဲ့စားချေချင်လို့ လိုက်လာတယ်ဆိုတာ သူ ဘယ်သိလေမလဲ။ မိန်းမ တစ်ယောက်ရဲ့ဘဝဟာ အချစ်

ပါဟု ပြောလျှင် အဲဒီအချစ်ကို ဖျက်ဆီးတာဟာ ဘဝကို ဖျက်ဆီးလိုက်တာ ပဲ မဟုတ်လား၊ ငြိမ်းရဲ့ အချစ်ကို သူ ဖျက်ဆီးတော့မည် ဆုံးဖြတ်လိုက်ပြီလေ . . .။

ဒါပေမယ့် ငြိမ်းဟာ ပညာတတ်၊ အေးအေး တည်ငြိမ်လှပေမယ့် စိတ်က မာကျော ပြင်းထန်သူ။ သွေးအေးအေးဖြင့် အရာရာကို ရင်ဆိုင်တတ်သူဟု သူနားလည်၏။ ယောကျ်ား တစ်ယောက်ကြောင့် သူ့ဘဝတစ်ခုလုံးကို အဆုံးရှုံးခံမည့် မိန်းမ မဟုတ်ဟု သူတွေးမိ၏။ သူ့နှလုံးသားကို အခြေမွခံမည်ဖြစ်သော်လည်း သူ့လမ်းအတွက် သူ့ခြေကိုတော့ အယိုင်နဲ့ အပြိုလဲခံမည့်သူ မဟုတ်ပေ။

ယောကျ်ားတစ်ယောက်ကို ချစ်မိတဲ့ဒုက္ခ၊ ယောကျ်ားတစ်ဦးရဲ့ ယုတ်မာမှု ဒဏ်ကိုတော့ ငြိမ်း နားလည် ခံစားသွားစေနိုင်မည်ပဲ။

သူ့အမေတုန်းကတော့ ပညာက မတတ်၊ လောက အတွေ့အကြုံက နုနယ်၊ အရွယ်က ကလေးသာသာမှာ ယောကျ်ားတစ်ယောက်ရဲ့ ယုတ်မာမှု စော်ကားမှုကို ခံခဲ့ရတာ။ ပြီးတော့ အမေ့စိတ်က ယိုင်လွယ် နဲ့လွယ်၊ လွင့်လွယ် ပျံ့လွယ် တစ်ဇွတ်ထိုး မျက်ကန်းတမ္ဘေ မကြောက်။ သည်တော့ အမေ့ဘဝ တစ်ခုလုံးသည် ထိန်းမရသိမ်းမနိုင် ဖြစ်ရတော့၏။ နှလုံးသား ပျက်ရုံနှင့် ဘဝပါ သွက်သွက်ခါ လည်သွားတော့၏။ ကယ်သူမဲ့ဖြင့် အမေသည် ရေစုံမျောရင်း အခုတော့ ဘယ်သောင် ဘယ်ကမ်း ဆိုက်သည်ပင် မသိရတော့ပါလား။

ဘုရား . . . ဘုရား . . . ငြိမ်းက ငါ့ကြောင့်တော့ ဒီနှယ်





မဖြစ်တန်ကောင်းပါဘူး၊ တကယ်လို့သာ ငြိမ်းဟာ ငါနဲ့ မလွတ်မလပ်ဖြစ်ပြီး ငါက ပစ်သွားလို့ သူ ရင်ကွဲရပေမယ့် ဖြစ်လာမယ့် ဒုက္ခပြဿနာတွေကို သူ ရင်စည်း ခံဝံ့မှာပါပဲ။ မျက်နှာမလွှဲ ရဲရဲ ရင်ဆိုင်ဝံ့မယ့်သူပါပဲ။

အို . . . ငါနဲ့ ဘာဆိုင်လို့ သူ့အတွက် ငါက စိုးရိမ်ပူပန်ပေးနေရမှာတဲ့လဲ။ ငါ့အမေလို ဘဝပျက်သွားလျှင် ငါ့ရည်ရွယ်ချက် ပိုပြီးမအောင်မြင်ပေဘူးလား။ သူဒုက္ခရောက်လေ ငါ ကျေနပ်လေ ဖြစ်ရမှာပေ့ါ၊ ငါက သူ့ကို ဒုက္ခပေးတော့မယ် ဆုံးဖြတ်ထားတာလေ . . .။

မဟုတ်သေးပါဘူး။ တကယ်တော့ သူနဲ့မှ မဆိုင်တာ သူကကြားက မြေစာပင်လို ဖြစ်မှာပါ။ သူ့ဘဝ ပျက်မတတ် ခံစားရတယ်ဆိုရင်ပဲ ငါ ကျေနပ်ဖို့ ကောင်းပါတယ်။ သူ ငါ့ကို မြတ်မြတ်နိုးနိုးနဲ့ တကယ် ချစ်ခဲ့တာပဲ။ ငါကလည်း သူ့ကို လေးလေးစားစားနဲ့ တွယ်တာခဲ့တာပဲ။

ဒါပေမယ့် . . . သူ ဒုက္ခရောက်ရင် သူ့အမေ၊ သူ့ဦးကြီး၊ သူ့ဆွေမျိုးတွေ ခံစားရမှာပေ့ါ။ သောက ရောက်ကြရမှာပေ့ါ။ ဟုတ်တယ် သူ့အမေလည်း ငါ့အမေကို နှိပ်စက်ခဲ့တဲ့ သူတစ်ဦးပဲ။ အမေနဲ့ ပတ်သက်တဲ့ သူတွေကို ငါ အကြွေး ပြန်ဆပ်သင့်တယ်။

ရုတ်တရက် ထ,ရပ်လိုက်သည်။ သစ်ပင်ရိပ် ခုံတန်းမှာ ထိုင်ရင်း လမ်းကို ကြည့်ကာ သူ့ရင်မှာ လောင်မြိုက်နေ၏။ အတွေးတွေ ယောက်ယက်ခတ်ရင်း ရင်တွင်းမှာ ပေါက်ကွဲလုမတတ် တင်းကျပ်လာတော့သည်။

အိမ်ပေါ် ပြန်တက်လျက် ရေးလက်စ အဆုံးမသတ်သေးသည့် ကဗျာကို ထိုင်ရေးရန် စဉ်းစားသည်။

အိမ်ပေါ်ရောက်တော့ စားပွဲရှေ့မှာ ထိုင်ရင်း ရေးလက်စကဗျာစာရွက်ကလေးကို ဖတ်မိပြန်၏။

ခုစိတ် ဒက်ပေမယ့် ...
စိမ်းရက်ဖို့တော့ လိုပြီကွယ်။

စိမ်းရက်ဖို့ လိုပြီပဲ ငြိမ်းရယ်။ ငြိမ်း နာကြည်းအောင် ငြိမ်းရင်ထဲမှာ ခံစား ကျွမ်းမြိုက်နေအောင် ငြိမ်းကို ကိုက စိမ်းရပါတော့မယ်။ စိမ်းဖို့မဆိုထားနဲ့ စကားမှာ သူစိမ်းဆန်ဆန် ပြောဖို့ဆိုတာတောင် မလွယ်တဲ့ အလုပ်ပါ ငြိမ်း။ ဒါပေမယ့် စိမ်းရက်တယ်လို့ ငြိမ်း ပြောရအောင် ကိုယ် ငြိမ်းကို စိမ်းရက်ဖို့ လိုပြီပဲကွယ်။

ဒုတိယပုဒ်ကို ဆက်ဖတ်သည်။

တစ်မျှင်ဖြတ်လျှင်လည်း ...
နှစ်ပင်ပေါက်က နှစ်သစ်တိုးတာက ...
ခုချစ်ကြိုး ...ဆိုတဲ့ ရင်ထဲနွယ် ...။

ဖြတ်လို့ မဝေတဲ့ အမျိုးလား။ သတ်လို့ သေတဲ့ အမျိုးပါတဲ့လား ငြိမ်းရယ်။ နွယ်တစ်မျှင်ကို ဖြတ်လိုက်တော့ နှစ်ပင် ထပ်ဖြစ်လာတယ်။ တစ်ဆစ်ချိုးကို ချိုးပြန်တော့ နှစ်ဆစ်တိုးပြီး ထွက်လာတတ်တာပဲကွယ်။

အချစ်ဆိုတဲ့ ရင်ထဲက နွယ်ကိုရော ဘယ်အရာနဲ့ ကိုက ဖြတ်လို့ ရနိုင်မတဲ့လဲ။





မတွေ့ မတွေးပေမယ့် ...
မမေ့သေးအောင် ခြေရာခုဟောင်းတွေက ...
ဝေဒနာပြောင်း ခုသစ်တွယ် ...
ချစ်တယ်ဆိုတာက တစ်သက်လုံး။

ချစ်တယ်ဆိုတာက တစ်သက်လုံးအတွက်ပါ ငြိမ်း၊ ချစ်မိတာ တစ်သက်လုံးအတွက်ပါပဲ ငြိမ်းရယ်။

ကဗျာက သည်မှာပဲ ဆုံးသွားပြီး နောက်ဆုံး အပိုဒ်ကို သူ ဆက်စပ်မရဘဲ ရှိနေပြန်၏။

ကဗျာကို ဖတ်ရင်း သက်ပြင်းချမိပြန်သည်။

ရင်ထဲမှာ နည်းနည်းမှ မပေါ့။

ဆ ဆ ဆ

အဲဒီလို အတွေးတွေနဲ့ ငြိမ်းတော့ ပျော်နေပါတယ် ကို။

လက်မှတ်ရဖို့အတွက် မှတ်ပုံတင်လာယူပြီးမှ ကိုထွေးက လက်မှတ်မရပြန်ဘူး ဖုန်းဆက်တော့ ငြိမ်း စိတ်ညစ်သွားရတယ်လေ။ လက်မှတ်မရလို့ ဒီခရီးပျက်သွားရင်တော့ ဆက်မတွေးရဲသလောက်ပါပဲ ကိုရယ်။ ငြိမ်းမှာက ခရီးထွက်ရဖို့ဆိုတာလည်း လွယ်တဲ့ ကိစ္စမဟုတ်ပြန်ပါဘူး၊ ရုံးက ခွင့်ယူလို့ ရနိုင်ပေမယ့် မေမေတို့က ငြိမ်းကို ဘယ်မှလွှတ်ချင်တာ မဟုတ်ဘူးကွယ်၊ ဒီတစ်ခါတောင် အေးအေးနဲ့ သူ့အန်တီ အိမ်ရောက်အောင် လာပြောပေးလို့ ပြီးတော့ ငြိမ်း ကိုယ်တိုင်က စိတ်ပြေလက်ပျောက်လို့ ပြောတာကို မေမေကလည်း ကိုနဲ့ ပြတ်သွားအောင် စိတ်ပြောင်းသွားအောင်လို့ တွေးမိဟန် တူပြီး ခွင့်ပြုခဲ့တာပါ။

ဘယ့်လိုနည်းနဲ့ ဖြစ်ဖြစ် ရအောင်ဝယ်ပါ ကိုထွေးရယ်လို့ ကိုထွေးကို ဖုန်းထဲက ပြန်ပြောမိတော့ ကိုထွေး ရယ်နေတယ်လေ။

ငြိမ်း စိတ်တွေ လှုပ်ရှားနေတာ ဘေးလူတွေတောင် သိနေပါပြီ ကိုရယ်၊ တွေးရင်း ငြိမ်း ရှက်တော့ ရှက်မိပါရဲ့။

ဒါပေမယ့် ကို ငြိမ်းကို သံယောဇဉ် မပြတ်ပါလားဆိုတဲ့ အတွေးက ငြိမ်း ရင်ကို အေးမြစေတာ အမှန်ပဲလေ။

ကို့ကို မတွေ့ရတာ အတော်ကြာသွားပြီပဲ။

ငြိမ်း ရင်ထဲမှာတော့ အိပ်မက်တွေ အများကြီးပဲ ကို။

ဒေါင်းယာဉ်ဖျံ့အနုပညာလုပ်ငန်း

(၆)

ကိုပါမယ်လို့ အေးအေး ဖုန်းဆက်တော့ ပထမ ငြိမ်း မယုံ၊ ငြိမ်းကို စနေတာပဲ ထင်သည်။ မစပါနဲ့ အေးအေးရယ် ငြိမ်းက အဲဒီသောကတွေနဲ့မို့ စိတ်ပြေ လက်ပျောက် ခရီးထွက်ချင်တာပါလို့ ပြန်ပြောမိသေးသည်ပဲ။ နောက်တော့ ကိုထွေးကပါ ဝင်ပြောမှ ငြိမ်း ယုံသည်။ ငြိမ်းရင်ထဲမှာ ဘယ်လိုခံစားလိုက်ရမယ် ဆိုတာ ကို သိစေချင်တာ။ ငြိမ်း ဘယ်တော့မှ မျှော်လင့် မထားရဲတော့တဲ့ ဆုလာဘ် တစ်ခုကို ရုတ်တရက် ရလိုက်သလိုပါပဲ ကိုရယ်။

တကယ်နော် တကယ်ပြောတာနော်နဲ့ ငြိမ်းနှုတ်က တဖွဖွ မေးနေမိသေးတယ်လေ။

ကို ငြိမ်းကို မမေ့သေးဘူး၊ ငြိမ်းကို မစိမ်းကားသေးပါဘူး ငြိမ်းကို စွန့်ပစ်မသွားသေးပါဘူးဆိုတဲ့ အတွေးတွေနဲ့ ရင်ထဲမှာ ကြည်နူးလိုက်ရတာ ကိုရယ်။ မေမေနဲ့ ပတ်သက်လို့ ကို စိတ်ပြေသွားပြီလို့ ငြိမ်း ထင်လိုက်မိပြန်တယ်လေ။ ထားထားရှိန် ကိစ္စအတွက်လည်း ကို လိပ်ပြာသန့်သွားပြီမို့ ငြိမ်းကို မျက်နှာချင်းဆိုင်ရဲပြီပေါ့၊

(၇)

လက်မှတ်က မရရတဲ့ နည်းနဲ့ ဝယ်ခဲ့ရတာ သုံးစောင်ပဲ ခုံနဲ့ ရတယ်၊ နှစ်စောင်က ခုံမဲ့။ ဒါလည်း တစ်တွဲစီဟု ခင်မောင်ထွေး ရောက်လာပြီး ပြောသည်။

ဘာဖြစ်ဖြစ် ဒီခရီးက ထွက်ဖြစ်တာ သေချာပြီဆိုတဲ့ သဘော။ ခရီးမထွက်ဖြစ်ဘဲ ပျက်သွားချင်သွားနိုင်ပါသေးရဲ့ဆိုတဲ့ အတွေးတစ်ခုကတော့ ပျောက်သွားရ ပြန်၏။

"တို့ယောကျ်ားလေး နှစ်ယောက်က ခုံမဲ့လိုက်မယ်၊ သူတို့ သုံးယောက် ထိုင်ရ ပြီးတာပါပဲ"

ဟု ခင်မောင်ထွေး ပြောသည်။

ဘယ်လိုပဲ လိုက်ရ လိုက်ရ သည်ခရီးစဖို့ အဓိက မဟုတ်လား။

ပူပြင်းလောက်မြိုက်သည့် ဒဏ်ဖြင့် ရင်သည် ကျွမ်းလုပြီ ဘာသာအသိ။ မေတ္တာ၏ ဆန့်ကျင်ဘက် အာဃာတ တရားသည် ရှားမီးခဲထက် ဆိုးသည်ဟု ယုံပြီ။ ပစ်ကွင်းဆီ ဝင်လာသည့် သား



ကောင်အား လက်လွှတ်ထားသည့် မုဆိုး မရှိရိုး အမှန်။ မြားတံထုတ်ဖို့ ဝန်လေးသူကား လေးမြားကိုင်လျက် တောမဝင်သင့်။

အာဃာတ မြားကို ကိုင်ရင်း နာကြည်းခြင်း တောအုပ်မှာ မုဆိုးလုပ်မည်ဟု ဆုံးဖြတ်ခဲ့ပြီပဲလေ။

သူ မပူလောင်ခင်မှာဘဲ ကို့ရင်ထဲ ပြာကျပြီးဆိုတာတော့ နားလည်မိသားပါ ငြိမ်း။

သူ့ ရင်ထဲမှာ ထည့်ပေးဖို့ ရှားမီးခဲကို ကိုယ့်လက်နဲ့ အရင် ကိုင်ခဲ့မိတဲ့ အဖြစ်။

စင်စစ် နားလည်ပါသည်လေ။

ပုဂံ မထွက်ခင် တစ်ညမှာပဲ လက်စသတ်မရတဲ့ ကဗျာရဲ့ အဆုံးပုဒ်ကလေးကို လက်စသတ်လို့ ရလိုက်ပြန်၏။

တမင်လွမ်းစေရော့ ...
ရှင်သန်းဖြတ် ဘဝမျှသူလို့
ယူဆကာ တစ်သက်နာကြည်းပါတော့
သက်စရာရှိးဆိုတာ တစ်ယောက်တစ်လမ်းပေးဖို့
တစ်ယောက်ပန်းလျှင် တစ်ယောက်လူ
တစ်ယောက်ပူတော့ တစ်ယောက်ချမ်း

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

နှစ်ယောက် တစ်ဘဝ၊ နှစ်ကိုယ့်တစ်စိတ်ဘဝတွေးတွေလည်း
ဓိ ... ဘဝိတ် ဘဝေးမှာ ဘဝသာချွန်တော့ ...
ကြမ္မာကံ ... တစ်ခွန်းရပါက
(တို့နှစ်ယောက်ကို ...) လွမ်းဇာတ်နဲ့ဆုံး။

လွမ်းဇာတ်နဲ့ ဆုံးရတော့မှာပါလား ငြိမ်းရယ် ...။
လွမ်းဇာတ်နဲ့ ဆုံးရတော့မှာပါလား။



(၈)

ဘူတာမှာ ကိုက ငြိမ်းကို လာတွေ့လို့ မရဘူးနော် ငြိမ်း အရမ်းဝမ်းနည်းတာပဲ ကိုရယ်။ ကို့ကို ငြိမ်း မေမေ မတွေ့ရအောင် ကိုက ရထားတွဲပေါ် အလျင်တက်နေရတယ်လေ။ တော်သေးတာ ပေါ့ ရထားတွဲကလည်း တစ်တွဲစီဖြစ်နေလို့။ မေမေတို့က ရထား ထွက်မှ ဘူတာက ပြန်သွားကြတာ။ ရထားစထွက်ပြီဆိုတော့ ငြိမ်း ရင်ထဲမှာ လွတ်လပ်ပေါ့ပါးပြီး ကြည်နူးမှုတွေနဲ့ ပြည့်လို့ပါပဲ။ ဒါပေမယ့် ကိုရယ် တစ်ယောက်စီ ခွဲနေရတာတော့ ငြိမ်း ဝမ်းနည်း မိပြန်ရော အေးအေး နဲ့ အေးအေး အန်တီတို့ကတော့ အိပ်ပျော်ကြ တယ်လေ။ ငြိမ်းကသာ မျက်စိကြောင်တောင်နဲ့။ ကိုနဲ့အတူ ရထား တစ်စီးတည်းမှာ တစ်ခရီးတည်း သွားနေရတာပါလား ဆိုတဲ့ အတွေး က ငြိမ်းကို အားဆေးလို ပင်ပန်းသမျှ ပျောက်စေခဲ့ရပါတယ် ကို ။

သာစည်ကို ရထားဝင်တော့ ခါတိုင်းထက် နောက်ကျတယ် ပြောသံကြားရတယ်။ မနက်ဆယ်နာရီကျော်မှ ဝင်လာတာလေ။ သာစည်ဘူတာရောက်တော့ ကိုနဲ့ ကိုထွေးက ငြိမ်းတို့ တွဲကို ရောက် လာပြီး ပစ္စည်းတွေချပေးတယ်။

"ငြိမ်း . . . နေကောင်းတယ်နော်"

ပစ္စည်းတွေ ဘေးမှာလာရပ်တဲ့ ငြိမ်းကို ရွှန်းရွှန်းစားစား ကြည့်ရင်း ကို မေးသည်။ ကို့ အသံတွေက အရင်လိုပဲ။ ခပ့်ဩဩ၊ ခပ်ပြတ်ပြတ်။ ဒါပေမယ့် နားထောင်လို့ ကောင်းနေဆဲပါပဲ။ ငြိမ်း ကို့ကို ကြည့်ရင်း ပြုံးပြီး ခေါင်းညိတ်ပြမိသေးတယ်။ ကိုက ထုံးစံအတိုင်း နှုတ်ခမ်းကို တွန့်ရုံလေး ပြန်ပြုံးပြတာလဲ ငြိမ်း သတိထားမိလိုက်တာပါပဲ။

"ကဲ . . . နောက်မှ အလွမ်းသယ်ရအောင်၊ ကားမီမလား မသိဘူး သွားကြမယ်"

ခင်မောင်ထွေးက လောပြီး ပစ္စည်းတွေ မ၏။

ကားဂိတ်ကိုဟု ပြောကာ ဘူတာမှ မြင်းလှည်းငှားသည်။ ကားဂိတ်ရောက်တော့ ပုဂံကား ရှိ မရှိ စုံစမ်း၏။ ပုဂံကားက မနက်စောစောပဲ ရှိတတ်တာ။ ရှိချင်မှလည်း ရှိတာ။ မိတ္ထီလာကိုသွား၊ အဲဒီမှာ ကားတွေပေါတယ်ဟု အကြံပေးသူက ပေးတော့ မိတ္ထီလာကားဆီ ပြေးကြရပြန်သည်။

မိတ္ထီလာကားပေါ် ငြိမ်းက ကို့ဘေးမှာ ဝင်ထိုင်သည်။ ကို့ ရင်ငွေ့သည် ငြိမ်း ရင်ထဲအထိ ကူးစက်လာသလို ခံစားရသည်။ လက်တန်းပေါ် ကို လက်တင်လိုက်တော့ ကို့ လက်ပေါ် ကျောမှီရင်း ကိုနှင့် ပို၍ နီးကပ်သွားသလို။ ဒါပေမယ့် ငြိမ်းပခုံးကို ကိုက မဖက်ပါဘူး။ ဘယ်လိုဖြစ်ဖြစ် ငြိမ်းရင်ထဲမှာတော့ ကြည်နူးနေပြန်၏။

"ခရီး တော်တော် ကြမ်းတာပဲ၊ ဒီလောက်ကြမ်းမယ် သိရင်





မလိုက်ပါဘူး"

အေးအေး အန်တီ ပြောသံကြားရသည်။ ဘယ်လောက်ကြမ်းကြမ်း ဘယ်လောက်ကြာကြာ ကိုပါတဲ့ ခရီးမို့ ငြိမ်းကတော့ မငြူစူမိတာ အမှန်။

ဆယ့်နှစ်နာရီ ဝန်းကျင်မှာ ငြိမ်းတို့ မိတ္ထီလာကို ရောက်သည်။ ကားဂိတ်ရောက်အောင် မြင်းလှည်းတစ်ခါ စီးရပြန်သည်။ ကားဂိတ်ရောက်လို့ ပုဂံကား စုံစမ်းလိုက်တော့ နောက်ဆုံးကား ထွက်သွားပြီ မရှိတော့ဟု ပြောသည်။ ဒုက္ခပါပဲဟု ကိုထွေး ညည်းသံကြားရ၏။ ဘယ်လိုလုပ်ကြမလဲဟု အေးအေး အန်တီက စိုးရိမ်မေးမေးသည်။

"ရပါတယ် . . . ဒီကနေ ကျောက်ပန်းတောင်းကားစီးပြီး ကျောက်ပန်းတောင်းကနေ ပုဂံကား ဆက်စီးရမှာပေါ့"

ဟု ကို ပြန်ပြောသံ ကြားရ၏။ အေးအေးနှင့် ငြိမ်းကတော့ ကိုယ့်အပူ မဟုတ်သလို စားသောက်ဆိုင်ဆီ မျက်စောင်းထိုးနေမိပြီ။ ဗိုက်ထဲက ဆာနေကြပြီ။ ရထားပေါ်က ဆင်းကတည်းက ဘာမှ မစားခဲ့ကြရသေး။ ကားမီနိုးမီနိုးနှင့် အလောတကြီး လုပ်ကြတာ ကားလည်း အဆင်မပြေ၊ ဗိုက်ထဲမှာလည်း အစာမရှိ။

"ဒီမှာပဲ ထမင်း စားကြရအောင်"

ကိုက အလိုက်တသိ ပြောတော့ ကို့ကို ကျေးဇူးတင်လိုက်တာ၊ အေးအေးနှင့် ငြိမ်းက ထမင်းဆိုင်ထဲ ဝင်ပြီး ထိုင်လိုက်ကြသည်။

ကိုက ငြိမ်းဘေးခုံမှာ ဝင်ထိုင်သည်။

"ကို ကြက်သားနဲ့ပဲ မဟုတ်လား၊ ငြိမ်း မှာထားလိုက်ပြီ"

ငြိမ်းက ကို့ဘက် လှည့် ပြောသည်။

"ငြိမ်း မမေ့သေးဘူးနော်"

"ကိုနဲ့ ပတ်သက်သမျှ ငြိမ်း ဘာမှ မမေ့ပါဘူး"

ကျန်တဲ့သူတွေ လက်မှဆေးသွားစဉ် ငြိမ်းနှင့် ကို စကား ပြောဖြစ်၏။ ကိုက အသားထဲမှာ ကြက်သား အကြိုက်ဆုံးဟု ပြော ဖူးတာ ငြိမ်း ဘယ်မေ့နိုင်မှာတဲ့လဲ။

"ကို ဇွန်းခက်ရင်းနဲ့ စားမှာနော်၊ ငြိမ်း တစ်စုံ မှာလိုက်ပြီ၊ ငြိမ်းတို့က လက်နဲ့စားမှာ၊ အစောကြီးကတည်းက ဆာလို့ လက်ဆေး ထားပြီ"

ခဏအကြာမှာ ထမင်း ဟင်းတွေ လာချ၏။ ဇွန်း ခက်ရင်း တစ်စုံ ငြိမ်းကို လာပေးတော့ ငြိမ်းက ပဝါဖြင့် သုတ်ပေးသည်။ ပြီး တော့ ကို့ကို ပေး၏။

"ကြက်သားတွေ ငြိမ်း ထွင်ပေးမယ်နော်"

ပြောပြီး ကြက်သားဖတ်ကို ဆယ်ကာ အသားတွေ ထွင်ပေး နေမိပြန်သည်။

"ငြိမ်း လွန်တယ်ကွာ"

ဟု အေးအေးက စတော့ ငြိမ်းက ရှက်ပြုံး ပြုံးသည်။

"နေပါစေကွာ၊ ကွဲနေတာ ကြာပြီပဲ"

ဟု ခင်မောင်ထွေး လှမ်းပြောပြန်၏။





မိတ္ထီလာက ကျောက်ပန်းတောင်း ကားကို စီးခဲ့ကြသည်။ ထန်းတော ညို့ညို့ရှုခင်းသည် အမြင်သစ်ကို ဖြစ်စေသည်ဟု ငြိမ်း ထင်၏။ ကျောက်ပန်းတောင်းမှာ ဆင်းကြပြီးတော့ ပုဂံကားဂိတ်ကို သွားသည်။ ပုဂံကားက အဆင်သင့် ဖြစ်သဖြင့် အားလုံး ရင်အေး သွားကြ၏။ တကယ်လို့ ပုဂံကား ဖရရင်တော့ ကျောက်ပန်းတောင်း မှာပဲ တစ်ညအိပ်ရမှာဆိုသည့် ကို့စကားကြောင့် ကားမရမှာကို တွေး ပူနေကြသည်။

"ကဲ . . . ဘယ်လိုဖြစ်ဖြစ် ပုဂံတော့ ဒီညမှာ ရောက်ပြီပေါ့"

ဟု ကားပေါ် ထိုင်ရင်း ကိုထွေးက ပြောလိုက်သည်။ အား လုံး မျက်နှာတွေက ခရီးပန်းနေကြလို့ ညှိုးလျှနေပြီ။

တောင်ကုန်းတွေကို ကျော်လိုက်၊ သဲချောင်းတွေ ဖြတ်လိုက် နှင့် လမ်းဘေး မြင်ကွင်းကို ငြိမ်းကတော့ ငေးရင်းလိုက်လာသည်။

"ကို ဘာတွေ တွေးနေတာလဲ"

ကားပေါ်မှာ လူ တော်တော်များများက မျက်စိမှိတ် အိပ် ငိုက်လာကြသည်။ ကို့ကို ငြိမ်း ကြည့်လိုက်တော့ ကိုလည်း ရှုခင်းတွေ ဆီ အကြည့်ပို့ရင်း ငေးတွေနေတာ မြင်လို့ မေးလိုက်၏။

"အများကြီးပေါ့ ငြိမ်းရယ်"

ခေါင်းငုံ့ကာ ငြိမ်း နားမှာ ကပ်ပြီး ပြော၏။

"ကို ပျော်လားဟင်"

"အင်း . . . "

"ငြိမ်းတော့လေ၊ ဒီတစ်သက်မှာ အပျော်ဆုံးကာလကို ပြပါ

ဆိုရင် ဒီကာလပဲ ကို"

ငြိမ်းကို စူးစိုက်ကြည့်နေတာ ငြိမ်း သိသည်။

"မယုံဘူးလား"

ထိနေသည့် ပခုံးချင်းတိုက်ကာ ငြိမ်း မေး၏။ ကိုက မှတုန် မလှုပ်နှင့် သက်ပြင်းချနေတာသိလို့ ငြိမ်းက မေးလိုက်ခြင်း ဖြစ်သည်။

"ယုံပါတယ် ငြိမ်းရယ်"

ခရီးပန်းလို့လား၊ ကို့မျက်နှာ နွမ်းနေတာ ငြိမ်း သတိထား ဖြစ်သည်ပဲ။

မှောင်ရိပ်ပျိုးစမှာ ငြိမ်းတို့ ညောင်ဦးကို ရောက်တော့သည်။ ညောင်ဦး ကားဂိတ်မှ ပုဂံကို မြင်းလှည်းစီးရပြန်၏။

"မြင်းလှည်းစီးဖို့ ခရီးထွက်လာကြတာလေ"

ဟု ကိုထွေး နောက်တော့ အားလုံး ပြုံးဖြစ်ကြ၏။

နွမ်းနယ်ပြုံးတွေမို့ အသက် ပါချင်မှ ပါမည်။

* * *

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

(၉)

မြင်းလှည်းသမားနဲ့ စကားပြောရင်း မနက်ဖြန် ဘုရားတွေ ဖူးဖို့ မြင်းလှည်းကို ငှားဖို့ကိစ္စကို ပြောနေတာ ကြားရ၏။ ကျန်တဲ့သူ တွေကတော့ ပင်ပန်းလို့ထင်ပါရဲ့ ငြိမ်ပြီး ပါလာကြသည်။ မှိုးမှိန်မှိန် ပျပျအောက်မှာ ပုဂံဘုရားတွေကို ငြိမ်း လှမ်းပြီးကြည်ညိုနေမိပြန်၏။ ရင်မှာ ကြည်နူးချမ်းမြေ့မှုဖြင့် တလှိုက်လှိုက်ဖြစ်သည်။

"ဘယ်သွားမှာလဲ"

ဟု ကိုထွေး မေးသံကြားတော့ မြင်းလှည်းဆရာနှင့် ယှဉ် ထိုင်နေသည့် ကို လှည့်ကြည့်ရင်း . . .

"သံတဲ သွားမယ်လေ . . . အဲဒီ့ မရမှ တခြားသွားရ အောင်၊ သီရိပစ္စယာက ဒီအချိန်ဆို ရဖို့ မသေချာဘူး ထင်လို့"

ဟု ပြန်ပြော၏။

"မင်း အရင်က ရောက်ဖူးလား မောင်လင်းဇော်"

"ဟုတ်ကဲ့ . . . အန်တီ၊ ကျွန်တော် ရောက်ဖူးပါတယ်"

"တော်သေးတာပေါ့ . . . ရောက်ဖူးတဲ့သူသာ မပါရင် ယောင်ချာချာ ဖြစ်နေမှာ၊ အန်တီတော့ နားချင်လှပြီ"

"ရောက်ပါပြီ အန်တီရဲ့"

မြင်းခွာသံ တဖြောက်ဖြောက်သည် နားထောင်ကောင်းတဲ့ ဂီတဆန်းတစ်ခုပါပဲဟု ငြိမ်းက တွေးလာ၏။ ထနောင်းပင် မြှင့်မြင့် ကြီးတွေကို လှမ်းကြည့်ရင်း ရန်ကုန်မှာ မတွေ့ရတဲ့ အပင်တွေဟု သတိထားဖြစ်သည်။

သံတဲရောက်တော့ ကိုနှင့် ကိုထွေးတို့ အထဲ ဝင်သွားကြ သည်။ သူတို့က မြင်းလှည်းမှာ စောင့်နေ၏။

ခဏအကြာ ပြန်ရောက်လာကြပြီး . . .

"ရတယ် အိုကေပဲ . . . ပစ္စည်းတွေချတော့"

ဟု ကို ပြောသည်။

ပစ္စည်းတွေ ဝိုင်းချလိုက်ကြ၏။ ကိုက မြင်းလှည်းသမားကို ပိုက်ဆံရှင်းပေးရင်း မနက် မမေ့နဲ့နော်ဟု မှာနေသံကို ကြားရသည်။

"အန်တီက နှစ်ယောက်ခန်းမှာ တစ်ယောက်တည်း နေပေါ့။ အေးအေးနဲ့ ငြိမ်းက တစ်ခန်း၊ ကျွန်တော်နဲ့ လင်းဇော်က တစ်ခန်းနေ မယ်၊ သုံးခန်း ယူခဲ့တယ်"

ဟု ကိုထွေးက ပြောသည်။

မြစ်ကမ်းနှင့် ကပ်လျက် အဆောင်ဆီသို့ သူတို့ သွားကြ၏။ လေးခန်းတွဲ ဘန်ဂလိုလေးသည် ဧရာဝတီမြစ်နဖူးမှာ လှပ သေသပ် စွာ ရှိနေပါလား။





ထနောင်းပင်တွေ ကြားက လရောင် ဖြာနေတာ ငြိမ်း သတိထားမိပြန်၏။

လကို မော့ကြည့်ရင်း ပြည့်လုဆဲဆဲ လပါလား အတွေးဖြင့် ပုဂံမှာ လပြည့်ည ကြုံရဦးမည် သတိရလိုက်ပြန်သည်။

## (၁၀)

ဘာကို လွမ်းမှန်းမသိအောင် လွမ်းတဲ့ ခံစားမှုမျိုး ရင်ထဲရောက်အောင် ပုဂံရဲ့မြင်ကွင်းတွေက စွမ်းဆောင်နိုင်ပါပေရဲ့။ မင်းခမ်း မင်းနားတွေနဲ့ စည်တော်ယွန်းထွက်လာတဲ့ အသံတွေ နားထဲမှာ ကြားလာသလိုလို၊ ဟို . . . ညို . . . ညို . . . ညို့တဲ့ တူရွင်းတောင်ခြေက သူရဲကောင်း မြင်းသည်တော်ကြီးကိုပဲ မြင်ယောင်နေမိသလိုလို။ လူ့စိတ်ကို လှည့်ဖြားနိုင်တဲ့အရပ်။ ခေါင်းလောင်းသံ ချိုချိုတွေ မပြတ်ကြားနေရရင်း ရင်တွင်းမှာ ကြေကွဲ ကြည်နူးစွာ ခံစားလာရတာလဲ အံ့သြစရာ ကောင်းသည်ပဲ။

သမဟိုတယ် စားသောက်ခန်းမှာ သူတို့ ညစာ စားခဲ့ကြသည်။ ဒီညတော့ ဗူးဘုရား ခဏ သွားရအောင်၊ ပြီးရင် ပြန်အိပ်ကြတာပေါ့ဟု ကိုထွေးက ပြောသည်။

ထမင်း စားအပြီးမှာ ဗူးဘုရားဘက်ကို လမ်းလျှောက်ခဲ့ကြ၏။ တမာတန်းနှင့် ထနောင်းရိပ်တွေကို ဖြတ်ပြီး ကျလာတဲ့ လရောင်



ဟာ သစ်ပင်အောက်တွေမှာ အရောင်အနုအရင့်ကွက်၏။ လမ်းမကတ္တရာလမ်းဆီမှာတော့ ဖြူဖျော့ဖျော့အရောင် ဆမ်းထားသည်။ ဝန်းကျင် စေတီပုထိုးတွေကို လှမ်းမျှော်အကြည့် လရောင်၏ အလင်းဖြင့် ဖူးမြော် ကြည်ညိုနိုင်၏။

အေးအေး . . . ကိုထွေးနှင့် အေးအေး အန်တီတို့က ရှေ့မှလျှောက်သည်။ ကိုနှင့်ငြိမ်းက အတူယှဉ်လျက် နောက်မှ လျှောက်လာခဲ့ကြ၏။

အိပ်မက်ထဲမှာ စိတ်ကူးထဲမှာ တွေ့နေခဲ့ရတဲ့ နေရာလေးတစ်ခုကို ငြိမ်း တကယ်ရောက်နေသလိုပါပဲ။ ဆည်းလည်းသံကလွဲလို့ ဆိတ်ငြိမ်လွန်းသည်။ ညဘက်မှာ မြင်းလှည်းဆိုတာ မရှိတော့။ လူသူတွေလည်း ကင်းကာ ကျွန်းလေးတစ်ကျွန်းကို ရောက်နေကြသလို။

ငြိမ်းက ဆွယ်တာအင်္ကျီအနက်လေးကို ရင်စေ့အောင် ဆွဲလိုက်ရင်း . . .

"သိပ်အေးတယ်နော်"

ဟု ပြောလိုက်၏။

အတွေး လွန်နေသလား မသိ။ ငြိမ်း စကားကြောင့် ကိုက ငြိမ်းကို ငုံ့ကြည့်ကာ . . .

"ဘာလဲ ငြိမ်း"

"ဩော် . . . သိပ်အေးတာပဲ၊ ငြိမ်းက အအေးကြောက်တယ်၊ ဒါပေမယ့် . . . အေးနေတာကိုလည်း အရမ်း ကြိုက်တယ်"

ပြောရင်း ကို့ လက်မောင်းကို ဆွဲယူ မှီတွယ်လိုက်သည်။

"ဒီလို အခြေအနေမျိုး အတိုင်းလေ အခုလို ညလေးမျိုးပဲ အကြာကြီး ဖြစ်သွားရင် သိပ်ကောင်းမှာပဲ . . . "

"ဟင် . . . ကို တကယ်ပြောတာလား"

"အင်းလေ"

"တူလွန်းလို့ပါ။ ငြိမ်းလည်း စောစောက အဲလို တွေးမိလို့"

ပြောရင်း ကို့ လက်ကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလိုက်ပြန်၏။

"လသာတဲ့ ညတွေမှာ ကို့ လက်မောင်းကို အဲလို မှီတွယ်ပြီး လမ်းလျှောက်ခွင့်ရရင် ဘယ်လောက် ကောင်းမလဲလို့ ငြိမ်း ခဏခဏ တွေးဖြစ်ခဲ့တယ် ကို၊ အခု တကယ် ဖြစ်လာတော့ ငြိမ်း အရမ်းအံ့သြတယ်၊ စိတ်ထဲမှာလည်း ပီတိ ဖြစ်တယ်လေ"

"ဒါက အမျက်တော်ပြေ ဘုရား"

လမ်း ဘယ်ဘက်မှ စေတီတစ်ဆူဆီကို မေးငေါ့ပြရင်း ငြိမ်း ဆိုသည်။

"ငြိမ်း သိလှချည်လား"

"ငြိမ်း အရင်က တစ်ခေါက်ရောက်ဖူးတာပဲ၊ ပြီးတော့ ငြိမ်းက သမိုင်းစိတ်ဝင်စားတဲ့လူလေ၊ ကို မေ့နေပြီလား၊ ငြိမ်း ဖတ်ထားတာတွေ မှတ်မိနေတာပေါ့"

"ကိုယ် ရောက်ဖူးပါတယ်၊ ဒါပေမယ့် အသေအချာ တစ်ခုမှ မသိဘူး"

အမျက်တော်ပြေ ဘုရားကျော်တော့ လမ်းဘေးဝဲယာမှာ





သစ်တန်း အုပ်အုပ်က ပို၍သိပ်သည်း လာသယောင်။ လရောင်၏ အလင်းက မှုန်ဖျော့သွားသလိုလို . . .

"ဟိုမှာ . . . ဗူးဘုရားနော်"

ဗူးဘုရားကို လှမ်းမြင်ရ၏။ ဘေးက ဆိုင်တန်းကလေးတွေမှာ မီးတွေထိန်လင်းလို့။ ဘုရားရင်ပြင်ပေါ်မှာ လူတစ်ဦးစနှစ်ဦးစ။

ငြိမ်း ကို့လက်မောင်းကို လွှတ်လိုက်သည်။

## (၁၁)

ခရီးပန်းလာသည်မို့ ခင်မောင်ထွေး အိပ်မောကျနေပေပြီ။ အိပ်ရာထဲမှာ ငြိမ်နေမိလျက် အိပ်မပျော်။ အတွေးတို့က ယောက်ယက်ခတ်၏။ ငြိမ်း၏ အပျော်မျက်နှာလေးကို မြင်နေမိပြန်သည်။ သူ့ စိတ်ထဲက ယုတ်မာမှု မမှန်မှုတွေကို ငြိမ်း မရိပ်မိပါလား။ ငြိမ်းက သူ့ကို လေးစား အထင်ကြီးနေဆဲပါလား။

သူ့ကို ငြိမ်းတို့ အဘွား၏ အိမ်ဖော်မတစ်ဦးရဲ့သားဆိုတာ ငြိမ်းသိထားပါလျက် သည်စကားကို အခုထိ ငြိမ်းမစ။ သည်စကားကြောင့် ငြိမ်း၏ အချစ်သည် စိုးစဉ်းမျှ လျော့ပါး ပွန်းပဲ့ဟန် မတူ။

သူ့စိတ်ထဲမှာသာ မလုံမလဲ ခံစားနေရပြန်သည်။

ငြိမ်း ဟန်ဆောင် နေတာလားဟု သံသယ တွေးတွေ ဝင်နေတတ်ပြန်သည်။ ထားထားရှိန်အတွက် သူ့နှလုံးသားကို ခြေဖျက်နိုင်ဖို့ ငြိမ်း မာယာများ၍ နေသလား။ ခင်မောင်ထွေးကို သည်စကား သူ ပြောခဲ့စဉ်က ခင်မောင်ထွေး သူ့ကို ပြောခဲ့သည်များကို ပြန်၍



ကြားယောင်နေမိပြန်၏။ လူတွေကို မယုံ မကြည် ဖြစ်တတ်တဲ့ သူ့စိတ်ကို ခင်မောင်ထွေးက ထောက်ပြခဲ့သည်ပဲ။

တကယ်တမ်းကျတော့ လူတွေဆိုတာ ဘယ်လောက် ယုံကြည်စရာ ကောင်းပါသတဲ့လဲ။ သူ့ကို မွေးထားတဲ့ သူ့အမေတောင် ယုံကြည်ခဲ့ရလို့လား၊ သူ ငယ်ငယ်လေးကတည်းက သူ့ကို ပစ်ထားခဲ့ပြီး ယောကျ်ားနောက် လိုက်သွားလိုက်တာ၊ ဘာ အဆက်အသွယ်မှ မရတော့ဘဲ သူ ဆယ်တန်းနှစ်ရောက်မှ ဆုံးပြီ ဆိုတဲ့သတင်း၊ လူကြုံပြောလို့ သိခွင့်ရသည်ပဲ။ သူ့အဖေအရင်းက ဘယ်သူလဲ သည်တစ်သက်မှာ သူ သိခွင့် မရှိနိုင်တော့သည့် အရာဟု နားလည်ရင်း ကြေကွဲရပြန်၏။ သူ့အမေ ကိုယ်တိုင်က မရှိတော့ဘူးဟု လွယ်လွယ်ပေါ့ပေါ့ အန်တီ့ကို ပြောခဲ့သည်ဟု ဆိုသည်။

ဦးသန်းဖေ။ မွေးကတည်းက အဖေဟု ယုံထားခဲ့သူကလည်း နောက်တော့ အဖေ မဟုတ်ပြန်။ သူ ဘာကို နားလည် ယုံကြည်ရမည်ဟု မသိတော့။

သားသမီးအပေါ် ထားရှိသည့် မိဘမေတ္တာဆိုတာကိုပင် သူ သံသယတွေ ဝင်တတ်ခဲ့သူ။

ဖအေ မပေါ်ဘဲ မွေးတဲ့သားဆိုသည့် ဦးသန်းဖေ၏ စကားသည်လည်း ရင်ထဲမှာ စွဲမြဲစွာ သူ့ကို ခြောက်လှန့်နေဆဲ။ ဦးသန်းဖေ၏ မူး၍အော်ဟစ် ပြောလိုက်သံကြီးသည် အခုတိုင် ရင်ထဲမှာ ကျယ်လောင်နေဆဲ။

တက္ကသိုလ် စာသင်နှစ်တွေမှာ ကိုယ်ရေးမှတ်တမ်း ဖြည့်ရ

သည့်အခါတိုင်း သူ အတိုင်းမသိ ခံစားခဲ့ရသည်။ အဖအမည် နေရာမှာ သူ့အဖေ မဟုတ်မှန်း သိပါလျက် ဦးသန်းဖေ အမည်ကို သူ ရေးခဲ့ရသည်။ ဘာမှ မရေးနိုင်တာထက် စာရင်တော့ နာမည်တစ်ခုကို သူ ရေးနိုင်ခြင်းအတွက် ဦးသန်းဖေကိုပင် ကျေးဇူးတင်ရမလို။

ငြိမ်းတို့ အမေက မိဘအမည် မေးစဉ်ကလည်း ဦးသန်းဖေ အမည်ကို သူ ပြောရင်း သူ့ရင်တွင်းမှာ တုန်လှုပ်စွာ ခံစားခဲ့ရပြန်သည်ပဲ။

သူ့ဘဝမှာ အန်တီ့ မေတ္တာကလွဲ၍ အခြား ယုံကြည်နိုင်စရာ မရှိဟု သူ ထင်နေပြန်သည်။ အန်တီသည် သူ့ဘဝအတွက် အရာအားလုံးကို စွန့်လွှတ်ခဲ့သူဟု သူ ထင်သည်။

အိမ်ထောင်ပြုရမည့် အရွယ်မှာလည်း သူ့ကိုငဲ့လျက် အန်တီ အိမ်ထောင် မပြုခဲ့ဆိုတာ ဈေးထဲက လူတိုင်း အသိ။

ငြိမ်းနှင့် တွေ့တော့ ငြိမ်းကို ယုံကြည်ရမည့်သူ တစ်ဦး အဖြစ် သူ တွယ်တာခဲ့မိသည်ပဲ။ ယုံစားခဲ့မိသည်ပဲ။ သူ့ဘဝအတွက် မျှော်လင့်ကိုးစားရာဟု နားလည်ထားခဲ့သည်ပဲ။

ငြိမ်း မေမေ လာပြောလို့ ငြိမ်းက ဦးမြမောင်ရဲ့ မွေးစားသမီး၊ တူမ အရင်းဆိုတာ သိလာတဲ့ နောက်မှာတော့ ငြိမ်းကို သူ မယုံတော့ပြန်။

ငြိမ်း မေတ္တာကို သူ ယုံ၏။ ငြိမ်းကို သူမယုံ၊ ငြိမ်း ဘဝနှင့် ငြိမ်း ဝန်းကျင်ကို သူ မုန်းနေပြန်သည်။

ဦးမြမောင်က သားသမီး မရှိ။ ငြိမ်းကို မွေးစားခဲ့သည်ဆို





တော့ အလွန်ချစ်ပုံပေါ်သည်။ ငြိမ်း ဒုက္ခရောက်လျှင် ဦးမြမောင် ဒုက္ခရောက်သည်နှင့် မခြား။

ခပ်ရိုင်းရိုင်း စဉ်းစားကြည့်သည်။ ငြိမ်းကို ဗိုက်တစ်လုံးနှင့် သူ ပစ်ထားခဲ့လျှင် အဖေ မပေါ်သည့် ကလေးကို ငြိမ်း မွေးခဲ့ရပါလျှင် . . .

ဦးမြမောင် အရာရာကို ကိုယ်ချင်းစာ ခံစားနိုင်လိမ့်မည်ဟု သူ တွေး၏။ အဝေးဆီမှ ခပ်သဲ့သဲ့ ကြားနေရသည့် ဆည်းလည်းသံ လွင်လွင်သည် ရင်ကို မအေးမြနိုင်ပါလား။

ဘုရားရိပ်၊ တရားရိပ်မှာပင်လျှင် သူ့ ရင်သည် ပူလောင်ကျွမ်းမြိုက်လို့ နေပါရော့လား။

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

## (၁၂)

မနက်စောစော သူ့ကို ခင်မောင်ထွေးက နှိုးသည်။

မြင်းလှည်း ဆရာကို ချိန်းထားတာ သူ သတိရလိုက်၏။ အိပ်ရာမှ လူးလဲထကာ ရေချိုးခန်း ဝင်သည်။

ရေချိုးပြီး အဝတ်အစား လဲကာ အပြင် ဝရန်တာကို ထွက်လိုက်၏။

နှင်းတွေ သိပ်သိပ် သည်းသည်း ကျနေပါရော့လား။ ခပ်လှမ်းလှမ်းမှ ထနောင်းပင်သည် နှင်းကြားမှာ ပျောက်နေ၏။ အဝေးကို ဘာမှ မမြင်ရ။

"ကို နိုးပြီလား"

အောက်က အင်္ဂတေ လမ်းလေးပေါ် မှာ ရပ်ရင်း လှမ်းမေးသံကို ကြားသည်။ နောက်ဘက် လှည့်ကြည့်တော့ ငြိမ်းကိုတွေ့၏။

"နှင်းတွေ ကျနေတာ လှလိုက်တာ ကို၊ ငြိမ်း ခြံဝထိအောင် လျှောက်ကြည့်ပြီးပြီ"



ငြိမ်းက စကားဆက်၏။

"အဝိဇ္ဇာ နှင်း . . . "

"ဘာပြောတာလဲ ကို "

သူ့နှုတ်မှ ရုတ်တရက်ထွက်သွားတာကို ငြိမ်းက နားလည်မည် မထင်။

"ဩော် . . . ကိုက တွေးနေလို့ပါ၊ အဝိဇ္ဇာဆိုတာ အဲဒီ နှင်းတွေ သိပ်သိပ်သည်းသည်းကျနေသလို အားလုံးကို ဖုံးပိတ်နေမှာပဲလို့လေ၊ အမှန်ကို မမြင်အောင် ကာနေတဲ့ အဝိဇ္ဇာနှင်းတွေပေါ့"

"ကိုကနော် . . . နှင်းတွေ ကျနေတာကို လှတယ်လို့ လူတိုင်း မြင်တဲ့အချိန်မှာ မကောင်းတဲ့ အဝိဇ္ဇာအနေနဲ့ တွေးတယ်"

"ဘာလဲ့ ကို့ကို ငြိမ်း စွပ်စွဲနေကျအတိုင်း မကောင်းမြင်သမားလို့ စွပ်စွဲဦးမှာလား"

ငြိမ်းက သူ့ကို ရယ်ပြီး ကြည့်နေ၏။

"တကယ်တော့လည်း မကောင်းမြင်သမား ဖြစ်နိုင်ပါတယ်၊ ကိုယ့်ဘဝကိုက အရာရာကို ဒီလိုပဲ မြင်တတ်အောင် လေ့ကျင့်ပေးခဲ့တာပဲလေ"

မြင်းလှည်းရောက်ပြီဆိုသည့် အေးအေး အန်တီ့ အော်ပြောသံကို ကြားရ၏။ အေးအေး အန်တီက လမ်းမနှင့် ကပ်လျက် အခန်းမို့ မြင်းလှည်းလာတာ မြင်ပုံရ၏။

"ကဲ . . . မြင်းလှည်း လာပြီတဲ့"

"ငြိမ်းက ပြီးပါပြီ၊ ပိုက်ဆံအိတ် ယူရုံပဲ"

ပြောပြီး ငြိမ်း ထွက်သွားသည်။ သူ အခန်းထဲ ပြန်ဝင်လိုက်၏။

မြင်းခွာသံ တခွပ်ခွပ်သည် နှလုံးသားပေါ် ဖြတ်၍ နင်းနေသလို သူ ခံစားနေရပြန်သည်။

ရောက်သင့်ရောက်ထိုက် ဖူးသင့်ဖူးထိုက်သည့် ဘုရားများကို မြင်းလှည်းဆရာက စေတနာထား၍ လိုက်ပို့ပေး၏။ အားလုံး၏ မျက်နှာသည် ဘုရားဖူးရင်း ကြည်နူးချမ်းမြေ့ပျော်ရွှင်နေကြတာ သူ သတိထားဖြစ်သည်။ သူ့ ရင်ထဲမှာသာ မလွတ်မလပ် တင်းကျပ်စွာ ခံစားနေရသည်ပဲ။

"တပည့်တော်ရဲ့ ချစ်သူအပေါ်မှာ တပည့်တော် ရန်ငြိုးထားပြီး ရန်သူ တစ်ဦးလို မြင်နေမိတဲ့ အဖြစ်မျိုး နောင်ဘဝ ဆက်တိုင်းမှာ မကြုံရပါစေနဲ့ ဘုရား"

ဘုရားဝတ်ပြုတိုင်း သူ ဆုတောင်းနေမိပြန်သည်။

တစ်ခါတစ်ခါ ငြိမ်းက လက်မောင်းကို ဆွဲလျက် လှေကားတွေ တက်သည့်အခါ ရှိသည်။ ငြိမ်းကို ကြည့်ရသည်မှာ ပီဘိကလေးတစ်ဦးနှယ် ရွှင်မြူးနေပုံရ၏။

"ပျော်လိုက်တာ ကိုရယ် . . . ကို မပျော်ဘူးလားဟင်"

"အင်း . . . ပျော်ပါတယ်"

သူ့ အသံမှာ အသက် မပါတာ ဘာသာအသိဆုံး။ သူ့အပြုံး





တွေမှာ လတ်ဆတ်ပွင့်လင်းမှု မရှိတာ ဘာသာ နားအလည်ဆုံး။

နှလုံးသားမှ အပူငွေ့တို့သည် မျက်နှာမှာ ဝေ့၍လွှမ်းနေလိမ့်မည်။

"ပုဂံမှာ စေတီပုထိုးတွေ၊ ဘုရားတွေချည်း မြင်နေရပေမယ့် တကယ်တွေးကြည့်တဲ့အခါ ငြိမ်းတို့ မမြင်ရတဲ့၊ မမြင်နိုင်တဲ့ စိတ်စွမ်းအားတွေ တန်ခိုးတွေ အများကြီး ရှိနေမှာပဲနော်"

မြင်းကပါအသွားမှာ မြင်းလှည်းပေါ်မှာ ငြိမ်းက ပြောသည်။

"ငြိမ်း ပြောတာ မြင့်နေတယ်၊ နားမလည်ဘူး၊ ရှင်းပါဦး"

ဟု အေးအေးက မေး၏။

"ထင်ရှားတာ တစ်ခုပြောမယ်ကွာ၊ ပုဂံရောက်လာတဲ့ လူတိုင်းရဲ့ စိတ်ထဲမှာ လွမ်းသလို၊ ဆွေးသလို၊ ပျော်သလို၊ ကြည်နူးသလို ဘယ်လိုမှန်းမသိတဲ့ ဝေဒနာတစ်ခုကို ခံစားရမှာပဲ၊ ကိုယ်တစ်ခါမှ မတွေ့ဖူး၊ မတွေးဖူးတဲ့ နေရာဒေသတစ်ခုကိုရောက်နေရသလို ရှေးဟောင်းမြို့ကြီးတစ်ခုခုထဲမှာပင် ဝင်လည်နေရသလိုမျိုးပေါ့"

"အင်း . . . ဒါတော့ အမှန်ပဲ"

"အဲဒါ ပတ်ဝန်းကျင်ဒေသအသစ်ရဲ့ ဖမ်းစားမှုလို့ ထင်ချင်ထင်မယ်၊ အနည်းနဲ့အများတော့ ပါမှာပေါ့၊ ဒါပေမယ့် ကိုယ်မရောက်ဖူးတဲ့ တခြား မြို့တစ်မြို့၊ နေရာ တစ်နေရာကို ရောက်တဲ့ ခံစားမှုနဲ့ မတူပြန်ဘူး"

"ဒါလည်း ဟုတ်တယ်"

အေးအေးက ပြောသည်။

"ဘာဖြစ်လို့လဲ စဉ်းစားကြည့်တော့ စိတ်ကိုညှို့ယူထားသလို လို တန်ခိုးရှင် တစ်ဦးဦးကပဲ ဖမ်းစားထားသလိုမျိုးချည်း"

"ငြိမ်းက ကြံကြံဖန်ဖန် ပြောတတ်တယ်"

ဟု ခင်မောင်ထွေး ပြော၏။ သူက ငြိမ်း ပြောသမျှကို ငြိမ် နားထောင်နေမိသည်။

"ကဲ . . . ကိုထွေး . . . အဲဒီလို မဖြစ်ဘူးလား"

"ဖြစ်တော့ဖြစ်တယ်၊ ဒါပေမယ့် ငြိမ်း တွေးသလို မတွေးမိဘူး"

"ဒါ တကယ်ပဲ ကိုထွေး၊ ဒီကိုလာတဲ့ လူတွေအားလုံးရဲ့ စိတ်ဟာ မမြင်ရတဲ့ အာရုံလှိုင်း တစ်ခုခုအောက် ရောက်လာသလိုပဲ"

"မမြင်ရတဲ့ အာရုံလှိုင်း"

"ဟုတ်တယ် . . . ဒီမှာ မမြင်ရတဲ့ အစွမ်းထက်တဲ့ အာရုံလှိုင်းတွေ ရှိနေတယ်လို့ ငြိမ်း ထင်တယ်၊ ငြိမ်း ပြောမယ်၊ နားထောင်ပြီး စဉ်းစားကြည့်ပါဦး"

"အန်တီတောင် စိတ်ဝင်စားလာပြီ"

"ဒီပုဂံက ဘုရားတွေ တည်ခဲ့တယ်ဆိုတာ သဒ္ဓါကြည်ညို စိတ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တည်ခဲ့တယ်လို့ ပထမအဆင့် စဉ်းစားကြည့်မိတယ်၊ နောက်တစ်ဆင့်တက်စဉ်းစားတော့ အမြင့်မားဆုံး အလှူပ်ရှားဆုံး စိတ်တွေနဲ့ အထိမ်းအမှတ် တစ်ခုအဖြစ် တည်ခဲ့ကြတာတွေ တွေ့ရပြန်ရော၊ ဥပမာ မြစေတီကျောက်စာရှိတဲ့ ဂူပြောက်ကြီး ဆိုပါ





တော့၊ ဖခင်ကို ချစ်မြတ်နိုးစိတ်၊ ဖခင်ကို ကြည်ညိုလွန်းတဲ့ သားတစ်ယောက်ရဲ့ မေတ္တာအဟုန်ရဲ့ အထိမ်းအမှတ် တစ်ခုပဲ၊ ဒီလိုပဲ မေတ္တာရဲ့ အဟုန်၊ စိတ်နာမှုရဲ့အဟုန်၊ ကျဉ်းကျပ် ပိတ်လှောင်မှုရဲ့ အဟုန်တွေနဲ့ တည်ခဲ့တဲ့ ဘုရားတွေက အများကြီးလေ။ နဂါးရုံဘုရားနဲ့ အပါယ်ရတနာဘုရားဟာ ကျန်စစ်သားနဲ့ အပါယ်ရတနာ မိဖုရားရဲ့ မေတ္တာသင်္ကေတပေါ့၊ မနူဟာဘုရားကျတော့ မနူဟာမင်းရဲ့ စိတ်အကျဉ်းအကျပ်မှု ထွက်ပေါက်၊ ဒီလိုပဲ ဘုရားတွေရှိတယ်လေ၊ အဲဒီတော့ နှစ်ပေါင်း ဘယ်လောက်ကြာကြာ ဒီမြေမှာ အဲဒီ မေတ္တာလှိုင်းတွေ အာဃာတလှိုင်းတွေဟာ ကြီးကြီးမားမား တည်ရှိနေဆဲလို့ ငြိမ်းက ယူဆမိတယ်၊ ဘုရားတည်ခဲ့တဲ့ သူတွေရဲ့ စိတ်ဓာတ်လှိုင်းတွေပေါ့၊ အဲဒီ စိတ်ဓာတ်လှိုင်းတွေဟာ ဘုရားတွေမှာ အသက်ဝင်ပူးကပ်နေလိမ့်မယ်၊ ဒါကြောင့်အဲဒီစိတ်ဓာတ်လှိုင်းတွေရဲ့ တန်ခိုးအောက်ကို ဘုရားဖူးလာတဲ့ သူတွေ ရောက်လာတော့ ရင်ထဲမှာ အဲဒီလှိုင်းတွေရဲ့ အရိုက်အခတ်ကို ခံစားနေကြရတာ"

"သိပ်ကောင်းတဲ့ အတွေးပဲ ငြိမ်း၊ ဒါ . . . တကယ်ဖြစ်နိုင်တယ်"

အေးအေးက ပြောလိုက်သည်။

"ခြုံပြောရင် ပုဂံသားတွေရဲ့ စိတ်တန်ခိုး အာနိသင်တွေ ဒီမှာ ရှိနေတုန်းပဲပေါ့နော်"

ဟု ခင်မောင်ထွေး ပြော၏။

"ဟုတ်တယ် . . . ငြိမ်းတော့ ဒီလိုပဲ ထင်တယ်၊ စိတ်တန်ခိုး

တွေနဲ့ အသက်သွင်းခဲ့တဲ့ ဘုရားတွေလေ”

ငြိမ်း စကားကို ဘာမှ ဝင်မပြောမိပေမယ့် သူ အသေအချာ နားထောင်ရင်း စဉ်းစားနေမိပြန်၏။

❀❀ ❀❀ ❀❀



(၁၃)

“ဒီနဂါးရုံဘုရားနဲ့ အပါယ်ရတနာဘုရားက ကျန်ဇစ်သား နဲ့ သူ့မိဖုရားခေါင်ကြီး အပါယ်ရတနာတို့ရဲ့ ကောင်းမှုဘုရားတွေပေ့ါ ဒါ သူတို့နှစ်ဦးရဲ့ ချစ်ခြင်းမေတ္တာသင်္ကေတလို့ ငြိမ်းဘော့ ထင်ပါတယ်”

“ပြောပါဦး ငြိမ်း”

“ရာဇဝင်ထဲမှာ ဖတ်ရတယ် အေးအေးရဲ့၊ အနော်ရထာမင်းကြီး နတ်ရွာစံပြီး စောလူးမင်း နန်းတက်တော့ မှူးကြီးမတ်ကြီးတွေက ကျန်စစ်သားကို ပုဂံနိုင်ငံ ပြန်ခေါ်ဖို့လျှောက်လို့ ကျန်စစ်သား ပုဂံကို ရောက်လာခဲ့တယ်၊ ပုဂံကို ရောက်လာပြီး မကြာဘူး သူ့ရဲ့ချစ်သူဟောင်း မဏိစန္ဒာနဲ့ ပြန်ပြီး ဆက်သွယ်နေပါတယ်လို့ တချို့ အမတ်တွေက လျှောက်ပြန်ရောတဲ့၊ အနော်ရထာ နတ်ရွာစံတော့ စောလူးက မဏိစန္ဒာကို မိဖုရားဆက်မြှောက်ထားတော့ ကျန်စစ်သားကို စောလူးက အမျက်ထွက်ပြန်ရော၊ ဒါနဲ့ . . . ကျန်စစ်သားကို ဒလ ပို့လိုက်တယ်တဲ့၊ နယ်နှင်ဒဏ် ပေးတာပေါ့၊ ဟိုတုန်းက ဒလဆိုတာ

အခုတွံတေးတောတန်းကို ပြောတာတဲ့၊ ဒါပေမယ့် ကျွန်တဲ့ မှူးကြီး မတ်ကြီးတွေက ဒါ မဟုတ်ပါဘူးလို့ စောလူးကို ပြန်လျှောက်တော့ ဒလမရောက်ခင်မှာပဲ ကျန်စစ်သားကို လမ်းကနေ ပြန်ခေါ် ပြန်ရော၊ ဒါနဲ့ ကျန်စစ်သား ပုဂံ ပြန်ရောက်လာရတယ်ပေါ့"

"ရာဇဝင်တွေ ကျေကျေညက်ညက် ဖတ်ထားတဲ့ ငြိမ်း ပါလာတာ ဟန်ကျတာပဲ ဆက်ပါဦး"

ဟု အေးအေး အန်တီက စကားထောက်၏။

"ပုဂံ ပြန်ရောက်ပေမယ့် သူ့ကို စောလူးက မြှောက်စားဟန်မတူဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ မြင်း သူကျောင်းပြီး နေရတယ်လို့ ဆိုထားတယ်၊ ဒီမှာ သူဆင်းဆင်းရဲရဲ နေရတဲ့ဘဝမှာပဲ အပါယ်ရတနာကို ရာဇဝင်မှာ စတွေ့တယ်၊ အပါယ်ရတနာက သူ့လိုပဲ အဆင်းရဲခံပြီး သူ့ကို ပြုစုတယ်၊ သူ မြင်းကျောင်းတဲ့ နေရာကို လိုက်ပြီး ထမင်းပို့ရတယ်တဲ့၊ တစ်နေ့ အပါယ်ရတနာက ထမင်းပို့ဖို့လိုက်အလာမှာ ကျန်စစ်သားက မြင်းကျောင်းရင်း အိပ်ပျော်နေတာ လှမ်းမြင်ရတယ်၊ ကျန်စစ်သား အိပ်ပျော်နေတာကို နေမထိုးအောင်လို့ နဂါးတစ်ကောင်က ပါးပျဉ်းထောင်ပြီး အုပ်မိုးပေးထားတာလဲ လှမ်းမြင်ရသတဲ့၊ အပါယ်ရတနာက တအံ့တသြနဲ့ ငြိမ်ကြည့်နေပြီး ကျန်စစ်သား နိုးလို့ နဂါးကြီး ပျောက်သွားမှ အဲဒီအကြောင်းတွေကို ကျန်စစ်သားကို ပြောပြတယ်လို့ ဖတ်ဖူးတယ်၊ ဒါနဲ့ ကျန်စစ်သား မင်းဖြစ်တဲ့အခါကျတော့ ဒီနဂါးရုံဘုရားကို တည်ခဲ့တာ၊ သူ့အပေါ်မှာ ထားခဲ့တဲ့ အပါယ်ရတနာရဲ့ မေတ္တာကို အလေးအနက်ပြုပြီး ဒီနဂါးရုံနားမှာပဲ





အပါယ်ရတနာဘုရားကို တည်ခိုင်းခဲ့ဟာတဲ့၊ ဒါ သူတို့ရဲ့ မေတ္တာလှိုင်းတွေ လွှတ်ထားတဲ့ မေတ္တာသင်္ကေတပဲလေ . . . ဟုတ်ဘူးလား"

အားလုံးက ငြိမ်း စကားကို နားထောင်ရင်း ဘုရားနှစ်ဆူကို လှမ်းကြည့် ကြည်ညိုနေမိကြပြန်၏။

"နဂါးကြီး ပါးပျဉ်းနဲ့ အုပ်မိုးထားတယ်ဆိုတာကို အခုခေတ်အမြင်နဲ့ ယုံချင်စရာ ကောင်းချင်မှ ကောင်းမယ်၊ ဒါပေမယ့် သူတို့ရဲ့ မေတ္တာအထိမ်းအမှတ် ဘုရားတွေဆိုတာကိုတော့ ဘယ်သူမှ ငြင်းမှာ မဟုတ်ပါဘူး"

ဟု အေးအေး အန်တီက ပြော၏။

"ငြိမ်း စိတ်ထဲမှာ ဒီဘုရားနှစ်ဆူရဲ့ ကြားမှာ ဒီလမ်းလေး ဖောက်ထားလိုက်တာကို တော်တော်လေး ခံစားရတယ် အန်တီ၊ အမှန်ဆို ဒီဘုရားနှစ်ဆူကြားမှာ လမ်းဖောက်ထားတာ မရှိရင် ပိုကောင်းမှာ အခုတော့ ဘုရားနှစ်ဆူကို ပိုင်းပိုင်းခြားခြား လုပ်ထားသလိုပါပဲ"

သူ ငြိမ်း မျက်နှာကို ကြည့်ရင်း ပြုံးလိုက်မိ၏။ ငြိမ်းဟာ တော်တော်တွေးတတ်တာပဲ၊ တော်တော်ခံစားတတ်တာပဲဟု သတိထားမိပြန်သည်။

ဘုရားတွေ ရောက်တိုင်း သူ ဖတ်ထားတာ သိသမျှကို ငြိမ်းက ရှင်းပြနေတတ်ပြန်၏။

"ကောင်းတဲ့ စိတ်ပဲ ဖြစ်ဖြစ်၊ မကောင်းတဲ့စိတ်ပဲ ဖြစ်ဖြစ် သိပ်ပြီး ပြင်းထန်လွန်းလာရင် တန်ခိုးထက်တယ်၊ အစွမ်းထက်တယ်၊ ကောင်းတဲ့စိတ်က ကောင်းတာတွေကို အစွမ်းထက်သလို မကောင်းတဲ့ စိတ်ကလည်း မကောင်းတာတွေ အစွမ်းထက်မှာပေါ့၊ ဒါကြောင့် လူတွေ စိတ်ကောင်းတွေ မွေးပြီး စိတ်ကောင်းတွေပဲ လွှမ်းမိုးစေချင်တာ"

ငြိမ်း စကားကြောင့် မလုံမလဲဖြစ်ပြီး သူ မျက်နှာလွှဲသည်။ သူ့ ရင်ထဲကို ငြိမ်း ထိုးဖောက်မြင်နေသလား ထင်ပြန်၏။

သူ ငြိမ်း မျက်နှာကို စူးစိုက်ကြည့်နေလိုက်၏။

"ကျန်စစ်သားကျတော့ မေတ္တာ အဟုန်ကြီးတယ်၊ အရာရာကို မေတ္တာနဲ့ အနိုင်ယူတယ်၊ ရွှေစည်းခုံဘုရားမှာ မွန်ကျောက်စာတွေ့ခဲ့တယ် မဟုတ်လား"

"အင်း . . . "

"အဲဒီ ကျောက်စာက ကောက်နုတ်ချက်ကို ငြိမ်း ပြောပြမယ်၊ ငြိမ်းက မွန်စာ တတ်လို့ မဟုတ်ဘူးနော်၊ မြန်မာလို ကောက်နုတ်ချက် ရေးထားတာကို ဖတ်ရင်း အရမ်းကြိုက်လို့ အလွတ်ကျက်ထားတာ"

"ပြောပါဦး"

"ခဏနေဦး . . . ငြိမ်း စဉ်းစားဦးမယ်"

ငြိမ်းက မြစ်ပြင်ဆီ ငေးရင်း ခပ်တွေတွေ စဉ်းစားနေ၏။ ပြီးမှ . . .

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

## (၁၄)

ဘုရားဖူး ပြန်လာပြီးတော့ ညနေပိုင်း ရေမိုးချိုးပြီး သူတို့ နားကြသည်။ ငြိမ်းနှင့် သူက မြစ်နဖူးမှ ထနောင်းပင်ရိပ်မှာ ထိုင်ဖြစ်၏။ အသင့်ချပေးထားသည့် ဆက်တီခုံပေါ်မှာ ထိုင်ရင်း ဧရာဝတီမြစ်ကို လှမ်းငေးနေလိုက်မိပြန်သည်။ ရေကျနေချိန်မို့ ကမ်းစပ်မှာ သောင်တွန်းနေ၏။ ဟိုး . . . လှမ်းလှမ်းရေပြင်ပေါ်မှာ လှေကလေးတွေကို မြင်သည်။

"ကို . . . "

ငေးနေရာမှ ငြိမ်းအသံကြောင့် ငြိမ်း မျက်နှာဆီ လှမ်းကြည့်လိုက်၏။

"ငြိမ်း မနက်က မြင်းလှည်းပေါ်မှာ ပြောခဲ့တဲ့ စကားလေ . . . သိပ် ပြင်းပြလွန်းတဲ့ စိတ်ရဲ့ အဟုန်ဆိုတာကို လက်ခံလား"

"လက်ခံတယ် ငြိမ်း၊ သိပ်ပြင်းပြလွန်းတဲ့ စိတ်ရဲ့အစွမ်းကိုကို ယုံတယ်"

"နားထောင် ကို၊ ငြိမ်း ရွတ်ပြမယ်"

"ချစ်သူနှင့် ကွဲကွာ၍ မျက်ရည်ရှိသော သူတို့ကို မေတ္တာစိတ်တည်းဟူသော လက်ဖြင့် သုတ်ပစ်လတ္တံ့။

စိတ်နှလုံးမသာသူတို့၏ အညစ်အကြေးတည်းဟူသော နှပ်ကို သနားခြင်းတည်းဟူသော ခဲရေဖြင့် ဆေးကြောလတ္တံ့။

ယောကျ်ား လကျ်ာလက်ဖြင့် ထမင်း၊ မုန့်တို့ကို လူအပေါင်းအား ပေးလတ္တံ့။

လက်ဝဲလက်ဖြင့် အဝတ်ပုဆိုး ပစ္စည်းတို့ကို ပေးလတ္တံ့။

ခပ်သိမ်းသော လူအပေါင်းတို့ကိုလည်း အမိ ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်လတ္တံ့။

အသံရပ်ပြီး သူ့ မျက်နှာကို ငြိမ်း ကြည့်သည်။

"ကဲ . . . ဘယ်လောက် အကြင်နာ မေတ္တာကြီးတဲ့ စိတ်ဓာတ်လဲ အဲဒီစိတ်ဓာတ်နဲ့ ကျွန်စစ်သားဟာ နိုင်ငံကိုအုပ်ချုပ်သွားတာ ထူထောင်သွားတာပါပဲ ကို၊ သူ့ကို သံ့ပန်းဖြစ်စေတဲ့ အနော်ရထာပေါ်မှာလည်း သူ ရန်ငြိုးမထားဘူး"

ရန်ငြိုးမထားဘူးဆိုသည့် စကားကြောင့် ရင်ထဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရပြန်၏။ လှုပ်လှုပ် ရှားရှား ခံစားသွားရပြန်၏။

"ကို စဉ်းစားကြည့်လေ . . . အနော်ရထာပြီးလို့ စောလူးနန်းတက်တောလည်း သူ့ ချစ်သူ မဏိစန္ဒာနဲ့ အထင်လွဲပြီး နယ်နှင်ဒဏ် ပေးတယ်၊ ပြန်ခေါ်ပြီးတော့လည်း ဆင်းဆင်းရဲရဲ ထားတယ်၊ မမြောက်စားဘူး၊ ဒါ သာမန် လူတစ်ယောက်အနေနဲ့ဆိုရင် စောလူး





အပေါ်မှာ ဘယ်လောက် အငြိုးထားစရာကောင်းလဲ၊ ဘယ်လောက် အမုန်းပွား စရာကောင်းလဲ၊ ဒါပေမယ့် စောလူးကို ငရမန်က ဖမ်းသွားတော့ ပုဂံမှာ သူ့ကို မင်းလုပ်ပါလို့ အမတ်ကြီးတွေက ပြောတာကို ကျန် စစ်သား လက်မခံခဲ့ဘူး၊ စောလူး အသက်ရှင်နေသမျှ နန်းစည်းစိမ်ကို သူ မယူဘူး ငြင်းတယ်၊ အသက်နဲ့ လဲပြီးတော့ စောလူးကို သူ ကယ်ခဲ့ သေးတယ်လေ၊ တကယ်ဆို သာမန်လူတစ်ယောက်ရဲ့ စိတ်မျိုးနဲ့သာ တွေးကြည့်ရင် စောလူး သေသွားရင် ပိုတောင်ပဲ ကောင်းသေးတယ်၊ စောလူး မရှိတာ အေးတယ်လို့ တွက်မှာပဲပေါ့၊ ကျန်စစ်သားရဲ့ မြင့် မြတ်တဲ့ စိတ်ဓာတ်ဟာ ကြော့က်စရာတောင် ကောင်းတယ်၊ အနော်ရထာကိုရော စောလူးကိုပါ လက်နက်စွဲပြီး သူ မတော်လှန်ခဲ့ဘူး၊ ဒါပေမယ့် ကြီးမားတဲ့ မေတ္တာတရားနဲ့ သူကပဲ အနိုင်ယူခဲ့တာ၊ သိပ်ပြီး သင်ခန်းစာ ယူစရာ ကောင်းတယ်"

မေတ္တာနဲ့ အနိုင်ယူခဲ့တာ၊ မေတ္တာနဲ့ အနိုင်ယူခဲ့တာ ဆိုသည့် ငြိမ်း စကားသံတို့သည် သူ့ ရင်ထဲသို့ ပျံ့နှံ့စိမ့်ဝင် ရိုက်ခတ်နေတော့၏။

"ကို . . ."

"ဟင် . . ."

"ကို့ . . . ကို ငြိမ်းတစ်ခု ပြောချင်တယ်"

"ပြောလေ"

"ကို . . . ငြိမ်းကို ဘယ်လိုမှ မထင်နဲ့နော်"

"မထင်ပါဘူး ငြိမ်းရယ်"

သူ့ စိတ်တွေ ကတုန်ကယင် ချောက်ချောက်ချားချား ဖြစ်နေသည်။ စိတ်လှုပ်ရှားနေမှု မျက်နှာမှာ မပေါ်အောင် သူ ကြိုးစားဟန်ဆောင် ထိန်းချုပ်နေရ၏။ စီးကရက်ကို မီးညှိ မဖွာမိဘဲ လက်ကကိုင်ထားမိသဖြင့် အောက်ချ ဖိနပ်နှင့် နင်းလိုက်ရပြီ။

"ကို့ စိတ်ထဲက ခံစားမှုတွေ၊ အစွဲအလမ်းတွေဟာ တစ်ခါတလေကျတော့ အစွန်းရောက်နေတယ်"

"ဟင် . . . "

ကြိမ်ကုလားထိုင် လက်ကိုင်ကို လက်ဖြင့် တင်းတင်းဆုပ်ဖျစ်ထားလိုက်ရင်း ကိုယ်က မတ်သွားသည်။ ငြိမ်း သူ့စိတ်ကို သိနေပြီလား။

"ကို လက်ခံလား"

"ပြောပါဦး ငြိမ်း"

"ဘရုတ်ကင်း ဖင်မလီပေ့ါနော် . . . မိဘ မစုံတဲ့ သားသမီးတွေဟာ စိတ်ထိခိုက် ခံစားမှုတစ်ခုခု စွဲနေတတ်တာ သဘာဝပဲ၊ ဒါပေမယ့် ကိုက ပိုဆိုးနေတယ်လို့ ငြိမ်းထင်တယ်၊ စိတ်မှာ ငယ်ငယ်က အနာတရ ဖြစ်ခဲ့ဖူးတာချင်း တူရင်တောင်မှ ကို့ ဒဏ်ရာက ပိုပြင်းနေမလားပဲ၊ ကို သိပါတယ်၊ ကိုထွေးလည်း ခဏခဏ ပြောတတ်တာလေ၊ ကို လူတွေကို မယုံတာ၊ သံသယ အမြဲရှိနေတတ်တယ်၊ ငါ့ကို လူတွေ ဒုက္ခပေးတော့မှာပဲဆိုတဲ့ အတွေးနဲ့ ကိုယ့်လုံခြုံမှုကို မလိုအပ်ဘဲ ရှာတာ၊ အဲဒါတွေဟာ အစွန်းရောက်စိတ်တွေပဲပေ့ါ"





"ဒါတွေက ကို့ ဘဝက ကို့ကို အဲဒီလိုဖြစ်အောင် လုပ်ပေးခဲ့တာပဲ ငြိမ်းရယ်"

"ဒါပေမယ့် ကိုကလည်း လွတ်ထားတယ်လေ၊ စိတ်ကို သတိနဲ့ ထိန်းရင် ရတာပဲ"

"သတိနဲ့ ထိန်းရမယ် ဟုတ်လား"

"ဟုတ်တယ်ကို ဥပမာ ငြိမ်း တစ်ခုပြောမယ်၊ ငြိမ်းကို ကို ပြောချင်နေတာ ကြာပြီ၊ ငြိမ်း အချိန်အခါကို စောင့်နေတာ၊ ဒီပုဂံမှာ ပြောခွင့်ရတာ ပိုကောင်းပါတယ်၊ ဘာဖြစ်ဖြစ် ကို့ ရင်ထဲကိုလည်း ကျန်စစ်သားတို့ အပါယ်ရတနာတို့ရဲ့ မေတ္တာလှိုင်းတွေ စီးဝင်နေမှာပဲလေ"

သူ ပြုံးသည်။ ငြိမ်း ကြံ့ကြံ့ဖန်ဖန် ပြောတတ်သည်ပဲ။

"မေမေက ငြိမ်းကို နိုင်ငံခြားမှာ ရှိနေတုန်းက ငြိမ်းဆီ စာရေးတယ်၊ ကို့ ကို သွားတွေ့မေးတဲ့အကြောင်း၊ ကို့အမေဟာ ငြိမ်းတို့ အဘွားအိမ်မှာ အိမ်ဖော် လုပ်ခဲ့ဖူးတဲ့အကြောင်း၊ မျိုးရိုးနိမ့်ကျတယ်ပေ့ါ ကိုရာ၊ အမေ သဘောမတူတာ ငြိမ်း ဒီလောက် ကြီးကြီးကျယ်ကျယ် မစဉ်းစားမိပါဘူး၊ ငြိမ်း ပညာတတ်ပဲ၊ ဒီခေတ် လူငယ်ပဲ၊ မိဘသဘောလည်း နားလည်တာပဲ၊ ငြိမ်းကို မိဘက တစ်သက်လုံး မစွန့်လွှတ်နိုင်ဘူး ဆိုတာလဲ သိနေတာပဲ၊ ဒါကြောင့် ဒီလောက် မပူမိဘူး၊ ပူမိတာက ကို့ကို"

"ကို့ကို ပူတယ် . . . ဟုတ်လား"

"ဟုတ်တယ် ကို့ အတွက် ပူတယ်၊ စိုးရိမ်တယ်"

“ဘာကြောင့်လဲ”

“ကို့ စိတ်ကို သိနေလို့ပဲပေါ့၊ မေမေ လာပြောလိုက်ကတည်းက ကို အရမ်းခံစားရမယ်၊ ပြီးတော့ ငြိမ်းသိသွားမှာကို ကို တွေးပြီး ရှက်မယ်၊ ကို့ရဲ့ သိမ်ငယ်စိတ်က အရမ်းဖြစ်လာပြီး ငြိမ်း ကို့ကို ခွာတော့မှာပဲ၊ ပြီးတော့ ငြိမ်းကိုလည်း မယုံအပ်တဲ့ သူတွေထဲ ထည့်တော့မှာပဲ၊ အဲလို တွေးပြီး ကို ငြိမ်းကို စွန့်ခွာသွားမှာ စိုးရိမ်တာပူတာ”

သူ့ရင်ထဲမှာ ဒီလိုပင် ခံစားနေရဆဲဆိုတာ ငြိမ်းကို သူ ဖွင့်မပြောမိသော်လည်း စိတ်ထဲက ဝန်ခံနေမိပြန်သည်။

“ပြန်ရောက်တော့ ထင်တဲ့အတိုင်းပဲ ကိုနဲ့ ထားထားရှိန်နဲ့ ကိစ္စ ကြားရတယ်၊ ဒါ . . . ငြိမ်းနဲ့ ဝေးပြီဆိုတဲ့ စိတ်နဲ့ ကို စိတ်လေပြီး ထားထားရှိန်ကို တွဲတာ ငြိမ်း ရိပ်မိတယ်၊ ထားထားရှိန် ဆုံးတဲ့ ကိစ္စကို ကိုနဲ့ မပတ်သက်ဘူးဆိုတာ ငြိမ်းယုံတယ်၊ တစ်ခုပဲ ငြိမ်း သံသယဝင်သွားတာက ထားထားရှိန်ဟာ ငြိမ်း ညီမမှန်းသိလို့ မေမေ့ တူမ အရင်းမှန်းသိလို့ ကို ကလဲ့စားချေလိုက်တာလား ဆိုတဲ့ အချက်ပဲ၊ ဒါပေမယ့် ကိုနဲ့ ပြန်လာပြီး တွေ့တော့ ကို့စကားနားထောင်ရင်း ကို တကယ် မသိဘူးဆိုတာ ယုံသွားတယ်။ ငြိမ်းတို့ အိမ်ပြောင်းတာတောင်မှ ကို မသိတာပဲ။ မဖြစ်သင့်တာတွေ ဖြစ်တာဟာ ကို့ သိမ်ငယ်စိတ်ကို ကို ဖုံးချင်လို့ ဖြစ်ရတာပဲ။ ငြိမ်းနဲ့ သဘောမတူလဲ ဘာဖြစ်လဲ၊ ငြိမ်းထက် မနိမ့်တဲ့ ကောင်မလေးမျိုး ငါ တွဲပြမယ်ဆိုတဲ့ စိတ်က ကို့ သိမ်ငယ်စိတ်ကို ပျောက်အောင် ကို လှည့်စားကြည့်တာ”

“ငြိမ်း . . . ငြိမ်း ဘယ်လို သိနေတာလဲ”





သူ့နှုတ်မှ အယောင်ယောင်အမှားမှား စကားစတို့ ထွက်သည်။ ခေါင်းကိုခါလျက် ဆံပင်ထဲကို လက်ထိုးဖွ၏။

“အဲဒီ သိမ်ငယ်စိတ်ကြောင့်ပဲ ကို ငြိမ်းကိုမတွေ့ဘဲ ရှောင်နေခဲ့တာလေ၊ သိမ်ငယ်စိတ်ကို ဖုံးဖို့ မာနကို အစားထိုးလိုက်တာလေ၊ ဟုတ်တယ် မဟုတ်လား ကို”

ငြိမ်းရယ် မာနအပြင် ကလဲ့စားချေလို စိတ်၊ နာကြည်းရန်ငြိုးသိုစိတ်တွေပါ ငြိမ်း အပေါ်မှာ ထားမိတော့မှာ စိုးလို့ ရှောင်ခဲ့တာပါဟု သူ့ရင်ထဲက ပြောနေမိပြန်၏။

“မျိုးရိုးနိမ့်ကျလို့ ကုန်ကုန်ပြောမယ် ကိုရာ အဖေမပေါ်ဘဲ မွေးခဲ့တဲ့သားမို့”

“ဟင် . . . ဟင် . . . ဘာပြောတယ် ငြိမ်း”

ငြိမ်း မျက်နှာကို စူးစူးရဲရဲ ကြည့်ရင်း သူ မေးလိုက်၏။ ခါးကို ကိုင်းညွတ်ကာ ငြိမ်း မျက်နှာနှင့် နီးအောင် ပြုသည်။

“ကို့ အကြောင်းတွေကို ကို မပြောပေမယ့် ငြိမ်း သိပါတယ် ကို၊ ကို မအံ့သြပါနဲ့၊ ငြိမ်းတို့ရဲ့ ဆန်စက်တွေ ကို နေခဲ့တဲ့ မြို့မှာရှိနေတာပဲ၊ အဲဒီက မန်နေဂျာတွေနဲ့ ငြိမ်းတို့ အိမ်က အဆက်အသွယ် အမြဲရှိနေကြတာပဲ၊ မန်နေဂျာတွေကလည်း စက်ထဲက အလုပ်သမားတွေဆီက သတင်းတွေ ကြားနေကြတာပဲလေ၊ ငြိမ်းအမေက မန်နေဂျာတွေကို မေးလို့ ပြောကြဆိုကြတာတွေ ငြိမ်း အားလုံးကြားရတာပေါ့၊ ကို့အမေရဲ့ အကြောင်းတွေ စုံစုံစေ့စေ့ သူတို့ ပြောကြတယ်လေ”

သူ့ မျက်နှာမှာ ရှက်ရွံ့မှု၊ နာကြည်းမှု၊ ဒေါသတို့ဖြင့် သုန်မှုန်နေမည်လား မသိ။

"ငြိမ်း ပြောချင်တာက အဲဒီအကြောင်းတွေ ငြိမ်း သိပေမယ့် ကို့ အပေါ်မှာ မေတ္တာမပျက်ပါဘူးဆိုတာပါပဲ ကို၊ ကိုကသာ အဲဒီအကြောင်းတွေဟာ ကို့ဘဝမှာ အားနည်းချက် အပြစ်အနာအဆာတွေပဲလို့ ထင်ပြီးနေတာ"

"ငြိမ်းရယ် . . ."

သူ သက်ပြင်းကို ချရင်း ငြိမ်း မေတ္တာကို အံ့သြစွာ ခံစားလိုက်ရပြန်၏။

"စောစောကလို မေတ္တာတရားကြီးမားတဲ့ ကျန်စစ်သားမင်း၊ တန်ခိုးကြီး မြင့်မြတ်တဲ့ ကျန်စစ်သားမင်းရဲ့ မိဘတွေက ဘယ်သူတွေလဲ ကို သိလားဟင်"

"မသိဘူး ငြိမ်း"

"ရာဇဝင်မှာ ရေရေရာရာ မပါဘူး ကို၊ သူ့အမေကတော့ တိုင်းတစ်ပါးက အနော်ရထာကို ဆက်သတဲ့ မင်းသမီးလို့ ပြောကြတယ်၊ သူ့အဖေ ဘယ်သူလဲ ဆိုတာ မရေရာဘူး၊ တချို့စာတွေထဲမှာ အနော်ရထာနဲ့ ကိုယ်ဝန်ရပြီးမှ အဲဒီ မင်းသမီးကို အနော်ရထာက အမျက်ရှပြီး ပရိမ္မာအရပ်ကို နှင်လို့ ကျန်စစ်သားကို ပရိမ္မာမှာ မွေးတာလို့ ပါတယ်၊ တစ်ချို့စာတွေကတော့ ပရိမ္မာကို မင်းသမီး ရောက်ပြီးမှ အဲဒီအရပ်က အမျိုးသားတစ်ဦးနဲ့ ရည်ငံပြီး မွေးတာလို့ ပါတယ်၊ အတိအကျ မရှိပါဘူး၊ ငြိမ်း ပြောချင်တာက ဒီလိုမျိုးရိုး





အတိအကျ မရှိပေမယ့် ကျန်စစ်သားဟာ မင်းကောင်းမင်းမြတ်တစ်ပါး၊ သူရဲကောင်းတစ်ယောက်အဖြစ် ရာဇဝင်မှာ မှတ်တမ်းတင်ခံခဲ့ရတယ်၊ ဒါ ကို့လို သိမ်ငယ်စိတ်အစွန်းရောက်နေတဲ့ စွဲလမ်းစိတ် သူ့မှာ မရှိလို့ဘဲ၊ ကို ဘာလို့ အားငယ်နေရမှာလဲ၊ စွဲလမ်းနေရမှာလဲ၊ ကို့ အမေဘဝက ကို့ အမေဘဝ သတ်သတ်၊ ကို့ ဘဝက ကို့ဘဝ သတ်သတ်လေ၊ မအေအနေနဲ့ ကျေးဇူးတရား ရှိနေပေမယ့် မအေရဲ့ မကောင်းတဲ့အရိပ် ကို့ကို ဘာလို့ အထိုးခံနေရမှာလဲ ကို . . ."

မြစ်ပြင်ဆီ လှမ်းငေးရင်း လေပူကို သူ မှုတ်ထုတ်လိုက်၏။

ငြိမ်းက ရင်ထဲမှာ ဘာမှ မထားဘဲ သူ့ကို ပွင့်ပွင့်လင်းလင်း ပြောသွားခဲ့ပါလားဟု သူ နားလည်သည်။

"ငြိမ်း ချစ်တာက ကို့ကို၊ ဘယ်သူ့ သားမို့ ချစ်ပြီး၊ ဘယ်သူ့ သားမို့ မချစ်တော့ဘူးဆိုတာ မေတ္တာတရားကို အခြေမခံပါဘူး ကိုရယ်၊ ငြိမ်းကို ကို နားလည်ပါ၊ ငြိမ်းမှာ အဲလို အစွဲအလမ်းတွေ မရှိပါဘူး"

"ငြိမ်းရယ် . . . ငြိမ်းရယ်"

သူ ငြိမ်း လက်ဖျားကလေးတွေကို လက်နှစ်ဘက်ဖြင့် အုပ်ယူ လှုပ်ယမ်းရင်း စိတ်လှုပ်ရှားစွာ ရေရွတ်နေမိတော့၏။ သူ ရူးသွားတော့မတတ် သူ ခံစားနေရပြန်သည်။

ငြိမ်း ပြောသည့် မေတ္တာတရား၏ အဟုန် မေတ္တာတရား၏ စွမ်းအား အရိုက်အခတ်မှာ သူ့ နှလုံးသားက ဖျတ်ဖျတ်လူးနေလေပြီ။

"ငြိမ်း ကတော့ ကို့ ကို ချစ်တဲ့ မေတ္တာတရားနဲ့ ကိုနဲ့ ပတ်

သက်လာရင် ဘာမဆို ပွင့်ပွင့်လင်းလင်းနဲ့ ခွင့်လွှတ်နေမိမှာပါ၊ ကို မယုံတဲ့ သူတွေထဲမှာ ငြိမ်းကို မထည့်ပါနဲ့ ကိုရယ်"

ဘာပြန် ပြောရမှန်း မသိအောင် ငြိမ်းကို စူးစိုက်ကြည့်နေလိုက်မိသည်။ ပြီးတော့ သူ့ လက်တစ်ဘက်ဖြင့် ငြိမ်း နဖူးဆံစကို ယုယစွာ သပ်တင်ပေးလိုက်၏။

❧ ❧ ❧



(၁၅)

ညစာကို သံတဲ ဟိုတယ် ထမင်းစားခန်းမှာပင် သူတို့ စားလိုက်ကြသည်။ ထမင်း စားပြီး အပြင်ကို ထွက်တော့ ခုနှစ်နာရီကျော်လောက် ရှိမည်။ ခင်မောင်ထွေးနှင့် အေးအေးက လမ်းလျှောက်မည် ပြော၏။ အန်တီကတော့ အခန်းမှာ ခဏနားမည်၊ ပင်ပန်းလို့ မလိုက်တော့ဟု ဆိုကာ အခန်းကို ပြန်သည်။

"ငါတို့ မလိုက်တော့ဘူး၊ ဟို မြစ်နဖူးက ခုံတွေမှာ ရှိမယ်"

ဟု သူပြောကာ ငြိမ်းနှင့် သူက ညနေက ထိုင်ခဲ့သည့် ဆက်တီရှိရာ မြစ်နဖူးကို ရောက်သည်။ လရောင်သည် ထနောင်းရွက်တွေကြားမှ သူတို့ ထိုင်သည့်နေရာကို ကျိုးကျဲ ကျနေ၏။ မြစ်ရေကို လရောင်အောက်မှာ လှမ်းမြင်နေရသည်။ ငြိမ်း မျက်နှာ တစ်ခြမ်းသည် အရိပ်ဖြင့် မှုန်ပျ၍ တစ်ခြမ်းမှာ လရောင်ကြောင့် ရွှန်းပနေတာ မြင်၏။

"ကို ပုဂံကို ပါလာတာ ငြိမ်းအိမ်က ပြန်သိသွားရင် ဘယ်လိုလုပ်မလဲ ငြိမ်း"

"သိသွားတော့လည်း ဘာတတ်နိုင်မှာလဲ ကို၊ ငြိမ်းက ပုဂံကို ကိုနဲ့ အတူသွားတဲ့ အမှုလောက်ကို တွေးပြီး ကြောက်မနေတော့ ပါဘူး"

"ဘာဖြစ်လို့"

"ကို့ကိုတောင် လက်ထပ်ဖို့ ငြိမ်း ဆုံးဖြတ်ထားပြီးပြီပဲဟာ" သူ ပြုံးသည်။

"ဟုတ်တယ်လေ . . . အိမ်က အရမ်းစိတ်ဆိုးမှာ ပြိုငြင်မှာ ကို သိရက်နဲ့ ငြိမ်း ကိုနဲ့ လက်ထပ်ဖို့ စဉ်းစားထားပြီးမှတော့ ကျန်တဲ့ ကိစ္စက အသေးအဖွဲ့ပဲပေါ့၊ အခုလောလောဆယ်မှာသာ ထားထား ရှိန်ကိစ္စနဲ့ ဘာနဲ့မို့ ငြိမ်း ငြိမ်နေတာ၊ အဲဒီ သတင်းတွေ ဂယက်တွေ ငြိမ်ပြီး သွေးအေးသွားတဲ့အခါ ကို ငြိမ်းဆီကို မလာရင်လည်း ငြိမ်း ကို့နောက်ကို လိုက်လာမှာပဲ မပူနဲ့၊ ကို ရှောင်နေလို့ မရဘူး၊ ကိုက ငြိမ်းကို မချစ်တော့ဘူးဆိုပြီး ရှောင်နေရင်တော့ တစ်မျိုးပေါ့ ကိုရယ်"

"ငြိမ်း ကိုနဲ့ လက်ထပ်ရင် ငြိမ်းကို အိမ်က စွန့်ပယ်လိုက်မှာ"

ငြိမ်းက သူ့ မျက်နှာကို လှမ်းကြည့်သည်။

"မိဘနဲ့ သားသမီးပဲ ခဏပေါ့၊ တော်တော်ကြာတော့လည်း ပြန်ပြီး စိတ်ပြေသွားမှာပါ၊ ကို့ကို မကျေနပ်ပေမယ့် ကိုက ကျေနပ် အောင်နေပြရင် လက်ခံလာရမှာပဲပေါ့"

"ငြိမ်းက အမြဲ အကောင်းမြင် ဝါဒပဲ"

"ဟုတ်တယ် ကောင်းတာပဲ ငြိမ်း တွေးတယ်၊ ဒါကြောင့် ငြိမ်း စိတ်ထဲမှာ သိပ်မပူလောင်ဘူး"





ငြိမ်း စိတ်ထဲမှာ မပူလောင်ဘူးတဲ့။ ဟုတ်ပါရဲ့ သူ့ရင်ထဲမှာ တော့ ပူလောင် ဆူပွက်နေလေပြီ။ သူ့ကို ငြိမ်းအခု ပြောနေတာတွေ ကိုရော သူ အကြွင်းမဲ့ ယုံရမှာတဲ့လား။

ကျန်စစ်သားက စောလူးမင်းကို ငရမန်လက်က ကယ်ဖို့ ကြိုးစားတော့ စောလူးက စဉ်းစားတာ သူ ပြန်သတိရ၏။ ငရမန်ဟာ ငါနဲ့ ကစားဖက် ငါ့ကို ရက်ရက်စက်စက် သတ်မည်မထင်။ ကျန်စစ် သားကသာ သူ့အပေါ်မှာ ငါက အနိုင်ယူခဲ့တာတွေ မကျေနပ်ပြီး ငါ့ကို သတ်ဖို့ လာခိုးတာဖြစ်မည်။ သည်လို စဉ်းစားပြီး ထအော်ခဲ့ သည်ပဲ။

စောလူးမင်းက ကျန်စစ်သားကို မယုံကြည်တဲ့ စိတ်မျိုး အခု သူ့ရင်ထဲမှာ ကိန်းဝပ်နေပြီလား။

ငြိမ်း သူ့နှလုံးသားကို လှည့်ဖြား ခြေဖျက်ဖို့ ညို့ယူဖမ်းစား နေပြီလား။

ဒါတွေလည်း မဖြစ်နိုင်ပါဘူး၊ ငြိမ်းက ငါ့ကို တကယ်ချစ်လို့ သူ့ရင်ထဲက စကားတွေ တကယ်ပြောနေတာပါ။

"ကို ဘာတွေ စဉ်းစားနေတာလဲ၊ အရမ်း အေးလာပြီ အနွေးထည် ပြန်ယူရအောင်၊ ပြီးမှ ပြန်လာမယ်နော် . . ဟုတ်လား"

မြစ်ကို ဖြတ်လာသည့် ဆောင်းလေ အေးရှရှကို အခုမှ သတိထားဖြစ်၏။

အခန်းတွေဘက် ပြန်လျှောက်သည်။ သူ့ အခန်းက အရင် ရောက်ပြီး သူ့အခန်းကို အရင်ဖွင့်ရင်း အနွေးထည်ယူ၏။ ရုတ်တရက် အကြံတစ်ခုကို ရလာသည်။ အနွေးထည်ဝတ်ပြီးတာနှင့် ကပျာကရာ တံခါးပိတ်ကာ အခန်းထဲက ထွက်၏။

ငြိမ်း အခန်းရှိရာ အမြန်ဆုံးလျှောက်သည်။ အခန်းတံခါးကို စေ့ရုံသာ စေ့ထားတာတွေ့၏။ အနွေးထည်ယူပြီး ပြန်ထွက်မှာမို့ တံခါးမပိတ်ဘဲ ထားတာဖြစ်မည်။ အခန်းတံခါးကို အသာတွန်းဖွင့်ပြီး သူဝင်လိုက်၏။

"ဟင် . . . ကို . . . "

ဆွယ်တာအင်္ကျီဝတ်ပြီး ခုတင်ဘေးမှာ ရပ်နေသည့် ငြိမ်းက သူ့ကို တွေ့သွားသည်။

ငြိမ်းအနား သူ တိုးကပ်လာခဲ့၏။ ငြိမ်းက သူ့ကို စူးစိုက်ငေးကြောင်ကြည့်နေသည်။

"ငြိမ်း . . . "

ငြိမ်း ပခုံးပေါ်ကို လက်နှစ်ဘက်တင်ကာ လေသံဖြင့် သူ ခေါ်၏။ သူ့ အသံမှာ တုန်ယင်အက်ရှနေမည်မှန်း သူ သိလိုက်၏။ ငြိမ်း သူ့ မျက်နှာကို စူးစိုက်ကြည့်နေဆဲ။

ငြိမ်း နဖူးကို သူ နမ်းသည်။ ငြိမ်းက မျက်လွှာကိုချလျက် ငြိမ်နေသည်။ ပြီးတော့ ငြိမ်းကို သူ တင်းကျပ်စွာ ဖက်လိုက်မိတော့၏။ ငြိမ်းမျက်နှာကို သူ အငမ်းမရ နမ်းနေမိတော့သည်။ ပါးပြင် ပြီးတော့ . . . နှုတ်ခမ်း။





ရင်ထဲမှာ ရှိန်းမြ နွေးထွေးသည်။ လှိုက်ဖို လှုပ်ရှားသည်။ ငြိမ်းကျောပြင်ကို ဖက်တွယ်ထားသည့် သူ့ လက်ချောင်းတွေ၏ အလှုပ်အရှားမှာ ငြိမ်း ခန္ဓာကိုယ်လေးသည် သူ့ရင်ခွင်ထဲ နစ်မြုပ်ထိကပ်နေတော့၏။ ပူနွေးစွတ်စိုသော အထိအတွေ့ဖြင့် မျက်လုံးကို ဖွင့်အကြည့်မှာ ငြိမ်း ပါးပြင်ပေါ်က မျက်ရည်စတွေကို မြင်သည်။

ငြိမ်း ကိုယ်ကို သူ့ကိုယ်မှ ရုတ်တရက်ခွာ၏။

ငြိမ်းက အသက်မဲ့ အရုပ်တစ်ခုနှယ် မျက်လွှာကို ပိတ်ထားဆဲ။ ပါးပြင်ပေါ်မှာ မျက်ရည်စတို့က စီးကျနေဆဲပင်။ ငြိမ်းကို ကြည့်ရင်းကြည့်ရင်း သူ့အမေ၏ မျက်နှာကို သူ ပြန်မြင်လာတော့သည်။ သူ့ အမေကို ဦးမြမောင်က စော်ကားစဉ်ကလည်း သူ့ အမေက သည့်နှယ်ပင် မျက်ရည်ကျနေမှာပါလား။ လှုပ်ရှား ရင်ဖိုလွန်းစွာဖြင့် ကြောက်ရွံ့နေမှာပါလား။

"လာ . . . ငြိမ်း . . . "

ရုတ်တရက် ကြက်သီးမွှးညှင်းထလာရင်း ငြိမ်းလက်ကို ဆွဲကာ အခန်းပြင် သူ ထွက်၏။

ငြိမ်းက သူ့ နောက်မှ နားမလည်နိုင်စွာ ပါလာသည်။ တံခါးကို ပိတ်ပြီးတော့ အပြင်ရောက်စဉ် လေကို တစ်ဝရှူသည်။ ငြိမ်း လက်ကို ဆွဲထားရင်း အောက်ကို ဆင်းခဲ့၏။

"ငြိမ်း ကို့ကို ခွင့်လွှတ်ပါ"

ငြိမ်းက ငြိမ်နေသည်။

"ကို . . . ငြိမ်းကို ခုလို တစ်ခါမှ မနမ်းခဲ့ပါဘူး၊ အခွင့်အ

ရေးယူတယ်လို့ ငြိမ်း ထင်မှာစိုးတယ်၊ ကို့ အမေဟာ အခွင့်အရေး ယူတတ်တဲ့ ယောကျာ်းတွေကြောင့် ဘဝ ပျက်စီးသွားခဲ့ရတယ်ဆို တာကို တွေးမိပြီး၊ အခွင့်အရေးယူတဲ့ ယောကျာ်းတွေထဲမှာ ကို မပါ အောင် နေခဲ့တယ်၊ မပါချင်ဘူး ငြိမ်းရယ်"

ငြိမ်း လက်ဖျားလေးတွေကို တင်းတင်းဆုပ်ထားရင်း ပြော သည်။

ထိုင်နေကျ ထနောင်းပင်ရိပ်ကို ရောက်လာ၏။

"ထိုင် . . . ငြိမ်း"

ငြိမ်းက ဝင်ထိုင်သည်။ ငြိမ်းဘေးက ခုံမှာ သူ ဝင်ထိုင်လိုက် ၏။ သက်ပြင်းရှည်ကို သူ မှုတ်ထုတ်သည်။ ပြီးတော့ စီးကရက် တစ်လိပ်ကို မီးညှိဖွာလိုက်၏။

"ငြိမ်း ကြာနေလို့ ကို လိုက်ခေါ်တာလား၊ ငြိမ်းက အိတ်ထဲ က အင်္ကျီတွေ ပွနေလို့ ရှင်းရင်း ကြာသွားတာ"

စီးကရက် မီးခိုးတွေကို သူ မှုတ်ထုတ်လိုက်သည်။

"မဟုတ်ဘူး ငြိမ်း"

"ဘာ မဟုတ်တာလဲ ကို"

သောက်လက်စ စီးကရက်ကို သူမသောက်တော့ဘဲ အောက်ချ ဖိနပ်ဖြင့် နင်းသည်။ ပြီးတော့ မျက်နှာမော့ကာ ငြိမ်းနှင့် မျက်နှာချင်းဆိုင်သည်။ လရောင်ဖြင့် ငြိမ်းမျက်ဝန်း တောက်တောက် ကို သူ မြင်နေရ၏။ သူ့ ရင်ထဲအထိ စူးရှသွားသည့် အကြည့်တွေဟု ထင်သည်။





"ကို ငြိမ်းအခန်းကို တမင်လိုက်လာခဲ့တာ"

"ဘယ်လို"

ငြိမ်းက နားမလည်သည့် အမူအရာဖြင့် မေး၏။

"ကိုက ငြိမ်း အခန်းထဲက မထွက်ခင်မှာ ငြိမ်းအခန်းထဲ ရောက်အောင်လို့ အကြံအစည်နဲ့ လိုက်လာခဲ့မိတာ"

"ဟာ ကိုကလည်း"

"တကယ်ပြောတာ ငြိမ်း၊ ကို နောက်နေတာ မဟုတ်ဘူး၊ ကို ပြောတာတွေ ငြိမ်း နားထောင်ပါ၊ ကို အမှန်တွေပြောနေတာပါ"

"ကို ဘယ်လိုဖြစ်နေတာလဲ ဟင်"

စိတ် မငြိမ်သက်လွန်းစွာဖြင့် ရှေ့က စားပွဲပေါ်ကို လက် ချောင်းတွေဖြင့် ခေါက်နေသော သူ့ အမူအရာကို ကြည့်ရင်း ငြိမ်း မေးသည်။

"ကို . . . ကို အရမ်း စိတ်လှုပ်ရှားနေတယ် ထင်တယ် ငြိမ်း"

တံတွေးကို မျိုချနေမိပြန်၏။

"ပြောပါဦး"

ဟု ငြိမ်းက စကားစသည်။

"ကို ငြိမ်းကို ဖျက်ဆီးဖို့ ဆန္ဒနဲ့ ငြိမ်း အခန်းထဲကို ရောက် လာခဲ့တာ"

ပြောပြီး ငြိမ်းမျက်နှာကို ကြည့်သည်။ ငြိမ်းက မျက်လွှာချ သည်။ ပြီးတော့ သက်ပြင်း ငွေ့ငွေ့ချတာတွေ့၏။

"ကိုရယ် ကို ပြောတာတွေက မကြမ်းတမ်းလွန်းဘူးလား၊ ငြိမ်းနဲ့ ကိုနဲ့က လက်ထပ်မယ့် ချစ်သူတွေပဲ၊ ငြိမ်း ကို့ကို နားလည်ပါတယ်၊ ကို အခွင့်အရေး မယူတတ်ဘူးဆိုတာ ငြိမ်း သိနေတာပဲ"

"ဒါပေမယ့် အဲဒီ အခွင့်အရေးအတွက် ကို အခန်းထဲကို ရောက်လာခဲ့တာ ငြိမ်း၊ ငြိမ်းကို နမ်းမိတာ မေတ္တာစိတ်နဲ့ပေမယ့် ကို့မှာ ယုတ်မာတဲ့ အတွေးတွေ ရှိနေခဲ့တယ်"

"ငြိမ်း နားမလည်တော့ဘူး"

"ကို ရှင်းရှင်းပဲ ပြောမယ်၊ ငြိမ်း ကို့ကို မုန်းချင်လည်း မုန်းနိုင်ပါတယ် ငြိမ်း၊ ကို ပုဂံကို လိုက်လာကတည်းက ငြိမ်းအပေါ်မှာ အခွင့်အရေး ယူချင်တဲ့ စိတ်မျိုးနဲ့ လိုက်လာခဲ့မိတာ"

"ကို ယုတ်မာချင်ရင် ပုဂံအထိ လိုက်လာစရာ မလိုပါဘူး ကိုရယ်၊ ရန်ကုန်မှာလည်း ငြိမ်းအပေါ်မှာ အခွင့်အရေးယူလို့ ရနိုင်တာပဲ"

"ဟုတ်တယ် ငြိမ်း၊ အဲဒီလို ဖြစ်မှာစိုးလို့ ကို ငြိမ်းကို လာမတွေ့တာ၊ အဆက်အသွယ် ဖြတ်ထားခဲ့တာ၊ ကို့ စိတ်ထဲမှာ မသန့်ရှင်းတော့ဘူးဆိုတာ ကို သိလို့ ငြိမ်းကို ရှောင်တာ၊ ချစ်သူချင်းတွေ့ကြ ဆုံကြရင်း စိတ်မထိန်းနိုင်လို့ ချစ်စိတ်နဲ့ နယ်ကျွံတာက တစ်မျိုး၊ ထားတော့၊ အခုဟာက ကိုက ဒီရည်ရွယ်ချက်နဲ့ တမင်ဖန်တီးမိမှာ ကြောက်တယ်၊ ဒီလို ရှောင်နေတဲ့အချိန်မှာ ပုဂံခရီးပေါ်လာတော့ ကို့ စိတ်ကို မထိန်းနိုင်ခဲ့ဘူး၊ ဒီအခွင့်အရေးကို လက်လွှတ်မခံတော့ဘူး ဆိုပြီး ကို လိုက်လာခဲ့တာ"





"ကို တကယ်ပြောနေတာလား"

"တကယ် ပြောနေတာ၊ တကယ် ဝန်ခံနေတာပါ ငြိမ်းရယ်"

"ကိုရယ်"

"ကို ငြိမ်းတို့ကို ကြည့်ရင်း စိတ်မလုံဘူး၊ ငြိမ်းတို့ ပျော်နေပေမယ့် ယုတ်မာတဲ့ အကြံအစည်နဲ့ ကို မပျော်နိုင်ခဲ့ဘူး၊ ရင်ထဲမှာ ပူလောင်နေတယ်လေ၊ ငြိမ်းနဲ့ ကို ကျူးကျူးလွန်ဖြစ်ပြီး ငြိမ်း နစ်နစ်နာနာ ဖြစ်စေချင်တယ်၊ ကုန်ကုန်ပြောမယ် ငြိမ်းရယ်၊ ငြိမ်းမှာ ကိုယ်ဝန်တွေ ဘာတွေ ရစေချင်တယ်၊ ပြီးတော့ ငြိမ်းကို ကို လက်မထပ်ဘူး၊ ငြိမ်း အရှက်တကွဲ ဖြစ်တာကြည့်ရင်း ကို ကျေနပ်ချင်တယ်"

သူ့စကားတွေ နားထောင်ရင်း ငြိမ်းက လက်ဝါးနှစ်ဘက်ဖြင့် မျက်နှာအုပ်ကာ ရှိုက်ကြီးတငင် ငိုပါတော့သည်။ အလွန်ကြေကွဲ ဝမ်းနည်းသွားပြီဟု သူ နားလည်လိုက်၏။ တသိမ့်သိမ့် ရှိုက်နေသော ငြိမ်းကို သူ ငေးကြည့်နေရင်း ငြိမ်း လက်ဖျားတွေကို ဆုပ်ကိုင်ဖယ်သည်။

"ကိုကို့ နာကြည်းသွားပြီလား ငြိမ်း"

မျက်နှာကို အုပ်ထားသည့် လက်ကိုဖယ်ရင်း သူ မေးသည်။

"ငြိမ်းမှာ . . . ငြိမ်းမှာ ဘာအပြစ်ရှိလို့လဲ ကိုရယ်၊ ငြိမ်းကို ကို ဘာလို့ ဒီလောက်မုန်းရတာလဲ၊ ငြိမ်း အရမ်းဝမ်းနည်းသွားတယ်"

ငိုသံနှောရင်း ငြိမ်း ပြောသည်။ ငြိမ်း စကားတို့က သူ့ နှလုံးသားကို ချော်ရည်တို့ဖြင့် လောင်းလိုက်သည့်နှယ် ကျွမ်းမြိုက်စေပြန်၏။

"ကို ငြိမ်းကို မမုန်းဘူး၊ ငြိမ်းကို ကို ချစ်တယ်၊ အရမ်းချစ်တဲ့ စိတ်နဲ့ ကလဲ့စားချေချင်တဲ့ စိတ်ယုတ်မာတွေဟာ ကို့ ရင်ထဲမှာ အမြဲ လွန်ဆွဲပြီး ပူလောင်နေရတာပါ ငြိမ်း"

"ကလဲ့စားချေချင်တာ . . . "

ငြိမ်းက နားမလည်စွာ မေးလိုက်သည်။

"ငြိမ်း အမေရဲ့ အစ်ကို ဦးမြမောင်ကို ကို နာကြည်းတယ်၊ ကို့ အမေကို ပထမဆုံး ဖျက်ဆီးခဲ့တာ ဦးမြမောင်ပဲ ငြိမ်း၊ သူ့ကြောင့် ကို့ အမေ ဘဝပျက်စီးသွားရတာလို့ ကို့ ရင်ထဲမှာ စွဲနေတယ်၊ ငြိမ်းက ဦးမြမောင်ရဲ့ တူမလဲ တူမ၊ မွေးစားသမီးလဲ ဖြစ်နေတော့ ငြိမ်းကို ဒုက္ခပေးတာ သူ့ကို ဒုက္ခပေးသလို ဖြစ်မယ်၊ ငြိမ်း အရှက်တကွဲဖြစ်ရင် သူ ကိုယ်ချင်းစာတတ်မယ်၊ ဒီအတွေးမျိုးတွေ ကို့ ရင်ထဲမှာ ဝင်ပြီး ကို့ကို အမြဲနှိပ်စက်နေခဲ့တယ် ငြိမ်း"

သူ့လက်ဖြင့် ဆုပ်ကိုင်ထားသည့် လက်ချောင်းလေးတွေကို ငြိမ်းက အသာဆွဲယူလိုက်သည်။

"ကိုရယ် ဒီအစွဲအလမ်းတွေကို ကို ဖျောက်သင့်နေပါပြီ၊ ငြိမ်းနဲ့ ကိုနဲ့ နှစ်ဦးကြားမှာ ဖြစ်လာတဲ့ ပြဿနာပေါ် မူတည်ပြီး ကို ငြိမ်းကို နာတာမျိုး နာသင့်ပါတယ်၊ ဟို . . . အမေတုန်းက အဖြစ်ကို ဘာလို့ ခုခေတ်အထိ ဆွဲယူခံစားရမှာလဲ၊ ဒါလည်း . . . တကယ်ပြောရရင်တော့ မူမမှန်တဲ့ စိတ်ပဲ ကို . . . "

"ကို လက်ခံပါတယ်၊ ဒီလိုပဲ တွေးမိပါတယ်၊ ဒါပေမယ့် ကို့ စိတ်ကို ကို မထိန်းချုပ်နိုင်ခဲ့တာ တစ်ခါတစ်ခါ ငြိမ်းကို ချစ်တဲ့





စိတ်က အလေးသာတယ်၊ တစ်ခါတစ်ခါမှာ အမေ့အတွက် ကလဲ့စားချေချင်တဲ့ စိတ်က အလေးသာသွားတယ်"

"အခန်းထဲမှာတုန်းက ဘာလို့ ငြိမ်း လက်ဆွဲပြီး အတင်းထွက်ခဲ့ရတာလဲ၊ ငြိမ်းကို ဆက်ပြီး စော်ကားရင်လည်း ကို အနိုင်ရနိုင်သားပဲ"

သူ သက်ပြင်းချသည်။ ခေါင်းကို ခါယမ်းလိုက်၏။

"မသိဘူး ငြိမ်း၊ ငြိမ်းကို စော်ကားဖို့ ကို ဆုံးဖြတ်ပြီးသားပဲ၊ ဒါပေမယ့် ရုတ်တရက် ငြိမ်းမျက်နှာကို ကြည့်လိုက်တော့ ငြိမ်းမျက်နှာမဟုတ်ဘဲ ကို့ အမေမျက်နှာကို ပြန်မြင်နေတယ်"

"အဲဒါ ကို့ရင်ထဲက အာဃာတတွေ၊ အငြိုးအတေးတွေကို ငြိမ်းရဲ့ မေတ္တာစွမ်းအားနဲ့ ဖယ်ထုတ်နိုင်လိုက်လို့ဆိုတာ ယုံလိုက်ပါ"

'ငြိမ်းပြောတဲ့ မေတ္တာလှိုင်းရဲ့အင်အားကို ကို . . . ယုံပါပြီ ငြိမ်း"

"အခုရော ငြိမ်းကို အနိုင်ယူချင်သေးလား၊ မညာတမ်း ပြောနော် ကို"

"ကို အရှုံးပေးလိုက်ပါပြီ ငြိမ်းရယ်"

သစ်ပင်ပေါ်မှ လမင်းသည် နေရာရွေ့သွားလေပြီ။ သူတို့ထိုင်နေသည့် နေရာသည် ပို၍ လင်းလာသလိုပင်။

"ဘာကို အရှုံးပေးတာလဲ ကို၊ ငြိမ်းက ကို့ကိုမှ အနိုင်မယူချင်တာပဲဟာ"

"ငြိမ်းရဲ့ မေတ္တာကိုပါ၊ ငြိမ်းရဲ့ကြီးမားတဲ့ မေတ္တာအစွမ်းကို

ပါ ငြိမ်း"

"သေချာတယ်နော်"

"သေချာပါတယ် ငြိမ်းရယ် . . . ကို့ရင်ထဲမှာ ငြိမ်းကို မကောင်းကြံမိပေမယ့် ငြိမ်းကို ကို သိပ်ချစ်တယ်ဆိုတာ ယုံပါ။ ချစ်တဲ့စိတ်ကုန်ပြီး မကောင်းကြံတာမျိုး မဟုတ်ရပါဘူး၊ ငြိမ်းကို ဒီလာမယ့်ညက အရမ်းခံစားပြီး ရေးထားတဲ့ ကဗျာတစ်ပုဒ် ရွတ်ပြမယ် ငြိမ်းနားထောင် အဲဒီ ကဗျာထဲမှာ ကို့ မေတ္တာစိတ်ကို ငြိမ်း တွေ့မှာပါ"

"အင်း . . . "

သူ လည်ချောင်းကို ရှင်းလိုက်၏။

"နားထောင်နော်၊ ကို ရွတ်ပြမယ်"

ငြိမ်းက ခေါင်းညိတ်တာကို တွေ့လိုက်ရ၏။

ကဗျာကို သူ စရွတ်လိုက်သည်။

အချိန်းခါကပေမယ့်၊
ချိန်းရက်ပို့တော့ လိုပြီကွယ် ...။

ငြိမ်း မျက်နှာကို ကြည့်သည်။ငြိမ်းက စူးစိုက်နားစွင့်ထားဆဲ။

တစ်မျှင်ပြတ်လျှင်လည်း၊
နှစ်ပင်ပတ်ကြာ နှစ်သစ်တိုးတာက၊
အချစ်ကြိုးဆိုတဲ့ ရင်ထဲနွယ် ...။





ငြိမ်း မျက်စိကို မှိတ်ထားတာ တွေ့သည်။

မတွေ့ မတွေးပေမယ့်၊
မမေ့သေးအောင် ခြေရာဟောင်းတွေက၊
ဝေဒနာပြောင်း အသစ်တွယ်၊
ချစ်တယ် ဆိုတာက တစ်သက်လုံး ...။

သူ့ အသံတွေ လှိုင်းခတ်နေတာ ဘာသာ သတိထားမိပြန်၏။

တမင်လွှမ်းစေရော့၊
ရှင်ခွန်းဖြတ် အမှုမျှသူလို့၊
ယူဆက တစ်သက် နာကြည်းပါတော့၊
ဆက်စရာ ခရီးဆိုတာ တစ်ယောက်တစ်လမ်းပေဖို့၊
တစ်ယောက်ပန်းလျှင် တစ်ယောက်တွဲ၊
တစ်ယောက်ပူတော့ တစ်ယောက်မျှ၊
နှစ်ယောက် တစ်ဘဝ၊
နှစ်ကိုယ့်တစ်စိတ် အတွေးတောလည်း၊
ဟို့ အတိတ်အဝေးမှာ အသာချန်တော့၊
"ကြမ္မာကံ တစ်ခွန်းရပ်က၊
(တို့နှစ်ယောက်ကို ...) လွှမ်းစာတန်းဆုံး ...။

ကဗျာဆုံးတော့ သူ ငြိမ်းကို ကြည့်မိပြန်၏။ ငြိမ်းက မျက်စိကို မှိတ်ထားဆဲ။ ပြီးတော့ ပါးပြင်ပေါ်မှာ မျက်ရည်စတွေ စီးကျနေတာ လရောင်ဖြင့် မြင်နေရပြန်သည်။

"ငြိမ်း ငိုနေတာလား"

ပါးပြင်ပေါ်ကို လက်ဖြင့် သုတ်ပေးရင်း သူ ပြော၏။

"မငိုပါဘူး ကို၊ ခံစားရလို့ မျက်ရည်ကျတာပါ"

မျက်စိ ဖွင့်ရင်း ပြောသည်။

"ကဗျာ ခေါင်းစဉ်က 'ရင်ထဲ နွယ်' တဲ့ ငြိမ်း၊ ကို့ ကဗျာထဲမှာ ကို့ မေတ္တာစိတ်ကို ငြိမ်း တွေ့မှာပါ"

"အဲဒီ ကဗျာ ရေးထားတာ ရှိလား"

"ရှိတယ်"

"ငြိမ်းကို ပေး"

"မနက် ပေးမယ်နော်"

ငြိမ်း ခေါင်းညိတ်၏။

"ကို . . ."

"ဟင် . . ."

"ငြိမ်းကို ကို တကယ်ခွဲမှာလား"

"ငြိမ်း ဆုံးဖြတ်တဲ့အတိုင်း ကို နာခံဖို့ အသင့်ပါပဲ ငြိမ်း"

"ရန်ကုန် ရောက်ရင် ငြိမ်းက ကို့ကို နာကြည်းလို့ အဆက်အသွယ်ဖြတ်ပြီဆိုရင် . . ."

"ကို ငြိမ်းနဲ့ ဝေးပြီပေါ့"

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း



"ရန်ကုန် ရောက်တာနဲ့ ကိုနဲ့ ငြိမ်း လက်မှတ် ထိုးထားမယ်ဆိုရင် . . ."

"လက်ထပ်လိုက်မှာပေါ့"

"ဘာလဲ ကို လက်ထပ်ပြီး ကလေး တစ်ယောက်ရမှ ငြိမ်းကို ပစ်ထားခဲ့ပြီး ကလဲ့စားချေမယ် စဉ်းစားလို့လား"

"ငြိမ်း တကယ် သံသယနဲ့ မေးလိုက်တာလားဟင်"

သူ့ ရင်ထဲမှာ အမှန်ပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ တကယ်တော့ ငြိမ်းမှာ ဒီလို သံသယမျိုး၊ ဒီအတွေးမျိုး ဝင်နိုင်သည့် အနေအထားပါလားဟု သူ တွေးလိုက်မိပြန်၏။

"အလကား စ,တာပါ ကိုရယ်၊ ငြိမ်းမှာ ဒီသံသယမျိုး ဘယ်တော့မှ မရှိဘူး၊ ကို့ မေတ္တာကို ငြိမ်း ယုံတယ်၊ ပြီးတော့ ငြိမ်း မေတ္တာရဲ့ အင်အားကိုလည်း ငြိမ်းဘာသာ ယုံတယ် ကို"

"ကို အမှန်အတိုင်း ဝန်ခံတာပါ ငြိမ်း၊ ငြိမ်းက ဘာမှမသိဘဲ ကျန်စစ်သားမင်းရဲ့ မေတ္တာအင်အားကြီးမားပုံတွေ၊ ခွင့်လွှတ်နိုင်ပုံတွေ၊ ပြောပြနေတော့ ကို အရမ်းခံစားနေရတာ အမှန်ပဲ"

"ကို ယုံမလား မသိဘူး၊ ကို နေရာရွေးတာ မှားသွားတယ်"

"ဘယ်လိုလဲ ငြိမ်း"

"ကို ငြိမ်းကို စော်ကားဖို့ ပုဂံကို နေရာရွေးတာ မှားသွားတယ် ပြောတာ၊ ငြိမ်း ပြောခဲ့ပါပကော၊ ပုဂံမှာ မေတ္တာတရားတွေ မေတ္တာဓာတ်လှိုင်းတွေ စီးပျံ့နေပြီး လာတဲ့လူတွေရဲ့ ရင်ထဲကို ထိရောက်နေတယ်၊ စိမ့်ဝင်နေတယ်ဆိုတာလေ ပုဂံလည်း ရောက

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

ရော အဲဒီ မေတ္တာတရားတွေ၊ မေတ္တာစာတ်တွေက ကို့ ရင်ထဲက အငြိုးအတေး အယုတ်အမာ စိတ်ဓာတ်တွေကို ဖယ်တွန်းထုတ်ပစ်လိုက်တာပေါ့"

"အင်း . . . ဟုတ်မှာပါပဲ၊ ကို့ ရင်ထဲက ရန်လိုနေတဲ့ စိတ်တွေ၊ ဒီလောက် လွယ်လွယ်နဲ့ ပြေသွားတာကိုလည်း အံ့ဩမိတယ်၊ တစ်ခုတော့ သေချာတယ်၊ ငြိမ်းက ဘာမှမသိဘဲ သတိလည်း မထားဘဲ မေတ္တာတရား ကြီးနေတာ"

"ပို သေချာအောင် မနက်ဖြန် အမျက်တော်ပြေဘုရားမှာ ဆုသွားတောင်းမယ်"

"ဗူးဘုရား သွားတဲ့ လမ်းက ဘုရားလား"

"အင်းလေ၊ အဲဒီဘုရားမှာ ဆုတောင်းရင် အမျက်အငြိုး ထားသမျှ ပြေတယ်တဲ့"

"ကို့ကို ယုံအောင် ကို သစ္စာပြုပေါ့မယ် ငြိမ်းရယ်"

"အလကား စ,တာပါ"

"ကဲ . . . ထ၊ စကား ပြောသံ ကြားတယ်၊ ခင်မောင်ထွေးတို့ ပြန်လာကြပြီ ထင်တယ်"

စကားသံ သဲ့သဲ့ကြား၍ သူ ပြောလိုက်၏။ သူ ငြိမ်းလက်ကို ဆွဲယူလိုက်သည်။

"နေဦး ငြိမ်း၊ စောစောက ကို မေးတာကို ငြိမ်းအပြတ် မပြောသေးဘူး"

"ဘာပါလိမ့်"





မျက်နှာချင်းဆိုင်ရပ်ရင်း ငြိမ်းက စူးစိုက်ကြည့်လျက် မေးသည်။

"ငြိမ်း ကို့ကို ခွဲသွားမှာလား၊ လက်ထပ်မှာလား"

"ဩော် . . . ဒါလား"

"ကိုက ဘယ်လို ဖြစ်ချင်လဲ"

"ကို ငြိမ်းကို မခွဲချင်တော့ဘူး"

"ဒါဆို လက်ထပ်မယ်လေ"

"တကယ် ပြောတာလား ငြိမ်း"

သူ ဝမ်းသာကြည်နူးစွာဖြင့် ငြိမ်းကို လှမ်းဖက်လိုက်၏။ ငြိမ်း သူ့ ရင်ခွင်ထဲသို့ ရောက်လာသည်။ ပါးပြင်ကို ခပ်ဖွဖွ နမ်းမိပြန်၏။

"ဘာလဲ ကို၊ စိတ်ရိုင်းတွေ ဝင်လာပြန်ပြီလား"

အရယ်ဖြင့် နောက်၏။

"ဒီတစ်ခါ တကယ့် မေတ္တာတရားနဲ့ ချမ်းချမ်းမြေ့မြေ့ နမ်းမိတာပါ ငြိမ်းရယ်၊ ဒီအနမ်းမှာ မေတ္တာပါပါတယ်၊ မေတ္တာပါတဲ့ အနမ်းဟာ မရုန့်ရင်း မကြမ်းတမ်းဘူးတဲ့၊ သန့်စင်နေတတ်တယ်တဲ့"

ငြိမ်း သူ့ ရင်ခွင်ထဲမှ ထွက်ပြီး ခွာရပ်စဉ်မှာ သူ ပြော၏။

"ငြိမ်း တကယ် လေးလေးနက်နက် ပြောတာ ကို၊ ရန်ကုန် ပြန်ရောက်ရင်တော့ သိပ်ပြီး အဆက်အသွယ် မလုပ်ဘဲ ပုံမှန်နေကြတာပေါ့၊ မေမေတို့က သူတို့ သဘောတူတဲ့ လူနဲ့ပဲ လက်ထပ်ဖို့တော့ ခဏခဏ ပြောနေတယ်လေ၊ ရိပ်မိပြီး အတင်းအကျပ် စီစဉ်

တာကို အငိုက်ခံရမှာပဲ စိုးတယ်"

အဆောင်တွေဘက်ကို သူတို့ လျှောက်ခဲ့ကြသည်။

"ဒီလို လုပ်ရအောင်ကွာ"

"ဘယ်လိုလဲ ကို"

"အပြန် ကိုတို့ ပြည် ဝင်ရဦးမှာပဲ၊ ပြည်မှာ ဝင်ပြီးလက်မှတ် ထိုးထားရအောင်"

"ဟာ . . . ကိုကလည်း"

"မဟုတ်ပါဘူး၊ လက်မှတ် ထိုးထားပြီး လက်ထပ်စာချုပ်တွေကို ငြိမ်း သိမ်းထားပါ၊ ငြိမ်းဘက်က အဆင်ပြေတဲ့ နေ့ကျမှသာ ငြိမ်း ကို့ဆီကို လာခဲ့ပါ အဲဒီကျမှ အတူနေကြမယ်လေ၊ ကိုက ဘယ်လိုနည်းနဲ့မှ ငြိမ်းကို ခွဲမသွားချင်လို့ ပြောတာပါ ငြိမ်း၊ ဒီစာချုပ်တွေရှိထားတော့ ဘာပြောပြော ငြိမ်း အိမ်က တစ်နေ့ အတင်းစီစဉ်ချင်ရင်တောင်မှ စီစဉ်လို့ မရတော့ဘူးပေါ့"

ငြိမ်းက ပြုံးသည်။

"ဘာပြုံးတာလဲ ငြိမ်း"

"ဩော် . . . ကို့ ဗီဇ၊ ကို့အတွင်းစိတ်က ပေါ်ပေါ်လာတယ်"

"ဘာဖြစ်လို့ . . . "

"ဘာကိုမှ မယုံရဘူး၊ ဘယ်သူ့ကိုမှ မယုံရဘူး၊ မယုံဘူးဆိုတဲ့ စိတ်လေ"

"ငြိမ်းကို ယုံပါတယ်"





"မေမေတို့ကို မယုံဘူး မဟုတ်လား"

သူ ခေါင်းညိတ်၏။

"ကဲ . . . ကို့ သဘောပါပဲ၊ ငြိမ်းက ယတိပြတ် ဆုံးဖြတ်ထားတဲ့ သူပဲ၊ ဘယ်တော့ လက်ထပ်လက်ထပ် လက်ထပ်မှာပဲလေ၊ ဒါပေမယ့် မေမေတို့ စိတ်ပြေအောင် အချိန်နည်းနည်းတော့ ကို စောင့်ရမယ်နော်၊ အခုဟာက ကို ယုံအောင်သာ လက်ထပ်ထားမှာ"

"နားလည်ပါတယ် ငြိမ်းရယ်"

"ဒါဆို ပြီးရော"

ငြိမ်း လက်ဖျားလေးတွေကို သူ ဖျစ်ညှစ် ဆုပ်နယ်လိုက်မိပြန်၏။

လက်ဖျားမှ တစ်ဆင့် နှလုံးသားတိုင် မေတ္တာတရားတို့ စီးနှံ့စိမ့်ဝင် ပျံ့စေချင်ပါသည် ငြိမ်း။

✱ ✱ ✱

## (၁၆)

မနက်ပိုင်းမှာ မရောက်သေးသည့် ဘုရားတွေလျှောက် ဖူးကြသည်။

"ကို့ ကို ဒီနေ့မှ အသစ်မွေးဖွားပေးလိုက်သလိုပဲ ငြိမ်း၊ ဒီနေ့မှ ကို့ရင်ထဲမှာရှင်းပြီး ပေါ့သွားတယ်"

ငြိမ်းကို ကြည့်ရင်း သူ ပြောလိုက်သည်။ ငြိမ်းကဘာမှ ပြန်မပြောဘဲ ပြုံးရုံပြုံးနေ၏။ တကယ်ပင် သူ့ ရင်ထဲမှာ လွတ်လပ်ပေါ့ပါးစွာ ကြည်နူးဆွတ်ပျံ့နေတော့၏။ ပုဂံ၏ အရသာကိုအခုမှ ပြည့်ပြည့်ဝဝ သူခံစားနိုင်တော့သည်ထင်၏။ ငြိမ်းရှင်းပြ ပြောပြသည် တို့ကို စိတ်ဝင်တစား သူ နားထောင်နိုင်တော့သည်။

"ရော့ . . . ငြိမ်း"

"ဘာလဲ ဟင်"

"ညက တောင်းထားတဲ့ ကဗျာလေး၊ မယူချင်လည်း မယူပါနဲ့တော့ ငြိမ်းရယ်၊ ကဗျာထဲမှာက ဝေးရမယ့် အကြောင်းတွေ ရေးထားတာပဲ၊ အခု ငြိမ်းနဲ့ ကိုယ်က ဝေးမှ မဝေးရတော့တာ"



ကဗျာစာရွက်ခေါက်ကလေးကို ကိုင်ရင်း မြင်းလှည်းဆီ အသွားမှာ သူပြောသည်။

"ဘာပဲ ဖြစ်ဖြစ် အမှတ်တရပေါ့ ကိုရယ်၊ ပေးပါ ငြိမ်း သိမ်းထားချင်တယ်၊ ကဗျာထဲမှာလည်း ကို့ မေတ္တာအငွေ့အသက်တွေ ပါနေတာပဲ"

"ကဲ . . . ဒါဆိုလည်း သိမ်းထား"

သူ လှမ်းပေး၏။ ငြိမ်းက ယူပြီး ပိုက်ဆံအိတ်မှာ ထည့်ထားသည်။

"ငြိမ်း တစ်ခုစဉ်းစားထားတယ် ကို"

"ဘာလဲဟင်"

"အေးအေး တို့ကို နေ့လယ်စာ ထမင်းဝိုင်းမှာ ငြိမ်း ဖွင့်ပြောလိုက်မယ်"

"ဘာလဲ . . . လက်ထပ်မယ့် ကိစ္စလား"

"ဟုတ်တယ်၊ ပြည်မှာလက်ထပ်မယ်ဆိုတာလေ၊ အေးအေး အန်တီလည်း ပါနေတော့ အမြင် မရှင်းမှာစိုးတယ်၊ ရှင်းရှင်း ဖွင့်ပြောလိုက်မယ်လေ"

"ငြိမ်း သဘောပဲ"

"ငြိမ်း လှည်းပေါ် တက်ကြသည်။ သူတို့နှစ်ဦးကို စောင့်နေကြ၏။ သူတို့ နှစ်ဦး မြင်းလှည်းပေါ် ရောက်တော့ မြင်းလှည်း စထွက်သည်။

"ဘယ်သွားဦးမှာလဲ"

"ပြန်မယ်လေ ဘုရားတေလည်း စုံသင့်သလောက် စုံပါပြီ" ဟုခင်မောင်ထွေးက ငြိမ်းကို ပြော၏။

"ထမင်းစားပြီးမှ အခန်းပြန်ရအောင် ဗိုက်ဆာပြီ" အေးအေး ပြော၏။

"ကဲ ဒါဆိုလည်း ဖူးဘုရားက ဆိုင်မှာ စားရအောင်"

"ကောင်းသားပဲ"

ဖူးဘုရားဘက်သို့ မြင်းလှည်းကိုမောင်းစေ၏။ ဖူးဘုရား ရောက်တော့ သူ တို့ မြင်းလှည်းပေါ်ကဆင်းသည်။ မြင်းလှည်းဆရာကို ထမင်းစားခေါ်တော့ မလိုက်။ ကျွန်တော်စောင့်နေမယ် အေးအေးဆေးဆေး စားကြပါ။ နေကပူတယ်။ အခန်းအထိ ပြန်လိုက်ပို့ပေးမယ်ဟု မြင်းလှည်းဆရာ ဆိုသည်။

ထမင်းဆိုင်ကို ဝင်ခဲ့ကြ၏။

"လာ . . . ကို၊ ကြည့်ရအောင်"

သူ့လက်ကိုဆွဲရင်း ငြိမ်းက ထမင်းဆိုင်ဘေးမှ ယွန်းပစ္စည်းလေးတွေရောင်းသည့် ဆိုင်ကို ဝင်သည်။ ငြိမ်းက ပစ္စည်းတွေ လျှောက်ကြည့်နေခိုက် ယွန်းပန်းချီလေးတစ်ချပ် သူ ဝယ်လိုက်၏။ ညက သည်ပန်းချီကားလေး ဝယ်ဖို့သတိရသော်လည်း ယွန်းပန်းချီကားတွေ ရှိသည့် ဘုရားတွေကို ရောက်ခဲ့ပြီးပြီမို့ ဘယ်မှာ ဝယ်ရမည် စဉ်းစားမရအောင် ဖြစ်ခဲ့ရ၏။

အခု တိုက်တိုက်ဆိုင်ဆိုင် တွေ့တော့ သူ အားရဝမ်းသာ ဝယ်လိုက်သည်။ အနက်ရောင်ပေါ်မှာ ရွှေမင်ဖြင့် ရေးဆွဲထားသော





ယွန်းပန်းချီကားလေး။

"ဘာဝယ်တာလဲ ကို"

သူ ငြိမ်းလက်ထဲ ထည့်လိုက်၏။ ငြိမ်းက အသေအချာ ကြည့်နေသည်။

"ငြိမ်းအတွက် ကို့ လက်ဆောင်၊ ငြိမ်း သိမ်းထား၊ ညကတည်းက အဲဒီပန်းချီကားကို ဝယ်ဖို့ ကို စိတ်ကူးထားတာ"

"ဒီပုံအတိုင်း"

"ဟုတ်တယ်လေ . . ."

ရာမလား၊ လက္ခဏလား၊ မင်းသား တစ်ပါးက ဒူးထောက်၍ လေးဖြင့် ခွင်းနေသည့်ပုံ ဖြစ်သည်။ သမင်လိုက်ဟန် သရုပ်ဖော်ထားပုံရ၏။

"ဘာလို့ ဒီကားပေးချင်တာလဲ ကို"

ဆိုင်ထဲက အထွက်မှာ ငြိမ်းက ပန်းချီကားလေးကိုင်ရင်း သူ့ကို မော့ကြည့်မေးသည်။

"လေးနဲ့ပစ်နေတာလေ"

"ဟုတ်တယ်လေ . . . အဲဒါတော့ ငြိမ်း သိတာပဲပေါ့"

"ကိုလဲ ငြိမ်းနှလုံးသားကို နာကြည်းမှုတို့ အာဃာတတို့ ဆိုတဲ့ မြားနဲ့ ပစ်ခဲ့တာပါပဲ၊ ဒါပေမယ့် ငြိမ်းရဲ့ မေတ္တာနဲ့ ပြည့်နေတဲ့ နှလုံးသားမှာ သွားထိတော့ မြားမဟုတ်တော့ဘူး၊ ပန်းပွင့်ဖြစ်သွားတယ်လေ"

"ဒီလိုလား . . ."

ငြိမ်းက သဘောကျဟန် ပခုံးချင်းထိပြီး ခပ်ပြုံးပြုံးဆို၏။

"ဒါလေး သိမ်းထား၊ ကိုက အနိုင်ယူချင်ပြီး အရှုံးပေးခဲ့တဲ့ အထိမ်းအမှတ်"

"မဟုတ်ပါဘူး၊ မေတ္တာတရားက အနိုင်ရလိုက်တဲ့ပွဲပါ"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်"

ထမင်းဆိုင်ထဲ လှမ်းဝင်ခဲ့ကြ၏

အားလုံး ထမင်းစားပြီးကြတော့ ငြိမ်းက စကားစသည်။

"ဒီနေ့ညစားတဲ့ ဒီထမင်းဝိုင်းကို ငြိမ်းရှင်းပါ့မယ်၊ ဘာလို့လဲ ဆိုတော့ ငြိမ်းပြောစရာလည်း ရှိလို့ ငြိမ်းအတွက် အထိမ်းအမှတ် ကလေး တစ်ခုပေါ့"

"ဟာ . . . ငြိမ်းကတော့ အထူးအဆန်းတွေ လုပ်ပြန်ပြီ"

ဟုအေးအေး နားမလည်နိုင်စွာ ပြော၏။

"ပြောပါဦး ငြိမ်း"

ဟု ကိုခင်မောင်ထွေးက လှမ်းမေးသည်။

"တိုတို တုတ်တုတ်နဲ့ လိုရင်း ပြောရရင်တော့ ကိုနဲ့ ငြိမ်းတို့ ပြည်ရောက်ရင် လက်မှတ်ထိုး လက်ထပ်ကြမယ်ဆိုတာ အားလုံးကို အသိပေးတဲ့ပွဲ အထိမ်းအမှတ်ပါပဲ"

"ဟာ . . . "





"ဟယ် . . . တကယ် ပြောတာလား"

ခင်မောင်ထွေးနှင့် အေးအေး တအံ့တဩ ဖြစ်ကာ နှုတ်မှ ထွက်၏။ အေးအေး အန်တီလည်း အံ့ဩဟန်ပြသည်။

"ငြိမ်း ဆက်ပြောပါ့မယ် . . . ဘာကြောင့် ဒီလို လက်ထပ်ဖို့ စီစဉ်ရတယ်ဆိုတာ ရှင်းပြပါ့မယ်၊ ကိုနဲ့ ငြိမ်းနဲ့ ညှိကြတယ်လေ၊ အေးအေးတို့လည်း အသိပဲ၊ ရန်ကုန်ရောက်ရင် အခြေအနေတွေက မကောင်းဘူး၊ ငြိမ်း အိမ်က လုံးဝ သဘောတူမှာ မဟုတ်ဘူး၊ ပြီးတော့ ငြိမ်းကို လူတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်တော့မှာကို အေးအေးလည်း သိပါတယ်၊ ရန်ကုန်ရောက်ရင် နှစ်ယောက် ဝေးရမယ့် အနေအထားတွေ ရှိနေလို့ ပြည်မှာပဲ လက်မှတ်ထိုး လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြတာပါ၊ ပြီးတော့ လက်ထပ်တယ်ဆိုပေမယ့် ဘယ်သူ့မှ အသိပေးမှာလည်း မဟုတ်သေးပါဘူး၊ အတူနေကြဖို့လည်း မဟုတ် သေးပါဘူး၊ ငြိမ်း အိမ်ကိုလည်း ဖွင့်ပြောမှာ မဟုတ်ပါဘူး၊ အရင်အတိုင်းပဲ အိမ်မှာ ငြိမ်းနေမှာပါ၊ လျှို့ဝှက်လက်ထပ်ထားတယ် ဆိုတဲ့ သဘောပါပဲ၊ တကယ်လို့ ငြိမ်း အိမ်က ဇွတ်အတင်း လက်ထပ် ပေးရင် ဖြစ်ဖြစ်၊ ဒါမှမဟုတ်လည်း အခြေအနေ အေးအေးဆေးဆေး ဖြစ်လာတဲ့အခါမှာ ဖြစ်ဖြစ်၊ အဲဒီကျတော့မှ ငြိမ်း ကိုနောက်ကို ဆင်း လိုက်ခဲ့မှာပါ၊ ကဲ . . . ငြိမ်း အသိ ပေးချင်တာကတော့ ဒါပါပဲ"

ငြိမ်းက အသံအုပ်အုပ်နှင့် ပြောလိုက်၏။

"နင်တို့ အဲဒီလို ဆုံးဖြတ်လိုက်တာ ဝမ်းသာလိုက်တာ ငြိမ်းရယ်"

အေးအေးက ငြိမ်းကို ဖက်ရင်း ပြော၏။

"လင်းဇော် . . . မင်းကို ဒီခရီး ငါခေါ်လာတာ မှန်တယ် မဟုတ်လား"

ဟု ခင်မောင်ထွေးကလည်း ဝမ်းသာ အားရ ပခုံးဖက်ရင်း ပြော၏။

သူ ပီတိဖြင့် ပြုံးနေမိပြန်သည်။

"အန်တီလည်း ငြိမ်းတို့ကို နားလည်ပေးပါလို့ တောင်းပန်ချင်ပါတယ်၊ အန်တီက လူကြီးအနေနဲ့ ပါလာတော့ ဒီခရီးမှာ မဟုတ်တာတွေ ဖြစ်သွားသလားဆိုတဲ့ အတွေးမျိုး တွေးမှာစိုးလို့ပါ၊ ကိုလင်းဇော် ပါလာတာကို ငြိမ်းအိမ်က မသိပါဘူး၊ ဒီတော့ ပြည်မှာ လက်ထပ်ခဲ့တာကိုလည်း ငြိမ်း အိမ်က သိနိုင်မှာ မဟုတ်ပါဘူး အန်တီ၊ ပြီးတော့ အန်တီ့ကို ငြိမ်း ပွင့်ပွင့်လင်းလင်း အသိပေးပါရစေ၊ ငြိမ်းတို့ အနေအထိုင် မဆင်ခြင်လို့ ကျူးကျူးလွန်လွန်ဖြစ်သွားလို့ အလောတကြီး ဒီလို လက်ထပ်ဖို့ စီစဉ်ရတာလည်း မဟုတ်ပါဘူး၊ အေးအေး အသိဆုံးပါ၊ ငြိမ်းတို့ အခြေအနေကို အေးအေး သိပါတယ် အန်တီ၊ ရန်ကုန် ပြန်ရောက်ရင် နှစ်ယောက် ခွဲရမှာ စိုးလို့သာ ပြည်မှာ လက်ထပ်ဖို့ စီစဉ်လိုက်တာပါ"

ငြိမ်းက အေးအေးအန်တီကို အနားကပ် ရှင်းပြနေပြန်၏။

"အန်တီ သမီးတို့ကို နားလည်ပါတယ်ကွယ်၊ သမီးတို့ ချစ်ချစ်ခင်ခင် နေကြတာ တွေ့ရလို့လည်း အန်တီ ကြည်နူးပါတယ်"

အေးအေး အန်တီက ပြန်ပြော၏။





"ဒီပွဲလောက်နဲ့တော့ မရဘူး လင်းဇော်"

ဟု ခင်မောင်ထွေး စသည်။

"ပြည်မှာ လက်မှတ်ထိုးပြီးတော့ တစ်ပွဲကျွေးမယ်ကွာ"

ဟု သူပြော၏။

"အေး . . . ဒါဆိုရတယ်"

ငြိမ်းက ထမင်းဖိုး ရှင်းလိုက်၏။

အပျော်သည် အားလုံး ရင်ထဲကို ကူးစက် ကြည်နူးချမ်းမြေ့သွားစေပြန်သည်။

## (၁၇)

ညောင်ဦးကားဂိတ်ကို သွားဖို့ မြင်းလှည်းဆရာကို အစောကြီး လာခေါ်ရန် မှာလိုက်သဖြင့် မနက်လေးနာရီခွဲမှာ မြင်းလှည်း ရောက်လာ၏။

မြင်းလှည်းဖြင့် ပုဂံညောင်ဦးကို သူတို့ လာခဲ့ကြသည်။

သူတို့ မြင်းလှည်းလေး ထွက်လာတော့ မိုးမလင်းသေး။ လရောင်ကတော့ အားကောင်းစွာ သာဆဲပင်။ ကောင်းကင်မှာ ကြယ်တွေ ရွှန်းလက်နေတာ သူတို့ မြင်ရ၏။ ပုဂံ၏ အအေးဓာတ်သည် အနွေးထည်ကို ဖောက်လျက် အသားထဲ ရောက်အောင် စိမ့်ဝင်သည် ထင်ရ၏။

ညောင်ဦး အသွားလမ်းမှာ အထမ်းအပိုးတွေဖြင့် တောသူ တောင်သားတွေ ညောင်ဦးမြို့ဘက် သွားနေတာ မြင်းလှည်း အဖြတ်မှာ တွေ့ရပြန်သည်။

ငြိမ်းက သူ့ဘေးမှာ ထိုင်ရင်း ငြိမ်လျက် ပါလာ၏။ သူ ငြိမ်း၏ လက်ကို ဆုပ်ကိုင်ထားလိုက်မိသည်။ ဝေ့ပက် တိုးဝင်လာ



သော အညာဆောင်းလေသည် မျက်နှာကို ထိရှ အေးမြစေပြန်၏။

ညောင်ဦးကားဂိတ်ကိုရောက်တော့ မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။ ညောင်ဦး မကွေး ကားဂိတ်သည် ကွက်လပ်ကျယ်တစ်ခုမှာ ဖြစ်၏။ လမ်းမတန်းပေါ် မှာမဟုတ်၊ ကွက်လပ်ကျယ်၏ တစ်နေရာမှာ အရိပ်ကောင်းသည့် သစ်ပင်အုပ်အုပ်ကြီးကို တွေ့သည်။ သစ်ပင်ရင်းမှာ ဆိုင်စရာ ခုံကို ဝိုင်းပတ်ရိုက်ထားသည်။ သည်နေရာနားမှာ လက်မှတ်ရောင်း၏။ မနေ့ကတည်းက မြင်းလှည်းဆရာကို ပိုက်ဆံပေးကာ လက်မှတ် ဖြတ်ခိုင်းထားသဖြင့် သူတို့လက်မှတ် အတွက် မပူရ။

သူတို့ ဖြတ်ထားသည့် လက်မှတ်ကလေးတွေ သွားပြတော့ ကားဂိတ် မထိုးသေးဟု ပြောသည်။

ဘေးနား ခပ်ကျကျမှာ ဈေးဆိုင်လေး တစ်ဆိုင်ကို မြင်၏။ ပစ္စည်းတွေကို စုပုံထားသည့် လက်မှတ်ရောင်းသောနေရာနှင့် ခပ်လှမ်းလှမ်းမှာ ဖြစ်သည်။ တစ်ခုခု သွားစားရအောင်ဟု ခင်မောင်ထွေး ပြော၏။ အေးအေး အန်တီက မနက်စောစောမစားတတ်ဘူး။ ပစ္စည်းတွေ စောင့်မည် ပြောကာ ကျန်ခဲ့၏။

သူတို့လေးဦး ဆိုင်လေးဆီ ရောက်လာသည်။ မုန့်ဟင်းခါးနှင့် အသုပ်အစုံရ၏။ ဘေးနားမှာ အကြော်ကြော်နေတာ တွေ့ရပြီး အကြော်နှစ်ပွဲ မှာသည်။ ခင်မောင်ထွေးက မုန့်ဟင်းခါးစား၏။

အကြော်တစ်ခုကို ယူပြီး ငြိမ်းကို သူ အရင် ပေးသည်။ ကို စားပါဟု ငြိမ်းက ပြန်ပေးသဖြင့် ယူလိုက်သည်။

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

"ကြင်နာလိုက်ကြတာ . . ."

ဟု အေးအေးက စ,၏။

"တို့က စေ့စပ်ထားပေမယ့် ဒီကောင်တွေက တို့ထက် စောသွားပြီ အေးအေး"

ဟု ခင်မောင်ထွေးက လှမ်းပြောပြန်သည်။

"လက်မှတ် ထိုးထားပေမယ့် အတည်ယူတာမှ မဟုတ်ဘဲကွာ"

သူ ပြန်ပြောရင်း ရေခွေးကြမ်းကို ငှဲ့သည်။

"အတည်ယူတာ မဟုတ်သေးဘူးဆိုတော့ အစမ်းလား"

ခင်မောင်ထွေးက နောက်ပြန်သည်။

"မဟုတ်ဘူးလေကွာ၊ လက်ထပ်ပြီးပေမယ့် လင်မယားလို နေမှာမှ မဟုတ်သေးဘဲ၊ ခွဲသွားရမှာစိုးလို့ သေချာအောင် လုပ်ထားတဲ့သဘော"

ခင်မောင်ထွေး နောက်နေမှန်း သိပေမယ့် သူ ရှင်းပြလိုက်၏။ သည်အကြောင်းကို ပြောရန် နှုတ်က အလိုလိုသွက်နေမိပြန်သည်။

"ဒါဆို သေချာပြီပေါ့"

"တစ်ခုတော့ ရှိတယ်ကွ လက်ထပ်စာချုပ်တွေကို ငါက ငြိမ်းကို ပေးထားမှာ၊ ငြိမ်း သိမ်းထားရမှာ၊ ငြိမ်းက တစ်ချိန်ချိန်မှာ ငါ့ကို လက်ထပ်ချင်စိတ် မရှိတော့ဘူးဆိုရင် ဒီစာချုပ်တွေကို သူ ဖျက်ဆီးပစ်လိုက်ရုံပဲပေါ့ ဟုတ်ဘူးလား၊ ငါက သူ့ကို ဒီစာချုပ်တွေနဲ့





အပိုင်ချုပ်ထားတာမျိုး မဖြစ်စေချင်ဘူး"

"ကိုကလည်း ငြိမ်းက ဘာစိတ်ပြောင်းစရာ ရှိမှာလဲ"

ငြိမ်းက ပခုံးချင်း ခပ်ဖွဖွ တွန်းလိုက်ရင်း မကျေနပ်စကားဆိုသည်။

"မဟုတ်ပါဘူး . . . သဘောပြောပြတာပါ ငြိမ်းရဲ့၊ ငြိမ်းတကယ်လို့ စိတ်ပြောင်းရင်တောင် ပြောင်းခွင့်ရှိတယ်ဆိုတဲ့ သဘောနဲ့ ပြောတာပါ"

ဟု ခပ်ပြုံးပြုံး ရှင်းပြသည်။

"ငြိမ်းကို ညှာတာတဲ့ သဘောပေါ့ ငြိမ်းရာ"

အေးအေးက ဝင်ပြောသည်။

"ကိုထွေးနဲ့ အေးအေး လက်ထပ်ပြီးရင်လည်း ကိုထွေးအဲဒီလို အေးအေးကို စာချုပ်တွေ ပေးထားနော်"

"ဟာ . . . မရဘူး၊ ကိုထွေးနဲ့ အေးအေးက အတည်လက်ထပ်မှာ၊ လက်ထပ်ပြီးပြီးချင်း လင်မယားဖြစ်မှာ"

အေးအေး၏ အနောက်အပြောင်စကားကို ခင်မောင်ထွေးပြန်ချေ၏။

"သူတို့က လင်မယားဖြစ်အောင် လက်ထပ်ကြမယ့်ဟာတွေ မဟုတ်ဘူး"

ဟု ခင်မောင်ထွေး ဆက်၏။

"ဟုတ်တယ်နော် လင်းဇော်၊ သဘောကတော့ မင်းကို ငြိမ်းယုံအောင်လုပ်တဲ့ သဘောပဲ၊ မင်းဘက်က ဖောက်လို့မရဘူး၊ ငြိမ်း

ဘက်က မင်းပြောသလို ဖောက်ခွင့်ရှိတယ်"

"ဟုတ်တယ် ဒီသဘောပဲ"

"အမလေး . . . ငြိမ်းက အစကတည်းက ယုံပြီးသားပါ နော်၊ အခုဟာက ငြိမ်းရဲ့ ပတ်ဝန်းကျင်ကို ကို ဒုယုံမှာ စိုးလို့ လုပ်တာ"

"ဘယ်လိုဖြစ်ဖြစ်ဟာ ငါတော့ အရမ်း ကြည်နူးသွားတာပဲ၊ နင်တို့ နှစ်ယောက် ကွဲကြပြီ ထင်ထားပြီး စိတ်မကောင်း ဖြစ်နေတာ"

အကြော်တစ်ခုကို လှမ်းယူရင်း အေးအေး ပြောသည်။

"လုပ်မနေနဲ့ကွာ၊ ရန်ကုန် ပြန်ရောက်ရောက်ချင်း လက်ထပ်ပြီးပြီ ဖွင့်ပြောလိုက်၊ ငြိမ်းအိမ်က သဘောမတူရင် လင်းဇော်ဆီ ငြိမ်း ဆင်းသွားပေါ့၊ ပြီးတာပဲ"

"မဟုတ်ဘူး ကိုထွေးရဲ့၊ ငြိမ်း သတ္တိနည်းလို့ အချိန်ဆွဲနေတာ မဟုတ်ပါဘူး၊ ထားထားရှိန်ကိစ္စ အရှိန်တက်နေတုန်းမို့ ခဏစောင့်တာပါ၊ အခုလည်း အရင်လောက် မဆိုးတော့ပါဘူး၊ နောက်တစ်လ နှစ်လဆို အရှိန်သေသွားမှာပါ၊ အခု ဖွင့်ပြောလိုက်ရင် သေသွားတဲ့ ညီမတောင် အားမနာဘူး ဘာညာနဲ့ ဖြစ်နေကြဦးမှာ၊ မေမေက ဆွေမျိုးတွေကြားမှာ မျက်နှာငယ်ဦးမှာလေ၊ ဒါကြောင့် ခဏ စောင့်ချင်တာပါ"

"ကောင်းပါတယ်၊ ဒီကြားထဲမှာလည်း ကိုလင်းဇော်က ပြင်ဆင်ချိန် ရတာပေါ့"

ဟု အေးအေး ပြောသည်။





"ကဲ . . . သွားရအောင်"

သူပြောရင်း ပိုက်ဆံရှင်းလိုက်သည်။

❧

ကျောက်ပန်းတောင်းရောက်တော့ ကား ခဏ နားသည်။ ကားရပ်ပေးသည့်ဆိုင်ထဲ ဝင်ကာ သူတို့ လက်ဖက်ရည် သောက်ကြ၏။ လက်ဖက်ရည်သောက်ပြီး မကြာခင်မှာ ကားပြန်ထွက်သည်။ မကွေးရောက်ဖို့ အဝေးကြီး လိုသေးတယ်ဟု ခရီးသည်တစ်ဦး ပြော၏။

ငြိမ်းက သူ့ပခုံးပေါ် စောင်းငဲ့တင်ရင်း လိုက်လာသည်။ သူတို့ ရင်ထဲမှာတော့ အပျော်တွေစုပြီး ခရီး ဘယ်လောက်ရှည်ရှည် ရောက်ချင်တဲ့အချိန်မှ ရောက်ပါစေဟု တွေးနေလိုက်သည်။

မျက်နှာချင်းဆိုင်ခုံက ကျောင်းသားအရွယ် လူငယ်နှစ်ဦး စကားပြောနေသံ ကြားနေရပြန်သည်။ သူတို့ စကားထဲမှာ တက္ကသိုလ်ကျောင်းသားတွေဆိုတာ သိလိုက်၏။ ပုသိမ်က ဆန်ကို ကျောက်ပန်းတောင်းကို ပို့တာတဲ့။

ငဲ့စောင်းကြည့်မိတော့ ငြိမ်းက မျက်စိမှိတ်ပြီး လိုက်လာသည်။ အေးအေးနှင့် ခင်မောင်ထွေးက စကား တပြောပြော။ အေးအေး အန်တီကတော့ အိပ်ပျော်နေပြီလားမသိ။ မျက်စိမှိတ်ထားတာ တွေ့သည်။

လူက ကျပ်ညပ်နေသဖြင့် ငြိမ်းနှင့်သူ ပူးကပ်နေသည်။ လက်တန်းပေါ်မှာ လက်ကိုဆန့်ရင်း ငြိမ်းပခုံးပေါ် တင်ထားမိ၏။ သူ့ရင်ခွင်ထဲမှာ ငြိမ်းကိုယ်က ထက်ဝက်ရောက်နေသည်။ သည့်နှယ် ထာဝရ ရှိစေချင်သည့်ဆန္ဒ ရင်မှာ ကိန်းအောင်းပြန်၏။ ယုယတွယ် မက်စွာ ငြိမ်းကို သူ ငုံ့ကြည့်နေမိပြန်သည်။ ဆန့်ကျင်ဘက်လိင်ဟု မမြင်မိဘဲ မြတ်နိုးစရာ အရုပ်ကလေး တစ်ခုကို ရင်ခွင်ထဲမှာ သိမ်းထားရသလို ထင်ပြန်သည်။

မေတ္တာတရားဖြင့် ရင်သည် အေးမြနေပြန်၏။

နေ့လယ်ပိုင်းမှာ မကွေးကို ကားဝင်လာသည်။

✲

ကားရပ်လိုက်သည်နှင့် ကားနားကို အပြေးအလွှား ဝိုင်းအုံရောက်လာကြသော လူငယ်ကလေးများက ပြည်ဘယ်နှစ်စောင် ယူမလဲဟု သူ့ထက်ငါ ဦးအောင် ခရီးသည်တွေကို မေးသည်။ လက်မှတ် ဝယ်လို့ ရပ့ါမလား ပူပန်နေစဉ်မို့ အခန့်သင့်ပင် ငါးစောင်ဟု ခင်မောင်ထွေး လှမ်းပြော၏။ နာမည်ပြောဦးဆိုတော့ ခင်မောင်ထွေး ဟု ပြန်ပြောသည်။ ကျွန်တော့်နောက် လိုက်ခဲ့ပါဦးဟု ပြောရင်း လူငယ်လေး ကားနားမှ ထွက်သွားသည်။

သူတို့က ကားပေါ်မှ ပစ္စည်းတွေ ချနေစဉ်မှာ ခင်မောင်ထွေးက စောစောက လူငယ်နောက် လိုက်၏။ လူငယ်က ကားလက်





မှတ် တန်းစီသည့် နေရာကိုသွား၍ ကားလက်မှတ်အတွက် ဦးခင်မောင်ထွေး ငါးစောင်ဟု စာရင်းပေးနေတာ တွေ့သည်။ အထုပ်အပိုးတွေချရင်း သူတို့ ကား အရိပ်တစ်ခုမှာ ရပ်စောင့်၏။

"တော်ပါသေးရဲ့၊ ကားက ခုံနံပါတ်ပါ ရတယ်"

လူငယ်နှင့် ခင်မောင်ထွေး ပြန်လာသည်။ ကဲ . . . လာကြဦး၊ ကျွန်တော်တို့ ဆိုင်မှာ လာနားပါဟု လူငယ်လေးက ခေါ်သည်။ သည်တော့မှ သူတို့ နားလည်သွားကြ၏။ ကားလက်မှတ်ယူပေးရင်း ထမင်းဆိုင်မှာ ထမင်းစားဖို့ ဖောက်သည် ရှာတာပါလား။ သူတို့ဆိုင်ကို လိုက်သွားကြသည်။ လက်မှတ်ရောင်းသည့်နေရာနှင့် မျက်နှာချင်းဆိုင် ဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်၏။

ပုဂံက ဝတ်လာသည့် အနွေးထည်တွေ ချွတ်လိုက်ရပြီ။ မကွေး၏ ဆောင်းနေသည် ပူပြင်းလွန်း၏။

ဆိုင်မှာ ထမင်းစားကြသည်။

"ဘာစားမလဲ၊ မှာလေ ငြိမ်း"

"မှာလိုက်ပါ၊ ကို စားတာပဲ လိုက်စားမယ်"

သူတို့နှစ်ယောက် ပြောနေသံကို ကြားရင်း အေးအေး ပြုံးသည်။

✲

ထမင်းစားပြီး မကြာခင်မှာပင် ကားပေါ်တက်ကြရ၏။ ကားစထွက်တော့ မြေလတ်၏ ရှုခင်းကို ငေးရင်း ဘယ်သူမှ စကားမပြောဖြစ်ကြ။ ခရီးကလည်း ပန်းလှပြီလေ။

"ပြည်ကို တိုက်ရိုက် မောင်းမယ်တဲ့"

ပြောသံကြားရ၏။

"ကောင်းပါတယ်၊ ပြည် မြန်မြန် ရောက်ဖို့ အရေးကြီးတယ်"

ဟု ငြိမ်း ပြောလိုက်သည်။

"ဘာလဲ စိတ်စောနေပြီလား"

ခင်မောင်ထွေး လှမ်းမေး၏။

"မဟုတ်ပါဘူး၊ ခရီးပန်းလို့ ပြောတာပါ"

ရယ်ရင်း ငြိမ်း ဖြေသည်။

"ဟိုရောက်ရင် မှောင်လောက်ပြီ၊ ထမင်းစားပြီး အိပ်ရုံပဲ"

ဟု အေးအေး စကားသံ ထွက်လာ၏။

ကားထဲကို ဖုန်တွေ ဝင်လာသဖြင့် ငြိမ်းက လက်ကိုင်ပဝါဖြင့် နှာခေါင်း ပိတ်လိုက်တာ တွေ့သည်။ သူ ရုတ်တရက် ခေါင်းကို ငုံ့စောင်းပစ်လိုက်၏။ ငြိမ်း၏ နားသယ်စကို နမ်းမိသလို ဖြစ်သွား၏။

"မတော်တဆပါနော်"

"ယုံရမှာလား"

ငြိမ်းပြန်နောက်သည်။

ကားလေးသည်အရှိန်ဖြင့်ပြေးနေသည်။





ည ရှစ်နာရီကျော်မှ ပြည်ကို ရောက်သည်။ ကားဂိတ်ရောက်တော့ သုံးဘီး တစ်စီးကို ငှားရင်း တည်းခိုခန်းကို ပို့ခိုင်းသည်။ ပြည်ဟိုတယ်ကတော့ အခုမှသွားရင် ရချင်မှ ရမှာဟု ခင်မောင်ထွေး ပြော၏။ သုံးဘီးဆရာက ဘယ်တည်းခိုခန်းလဲ မေး ၏။ ကောင်းပြီး သန့်တဲ့ တည်းခိုခန်းသာ မောင်းဗျာဟု ပြောသည်။

ပစ္စည်းတွေ ချနေချိန်မှာ သူ တည်းခိုခန်းထဲ ဝင်သွားသည်။ ပစ္စည်းတွေ ဘေးမှာရပ်နေသည့် ခင်မောင်ထွေးတို့ဆီ သူ ပြန်လာရင်း မှတ်ပုံတင်တွေ ပေး၊ သုံးယောက်တစ်ခန်း၊ နှစ်ယောက်တစ်ခန်း ယူခဲ့တယ်ဟု ပြော၏။

"ဘာဖြဲ၊ နှစ်ယောက်ခန်းက သတို့သား၊ သတို့သမီးတွေအတွက်လား"

ဟု ခင်မောင်ထွေး လှမ်းနောက်သည်။

"ဟာ . . . မဟုတ်ပါဘူးကွ၊ နှစ်ယောက်ခန်းက မင်းနဲ့ငါ နေမယ်၊ အမျိုးသမီး သုံးယောက်က တစ်ခန်းလေ"

လှမ်းပေးသော မှတ်ပုံတင်တွေကို ယူရင်း သူ ပြော၏။

"အလကား စတာပါကွာ၊ လင်မယား မဟုတ်သေးတဲ့ လက်ထပ်ပွဲဆိုတာ ငါ သိပါတယ်၊ ဒါပေမယ့် ဧည့်ခံပွဲတော့ လုပ်ပေးရမယ်နော်"

ခင်မောင်ထွေး ဆက်ပြော၏။

"လုပ်ပေးမယ် လုပ်ပေးမယ်၊ အထုပ်တွေ ယူခဲ့တော့ ရပြီ"

ပြောရင်း အထုပ်တစ်ထုပ်ဆွဲကာ သူ တည်းခိုခန်းထဲဝင်၏။

မှတ်ပုံတင်တွေ ပေးကာ အခန်းသော့ ယူလိုက်သည်။

"ငြိမ်း ရေမချိုးနဲ့တော့ အရမ်း အေးတယ်၊ ခရီးပန်းပြီး ဖျား လိမ့်မယ်၊ ခြေလက်ကလေး ဘာလေး ဆေး၊ မျက်နှာလေး ဘာလေး သစ်ရုံပဲ သစ်"

အခန်းဆီ သွားရင်း ငြိမ်းကို သူ ပြောသည်။

"အစိုးရိမ် ပိုနေပြန်ပြီ"

အေးအေး နောက်သည်။

"ကိုလည်း မချိုးနဲ့လေ"

"မချိုးပါဘူး"

သူတို့နှစ်ဦးက မကြားသလို စကား ဆက်ပြော၏။

ကိုယ်တွေ လက်တွေ ဆေးကြောသုတ်သင်ပြီးကြတော့ အနီးအနားက ဆိုင်တစ်ဆိုင်မှာပင် သူတို့ ထမင်းစားလိုက်ကြသည်။

"ငြိမ်း ဘယ်လို ဖြစ်နေလဲ၊ မျက်နှာက တစ်မျိုးပဲ"

ထိုင်နေစဉ် မျက်နှာနီရဲနေသော ငြိမ်းကို ကြည့်ရင်း သူ မေး၏။

"ငြိမ်း ဖျားချင်ပြီလား မသိဘူး၊ ခေါင်းတွေ အုံနေတယ်"

ငြိမ်း နဖူးကို လက်ဖြင့် သူ စမ်းကြည့်သည်။

"ငြိမ်း ကိုယ်ပူနေတယ်၊ ခဏ နေဦး၊ ကို ဆေးသွားဝယ်





လိုက်မယ်"

ပြောရင်း ထ ရပ်လိုက်၏။

"မဝယ်နဲ့ ကိုလင်းဇော်၊ သိပ် စိတ်ပူမနေပါနဲ့၊ ခရီးပန်းတာ ပါ၊ အေးအေးမှာ ပါတယ်၊ အခန်းထဲ ရောက်မှ အေးအေး တိုက် လိုက်မယ်"

သူ ပြန်ထိုင်သည်။

ငြိမ်း သူ့ကို ကြည့်ရင်း ပြုံးပြလိုက်၏။

## (၁၈)

နောက်နေ့ မနက်မှာ အိပ်ရာထပြီး လက်ဖက်ရည် သောက်ကြသည်။ လက်ဖက်ရည်ဆိုင်မှ တရားရုံးကို တန်းသွားမည် စီစဉ်၏။ အေးအေး အန်တီကတော့ အခန်းပြန်အနားယူမည် ပြောသည်။ သူတို့လေးဦး ကားငှားကာ တရားရုံးကို ရောက်၏။

စာချုပ်ပေါ်မှာ လက်မှတ်ထိုးတော့ လှုပ်ရှားစိတ်ဖြင့် နှစ်ဦးစလုံး လက်တွေ တုန်နေကြသည်ပဲ။ အေးအေးနှင့် ခင်မောင်ထွေးက သက်သေအဖြစ် လက်မှတ်ထိုးကြသည်။ စာချုပ်နှစ်စောင်လုံး ငြိမ်းကို ပေးလိုက်၏။ ငြိမ်းက သူ့ပိုက်ဆံအိတ်မှာ ထည့်လိုက်သည်။

"ကဲ . . . လင်မယား ဖြစ်သွားပြီ"

တရားရုံးပေါ်က အဆင်းမှာ ခင်မောင်ထွေး ပြော၏။

"ဘာပြောပြော ဒီခရီးက မင်းတို့ ခိုးပြေးတဲ့ ခရီးလို ဖြစ်နေပြီ"

ဟု ခင်မောင်ထွေး ဆက်သည်။

"ခိုးပြေးတဲ့ သူတွေက တကယ့် လင်မယားလို နေကြတာ သူတို့က အဲဒီလိုမှ မဟုတ်ဘဲ"

အေးအေး ပြောသည်။



"အေးအေး ပြောတာ ဟုတ်သားပဲ"

ဟု သူ ဝင်ပြော၏။

"အခု လက်ထပ်ပြီးပြီလေ၊ ဒီည မင်းတို့ နှစ်ယောက်ခန်း ထပ်ယူပြီး နေချင် နေလို့ ရပြီ၊ ဟုတ်ဘူးလား"

"မလုပ်ပါနဲ့ ခင်မောင်ထွေးရာ . . . ဒီအခွင့်အရေး လိုချင်လို့ ပြည်မှာ ကမန်းကတန်း လက်ထပ်လိုက်ရတယ် ဖြစ်နေပါဦးမယ်၊ စောင့်စည်းလက်စနဲ့တော့ ဆက်စောင့်စည်းပါရစေတော့"

ခင်မောင်ထွေးကို သူ ပျာပျာသလဲ ဝင်ပြောလိုက်မိသည်။

"ငြိမ်းတို့ နှစ်ယောက်လုံးက တစ်ယောက်နဲ့ တစ်ယောက် ခွဲသွားရမှာစိုးလို့ လက်ထပ်ထားကြတယ်ဆိုတာ အန်တီတောင် နားလည်တယ်"

အေးအေး စကားကြောင့် အေးအေး မျက်နှာဆီ လှမ်းကြည့်လိုက်မိကြ၏။

တည်းခိုခန်း ဝင်ပြီး အေးအေး အန်တီကို ခေါ်ကာ စားသောက်ဆိုင်တစ်ခုမှာ နေ့လယ်စာကို သူနှင့် ငြိမ်းက ကျွေးသည်။

"ဒါ . . . ညှော်ခံပွဲလေးပဲပေါ့"

ဟု သူ ပြော၏။

နောက်ကြ ပြောင်ကြနှင့် သူတို့အားလုံး ရင်ထဲမှာ ပျော်ရွှင်

ကြည်နူးနေကြပြန်သည်။

နေ့လယ်ပိုင်း တည်းခိုခန်းမှာ ၂ား၊ပြီး ညနေရောက်တော့ သူနှင့် ငြိမ်းက ရွှေဆံတော်ဘုရား တက်ဖူးသည်။ ခင်မောင်ထွေးက မနက်ဖြန်အတွက် ကားလက်မှတ်ဝယ်ရန် ကားဂိတ်သွား၏။

ရွှေဆံတော်ဘုရားပေါ်မှာ ဆုတောင်းအပြီး တစ်ဦးမျက်နှာ တစ်ဦး ကြည့်ရင်း ထ ရပ်သည်။

"ကိုယ် . . . ဘာဆုတောင်းလဲ ဟင်"

"ကို့အပေါ်မှာ သံသယ ကင်းကင်းနဲ့ ငြိမ်း တစ်သက်လုံး ချစ်သွားနိုင်ပါစေလို့ ဆုတောင်းတယ်၊ ငြိမ်းကရော . . ."

"နှစ်ဦးလုံး သေမှ ခွဲကြရတဲ့ဘဝ ဖြစ်ပါစေလို့ ဆုတောင်း တယ် ကို၊ ငြိမ်း ကို့ကို ဘယ်လိုနည်းနဲ့မှ မခွဲနိုင်လို့ပါ"

သူ ငြိမ်းကို ငဲ့စောင်း ကြည့်လိုက်မိပြန်၏။

"ကိုကတော့ ငြိမ်း အပေါ်မှာ အပြစ် တစ်ခုခု ကျူးလွန်ထား တဲ့သူ ဆိုတော့ အဲဒီအပြစ်ကို သံသယဝင်ပြီး ငြိမ်း ကို့အချစ်ကို မယုံမှာ စိုးတယ်"

"ယုံလို့ပဲ လက်ထပ်ပြီးပြီပဲ ကိုရယ်"

"မဟုတ်ဘူးလေ၊ နောင်မှာ . . ."

"ဘယ်တော့ဖြစ်ဖြစ် သံသယ ဝင်စရာ မရှိဘူး ကို"

ငြိမ်းက သူ့ကို ရွှန်းရွှန်းစားစား ကြည့်ရင်း ဖြေသည်။

ငြိမ်းလက်ကို တင်းတင်း ဆုပ်ထားလိုက်၏။



(၁၉)

မနက်အစောကြီး ထ,ပြီး ဆိုက်ကားနဲ့ ပြည်အဝေးပြေး ကားဂိတ်ကို လာခဲ့ကြသည်။ ဆိုက်ကားစီးရင်း ကောင်းကင်ကို မော့ ကြည့်တော့ ကြယ်တွေစုံပြီး ကောင်းကင် ကြည်လင်နေတာ တွေ့၏။ ဇော့ဖြတ် တိုက်ခတ်သည့် လေအတိုးမှာ အအေးဓာတ်က ပိုပြန်သည်။

"ဒီခရီးမှာ ရထားရော၊ ကားရော၊ မြင်းလှည်းရော၊ ဆိုက် ကားရော အစုံ စီးရတယ်"

နောက်မှ ထိုင်ရင်း ပြောလိုက်သည့် ငြိမ်း စကားသံကို ကြားရသည်။

"ငြိမ်း ပျော်တယ် မဟုတ်လား"

"ပျော်တာပေါ့ . . . ကိုနဲ့ပဲ။ ငြိမ်းက ဘာမှ မစီးရဘဲ၊ ကိုနဲ့ အတူ ခြေကျင်လျှောက်လည်း ပျော်နေမှာ"

"ဒါပေမယ့် ဟိုညကတော့ ဆေးသောက်ရရော မဟုတ် လား"

"ခရီးကြမ်းတာကိုး၊ ဒါပေမယ့် ကို ရှိနေတာပဲ၊ ငြိမ်း ဘာမှ မဖြစ်ပါဘူး"

"ရန်ကုန်ရောက်ရင် ဘယ်လိုလုပ်မလဲ"

"ငြိမ်း ရုံးကို လာတွေ့လေ"

"ဟုတ်တယ်၊ မတွေ့ဘဲတော့ ကို နေနိုင်မှာ မဟုတ်ဘူး"

"အမယ် . . . နေနိုင်လို့ နေခဲ့ပြီးတော့မှ"

"အဲဒီတုန်းက တစ်မျိုးလေ . . . စိတ်ကနှစ်ခွ"

"အခုရော အကြွင်းအကျန်ရှိသေးလား"

"မရှိပါဘူး"

"ဦးမြမောင်ရဲ့ မွေးစားသမီးလေ"

"လူသားတစ်ဦး အနေနဲ့ပဲ ငြိမ်းကို မြင်တော့တယ်"

"ဘယ်လို ဖြစ်သွားတာလဲ"

"ငြိမ်း ပြောတဲ့ မေတ္တာလှိုင်းခေတ်တွေလေ . . . အဲဒါတွေက ရင်ထဲက အညစ်အကြေးတွေ မသန့်စင်တာတွေကို ဖယ်ထုတ်ပေးလိုက်လို့"

ဆိုက်ကား နှေးသွားပါလား ကြည့်လိုက်တော့ ကုန်းတက်ကို တက်နေတာ တွေ့သည်။

"ဆိုက်ကား ဆရာ ခဏနေဦး၊ ကျွန်တော်တို့ ဆင်းပေးပါ့မယ်၊ ငြိမ်း ခဏ ဆင်းပေးလိုက်ပါ"

"ဟာ . . . ရတယ် ဆရာ"

"နေ . . . နေ . . . ဆင်းမယ်"

ဆိုက်ကားပေါ်မှ သူတို့ ဆင်းလိုက်ကြသည်။

"ကျေးဇူးပဲ ဆရာ ဒီကုန်းတက်က တော်တော် ဆိုးတယ်"





"သွားနှင့် ကုန်းဆင်းမှာ စောင့်"

ဆိုက်ကားဆရာ ရှေ့မှ နင်းသွားသည်။

သူ ငြိမ်းပခုံးကို ဖက်ပြီး လျှောက်လာခဲ့၏။

"ဒီလို အစောကြီး မိုးမလင်းခင်မှာ ကြယ်တွေစုံတဲ့ ကောင်းကင်ကို မော့ကြည့်ရင်း ငြိမ်းကို ဖက်ပြီး လမ်းလျှောက်ရတယ်ဆိုတာ အိပ်မက်လိုပါပဲ"

ဟု သူ ပြောသည်။

"ပုဂံ လသာညမှာ လမ်းလျှောက်ရတုန်းကလည်း ငြိမ်း အဲလို ထင်တာပဲ၊ လက်ထပ်ပြီးရင်တော့ ပုဂံကို ထပ်ကိုသွားဦးမယ်"

"အခု လက်ထပ်ပြီးပြီလေ . . . ငြိမ်းရဲ့"

"မဟုတ်ဘူးလေ . . . အတည်လက်ထပ်ပြီးရင် ပြောတာ"

ဟု ခပ်ရယ်ရယ် ပြန်ပြောလိုက်၏။

ဆိုက်ကားနား ရောက်တော့ ဆိုက်ကားပေါ် ပြန်တက်လိုက်ကြသည်။

## (၂၀)

ပြည်က စောစော ထွက်လာသည့် ကားသည် လမ်းမှာ အထစ်အငေါ့ မရှိ။ သည်အတိုင်းဆို ရန်ကုန်ကို ထမင်းမစားမီ ဝင်မည် မှန်းရသည်။ ငြိမ်းက သူ့ပခုံးပေါ် ခေါင်းမှီတင်ရင်း အိပ်လိုက်လာသည်။ ငြိမ်းကို ကြည့်ရသည်မှာ ခရီးတော်တော်လေး ပန်းနေပုံရ၏။

မှော်ဘီ ရောက်တော့မှ ကားထိုးရပ်သည်။

"ခရီးသည်တွေ နားနိုင်ပါတယ်၊ ကားစက်ချို့ယွင်းသွားလို့ပါ"

စပယ်ယာက ပြောသည်။ အနီးအနား လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ကြပြန်သည်။ ပြည်မှာ စားထားခဲ့သည့် ပြည်ထမင်းသုတ်လည်း ဗိုက်ထဲမှာ မရှိတော့။ ဗိုက်ဆာလာကြပြန်သည်။

"ကားက တော်တော်လေး ကြာမယ်၊ တကယ်လို့ သိပ်အရေးကြီးတဲ့ သူများရှိရင်တော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ဆက်သွားနိုင်ကြပါတယ်၊ စောင့်မယ်ဆိုလည်း စောင့်ပေးကြပါ"

ဟု စပယ်ယာက သတင်းလာပို့ပြန်သည်။



"မှော်ဘီရောက်မှတော့ ဘာလို့ စောင့်တော့မှာလဲ၊ ကိုယ့်ဟာကိုယ်ပဲ သွားမှာပေါ့၊ ဘယ်လောက်ကြာမှန်းမှ မသိတာ"

ခရီးသည်တစ်ဦး အသံ။

"ပစ္စည်းများများ မပါတဲ့ သူတွေကတော့ ပြောင်းလို့ ရွှေ့လို့ လွယ်တာပေါ့"

နောက်တစ်ဦး အသံ။

"ဘယ်လိုလုပ်ကြမလဲ"

ခင်မောင်ထွေး မေးသည်။

"လွယ်အိတ် တစ်လုံးစီပဲဟာ၊ ကားပြောင်းစီးတာပေါ့"

ဟု သူ ပြော၏။

"အေးဟာ . . . ကားပြောင်းမယ်၊ မြန်မြန်ရောက်ချင်ပြီ"

အေးအေး အန်တီကလည်း ပြော၏။

"ကဲ . . . ဒါဆို မြန်မြန် သောက်ကြ၊ သွားရအောင်"

အထုပ်အပိုးတွေနှင့် ကားနားမှာ သူတို့ ခွာခဲ့ကြသည်။ ကားဂိတ်ရောက်တော့ ရန်ကုန်ထွက်မည့်ကား အဆင်သင့်မတွေ့။ သူတို့ရှေ့မှ လူသိုက်ကတော့ ကုန်ကား တစ်စီးကို တားပြီး စီးသွားတာ တွေ့သည်။

ခဏအကြာမှာ ဘတ်(စ်)ကား တစ်စီး ရောက်လာသည်။

ဒေါင်းယာဉ်ပျံအနုပညာလုပ်ငန်း

ဘယ်သွားကြမှာလဲ မေး၏။ ရန်ကုန်သွားမှာဆိုတော့ တက်တက်ဟု ပြောသည်။ ခရီးသည်တင်ကားတော့ ဟုတ်ဟန်မတူ။ ကားထဲမှာ ပစ္စည်းတွေ၊ ကုန်တွေ တွေ့သည်။

ပြည့်သိပ်တော့မနေ။ ခရီးသည် လေးငါးဦး မြင်၏။

"လာ . . . တက်ကြရအောင် မထူးပါဘူး၊ ချောင်လည်း ချောင်သားပဲ"

ဟု သူ ပြောရင်း ကားပေါ်တက်သည်။

ကားပေါ်မှာ နေရာယူပြီး မကြာခင်မှာ ကားထွက်သည်။ ကားကြီးကြည့်ရတာ ခပ်စုတ်စုတ်ပဲဟု ခင်မောင်ထွေး ပြော၏။

လူချောင်သားပဲဟု တွေးကာ ဆေးလိပ်သောက်မည်ဟု စီးကရက်ဘူး ထုတ်သည်။ စီးကရက် နှိုက်နေရင်း အကြည့်ကို ဝေ့လိုက်တော့ ရှေ့နားမှာ ဓာတ်ဆီပုံးတွေ မြင်သည်။

စီးကရက်ကို ဘူးထဲ ပြန်ထည့်ရင်း စီးကရက်ဘူးကို အိတ်ထဲသို့ ထည့်လိုက်၏။

"ကားက စုတ်ပေမယ့် မြန်တော့ မြန်သားပဲ"

ဟု အေးအေး ပြောသံ ကြားရသည်။

"ဘာလဲ . . . ခေါင်းမူးလို့လား"

သူ့ကို မှီအိပ်နေသည့် ငြိမ်းကို ငုံ့ကြည့်ရင်း သူ မေးသည်။ ငြိမ်း ခေါင်းခါပြ၏။

"ဒီဘက် လာမလား၊ ပြတင်းက လေတိုးတယ်"

တံခါးပေါက်နားက နေရာကို ငြိမ်းကို သူလဲပေးလိုက်သည်။





"ခေါင်းမူးတာ မဟုတ်ဘူး၊ အုံနေတယ်"

"ခရီး ပန်းလို့ပါ၊ ဘာမှ မဖြစ်ပါဘူး"

သူ ငြိမ်း နဖူးကို စမ်းကြည့်သည်။

"အဖျား မရှိပါဘူး၊ ကိုယ် မပူဘူး'

ပြောသည်။

"အိပ်လေ . . . အိပ်လိုက်"

ငြိမ်းက သူ့ပခုံးပေါ် ခေါင်းတင် အိပ်လိုက်၏။

"ထောက်ကြံ့ ရောက်တော့မယ်"

အေးအေး ပြောသံကြားလိုက်စဉ် ကားသည် ဘေးကို အရှိန်ဖြင့် ရှောင်တာ သိလိုက်၏။ ရှေ့မှ ကားကြီးကို ရှောင်ပြီး ကျော်တက်ပုံရသည်။

မျက်နှာချင်းဆိုင်မှလာသော ကားလေးတစ်စီးက အရှိန်ဖြင့် ဘွားခနဲပေါ် လာ၏။

ကားကို ဆွဲချလိုက်ပုံရသည်။ ကားသည် သွက်သွက်ခါ လှုပ်ယမ်းသွားပြီး လမ်းဘေး ထိုးကျသွားတော့၏။

အော်သံ ဟစ်သံ ဆူညံပြီး ကားမှောက်ပြီဟု သိစဉ်မှာ အရာရာ ဘာမှ မမြင်တော့။

ခါတ်ဆီပုံးတွေ မီးလောင်သည်။ မီးခိုးတွေကြားက ရှန်းကန် တိုးထွက်ရင်း သူ အပြင်ကို လေးဘက်တွား ထွက်လာ၏။ အားယူပြီး မတ်တတ်ရပ်ကာ လမ်းမဆီ ပြေးသည်။

"လင်းဇော် . . . လင်းဇော် . . . မင်း ဘာမှ မဖြစ်ဘူး နော်"

ကားအမှောက်မှာ အပြင်ကို လွင့်စဉ်ထွက်ခဲ့ဟန် တူသူတွေ လမ်းပေါ်မှာ လဲနေကြတာ မြင်၏။

ခင်မောင်ထွေးနှင့် အေးအေးကို မြင်သည်။

ခင်မောင်ထွေးက ဘာမှဖြစ်ပုံမပေါ်။ အေးအေးက မျက်နှာမှာ သွေးစတွေနှင့်။ ထိရှပွန်းပဲ့ထားသည့်ပုံမျိုး။

"ဟော . . . ဟိုမှာ အန်တီ"

ကားထဲမှ ထွက်လာသည့် အန်တီ့ဆီကို အေးအေး ပြေးသွားသည်။ အန်တီက လမ်းပေါ်ကို ကြိုးစားလျှောက်လာ၏။ အေးအေးက သွားတွဲသည်။ မီးခိုးတွေ မွှန်ပြီး နေတာ တွေ့သည်။ ကားထဲမှာ မီးတောက်တို့ မြင်နေရဆဲ။

"ငြိမ်းရော . . . ငြိမ်း . . . ငြိမ်း "

သူ သတိရပြီး ငြိမ်းကို မေးသည်။

"ဟုတ်တယ် . . . ငြိမ်း မတွေ့ဘူး"

ခင်မောင်ထွေး အသံ။

"ငြိမ်း ကားထဲမှာ ထင်တယ်"

အေးအေး စကား။





သူ့ကားဆီ လှမ်းကြည့်သည်။ ကားထဲက မီးတောက်မီးလျှံတွေ ထွက်နေပြီ။ ကားဆီ မျက်နှာမူလိုက်၏။

"ငြိမ်း . . . ငြိမ်း ကားထဲမှာ ထင်တယ်"

ပြောရင်း သူ ကားဆီ ပြေးသည်။

"နေဦး . . . လင်းဇော် မဝင်နဲ့၊ ထ,ပေါက်တော့မယ်၊ မဝင်နဲ့ လင်းဇော်"

နောက်က ပြေးရင်း ခင်မောင်ထွေး ဆွဲသည်။ သူ့အင်္ကျီစကိုသာ ခင်မောင်ထွေး ဆွဲလိုက်မိပြီး လွတ်ထွက်သွားသည်။

သူ အရှိန်ဖြင့် ကားထဲ ဝင်လိုက်သည်။

ပေါက်ကွဲသံတစ်ခု ကျယ်လောင်စွာ ကြားလိုက်ရ၏။

## (၂၀)

အေးအေး နားနှစ်ဘက်ကို လက်ဖြင့် အုပ်ထားဆဲ။ ခင်မောင်ထွေးက မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ ပြီးမှ လက်ဝါးကို ဖြည်းဖြည်း ဖယ်၏။

"လင်းဖော် . . . သူငယ်ချင်း လင်းဖော်ရယ်"

"ဆီတိုင်ကီ ထပေါက်တော့မယ် ဆိုတာ သိသားနဲ့၊ သူ ငြိမ်းကို သွားကယ်တာ"

"ငြိမ်း . . . ငြိမ်း . . . ငြိမ်းလည်း ပါသွားပြီလား"

အေးအေး ထ အော်ပြန်၏။

"ဟာ . . . မပါဘူး . . . ငြိမ်းက ဟိုမှာ"

ခင်မောင်ထွေး အော်သံ။

ခင်မောင်ထွေး အော်သံကြောင့် အေးအေး လှမ်းကြည့်လိုက်၏။

လူကြီး တစ်ယောက်က ငြိမ်းကိုပွေ့ပြီး လမ်းပေါ် တက်လာသည်။

"ငြိမ်း . . . ငြိမ်း ဘာမှ မဖြစ်ဘူးနော်"



အနား ပြေးသွားရင် အေးအေး မေးသည်။

"မဖြစ်ဘူး အေးအေး၊ ဒါပေမယ့် ငြိမ်း ထ ရပ်လို့မရဘူး၊ ဒါကြောင့် အကူအညီတောင်းရတာ၊ ငြိမ်း ဟိုဘက်အထိ လွင့်သွားတာ၊ ကိုရော . . . ကို . . . ကို ဘယ်မှာလဲ"

ငြိမ်းကို အောက်ချပေးလိုက်တော့ ငြိမ်းက မေးသည်။

"ငြိမ်းက ကားနဲ့ဝေးဝေး လွင့်သွားတာ ဘယ်စဉ်းစားမိမှာလဲ၊ ဒီအနားမှာ မမြင်တော့ ကားထဲကျန်ရစ်ခဲ့ပြီ အောက်မေ့တာပေါ့"

"ကိုရောဟင် . . . ကိုထွေး၊ ကိုရော"

"အေးအေး . . . ကို ဘယ်မှာလဲ"

ခင်မောင်ထွေးနှင့် အေးအေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ ပြီးတော့ အေးအေး ဟန်မဆောင်နိုင်တော့ဘဲ ချုံးပွဲချ ငိုချလိုက်တော့၏။

"ငြိမ်းကို ပြောပါဦး ကိုထွေးရဲ့"

"ငြိမ်း . . . ငြိမ်း ကားထဲမှာ ထင်ပြီး အတင်း ဝင်သွားတယ်၊ ဘယ်လိုမှ တားချိန်မရလိုက်ဘူး၊ ငြိမ်းကို ကယ်ဖို့ ဝင်သွားရင်း ဆီတိုင်ကီ ထ,ပေါက်သွားတာ"

"ငြိမ်း . . . ငြိမ်း"

ခင်မောင်ထွေး စကားအဆုံးမှာ ငြိမ်း သတိမေ့သွားတော့သည်။ အေးအေးက ပွေ့ဖက်ထားလိုက်ရ၏။

ဒေါင်းယာဉ်ပုံနှိပ်အနုပညာလုပ်ငန်း

## (၂၂)

ရင်ကို လောင်မြိုက်စေသော မီးသည် အလျှံ တညီးညီးဖြင့် အရှိန်ကောင်းဆဲပါ ကို။

သောက လောင်စာသည် တစ်သက်တာ လျော့ပါးသွားတော့မည်ဟု မထင်တော့။

အာရုံတွင် ထင်ဟပ် စွဲမြဲနေဆဲ အရိပ်တို့သည်ကား လောင်စာများပမာ မီးတောက်ကို ကြီးမားလွယ်စေတော့မည်လေ။

နှစ်ယောက်လုံး သေမှ ခွဲပါရစေဟု ဆုတောင်းခဲ့သော်ငြား ဆုတောင်းကား မပြည့်။ ဝဋ်ရှိနေသေးလို့ ငြိမ်းတစ်ယောက်တည်း ကျန်ခဲ့ရပါသလား ကိုရယ်၊ ခရီးမစခင်က ရန်ကုန်မှာ ငြိမ်းကိုရှောင်ရင်း ကို ငြိမ်းကို ရှင်ခန်းဖြတ်ဖို့ ကြိုးစားခဲ့သည်ပဲ။ အခုတော့ ထာဝရ သေခန်းဖြတ်ခဲ့ပါလားကွယ်။

ခွဲထွက် စွန့်ချန်ခဲ့ခြင်းမျိုးဖြင့် သံယောဇဉ်ကြိုးဆိုတာ ဖြတ်တောက်လို့ ရကောင်းပါသတဲ့လား ကို။

သံသရာကို လွန်၍မပြေးနိုင်သမျှ ဆုံစည်းခွင့်ကာလသည်



မျှော်လင့်နိုင်ကောင်းသောအရာဟု ငြိမ်းထင်ပါသည်လေ။

ဘယ်မှာဖြစ်ဖြစ် ကိုနဲ့ငြိမ်း ဆုံပါရစေဦး ကိုရယ် . . . ။

အနုသယ မပြတ်သေးသမျှ . . .

သံမုဒယဇာတ်မှာ ကိုနဲ့ငြိမ်း ဆုံချင်ပါသေးတယ်။

အိပ်ရာဘေးက စားပွဲပေါ်မှာ လက်ထပ် စာချုပ် တစ်စုံ။

သူ ပေးခဲ့တဲ့ကဗျာစာရွက်ကလေး။

ပြီးတော့ စာအုပ်ပုံကို မှီထောင်ထားမိတဲ့ သူ့လက်ဆောင် ယွန်းပန်းချီကားလေး တစ်ချပ်၊ လေးကိုင်ပြီး ကနေတဲ့ မင်းသားရုပ်ကလေးကို ကြည့်ရင်း၊ ငြိမ်း မျက်ရည်တွေ စီးသွယ်ကျနေမိပြန်သည်။

နာကြည်းခြင်း အမုန်းများတို့ ...

နှလုံးသားကို ရှုံးနိမ့်သွားတဲ့ အခါ ...

ပန်းပွင့်တွေ ဖြစ်သွားပါသတဲ့ ...။

ကို့ အသံတွေ ပြန်ကြားယောင်နေမိပြန်၏။

အခု . . .

ကို ပစ်လိုက်တာက မေတ္တာဆိုတဲ့ ပန်းပွင့် . . . ။

မေတ္တာဆိုတဲ့ ပန်းနဲ့ ပစ်မှ . . .

နှလုံးသားမှာ မြားတစ်စင်းလို စူးနစ်သွားတာ။

အဲဒါကိုတော့ ဘာလို့ ကို မပြောသွားရတာလဲ ကိုရယ်၊ ငြိမ်း နှလုံးသားကို ခြေဖျက်လို့၊ ငြိမ်းကို သက်သက် အနိုင်ယူသွားခဲ့ပါသလား ကို . . .။

ရှင်ခန်းဖြတ်ဖို့ ကြိုးစားရင်း အခုတော့ ငြိမ်း နှလုံးသားမှာ အနာတရနဲ့ ထာဝရ ခွဲသွားခဲ့ပြီကော။

သူ့ကဗျာစာရွက်လေးဆီ အကြည့်ရောက်ရင်း ပုဂံညက ဧရာဝတီကမ်းနဖူးမှာ သူရွတ်ပြဖူးတဲ့ ကဗျာလေးကို ပြန်ကြားနေရပြန်ပြီ။

တမင်လွမ်းစေရော့ ...
ရှင်ခန်းဖြတ် အပျော်သူလို့
ယူဆကာ တစ်သက်နာကြည်းပါတော့
သက်စရာခရီးဆိုတာ တစ်ယောက်တစ်လမ်းပေမို့
တစ်ယောက်ပန်းလျှင် တစ်ယောက်လူ
တစ်ယောက်ပူတော့ တစ်ယောက်မျှ
နှစ်ယောက် တစ်ဘဝ၊ နှစ်ကိုယ့်တစ်စိတ်အတွေးတွေ့လည်း





ဟို ...အတိတ် အဝေးမှာ အသာချန်တော့ ...
ကြမ္မာကံ ...တစ်ခန်းရပ်က
(တို့နှစ်ယောက်ကို ...) လွမ်းစာတန်းနဲ့ဆုံး။

ကို မရှိတော့ပေမယ့် ကို့ မေတ္တာလှိုင်းတွေက လောကထဲမှာ ထာဝရတည်ရှိနေမယ်လို့ ငြိမ်း ယုံမိပါတယ် . . . ကို။

စာပေသစ္စာဟို ဂိုကြိုးလေးစားစွာဖြင့်
စာဖတ်ပရိသတ်ကို ဂါရဝပြုလျက်

မောင်စိန်ဝင်း (ပုတီးကုန်း)

တစ်ဆင့်စကား
တစ်ဆင့်ကြားရဲ့
ပါးစပ်ရာဇဝင်
ချစ်ခြင်းတွင်မို့
အစဉ့်အဆက်
ငြထက်အကျွန်
ကြွယ်ပါစေတော့
ဖြစ်စေတော့ဝေ--

မောင်ညီအေး ပျိုးတော၊

ငြထက်အကျွန်

လိုင်း၁၂၆ ဝမ္မာ၊သစ်
ဘွန်တော ၁၂၃